# နာဂစ်မုန်တိုင်းလွန်ကာလ
# လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု
# ဧပြီလ ၂၀၁၀ ခုနှစ်



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က လူသားချင်းစာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏အကူအညီဖြင့် ရေးသားပြုစုထားသည့် အစီရင်ခံစာ

ဇူလိုင်လ ၂၀၁၀ ခုနှစ်

# ဥပဒေသချုပ်

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံကမ်းရိုးတန်းတစ်လျှောက် စတင်ဝင်ရောက် တိုက်ခတ်ခဲ့သည်။ ၎င်းမုန်တိုင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းတောင်ပိုင်းတို့ကို နှစ်ရက်ကြာကာလအတွင်း ဖြတ်ကျော်ဝင်ရောက် တိုက်ခိုက်သွားခဲ့သည်။ ယင်းမုန်တိုင်းမှ အသက်ရှင်ကျန်ရစ်သူများမှာ မိသားစုဝင်များအပါအဝင် အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည်။ ၎င်းနောက်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနိုင်ငံသားများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဒေသခံနှင့် နိုင်ငံတကာအထောက်အပံ့ပေးသော အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအလှူရှင်များသည် ၎င်းတို့၏ အချိန်၊ ငွေကြေးများအပြင် အဖွဲ့အစည်းဆိုင်ရာ အရည်အသွေးများအား ထည့်ဝင်ကူညီခဲ့ကြသည်။

မည်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်မဆို အောင်မြင်မှုသည် ပြည်သူများ၏ ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များအပေါ် မည်သို့ထိရောက်မြန်ဆန်စွာ တုံ့ပြန်ပေးနိုင်မှုနှင့် ထင်ဟပ်ပြသနိုင်မှုတို့အပေါ်တွင် မူတည်သည်။ ယင်းသို့ အပြောင်းအလဲများကို နားလည်စေရန်အတွက် မြန်မာနိုင်ငံတော် အစိုးရ၊ အာဆီယံအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကြီးမှ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် စောင့်ကြည့်စစ်ဆေးရေးစနစ်တစ်ခုနှင့် တိကျသေချာသော ရလဒ်များကို ထုတ်ပြန်ပေးနိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်အား အတည်ပြု ဆောင်ရွက်စေခဲ့ပါသည်။ အထက်ပါလုပ်ငန်းစဉ်တွင် ရလဒ်များစောင့်ကြည့်စစ်ဆေးခြင်း(Results monitoring)၊ ထောက်ပံ့ရေးလုပ်ငန်းများကို ခြေရာခံခြင်း (Aid tracking) နှင့် ဒေသအစုအဖွဲ့များကို စောင့်ကြည့်လေ့လာခြင်း (Community monitoring) တို့ပါဝင်ပါသည်။ ဒေသအစုအဖွဲ့များကို စောင့်ကြည့်လေ့လာခြင်းအပိုင်းတွင် အောက်ပါလုပ်ငန်းစဉ်နှစ်ရပ် ပါဝင်ပါသည်-

(၁) နာဂစ်မုန်တိုင်းလွန်ကာလပိုင်းအလိုက် ဆန်းစစ်သုံးသပ်ချက် (Post Nargis Periodic Review) (ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မုန်တိုင်းဒဏ်ကို အဆိုးဝါးဆုံး ခံစားခဲ့ရသောဒေသရှိ အိမ်ထောင်စုများနှင့် ဒေသအဖွဲ့များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် တိုးတက်မှုအခြေအနေကို ကိန်းဂဏန်း အချက်အလက်များဖြင့် လေ့လာသုံးသပ်ရန် ဖြစ်ပါသည်။)

(၂) နာဂစ်မုန်တိုင်းလွန်ကာလ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအစီရင်ခံစာ (Post Nargis Social Impacts Monitoring) (လုပ်ငန်းစဉ်အပိုင်း ၁ ကို ပိုမိုပြည့်စုံစေရန် ရည်ရွယ်၍ အထောက်အပံ့ကြိုးပမ်းမှုများနှင့် မုန်တိုင်းကလူမှုရေးနှင့် လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများအား အရည်အသွေးဆိုင်ရာ စောင့်ကြည့်ခြင်းနည်းလမ်းကို အသုံးပြု၍ လေ့လာရန်ဖြစ်ပါသည်။)

ယခုအစီရင်ခံစာသည် မုန်တိုင်းအပြီး ၂နှစ်အကြာ ၂၀၁၀ မတ်လမှ ဧပြီလအတွင်း ပြုလုပ်ခဲ့သော တတိယအကြိမ်မြောက် လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု အစီရင်ခံစာ (SIM 3) ၏ တွေ့ရှိချက်များ ဖြစ်သည်။ ယခုသုတေသနမှာ မုန်တိုင်းအပြီး ၆ လအကြာ နိုဝင်ဘာ ၂၀၀၈ တွင်ပြုလုပ်ခဲ့သော SIM 1၊ မုန်တိုင်းအပြီး ၁ နှစ် အကြာ ဇူလိုင် ၂၀၀၉ တွင်ပြုလုပ်ခဲ့သော SIM 2 နှင့် မုန်တိုင်းပြီးပြီးချင်း ပြုလုပ်ခဲ့သော နာဂစ်အလွန်ကာလပူးပေါင်းဆန်းစစ်မှု (Post-Nargis Joint Assessment - PONJA) သုတေသနအစီရင်ခံစာများ အပေါ်တွင် အခြေတည်၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ မုန်တိုင်းအပြီး နှစ်နှစ်အကြာ၌ မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာများတွင် နာဂစ်မုန်တိုင်းနှင့် နောက်ဆက်တွဲ အထောက်အပံ့ကြိုးပမ်းမှုများက မြစ်ဝကျွန်းပေါ်ဒေသ၏ ကျေးရွာများ၌ လူမှုရေးနှင့် လူမှုစီးပွားဘဝများ၏ အဓိကကဏ္ဍများအပေါ်တွင် မည်သို့သက်ရောက်မှုရှိစေခဲ့သည်ကို သိရှိစေရန် ဖြစ်ပါသည်။ ယခုအစီရင်ခံစာသည် အထောက်အပံ့များ၏ထိရောက်မှု၊ နာဂစ်ကပ်ဆိုး၏ လူမှုစီးပွားဘဝအပေါ် အကျိုးသက်ရောက်မှုနှင့် ဒေသတွင်းနှင့် ဒေသတစ်ခုနှင့်တစ်ခုအကြား ဒေသခံများအချင်းချင်းနှင့် ဒေသတွင်းလူမှုဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှုများကို အဓိကထား လေ့လာထားပါသည်။

နာဂစ်ဒဏ်ခံရသော ဒေသအများစုမှာ စတင်ပြန်လည်ထူထောင်လာနိုင်ခဲ့ပြီး အထောက်အပံ့ပေးရေး ကြိုးပမ်းမှုမှာလည်း မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများ ပြန်လည်ထူထောင်နိုင်ရေးအတွက် အရေးကြီးသော ပံ့ပိုးဆောင်ရွက်မှုများ ဖြစ်ခဲ့ပါသည်။ သို့သော်လည်း လိုအပ်ချက်များမှာ ကြီးမားနေပါသေးသည်။ ကပ်ဘေးသင့်ပြည်သူများ အပြည့်အဝ ပြန်လည်မထူထောင်နိုင်သေးခင်တွင် အစိုးရနှင့် လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများမှ လူမှုအထောက်အပံ့ပစ္စည်းများ ရေရှည်မထောက်ပံ့နိုင်တော့သော သာဓကများရှိခဲ့သည့်အားလျော်စွာ အရေးပေါ်ကာလ ထောက်ပံ့မှုများ၏ အောင်မြင်မှုသည် ရေတိုသာ ဖြစ်တတ်ပါသည်။ ထို့ကြောင့် အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သော လူမှုအထောက်အပံ့များအား မြစ်ဝကျွန်းပေါ် မုန်တိုင်းသင့်ဒေသများသို့ ဆက်လက်၍ ထောက်ပံ့ပေးသွားပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

သုံးပွင့်ဆိုင်ဖဟိုအဖွဲ့ကြီး၏ကိုယ်စား

| | | |
|---|---|---|
| မစ္စတာ ချူချောင်ဖြောင်း | ဦးကျော်သူ | မစ္စတာ ဘီရှိုး ဘီ၊ ပရာဂျူလီ |
| **(Mr. Chu Chong Phung)** | | **(Mr. Bishow B. Parajuli)** |
| မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးနှင့် သုံးပွင့်ဆိုင်ဖဟိုအဖွဲ့အတွက် အဆင့်မြင့်အာဆီယံအဖွဲ့ဝင် | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဥက္ကဋ္ဌ သုံးပွင့်ဆိုင်ဖဟိုအဖွဲ့ | ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် လူသားချင်းစာနာမှုအကူအညီဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးမှူး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂရုံး သုံးပွင့်ဆိုင်ဖဟိုအဖွဲ့အတွက် ကုလသမဂ္ဂ၏ကိုယ်စားလှယ် |

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

ဤနာဂစ်မုန်တိုင်းလွန်ကာလ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီကြသူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကြီးမှ ဖော်ပြလိုပါသည်။ အထူးသဖြင့် ဤအစီရင်ခံစာအတွက် ကွင်းဆင်းလေ့လာစဉ်က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သော၊ စည်းဝတ်ကျေပွန်ခဲ့ကြသော၊ အချိန်ပေး၍ပြန်လည်ဖြေကြားပေးခဲ့သော ရွာသူရွာသားများနှင့် မြို့နေပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ မုန်တိုင်းဒဏ်မှ အသက်ရှင်လွတ်မြောက်ခဲ့သော မြစ်ဝကျွန်းပေါ်နေပြည်သူများသည် နာဂစ်အလွန်ကာလ၌လည်း ၎င်းတို့၏အားမာန်နှင့် ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းတို့ကို သက်သေထူခဲ့ကြပါသည်။ ဤသုတေသနအစီရင်ခံစာသည် ထိုသူများအပါအဝင် ယင်းအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အကူအညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို ရည်ညွှန်းပါသည်။ ၎င်းအပြင် ပြီးခဲ့သောနှစ်နှစ်တာကာလအတွင်း ယခုအစီရင်ခံစာတွင်ပါဝင်သော ရွာ ၄၀ အား သွားရောက်၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြသော ပြည်တွင်းမှ သုတေသနပညာရှင်များနှင့် ဤကြိုးပမ်းမှုတွင် ထပ်တလဲလဲအချိန်ပေး၍ ပါဝင်ကူညီခဲ့ကြသော ကျေးရွာများမှ ပြည်သူများအားလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

# မာတိကာ


ဥပဒေသျာဖွင့် ..... က

ကျေးဇူးတင်လွှာ ..... ဂ

မာတိကာ ..... ဃ

အကျဉ်းချုပ် ..... စ

**အခန်း (၁)။ နိဒါန်း** ..... ၁

၁။ ပဓာနပြုအကြောင်းအရာများ ..... ၂

၂။ သုတေသနပြုနည်းလမ်းများ ..... ၂

၃။ အစီရင်ခံစာဖွဲ့စည်းပုံ ..... ၃

**အခန်း (၂)။ အထောက်အပံ့များ ဖြန့်ဝေပေးမှုနှင့် ထိရောက်မှု** ..... ၄

၁။ အကူအညီအထောက်အပံ့များရရှိခြင်း ..... ၄

၂။ ဦးစားပေးလိုအပ်ချက်များနှင့် လစ်ဟင်းမှုများ ..... ၁၀

၃။ အထောက်အပံ့ပေးရေးတွင် ဆုံးဖြတ်ချက်ချခြင်း၊ ဖြန့်ဝေခြင်းနှင့် လျာထားသတ်မှတ်ခြင်း ..... ၁၄

၄။ ထောက်ပံ့ရေးဖြန့်ဝေမှုတွင် ဒေသခံများပါဝင်ခြင်း ..... ၁၈

၅။ ပွင့်လင်းမြင်သာရှိမှု၊ ထောက်ပံ့ရေးညီမျှမှုနှင့် တိုင်ကြားမှုများ ..... ၂၁

**အခန်း (၃)။ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများ** ..... ၂၄

၁။ အသက်မွေးမှု ပြန်လည်ထူထောင်လာနိုင်မှု (ဘက်ညီမှုမရှိသော တိုးတက်မှုဖြစ်စဉ်များ) ..... ၂၅

၂။ ငွေချေးငှားနိုင်မှုနှင့် ကြွေးမြီများ ..... ၃၈
ပြန်လည်ထူထောင်နိုင်မှုအလားအလာများအား လျော့ပါးစေခြင်း

၃။ အသုံးစရိတ်များမြင့်မားလာခြင်း ..... ၄၉

၄။ အခက်အခဲဖြတ်ကျော်ရေးနည်းဗျူဟာများ ..... ၅၀
ငွေကြေးဆိုင်ရာခြိမ်းခြောက်မှုများဖြင့် နေထိုင်နေရခြင်း

**အခန်း (၄)။ လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ** ..... ၅၇

၁။ လူမှုရေးစည်းလုံးမှုနှင့် စုပေါင်းဆောင်ရွက်မှု ..... ၅၇

၂။ ရွာများအကြားဆက်ဆံရေး ..... ၆၄

၃။ ဒေသတွင်းပဋိပက္ခများနှင့် ရာဇဝတ်မှုများ ..... ၆၆

၄။ အဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် ရွာသားများ ..... ၆၇

**အခန်း (၅)။ နိဂုံးချုပ်ကောက်ချက်ချမှုများ** ..... ၇၂

နောက်ဆက်တွဲ (က)။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု၏ သုတေသနပြုမှုနည်းနာများ ..... ၇၆

မြေပုံ (က)။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်ခဲ့သော ..... ၈၁
ကျေးရွာများ၏ တည်နေရာပြမြေပုံ

**ဇယားများ**

ဇယား ၁။ ကျေးရွာဝိသေသလက္ခဏာအရ အထောက်အပံ့များ ဖြန့်ဝေမှုပမာဏ ..... ၉

ဇယား ၂။ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းအုပ်စုများ၏ ဦးစားပေးဖော်ပြမှုများ ..... ၁၃

ဇယား ၃။ လွန်ခဲ့သောနှစ်အတွင်း ထောက်ပံရေးဖြန့်ဝေပေးသူအရေအတွက် ..... ၁၅

ဇယား ၄။ ရွာတစ်ရွာချင်းစီအတွက် အထောက်အပံ့ပေးသူအရေအတွက် ..... ၁၅

ဇယား ၅။ ထောက်ပံ့ရေးပေးသူများ အသုံးများသော ဖြန့်ဝေရေးနည်းလမ်းများ ..... ၁၇

ဇယား ၆။ ဆန်အတွက် စပါးအဖွင့်ဈေးနှုန်းနှင့် ဈေးကွက်ဈေးနှုန်း ..... ၂၈

ဇယား ၇။ အသေးစားစီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိမှုနှင့် ၎င်းတို့၏အခြေအနေ ......................၃၂
ဇယား ၈။ လယ်ယာအလုပ်သမားများအတွက် နေ့စားလုပ်ခနှုန်း (ကျပ်) ......................................၃၅
ဇယား ၉။ ချေးငွေယူသူများ၏ ပျမ်းမျှအကြွေးပမာဏ ..........................................................၃၉
ဇယား ၁၀။ ပျမ်းမျှအနည်းဆုံးနှင့် အများဆုံးစုစုပေါင်းအကြွေး ..................................................၄၀
ဇယား ၁၁။ တရားမဝင်နေရာများမှ ချေးငွေယူခြင်းအတွက် လစဉ်အတိုးနှုန်းများ ..........................၄၁
ဇယား ၁၂။ ချေးငွေယူနိုင်သောအရင်းအမြစ်များ ........................................................................၄၂
ဇယား ၁၃။ အမျိုးမျိုးကွဲပြားနေသော ချေးငွေယူသူများ၏ ချေးငွေရနိုင်သောအရင်းအမြစ်များ................၄၅
ဇယား ၁၄။ ရွှေ့ပြောင်းမှုပုံစံ...................................................................................................၅၁
ဇယား ၁၅။ လူမှုဆက်ဆံရေးအပေါ် ခြုံငုံသုံးသပ်ချက်............................................................................၅၈
ဇယား ၁၆။ လွန်ခဲ့သောနှစ်အတွင်း ရွာများအကြား တုံ့ပြန်ဆောင်ရွက်မှုနှုန်း......................................၆၅
ဇယား ၁၇။ ဖွံ့ဖြိုးရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ ကော်မတီများ..........................................................၇၁

**ပုံများ**

ပုံ ၁။ အထောက်အပံ့အကူအညီရရှိမှု ပမာဏအပြောင်းအလဲများ...........................................၆
ပုံ ၂။ လွန်ခဲ့သောနှစ်အတွင်း ကဏ္ဍအလိုက်ဆောင်ရွက်ပေးခဲ့သော စုစုပေါင်းစီမံကိန်းအရေအတွက်.....၇
ပုံ ၃။ ထုတ်ဖော်ပြောသော ရွာသားများ၏လိုအပ်ချက်များ ..........................................................၁၀
ပုံ ၄။ လွန်ခဲ့သောနှစ်အတွင်း အထွက်နှုန်းများပြောင်းလဲမှု ရာခိုင်နှုန်း .........................................၂၆

**သာဓကများ**

သာဓက ၁။ SIM တွင် အထောက်အပံ့များ ပမာဏရေတွက်ပုံ.......................................................၅
သာဓက ၂။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ .............................................................၈
သာဓက ၃။ ထောက်ပံ့ရေးစီမံကိန်းများ အများဆုံးပြုလုပ်ခြင်း........................................................၁၆
သာဓက ၄။ ထောက်ပံ့ရေးတိုင်ကြားမှုတစ်ခုအား ကျေးရွာခေါင်းဆောင်များမှ မည်သို့ဖြေရှင်းခဲ့သနည်း။...၁၈
သာဓက ၅။ စီမံကိန်းသို့ ထည့်ဝင်ကူညီရမှုများ၏ဝန်အား ထမ်းထားရခြင်း ...................................၂၀
သာဓက ၆။ ရွာတစ်ရွာ၏ ကျဆင်းလျက်ရှိသော ရေလုပ်ငန်း ..........................................................၃၀
သာဓက ၇။ ငါးများရှားပါးလာခြင်းကြောင့် ရေလုပ်သားများ အခက်အခဲနှင့် ရင်ဆိုင်လာရခြင်း ............၃၂
သာဓက ၈။ ဘဝအတွက် အကြွေးတင်ရှိခြင်းလား။......................................................................၃၅
သာဓက ၉။ ကျပန်းအလုပ်သမားတစ်ယောက်၏ ပုံပြင်..................................................................၃၆
သာဓက၁၀။ ကောင်းစွာဆောင်ရွက်နေကြသော အလုပ်သမားလွှဲပြောင်းရေး ဝန်ဆောင်မှု .....................၃၇
သာဓက ၁၁။ မြစ်ဝကျွန်းပေါ်တွင် မည်သူအဆင်းရဲဆုံးဖြစ်သနည်း။ .........................................................၃၇
သာဓက ၁၂။ တရားဝင်မဟုတ်သော ငွေချေးခြင်းအလေ့အထများ .........................................................၄၁
သာဓက ၁၃။ အသေးစားချေးငွေ အလုပ်ဖြစ်သောအချိန်နှင့် အလုပ်မဖြစ်သောအချိန် ..........................၄၂
သာဓက ၁၄။ အမျိုးသမီးအဖွဲ့များ၏ စုဆောင်းငွေနှင့်ချေးငွေ ရန်ပုံငွေတည်ထောင်ခဲ့ကြပုံ.........................၄၄
သာဓက ၁၅။ အကြွေးပြန်ဆပ်ရန်အတွက် ပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်း .................................................၄၇
သာဓက ၁၆။ လယ်ပြန်ငွေပြန်စနစ်ကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း ...................................................၄၉
သာဓက ၁၇။ အမျိုးမျိုးသော အလုပ်များ ..............................................................................................၅၃
သာဓက ၁၈။ ကျပန်းအလုပ်သမားများအတွက် ရွေးချယ်စရာလမ်း နည်းပါးခြင်း ....................................၅၄
သာဓက ၁၉။ စွမ်းရည်မြင့်မားစေရန် စုဆောင်းမှု .................................................................................၆၀
သာဓက ၂၀။ အလုပ်အတူတကွလုပ်ခြင်းဖြင့် ပိုမိုရင်းနှီးလာစေခြင်း ........................................................၆၆
သာဓက ၂၁။ ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များ၏ ကျယ်ပြန့်သောအခန်းကဏ္ဍများ၏
သာဓကများ ..........................................................................................................................၆၉

# အကျဉ်းချုပ်

သဘာဝဘေးအန္တရာယ်တို့မည်သည် ရိုက်ခတ်ခံရသောဒေသများရှိ လူမှုစီးပွားရေးဘဝများအပေါ် ထိပါးသက်ရောက်မှုများ ရှိစမြဲဖြစ်သည်။ ဘေးအန္တရာယ် ရင်ဆိုင်ကျော်လွှားနိုင်မှု၊ အထောက်အပံ့များ၏ ထိရောက်မှုနှင့် လူမှုစီးပွားရေးအဝန်းအဝိုင်း၏ ပြောင်းလဲမှုများအလိုက် ဘေးအန္တရာယ်သင့်လူ့အဖွဲ့အစည်း၏ လူမှုစီးပွားဘဝများသည် ပြောင်းလဲလျက်ရှိပါသည်။ ထို့အတူ ကပ်ဘေးသင့်လူ့အဖွဲ့အစည်း၏ လိုအပ်ချက်နှင့် အလေးထားမှုများမှာ အချိန်နှင့်အမျှ လိုက်ပါပြောင်းလဲလျက် ရှိပါသည်။ ထိုသို့ပြောင်းလဲလျက်ရှိသော သက်ရောက်မှုများနှင့် လိုအပ်ချက်များအပေါ် သိမြင်နားလည်မှုသည် ကပ်ဘေးလွန်ကာလ အထောက်အပံ့များ ထိရောက်စွာပေးနိုင်ရေးအတွက် အရေးပါသော အချက်တစ်ချက်ပင်ဖြစ်သည်။ ယင်းအတွက် တတိယအကြိမ် နာဂစ်မုန်တိုင်းလွန်ကာလ လူမှုဘဝသက်ရောက်မှုများ ဆန်းစစ်လေ့လာခြင်းကို အပိုင်းသုံးပိုင်းခွဲ၍ ပြုလုပ်ထားပါသည်။

၁။ **အထောက်အပံ့များ၏ ထိရောက်မှု။** ။ငင်းသည် ကပ်ဘေးသင့်ကျေးရွာများ၏ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအား မှတ်တမ်းပြုရန် ဖြစ်ပါသည်။ ထိုသို့ ဆန်းစစ်ရာတွင် မည်သည့်ထောက်ပံ့မှုများအား မည်မျှရရှိသည်၊ လိုအပ်ချက်နှင့် ကွာဟမှုများ၊ ထောက်ပံ့မှုလျာထားပုံနှင့် ဖြန့်ဝေမှုများ၊ ဝေခြမ်းရေးနှင့်စပ်လျဉ်းသော ကိစ္စရပ်များအား မည်သို့ဆုံးဖြတ် ကိုင်တွယ်ဖြေရှင်းခဲ့သည် စသည်တို့အား လေ့လာရန် ရည်ရွယ်ပါသည်။

၂။ **လူမှုစီးပွားဘဝ သက်ရောက်မှုများ။** ။ငင်းတွင် အဓိကအသက်မွေးအုပ်စုများဖြစ်ကြသော လယ်သမား၊ ရေလုပ်သားနှင့် ကျပန်းလုပ်သားများအပေါ် နာဂစ်၏အကျိုးသက်ရောက်မှုများ ပါဝင်ပါသည်။ အဓိကအားဖြင့် အသက်မွေးဝမ်းကျောင်းမှု၊ ကြွေးမြီတင်ရှိမှုနှင့် ဘေးအန္တရာယ် ရင်ဆိုင်ကျော်လွှားနိုင်မှု အခြေအနေများအား လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။

၃။ **လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ။** ။ငင်းတွင် လူမှုအင်အား ပေါင်းစည်းလှုပ်ရှား ဆောင်ရွက်မှုစွမ်းရည်၊ အသက်၊ ကျား/မ၊ ဘာသာရေး၊ လူမျိုးရေး အုပ်စုများအလိုက် အချင်းချင်းသဟဇာတဖြစ်မှု၊ ကျေးရွာတွင်းဆက်ဆံရေးနှင့် ကျေးရွာနှင့် ကျေးရွာခေါင်းဆောင်များအကြား ဆက်ဆံရေး စသည်တို့အပေါ်တွင် မုန်တိုင်းမှ မည်သို့သက်ရောက်ခဲ့သည်ကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ ***ထို့ပြင် ဒေသအဆင့်အဖွဲ့အစည်းများ၏ လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း ပြောင်းလဲမှုများနှင့် ပြန်လည်ထူထောင်ရေးကာလတွင် ငင်းတို့၏ အခန်းကဏ္ဍများကို လေ့လာထားပါသည်။***

SIM 3 သည် နိုဝင်ဘာ ၂၀၀၈ နှင့် ဇွန် ၂၀၀၉ ခုနှစ်တို့တွင် အသီးသီးပြုလုပ်ခဲ့သော SIM 1 နှင့် SIM 2 တို့၌အသုံးပြုထားသော သုတေသနပြုမှုနည်းလမ်းများအတိုင်း အခြေတည်၍ ပြုလုပ်ထားသည်။ ငင်းတွင် အသေးစိတ် qualitative မေးမြန်းမှုများ၊ အကြောင်းအရာတစ်ခုကို ဝိုင်းဖွဲ့ဆွေးနွေးသော အုပ်စုလိုက်စကားဝိုင်းများကို အခြေပြု၍ အဓိကကျသော မေးမြန်းမှုများကို မုန်တိုင်းဒဏ်ဆိုးဆိုးဝါးဝါးခံခဲ့ကြရသော မြစ်ဝကျွန်းပေါ်တစ်လျှောက်ရှိ မြို့နယ် ၈ မြို့နယ်မှ ကျေးရွာ ၄၀ တွင် ရွာသား ၉၆၀ ခန့်အား မေးမြန်းခဲ့ပါသည်။

## ထောက်ပံ့ကူညီရေးထိရောက်မှု

### အထောက်အပံ့များမှာ ဆက်လက်လျော့နည်းလာပြီး ဦးစားပေးလိုအပ်မှုများမှာလည်းပြောင်းလဲလာခြင်း

အထောက်အပံ့များ ဖြန့်ဝေပေးမှုမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် ဆက်လက်ကျဆင်းလျက်ရှိသည်။ ခြုံငုံကြည့်လျှင် လေ့လာသော ကျေးရွာများ၏ ယခင်နှစ်အတွင်း အကြိမ်ဖျင်းအထောက်အပံ့ရရှိမှုမှာ ပြီးခဲ့သောနှစ်ယခုကာလမတိုင်ခင် ၆ လ အတွင်း ရရှိမှုများနှင့် တူညီသည်။ အထောက်အပံ့ဖန်တီးပေးမှုများ တဖြည်းဖြည်းလျော့နည်းလာခြင်းမှာ မုန်တိုင်းပြီးနောက်တွင် အထောက်အပံ့ပေးသူများ၏ ဦးစားပေးမှုများမှာ သိသာစွာ

ပြောင်းလဲလာခြင်းကြောင့်ဖြစ်သည်။ စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အိမ်ထောင်စုသုံးပစ္စည်းများ ထောက်ပံ့ပေးမှုမှာ ကနဦးကယ်ဆယ်ရေးအဆင့်ကတည်းက သိသာထင်ရှားစွာ လျော့နည်းလာသည်။ လွန်ခဲ့သော တစ်နှစ်အတွင်း ငွေချေးငှားနိုင်မှုနှင့် ရေလုပ်ငန်းသွင်းအားစုများ လျော့ကျလာခြင်းမှာ သတိပြုထိုက်သော အကြောင်းအချက် တစ်ခုပင် ဖြစ်ပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များမှာ အချို့နေရာများတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများတည်ဆောက်ခြင်းကို စတင်လာခြင်းကြောင့် အရေအတွက်အားဖြင့် လျော့နည်းသွားသော်လည်း တန်ဖိုးအားဖြင့် မြင့်မားလာသည်ကို သုတေသနပြုလုပ်သူများ တွေ့ရှိခဲ့ရသည်။

## အထောက်အပံ့ပေးခြင်းအတွက် ဦးစားပေးမှုများ သဲသဲကွဲကွဲပေါ်ထွက်လာခြင်း

ထောက်ပံ့မှုများသည် ရေနှင့်သန့်ရှင်းရေးစသော အဓိကကျသော ကဏ္ဍရပ်များအပေါ်တွင် ပဓာနပြုလာကြသည်။ ကျေးရွာ ၄၀ အနက်မှ ၂၉ ရွာမှာ လွန်ခဲ့သော တစ်နှစ်အတွင်း၌ ရေနှင့် သန့်ရှင်းရေး စီမံကိန်းများ ရရှိခဲ့ပြီး အထူးသဖြင့် အိမ်ထောင်စုများ သောက်သုံးရေ သိုလှောင်ရန်ပစ္စည်းနှင့် ယင်လုံအိမ်သာများ ရရှိခဲ့ကြသည်။ ထိုသို့ထောက်ပံ့ပေးမှုများကြောင့် ကျေးရွာ ၁၆ ရွာတွင် သောက်သုံးရေ လက်လှမ်းမီမှု မြင့်မားလာသည်ကို တွေ့ရသော်လည်း ၁၇ ရွာ မှာ အခက်အခဲနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

ထောက်ပံ့ရေးအတွက် အခြားအဓိကဦးစားပေး လိုအပ်ချက်များမှာ စိုက်ပျိုးရေးသွင်းအားစုများနှင့် ဒေသတွင်း အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းဖြစ်သည်။ လယ်သမားကြီးများနှင့် လယ်သမားလတ်များကို အဓိကထား ထောက်ပံ့ပေးခဲ့ကြသော်လည်း အထောက်အပံ့ပမာဏမှာ အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာရေးအပေါ် အမှန်တကယ်သက်ရောက်စေနိုင်သည့် သိသာထင်ရှားသော ပမာဏမျိုး မဟုတ်သေးပေ။ အခြေခံအဆောက်အအုံများ တည်ဆောက်မှုအား ကြည့်မည်ဆိုပါက ကျေးရွာအများစုတွင် စာသင်ကျောင်းများ၊ ဆိပ်ခံတံတားများနှင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကဲ့သို့သော အဆောက်အအုံများ ရှေးယခင်ကထက် ပိုမိုကောင်းမွန်စွာ ရရှိလာကြသော်လည်း ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက ၎င်းတို့သည် ရွာသားများ၏ နေ့စဉ်ဘဝတိုးတက်မှုအတွက်မူကား သိသာထင်ရှားသော သက်ရောက်မှုများ မပေးစွမ်းနိုင်ချေ။

## အထောက်အပံ့ပေးသူများနှင့် ဒေသတွင်းအုပ်စုများ၏ လိုအပ်ချက်များအကြား သိသာထင်ရှားသော ကွဲလွဲမှုများရှိနေခြင်း

ခြုံငုံသုံးသပ်ကြည့်လျှင် ရွာသားများသည် အလုပ်လုပ်ရန် အရင်းအနှီး/ ချေးငွေ၊ စိုက်ပျိုးရေးသွင်းအားစုများ၊ ကျေးရွာအခြေခံအဆောက်အအုံများစသော အထောက်အပံ့အမျိုးအစား ၃ မျိုးအား ဦးစားပေးလိုအပ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ကြသည်။ ခေါင်းဆောင်များမှအပ အုပ်စုများအားလုံးက ချေးငွေသည် အရေးအကြီးဆုံး ဦးစားပေးလိုအပ်ချက်နှစ်ခုအနက် တစ်ခုအဖြစ် ပါဝင်သည်ဟု ခံစားရသည်။ အထောက်အပံ့ပေးသူများ၏ ပဓာနထားမှုများ ကျဆင်းလာသောကြောင့် ချေးငွေလိုအပ်မှုသည် ပိုမို၍ ကြီးစိုးလာခဲ့သည်။ ကျပန်းအလုပ်သမားများသည် အစားအစာထောက်ပံ့မှုအား လိုအပ်နေချိန်တွင် ရေလုပ်သားများမှာ သွင်းအားစုများနှင့် အခြားသော အလုပ်အကိုင်အခွင့်အလမ်းများအား လိုအပ်နေသေးသည်။ ၎င်းတွေ့ရှိချက်များသည် ကျေးရွာအတွင်း လိုအပ်မှုအဆင့်များ ကွဲပြားမှုနှင့် အထောက်အပံ့ပေးရမည့်နယ်ပယ် ရွေးချယ်သတ်မှတ်ရာတွင် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများအား ထင်ဟပ်ပြသနေပါသည်။ စင်စစ် အထောက်အပံ့ပေးမှုနှင့် လိုအပ်ချက်များအကြား ဆက်နွယ်မှုသည် ဒေသအတွင်းအခြားအုပ်စုများမှာထက် လယ်သမားနှင့် ခေါင်းဆောင်များအကြားတွင် ပိုမိုမြင့်မားလျက်ရှိသည်။

## ကူညီထောက်ပံ့ရေးပေးမှုတွင် ရွာသားများအပြည့်အဝ ပါဝင်မှုမရှိပါ။

အထောက်အပံ့ပေးသူအမြောက်အများသည် ထောက်ပံ့ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပါဝင်နေကြသော်လည်း ဒေသ၏ပူးပေါင်းပါဝင်မှုမှာ အနိမ့်ဆုံးအဆင့်တွင် ရှိနေသေးသည်။ ထောက်ပံ့ရေး စီမံကိန်းအမျိုးအစားနှင့် စီမံကိန်း အကောင်အထည်ဖော်မှု အဆင့်ဆင့်ကို ချမှတ်ရာတွင်လည်း အထောက်အပံ့ ပေးသူများမှာ

အခါက ဆုံးဖြတ်သူများအဖြစ် ဆက်လက်ပါဝင်နေကြသည်။ ဒေသတွင်း ကော်မတီများမှာ အချို့သော အထောက်အပံ့ဖြန့်ဝေပေးမှုများတွင် အတိုင်းအတာတစ်ခုအထိ ပါဝင်ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်လာစေရန် ငွေသား သို့မဟုတ် လုပ်သားအဖြစ် ငှားရမ်းခြင်း စသည်တို့ဖြင့် တွန်းအားပေးကြရသည်။ သို့ရာတွင် အထောက်အပံ့ပေးဝေမှုမှာ ယခင်အခေါက် SIM များ ပြုလုပ်စဉ်ကပုံစံနှင့်ယှဉ်လျှင် သိသာစွာ ပြောင်းလဲမှုမရှိပေ။ အထောက်အပံ့ပေးသူများနှင့် ရွာသားများအကြား တာဝန်ခံနိုင်မှုဆိုင်ရာ ဆက်နွယ်မှုမှာ အကန့်အသတ်ဖြင့်သာရှိသည်။ ၎င်းအပြင် ကျေးရွာအဆင့်တွင် ထိထိရောက်ရောက် အလုပ်ဖြစ်နိုင်သည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အစီအမံများ အနည်းငယ်ရှိသည်။ ရလဒ်အားဖြင့် အုပ်ချုပ်ရေးခေါင်းဆောင်များနှင့် ကျေးရွာခေါင်းဆောင်များ၏ အထောက်အပံ့ပေးသူများနှင့် အတူတကွ လက်တွဲလုပ်ဆောင်လာနိုင်ခြင်းနှင့် ထောက်ပံ့ရေးမှ ပေါ်ပေါက်လာသော ပဋိပက္ခများအား သင့်တင့်အောင် ဖြေရှင်းပေးနိုင်ခြင်းစွမ်းရည်များသည် ထောက်ပံ့ရေးထိရောက်မှုအတွက် အရေးကြီးသော အချက်များအဖြစ် ပေါ်ထွက်လာကြသည်။

## လူမှုစီးပွားဆိုင်ရာသက်ရောက်မှုများ

### လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်ထူထောင်လာနိုင်သည့် အရိပ်အခြည်များ တွေ့ရှိခြင်း

လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် ပြန်လည်ထူထောင်လာနိုင်မှုများ စတင်လာသည်။ နာဂစ်အပြီး ဒုတိယမြောက်နှစ်အတွင်း ရွာများ၏ ထက်ဝက်ကျော်နီးပါးတွင် မိုးစပါးရော နွေစပါးပါ ပြန်လည်စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ နာဂစ်အပြီး ပထမတစ်နှစ်အချိန်တွင် ရွာများ၏ ၁၅ ပုံတစ်ပုံသာ ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။ ထို့အပြင် ကျေးရွာ ၄၀ တွင် အထွက်နှုန်းမှာ ပျမ်းမျှ ၁၅% အထိ ပြန်လည်တိုးတက်လာသည်။ အထွက်နှုန်းတိုးလာသော ကျေးရွာများ၏ အရေအတွက်မှာ အထွက်နှုန်းကျဆင်းသွားသော ရွာများ၏ အရေအတွက်ထက် နှစ်ဆကျော် များပြားလာသည်ကို တွေ့ရသည်။

မည်သို့ပင်ဆိုစေ ယင်းတိုးတက်မှုသည် အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်အတွင်း စိုက်ပျိုးရေးရာသီတွင် ကျေးရွာ သုံးပုံနှစ်ပုံမှ လယ်သမားများသည် သီးနှံများတွင် ပိုးကျခြင်း၊ ကြွက်နှင့်ဂဏန်းများ ဝင်ရောက်ဖျက်ဆီးခြင်း၊ ဒီရေတာများ ပြုန်းတီးလာခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်းကြောင့် မြေဆီများ ပျက်စီးယိုယွင်းခြင်းစသော အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ကျေးရွာ ၈ ရွာတွင် မိုးစပါးအထွက်နှုန်းမှာ နာဂစ်မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ၎င်းအခြေအနေထက်သာလွန်ထွက်ရှိခဲ့သော ကိစ္စရပ်သုံးခုကိုပင် တွေ့ရှိခဲ့သည်။ သို့သော်လည်း နှိုင်းယှဉ်ကိန်းဂဏန်းများရရှိသော ကျန်ရှိသည့် ၂၆ ရွာမှာ နာဂစ်မတိုင်မီက အထွက်နှုန်းထက် ၃၀% ကျော် လျော့နည်းနေသေးကြောင်း ခန့်မှန်းသိရှိရသည်။

### … ရေလုပ်ငန်းကဏ္ဍ အပြည့်အဝ ပြန်လည်မထူထောင်နိုင်ရာတွင်…

လွန်ခဲ့သောနှစ်အတွင်း သိသာထင်ရှားသော ပြောင်းလဲမှုအဖြစ် ကျေးရွာ ၂၁ ရွာမှ ရေလုပ်ငန်းလုပ်သူများမှာ သဘာဝရှိ ငါးသယံဇာတပမာဏ၊ ဖမ်းဆီးရရှိသောငါးအထွက်နှုန်းနှင့် အလုပ်အကိုင်ရရှိမှုများ သိသိသာသာ ကျဆင်းလာသည်ကို ကြုံတွေ့နေကြရသည်။ ၎င်းအပြင် ချေးငွေမရရှိခြင်းကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူအများစုမှာ နာဂစ်အတွင်းက ပျက်ဆီးဆုံးရှုံးသွားသော လှေ၊ ငါးဖမ်းပိုက်နှင့် ငါးဖမ်းကိရိယာများအား ပြန်လည်အစားထိုးနိုင်ခြင်း မရှိသေးပါ။ အကျိုးဆက်အားဖြင့် လွန်ခဲ့သော တစ်နှစ်အတွင်း ရေလုပ်သားအများစုမှာ ၎င်းတို့၏မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆုံးရှုံးခဲ့ရပြီး ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်လာကြရသည်။

### …ကျပန်းလုပ်သားများ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရခြင်း

အလုပ်အကိုင်ရှာဖွေနေကြသော ကျပန်းလုပ်သားအရေအတွက်မှာ သိသာထင်ရှားစွာ မြင့်မားလာသည်။ တစ်ဆက်တည်းမှာပင် ၎င်းတို့၏ အလုပ်အကိုင်ရရှိမှုသည်လည်း လယ်ယာလုပ်ငန်းအပေါ် အမှီသဟဲပြုနေရ

ခြင်းကြောင့် အခွင့်အလမ်း ပိုမိုနည်းပါးလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာ ၄၀ အနက်မှ ၂၄ ရွာတွင် လယ်သမားများ၏ အထူးသဖြင့် မြေယာပြုပြင်ခြင်းအပေါ် အလုပ်သမားလိုအပ်ချက်မှာ ကျဆင်းလျက်ရှိသည်။ အလုပ်သမားများမှာ လုပ်ခနည်းပါးသော "တောက်တိုမယ်ရ" အလုပ်များပေါ်တွင် မှီခိုနေရပြီး ၎င်းမှာ အိမ်ထောင်စုများ၏ အခြေခံအသုံးစရိတ်အတွက်ပင် မလုံလောက်ချေ။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာတစ်ဝက်ခန့်ရှိ အလုပ်သမားများမှာ အခြားသောရွာသားများထက် ပိုမိုဆိုးဝါးသော အခြေအနေများကို ကြုံတွေ့နေရသည်။

## ကြွေးမြီများမှာ ပြန်လည်ထူထောင်နိုင်မှု အလားအလာများအား ပိုမိုယုတ်လျော့လာစေခြင်း

ကြွေးမြီကိစ္စများမှာ ရှုပ်ထွေးလျက်ရှိသည်။ နာဂစ်အပြီးနှစ်နှစ်အကြာတွင် လေ့လာနေသော ကျေးရွာများအတွင်းရှိ ငွေချေးယူသူ ၆၀၀ ကျော်၏ ပျမ်းမျှကြွေးမြီမှာ (၅.၄) သိန်း[၁] ရှိသည်။ အတိုးနှုန်းမှာ များစွာတည်ငြိမ်လျက်ရှိသည်။ ခိုင်မာသောဝင်ငွေနှင့် အသုံးစရိတ် ကိန်းဂဏန်းများ မရရှိသော်ငြားလည်း ၎င်းတို့၏မရေရာသော အလုပ်အကိုင်အခြေအနေနှင့် ဝင်ငွေရရှိမှုအလားအလာများအရ ရေလုပ်သားငယ်များနှင့် ကျပန်းလုပ်သားများ၏ ကြွေးမြီဝန်ထုပ်ဝန်ပိုးမှာ သုံးစွဲနိုင်သောဝင်ငွေနှင့်နှိုင်းစာလျှင် အမြင့်ဆုံးဖြစ်နေသည်ဟု ခန့်မှန်းနိုင်သည်။ ကျေးရွာအားလုံးရှိ အသက်မွေးအုပ်စုများအားလုံးတွင် နာဂစ်အပြီးနှစ်နှစ်အတွင်း အများဆုံး ပျမ်းမျှအကြွေးတင်ရှိမှုမှာ ယခင် နာဂစ်မတိုင်မီကထက် မြင့်မားလာပြီး ကျပန်းအလုပ်သမားများနှင့် ရေလုပ်သားများမှာ လွန်ခဲ့သော နှစ်နှစ်အတွင်း ပျမ်းမျှအများဆုံးအကြွေးတင်ရှိမှု နှစ်ဆတိုးလာခဲ့သည်။ လယ်သမားငယ်များမှာလည်း အကြွေးတင်ရှိမှု နှစ်ဆတိုးလာခဲ့သည်။ ထို့ကြောင့် ဆင်းရဲသားများမှာ ကြီးမားသော အကြွေးဝန်ထုတ်ဝန်ပိုးများကို ထမ်းထားရလေသည်။

ရေလုပ်သားငယ်များနှင့် လယ်သမားငယ်များ၏ အဓိအချေးငွေရရှိရာ အရင်းမြစ်များဖြစ်သော ငါးအဝယ်ဒိုင်များ၊ ဆန်စက်ပိုင်ရှင်များနှင့် လယ်သမားကြီးများမှာလည်း နာဂစ်အပြီးကတည်းက ငွေကြေးအခက်အခဲများနှင့် ရုန်းကန်နေရသည်။ ထို့ကြောင့် ကျေးရွာအားလုံးတွင် အသေးစားချေးငွေလိုသူများအတွက် ငွေချေးငှားနိုင်မှုမှာ သိသာစွာ ရှားပါးလာသည်။ အကျိုးဆက်အားဖြင့် နေရာတစ်ခုစီမှ ချေးငွေအကန့်အသတ်ဖြင့်သာ ရယူနိုင်သောကြောင့် ချေးငွေယူရာ အရင်းအမြစ်များ များပြားလာခဲ့သည်။ အချို့ရွာများတွင် အကြွေးပြန်ဆပ်နိုင်ရန်မှာ မိသားစုများအတွက် အဓိကငွေရေးကြေးရေးအခက်အခဲတစ်ရပ် ဖြစ်နေတော့သည်။ သို့သော် အထူးသဖြင့် လယ်သမားများမှာ အကြွေးပြန်ဆပ်ရန် ပျက်ကွက်စာရင်းမဝင်ဘဲ မြီစားအဖြစ် ဆက်လက်တည်ရှိနေစေရန် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား ထုခွဲရောင်းချပြီး အတိုးပုံမှန် ပေးကြသည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် ထပ်မံချေးငှားနိုင်သော်လည်း ပမာဏမှာ အနည်းငယ်သာ ဖြစ်သည်။ နာဂစ်အပြီး နှစ်နှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသ၏ ကြွေးမြီတင်ရှိမှု အခြေအနေမှာ ပိုင်ဆိုင်မှုအရင်းအနှီးများ လျော့နည်းလာရသည့်ပုံစံတွင်ရှိပြီး အကြွေးပြန်ဆပ်ရန် ပျက်ကွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရှိရသေးပါ။

## ငွေရေးကြေးရေးဆိုင်ရာ ဖိစီးခြိမ်းခြောက်မှုများနှင့် အသက်ရှင်နေရခြင်း

ကျေးရွာများအတွင်း မိသားစုအများစုကို လေ့လာရာတွင် အိမ်ထောင်စုများ၏ မိရိုးဖလာလုပ်ငန်းများမှ ရသောဝင်ငွေမှာ စားသုံးမှု၊ အရင်းအနှီးနှင့် အကြွေးပြန်လည်ပေးဆပ်ရန်တို့အတွက် လုံလောက်မှု မရှိပေ။ အကျိုးဆက်အားဖြင့် မုန်တိုင်းဒဏ်ခံရသော ဒေသများရှိ မိသားစုဝင်များ အားလုံးနီးပါးမှာ ၎င်းတို့၏ ကျဆင်းလျက်ရှိသော စီးပွားရေးအခြေအနေများအား အလိုက်သင့်ဖြေရှင်းရန် နည်းမျိုးစုံဖြင့် အခက်အခဲများ ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။ ရွာများအတွင်း ဝင်ငွေတိုးတက်ရရှိရေးအတွက် လုပ်ဆောင်လျက်ရှိသော အတွေ့ရအများဆုံး နည်းလမ်းမှာ "တောက်တို မယ်ရ" အလုပ်များလုပ်ကိုင်ခြင်းဖြစ်ပြီး ၎င်းနောက်တွင် ရာသီအလိုက် ပြောင်းရွှေ့အလုပ်လုပ်ကိုင်မှုများ (အထူးသဖြင့် လယ်လုပ်ငန်းများတွင်တွေ့ရခြင်း)၊ အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်လာခြင်း (ရေလုပ်သားအများစုမှာ ကျပန်းအလုပ်သမားများဖြစ်လာခြင်း) နှင့် နောက်ဆုံးမှာ ပိုင်ဆိုင်မှုများရောင်းချခြင်း (မြေယာဆုံးရှုံးမှုများရှိသော်လည်း တွေ့ရှိရမှုရှားခြင်း) များကိုတိုးမြှင့်လုပ်ဆောင်လာကြသည်။ ရွာများအတွင်း လေ့လာခဲ့ရာတွင် အိမ်ထောင်စုအားလုံးနီးပါးသည် မိသားစု

၁။ ၁ သိန်းသည် ငွေကျပ် ၁၀၀,၀၀၀ နှင့် တူညီသည်။

အသုံးစရိတ်ကို ထိန်းနိုင်ရန် အစားအသောက်အတွက် အသုံးစရိတ်ကို လျှော့ချခြင်း၊ ကလေးများအား မုန့်ဖိုး လျှော့ပေးခြင်းနှင့် ကျန်းမာရေးအသုံး စရိတ်များလျှော့ချခြင်းစသော နည်းလမ်း ၃ ခုကို အနည်းဆုံးသုံးနေကြသည်။

## လူမှုဆက်ဆံရေးနှင့်အဖွဲ့အစည်းများ

ခိုင်မာသော အခြေခံလူမှုရေးအဆောက်အအုံများကြောင့် မြစ်ဝကျွန်းပေါ်ဒေသခံလူထုမှာ စဉ်ဆက်မပြတ် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ဆက်လက်ပြီး ကြံ့ကြံ့ခံနိုင်ဆဲဖြစ်သည်။ ကျေးရွာလူနေမှုဘဝ၏ ရှုထောင့်အမျိုးမျိုးတွင် လွန်ခဲ့သောနှစ်အတွင်း အပြောင်းအလဲအနည်းငယ်သာရှိပြီး လူမှုဆက်ဆံရေးမှာ ကောင်းမွန်သည်။ ကျေးရွာများအတွင်းရှိ ပြည်သူများမှာ ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အတူတကွ ဆက်လက် လုပ်ကိုင်နေကြပြီး ထောက်ပံ့ရေးနှင့်ပတ်သက်သော ယခင်တင်းမာမှုများမှာ ပျောက်ကွယ်လာသည်။

## အမျိုးသားနှင့် အမျိုးသမီးများအကြား ဆက်ဆံရေးမှာကောင်းမွန်ပြီး အမျိုးသမီးများမှာ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာသော်လည်း စီးပွားရေးအကျပ်အတည်းများမှာ တိုးမြင့်နေဆဲဖြစ်သည်။

လွန်ခဲ့သောနှစ်အတွင်း အိမ်ထောင်ပြုမှုများ သိသိသာသာ များပြားလာသည်။ အဓိကအားဖြင့် မုဆိုးဖိုနှင့် မုဆိုးမများမှာ ပြန်လည်လက်ထပ်ကြသည်မှာ ၎င်းတို့နှစ်ယောက်စာ ထမ်းထားရသော ကြွေးမြီဝန်ထုပ်ဝန်ပိုးများနှင့် ၎င်းတို့သားသမီးတာဝန်များအား လျှော့ချရန်ဖြစ်သည်။ နာဂစ်အပြီး ထောက်ပံ့ရေးနှင့် လူမှုရေး လှုပ်ရှားပြောင်းလဲမှုများကြောင့် ကျေးရွာလူမှုရေးကိစ္စများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ သိသိသာသာ ပြောင်းလဲလာသည်။ ထင်ရှားသော အပြောင်းအလဲမှာ လွန်ခဲ့သောတစ်နှစ်အတွင်းတွင် အမျိုးသမီးများမှာ ကျေးရွာလူမှုရေးကိစ္စများတွင် ပါဝင်လာကြခြင်းဖြစ်သည်။ အထူးသဖြင့် အထောက်အပံ့ပေးသူများ၏ လိုအပ်ချက်အရ အမျိုးသမီးများမှာ ကျေးရွာ ထောက်ပံ့ရေးဆိုင်ရာ ကော်မတီများတွင် ပါဝင်လာကြခြင်းဖြစ်သည်။ မုန်တိုင်းအပြီး နှစ်နှစ်အကြာတွင် လူအများစုမှာ မုန်တိုင်း၏ဒဏ်ကို တိုက်ရိုက်ရင်ဆိုင်ကျော်လွှားရခြင်းမရှိတော့သော်လည်း အသက်မွေးမှုလုပ်ငန်းများနှင့် ၎င်းတို့ အသက်ရှင်သန်မှုအတွက် ရုန်းကန်ရခြင်းကြောင့် စိတ်ဖိစီးမှုများ ပိုမိုများပြားလာခဲ့သည်။

## လူကြီးနှင့် လူငယ်များအကြားဆက်ဆံရေးမှာ တည်ငြိမ်နေသော်လည်း ထောက်ပံ့ရေးကြိုးပမ်းမှုများတွင် လူငယ်များ၏ အခန်းကဏ္ဍကျဆင်းလာခြင်း

ကျေးရွာအများစုတွင် လူကြီးနှင့် လူငယ်များမှာ လူမှုရေးနှင့် စီးပွားရေးလုပ်ဆောင်ချက်များအား လက်တွဲ လုပ်ဆောင်ကြပြီး ဒေသတွင်းအဖွဲ့အစည်းများတွင် အတူတကွပါဝင်လုပ်ဆောင်ကြသည်။ အအောင်မြင်ဆုံးသော အဖွဲ့အစည်းများကို ကျေးရွာသူကျေးရွာသားများကသာ အထောက်အပံ့ပေးသူများထက် စတင်ဦးဆောင်ကြိုးဆ နိုင်ခဲ့ကြသည်။ ၎င်းအဖွဲ့အစည်းများတွင် အသက်အရွယ်အုပ်စုအားလုံးကို သာတူညီမျှ ပါဝင်ခွင့်ပေးထားပြီး လူကြီးနှင့်လူငယ်များ၏ စိတ်ကူးများကို ထင်ဟပ်ပြသထားကြသည်။ လူငယ်များမှာ လူမှုရေး၊ ဖွံ့ဖြိုးရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ ကျေးရွာလုပ်ငန်းများတွင် အဓိကပါဝင်နေဆဲဖြစ်သည်။ သို့သော်လည်း နာဂစ်ပြီးပြီး ချင်းကာလနှင့် နှိုင်းယှဉ်ပါက ယနေ့အချိန်တွင် လူငယ်များပါဝင်မှု အခန်းကဏ္ဍမှာ အားနည်းသွားခဲ့ပြီး ဆုံးဖြတ်ချက်များချမှတ်ခြင်းကို အသက်အရွယ်ကြီးသူများက ပြုလုပ်နေကြသည်။

## ဘာသာတူ၊ လူမျိုးတူများကိုသာ လျာထားထောက်ပံ့သောကိစ္စရပ်များ မတွေ့ရှိရတော့ဘဲ ဘာသာကွဲ၊ လူမျိုးကွဲများအကြား ဆက်ဆံရေးများ တိုးတက်လာခြင်း

SIM 2 ပြုလုပ်ခဲ့စဉ်ကတည်းက ဘာသာတူ၊ လူမျိုးတူများကိုသာ လျာထားထောက်ပံ့မှုပုံစံများအတွက် ခိုင်မာသည့် အထောက်အထားများ မတွေ့ရှိတော့ပေ။ ကျေးရွာများမှာ ဘာသာရေးအဖွဲ့များမှ အထောက်အပံ့များအား ဆက်လက်ရရှိနေဆဲဖြစ်သည်။ သို့သော် အခြားဘာသာဝင်များမှာလည်း ၎င်းထောက်ပံ့ရေးမှ အကျိုး ခံစားကြရသည်။ အကျိုးဆက်အနေဖြင့် ယခင်က ဘာသာကွဲများရောနှောနေထိုင်သော ကျေးရွာသုံးရွာတွင်

ရှိခဲ့သော ထောက်ပံ့ရေးဆိုင်ရာ တင်းမာမှုများမှာ ယခု ကွယ်ပျောက်လာခဲ့ပြီး လူမျိုးကွဲ ဘာသာကွဲအုပ်စုများ တည်ရှိရာ ကျေးရွာများအကြား ဆက်ဆံရေးမှာ တိုးတက်လာခဲ့သည်။ ဘာသာရေးခေါင်းဆောင်များမှာ ထောက်ပံ့ရေးကြိုးပမ်းမှုများနှင့် အခြားသောလောကီရေးရာကိစ္စများတွင် မပါဝင်တော့ဘဲ ၎င်းတို့၏ ထုံးတမ်းစဉ်လာ ဘာသာရေးကိစ္စရပ်များတွင်သာ ပဓာနထား လုပ်ဆောင်လျက်ရှိသည်။

## ကျေးရွာအချင်းချင်း ဆက်ဆံရေးမှာ ကောင်းမွန်ခြင်း

နာဂစ်အပြီး နှစ်နှစ်အကြာတွင် ကျေးရွာများအကြား ဆက်ဆံရေးကောင်းမွန်လာပြီး အချို့ကိစ္စရပ်များတွင် အချင်းချင်း အပြန်အလှန်အကျိုးပြု ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်ကို တွေ့ရသည်။ ရွာများအတွင်း အများဆုံးတွေ့မြင်နိုင်သော အပြန်အလှန်အကျိုးပြု ဆောင်ရွက်မှုမှာ စီးပွားရေးကိစ္စရပ်များတွင်ဖြစ်သည်။ ဘာသာရေးဆိုင်ရာ အပြန်အလှန်ဆောင်ရွက်မှုများသည် နာဂစ်အပြီး ဒုတိယနှစ်အတွင်း တိုးတက်လာခဲ့သည်။ ကျေးရွာများမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြသည်။ အထောက်အပံ့ပေးမှုဆိုင်ရာတွင် မညီမျှဟုယူဆသောကြောင့် ရွာအချင်းချင်းဆက်ဆံရေးအား ထိခိုက်စေခဲ့သည့် ကိစ္စရပ်မျိုး သုံးခုသာတွေ့ရှိခဲ့သည်။

## ဒေသအတွင်း ပဋိပက္ခနှင့် ရာဇဝတ်မှု အနည်းငယ်သာတွေ့ရှိရခြင်း

လေ့လာခဲ့သော ကျေးရွာများအတွင်း ပဋိပက္ခများမှာ အလွန်နည်းသည်။ ၎င်းမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း လူမှုပေါင်းစည်းညီညွတ်မှုအင်အား မြင့်မားကြောင်း ထင်ဟပ်ပြသနေခြင်းဖြစ်သည်။ ဒေသအတွင်းပဋိပက္ခများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေါင်းဆောင်မှ အများအားဖြင့် ကျေးရွာခေါင်းဆောင်များ (ကျေးရွာအတွင်း အသက်ကြီးသူများနှင့် အခြားလေးစားရသော ပုဂ္ဂိုလ်များ)နှင့် တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ပေးသည်။ ဒေသတွင်းခေါင်းဆောင်များမှာ ပဋိပက္ခများကို ရွာသားများကျေနပ်အောင် ဖြေရှင်းပေးနိုင်ကြသည်။ ရာဇဝတ်မှုငယ်များ ဖြစ်ပွားသော်လည်း ယင်းဖြစ်ပွားမှုနှုန်းမှာ ကျေးရွာအတွင်း သို့မဟုတ် ကျေးရွာများအားလုံးတွင် နာဂစ်အပြီး သို့မဟုတ် လွန်ခဲ့သောနှစ်အတွင်း၌ သိသိသာသာ များပြားလာခြင်း မရှိပေ။ အများဆုံးဖြစ်ပွားသော ကိစ္စရပ်များတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးကိရိယာများ ခိုးယူမှုများပါဝင်သည်။

## အဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် ရွာသားများ

မြစ်ဝကျွန်းပေါ်ဒေသ၏ နေ့စဉ်ဘဝတွင် ကျေးရွာခေါင်းဆောင်များမှာ အဓိကအခန်းကဏ္ဍမှ နေရာယူထားသည်။ အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များ (ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ) သည် အုပ်ချုပ်ရေးပိုင်းနှင့် လူမှုရေးအငြင်းပွားမှုများကို ဖြန်ဖြေပေးခြင်းများအပါအဝင် အထောက်အပံ့ပေးသူများနှင့် ညှိနှိုင်းခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ကျေးရွာအများစုတွင်တရားဝင် ခန့်ထားခြင်း မဟုတ်သော ကျေးရွာခေါင်းဆောင်များမှာလည်း အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များအား အထက်ပါကိစ္စရပ်များတွင် ကူညီပေးရသည့်အပြင် ၎င်းတို့ ဩဇာသြောင်းစေရန် အထိန်းအကျောင်းအဖြစ် ဆောင်ရွက်ပေးကြရသည်။ ရွာသားများနှင့် ခေါင်းဆောင်များအကြား ထောက်ပံ့ရေးခွဲဝေမှုနှင့် ပတ်သက်သော တင်းမာမှုများရှိသည်ဟု တင်ပြကြသည်။ သို့ရာတွင် ကျေးရွာ ၆ ရွာတွင်သာ ဆက်ဆံရေးမှာ 'ညံ့' အဆင့်တွင်ရှိသည်။ ခြုံကြည့်လျှင် အထောက်အပံ့များ အလုံးအရင်းဖြင့်ဝင်ရောက်လာသောကြောင့် ဒေသတွင်းဦးဆောင်မှု ချဲ့ထွင်နိုင်ခဲ့သည်ဟု ညွှန်းဆိုနိုင်လောက်သည့် အချက် အလွန်နည်းပါးပါသည်။ လေ့လာခဲ့သောကျေးရွာအားလုံးတွင် အုပ်ချုပ်ရေးခေါင်းဆောင်များနှင့် ကျေးရွာခေါင်းဆောင်များမှာ အရေးပါသော ဆုံးဖြတ်ချက်ချမှတ်သူများအဖြစ် ရှိနေသည်။ အကျိုးဆက်အားဖြင့် ခေါင်းဆောင်တစ်ဦးချင်းစီ၏ စွမ်းရည်နှင့် ၎င်းတို့အကြား အားကောင်းသော ဆက်ဆံရေးမှာ ထောက်ပံ့ရေး ထိရောက်မှုအား အဆုံးအဖြတ်ပေးရာတွင် အဓိကအခန်းမှ ပါဝင်နေသည်။

# အခန်း (၁)

# နိဒါန်း

သဘာဝဘေးအန္တရာယ်တို့မည်သည် လျင်မြန်စွာ အကျိုးသက်ရောက်မှု ရှိစမြဲဖြစ်သည်။ အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရသည်။ အမိုးအကာများ ပျက်စီးခဲ့ရသည်။ ပိုင်ဆိုင်ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ရသည်။ အသက်ရှင်ကျန်ရစ်သူများမှာလည်း ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာ ပြဿနာများ၊ အစားအစာနှင့် ရေပြတ်လပ်မှုစသော အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ မေလ ၂ ရက်နေ့တွင် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများနှင့် ရန်ကုန်တောင်ပိုင်းဒေသများကို တိုက်ခတ်ခဲ့ပြီး များစွာပျက်စီးဆုံးရှုံးစေခဲ့သည်။ ခန့်မှန်းခြေ လူပေါင်း ၁၄၀,၀၀၀ ခန့် သေဆုံးခဲ့ပြီး အပျက်အစီးနှင့် ဆုံးရှုံးမှုပမာဏသည် ခန့်မှန်းခြေ ဒေါ်လာ ၄ ဘီလီယံခန့် ရှိခဲ့သည်။[၂] ၎င်းနောက်တွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် လူအများတို့သည် အရေးပေါ်လိုအပ်ချက်များအတွက် လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အကူအညီများ ပေးခဲ့ကြသည်။ မြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းသုံးခုပေါင်း၍ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ (Tripartie Core Group - TCG) အဖွဲ့အားဖွဲ့စည်းပြီး ၎င်းအကူအညီပေးရေးကြိုးပမ်းမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

နာဂစ်မုန်တိုင်းအပြီး ထိခိုက်ခံစားခဲ့ရသော လူအများတွင် လိုအပ်ချက်များစွာ ပေါ်ပေါက်လာခဲ့သည်။ အသက်ရှင်သန်မှုအတွက် ဦးစားပေး အရေးပေါ်အခြေအနေများ ကျော်လွန်နိုင်ခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သူများမှာ ၎င်းတို့၏ဘဝနှင့် နေထိုင်ရာဒေသများ ပြန်လည်ထူထောင်နိုင်ရေးအတွက် စတင်အာရုံစိုက်လာကြသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးမှ ဘေးအန္တရာယ်နှင့် ထောက်ပံ့ရေးကြိုးပမ်းမှုတို့တွင် ပါဝင်ကူညီမှုသည် မုန်တိုင်းဒဏ်သင့် လူ့အဖွဲ့အစည်း၏ လူမှုစီးပွားပုံစံနှင့် လူမှုဆက်ဆံရေးတို့အပေါ်တွင် ကြီးစွာသော သက်ရောက်မှုရှိနိုင်သည်။ မုန်တိုင်းလွန်ကာလတွင် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု လူတစ်ဦးနှင့်တစ်ဦး ပြုမူဆောင်ရွက်ပုံများ ကွဲပြားသည်နှင့် အမျှ ပြန်လည်ထူထောင်ရေးအတွက် အတားအဆီးများမှာလည်း တစ်ဆက်တည်းပေါ်ထွက်လာနိုင်သည်။ အရင်းအမြစ်များရှားပါးမှုသည် ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြင့်စေနိုင်သည်။

ကပ်ဘေးလွန် ထောက်ပံ့ရေးကြိုးပမ်းမှုမှန်သမျှ၏ အောင်မြင်မှုသည် ထောက်ပံ့ရေးအစီအစဉ်များက ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များအပေါ် မည်မျှထိ တုံ့ပြန်နိုင်သည်ဆိုသည့်အပေါ်တွင် မူတည်သည်။ နာဂစ်ပြီးစဉ်ကတည်းက TCG သည် ထောက်ပံ့ရေးတုံ့ပြန်မှုများအား ထုတ်ပြန်ပေးနိုင်သော စောင့်ကြည့်လေ့လာအကဲခတ်ရေးစနစ်တစ်ရပ်ကို ပြုလုပ်ခဲ့သည်။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု (SIM) သည် ၎င်းအစီအမံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည်။ SIM မှာပြောင်းလဲနေသော လိုအပ်ချက်များ၊ ရွာသားများ၏ ဦးစားပေးလိုအပ်ချက်များ၊ လူမှုဆက်ဆံရေးနှင့် လူမှုစီးပွားဘဝများ၏ တစ်စတစ်စတိုးတက်ပြောင်းလဲလာမှုများနှင့် အကူအညီပေးမှုများ၏ သက်ရောက်မှုများအား နားလည်လာစေရန် ရည်ရွယ်သည်။ SIM တွင် မြစ်ဝကျွန်းပေါ်တစ်လျှောက်ရှိ ရွာပေါင်း ၄၀ ကို အဓိကလေ့လာထားသည်။ ထိုကဲ့သို့ ရွာ ၄၀ အပေါ်တွင် သတ်သတ်မှတ်မှတ် လေ့လာခဲ့ခြင်းဖြင့် နာဂစ်အလွန်ကာလတွင် ရွာနေလူထုဘဝ မည်သို့ပြောင်းလဲခဲ့သည်၊ ထောက်ပံ့ရေးကြိုးပမ်းမှုသည် မြစ်ဝကျွန်းပေါ် လူထုအပေါ် မည်မျှထိရောက်ခဲ့သည် စသည်နှင့်ပတ်သက်သော အသေးစိတ်သတင်း၊ အချက်အလက်များအားရယူရန်ဖြစ်သည်။ ၎င်းသည် ပြန်လည်ထူထောင်ရေး တိုးတက်မှုများအား ကိန်းဂဏန်းအချက်အလက်များဖြင့် လေ့လာသုံးသပ်ထားသော အစီရင်ခံစာတစ်ရပ်ဖြစ်သည့် နာဂစ်မုန်တိုင်းလွန် ကာလပိုင်းအလိုက် ဆန်းစစ်သုံးသပ်ချက် (Periodic Review) အားထပ်မံ ဖြည့်စွက်ထားခြင်းဖြစ်သည်။

SIM 1 ကို ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့ပြီး နာဂစ်အပြီး ပထမ ၆ လအတွင်း မြစ်ဝကျွန်းပေါ်ဒေသနေ လူထုအပေါ် မုန်တိုင်း၏သက်ရောက်မှုများအား လေ့လာခဲ့ပါသည်။ ၂၀၀၉ မေလမှ ဇွန်လအတွင်း SIM 2 ကို နာဂစ်မုန်တိုင်းအပြီး တစ်နှစ်အကြာတွင် ပြုလုပ်ခဲ့သည်။ ယခုအစီရင်ခံစာမှာ ၂၀၁၀

၂။ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကြီး (၂၀၀၈)။ နာဂစ်လွန်ကာလ ပူးပေါင်းဆန်းစစ်မှု (PONJA)။ ရန်ကုန်။ (TCG)

မတ်လမှ ဧပြီလအတွင်း ပြုလုပ်ခဲ့သော တတိယအကြိမ် SIM 3 မှ ရလဒ်များအား တင်ပြထားခြင်းဖြစ်သည်။ ၎င်းအား နာဂစ်မုန်တိုင်းအပြီး နှစ်နှစ်မြောက်ကာလအတွင်း ယခင်ရွာ ၄၀ အတွင်း ပြောင်းလဲမှုများအား သိရှိရန် ပြန်လည်သွားရောက် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ဇွန် ၂၀၁၀ တွင် လက်တွေ့ကွင်းဆင်းလေ့လာမှုများကို ၎င်းကျေးရွာအနည်းငယ်အတွင်း လှည့်လည် ပြုလုပ်ခဲ့သည်။

## ၁။ ပဓာနပြု အကြောင်းအရာများ

ယခင်ပြုလုပ်ခဲ့သော SIM များကဲ့သို့ပင် SIM 3 သည် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် နာဂစ်အလွန်ကာလ ပူးပေါင်းဆန်းစစ်မှု (PONJA) ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ကနဦးလူမှုဘဝ သက်ရောက်မှု လေ့လာဆန်းစစ်ရေး၏ အဓိက အပိုင်းသုံးပိုင်းပေါ်တွင် အထူးပြုထားသည်။ SIM 2 တွင် SIM 1 အပြီးမှစ၍ အဆိုပါ အဓိကအပိုင်းများအတွင်း ပြောင်းလဲမှုများအား လေ့လာထားသည်။

**ထောက်ပံ့ရေးထိရောက်မှု။** ။မုန်တိုင်းဒဏ်ခံရသော ရွာသားများကိုယ်တိုင် တွေ့ကြုံခဲ့ရသော ကျေးရွာအဆင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများအား လေ့လာဆန်းစစ်ထားပါသည်။ ၎င်းတွင် မည်သည့်အထောက်အပံ့ပစ္စည်းများအား မည်မျှရရှိကြသည်၊ မည်မျှလိုအပ်နေသေးသည်၊ အထောက်အပံ့များအား မည်သို့လျာထားဖြန့်ဝေခဲ့သည်၊ ထောက်ပံ့ရေးဆုံးဖြတ်ချက်များအား မည်သို့ချမှတ်၍ ပဋိပက္ခများအား မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည် စသည်တို့အား လေ့လာဆန်းစစ်ထားပါသည်။

**လူမှုစီးပွားဘဝ သက်ရောက်မှုများ။** ။၎င်းတွင် အဓိကအသက်မွေးအုပ်စုများဖြစ်သည့် လယ်သမား၊ ရေလုပ်သားနှင့် ကျပန်းအလုပ်သမားများအပေါ် နာဂစ်၏အကျိုးသက်ရောက်မှု မည်သို့ရှိသည်ကို လေ့လာဆန်းစစ်ထားသည်။ ထိုသို့လေ့လာရာတွင် အသက်မွေးမှု၊ အကြွေးတင်ရှိမှုနှင့် ချေးငှားနိုင်မှု၊ ဘေးအန္တရာယ် ရင်ဆိုင်ကျော်လွှားနိုင်မှု အခြေအနေများ စသည်တို့အား အလေးပေးလေ့လာထားပါသည်။

**လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ။** ။ဤအပိုင်းတွင် နာဂစ်နှင့် ထောက်ပံ့ရေးကြိုးပမ်းမှုများသည် ဒေသလူမှုအရင်းအနှီး၊ စုပေါင်းလုပ်ဆောင်နိုင်မှုစွမ်းအားများအပေါ်နှင့် ကျား/မ၊ အသက်အုပ်စုများအကြား လူမျိုးခြား/ ဘာသာခြားများအကြား တစ်ရွာနှင့်တစ်ရွာအကြား၊ ရွာသားများနှင့် ကျေးရွာခေါင်းဆောင်များအကြား ဆက်ဆံရေးများအပေါ် မည်သို့သက်ရောက်ခဲ့သည်ကို လေ့လာထားပါသည်။ ထို့ပြင် ဒေသအဆင့် အဖွဲ့အစည်းများ၏ လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း ပြောင်းလဲမှုများနှင့် ပြန်လည်ထူထောင်ရေးကာလတွင် ၎င်းတို့၏ အခန်းကဏ္ဍများကို လေ့လာထားပါသည်။

SIM 3 တွင် သုတေသနအဖွဲ့ဝင်များသည် ထောက်ပံ့ရေးကြိုးပမ်းမှုများ၏ ဒေသတွင်းအဖွဲ့အစည်းများ၏ တည်ဆောက်မှုပုံသဏ္ဍာန်အပေါ် သိသာစွာ ပြောင်းလဲသွားစေခြင်းရှိမရှိ၊ လွန်ခဲ့သောနှစ်အတွင်း အကောင်းဘက်မှ သက်ရောက်မှုများရှိမရှိနှင့် အနာဂတ်တွင် မည်သို့ဂယက်ရိုက်ခတ်မှုများရှိနိုင်မည် စသည်တို့အားဖော်ထုတ်တင်ပြရန် ရည်မှန်းထားပါသည်။

## ၂။ သုတေသနပြုနည်းလမ်းများ

SIM 3 တွင် အသေးစိတ် နက်နက်နဲနဲကွင်းဆင်းလေ့လာမေးမြန်းမှု (In-depth Qualitative Field-work) များအား မြစ်ဝကျွန်းပေါ်ဒေသ ၈ မြို့နယ်ရှိ ရွာပေါင်း ၄၀ တွင် ၂၀၁၀ ခုနှစ်၊ ဧပြီလနှင့်ဇွန်လများအတွင်း ပြုလုပ်ခဲ့ပါသည်။ (မြေပုံ–က တွင် ကြည့်ပါ)[၃]။ သုတေသနအဖွဲ့မှာ ရွာသား ၉၆၀ ကျော်ကို မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ကျေးရွာအဆင့် လေ့လာဆန်းစစ်မှုများအား သုံးကြိမ်ခွဲ၍ ပြုလုပ်ခဲ့ရာ ပဏာမအဆင့် လေ့လာဆန်းစစ်မှုအား ကျေးရွာ ၂ ရွာတွင် ပြုလုပ်ခဲ့ပြီး နောက်ပိုင်းအဆင့်များအား ဆက်လက်ပြုလုပ်ခဲ့ပါသည်။

---

၃။ နောက်ဆက်တွဲ (က) တွင် သုတေသနပြုမှုနည်းလမ်းများအား အကျယ်တဝင့်ဆွေးနွေးထားသည်။

အချိန်နှင့်အမျှ ပြောင်းလဲမှုများအား လေ့လာဆန်းစစ်ရန် ရည်ရွယ်၍ SIM 3 တွင် SIM 1 နှင့် SIM 2 မှ ရွာများကိုပင် ပြန်လည်လေ့လာထားသည်။ အဆိုးဝါးဆုံး ထိခိုက်သည့် မြို့နယ် ၈ မြို့နယ်မှ ရွာများကို ရွေးချယ်ထားရခြင်းမှာ မြစ်ဝကျွန်းပေါ်ဒေသ၏ အရေးပါအရာရောက်သော အသက်မွေးမှုပုံစံအမျိုးမျိုး ပါဝင်စေရန် ဖြစ်သည်။ ၎င်းအပြင် ရွာများရွေးချယ်ရာတွင် ပြန်လည်ထူထောင်နိုင်မှု အတိုင်းအတာအပေါ် အဓိက ညွှန်းဆိုနိုင်သည့် ထိခိုက်မှုအနည်းအများ၊ ဒေသအနီးအဝေးအလိုက် သက်ရောက်ပုံပြောင်းလဲမှုများကိုပါ ထည့်သွင်းစဉ်းစား၍ ရွေးချယ်ထားပါသည်။ ထို့ပြင် ထိခိုက်မှုနည်းပါးသော ရွာ ၄ ရွာကိုလည်း Control Villages များအဖြစ် ထည့်သွင်းလေ့လာထားပါသည်။[4]

သုတေသနပြုလုပ်သူများသည် ကျေးရွာတစ်ရွာတွင် သုံးရက်နီးပါးနေထိုင်လေ့လာခဲ့ပါသည်။ ခြုံပြောရလျှင် ယင်းအဖွဲ့မှာ အဓိကသတင်းအချက်အလက်ပေးသူ ၁၉၅ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး စကားဝိုင်းပေါင်း ၁၄၉ ဝိုင်းအား ပြုလုပ်ဆွေးနွေးခဲ့ပါသည်။ သုတေသနပြုလုပ်သူများသည် မေးမြန်းရန် လူများရွေးချယ်ရာတွင် ကျေးရွာခေါင်းဆောင်များနှင့် အခြားသောအဆင့်ရှိ အုပ်ချုပ်ရေးခေါင်းဆောင်များ၊ သက်ကြီးဝိုင်းများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ထောက်ပံ့ပစ္စည်းခွဲဝေပေးရာတွင် အဆုံးအဖြတ်ပေးသူများ၊ လယ်သမား၊ ရေလုပ်သား၊ ကျပန်း လုပ်သားများနှင့် အခြားသောလုပ်ငန်းလုပ်ကိုင်သူများ၊ ထိခိုက်လွယ်အိမ်ထောင်စုဝင်များ၊ အမျိုးသမီးဦးဆောင် သော အိမ်ထောင်စုများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် ဒုက္ခိတများ၊ သက်ကြီးရွယ်အိုများအပြင် လူငယ်အမျိုးသား၊ အမျိုးသမီးများအသီးသီးပါဝင်အောင် ရွေးချယ်ခဲ့ပါသည်။ ရရှိသော သတင်းအချက်အလက်များ တိုက်ဆိုင်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးသည့်အနေဖြင့် အကြောင်းအရာတူများအား အုပ်စုအသီးသီးအပေါ်တွင် မေးမြန်းပြီး ၎င်းတို့၏ ထင်မြင်ယူဆချက်များအား ရယူခဲ့သည်။

ပေါ်ထွက်လာသော ပြဿနာများအား အသေးစိတ်ဖော်ထုတ်ရန် သာဓကပြု လေ့လာချက်များအားလည်း စုဆောင်းခဲ့သည်။ ဤအစီရင်ခံစာတစ်စောင်လုံးတွင် ၎င်းသာဓကများအား နာဂစ်ဒဏ်ခံ ရွာသားများ၏ အတွေ့ အကြုံများအဖြစ် ထင်ဟပ်ပြသထားသည်။ ရွာအချင်းချင်း နှိုင်းယှဉ်လေ့လာရန် ရည်ရွယ်၍ တစ်ရွာချင်းစီတွင် စံပြုသတ်မှတ်ထားသော သတင်းအချက်အလက်များအား ကောက်ယူစုဆောင်းခဲ့ပါသည်။

## ၃။ အစီရင်ခံစာဖွဲ့စည်းပုံ

အစီရင်ခံစာကို အောက်ပါအတိုင်း ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

အပိုင်း(၂)။ ထောက်ပံ့ရေးထိရောက်မှု

အပိုင်း(၃)။ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများ

အပိုင်း(၄)။ လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ

အပိုင်း(၅)။ ကောက်ချက်ချသုံးသပ်မှု

အပိုင်းတစ်ပိုင်းစီတွင် ၂၀၀၉ ဇွန်လတွင် ပြုလုပ်ခဲ့သော SIM 2 နောက်ပိုင်း ပြောင်းလဲမှုများအား ပဓာနပြုထားသည်။ ဥပမာအတော်များများတွင် နာဂစ်မဖြစ်မီ အခြေအနေများနှင့် နှိုင်းယှဉ်လေ့လာထားပါသည်။

---

၄။ ၎င်းရွာ ၄ရွာ မှာ နာဂစ်ဒဏ်ခံစားခဲ့ရသောရွာများဖြစ်သော်လည်း အခြားသောရွာများထက် ထိခိုက်ခံရမှုနည်းပါးသည်။ Control Village မဟုတ်သော လယ်ယာစိုက်ပျိုးသောရွာတစ်ရွာမှာ မုန်တိုင်းဒဏ် တိုက်ရိုက်မခံခဲ့ရပေ။

# အခန်း (၂)
# အထောက်အပံ့များ ဖြန့်ဝေပေးမှုနှင့် ထိရောက်မှု

ယခုအပိုင်းတွင် နာဂစ်အပြီး ဒုတိယမြောက်နှစ်အတွင်း အထောက်အပံ့ပေးမှုအခြေအနေများ၏ အပြောင်းအလဲများကို လေ့လာထားပါသည်။ ယခင်ပြုလုပ်ပြီးခဲ့သော SIM များကဲ့သို့ပင် ဤသုတေသနပြုမှုသည် ရွာသားများထံမှ ကောက်ယူရရှိသောအချက်အလက်များနှင့် အခြားအရင်းအမြစ်အများအပြားမှရရှိသော အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးမှုများအပေါ်တွင် အခြေခံထားသည်။ ဤနည်းလမ်းသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ထောက်ပံ့ရေး အကူအညီပေးမှုပုံစံများအားလုံးတို့၏ပြောင်းလဲမှုများအပေါ် ရွာသားများ၏ နားလည်သိမြင်မှုအား ဦးစားပေး ရှုမြင်သုံးသပ်ထားသည်။

ကျေးရွာများတွင် အထောက်အပံ့ရရှိမှုသည် သိသိသာသာ ကျဆင်းသွားသည်။ အထောက်အပံ့များမှာ အခြေခံအဆောက်အအုံ၊ ရေနှင့်သန့်ရှင်းရေးနှင့် လုပ်ငန်းစတင်ရန် အရင်းအနှီးများ လိုအပ်လျက်ရှိသော စိုက်ပျိုးရေးအခန်းကဏ္ဍတို့အပေါ်တွင် အဓိကထားခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ငွေကြေးထောက်ပံ့ပေးသော အကူအညီမျိုးပေးခြင်း သို့မဟုတ် ဝင်ငွေရစေသောအလုပ်အကိုင်များ ဖန်တီးပေးခြင်းများမှာ အသက်မွေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာရေးအတွက် လိုအပ်ချက်များအား အလုံအလောက် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပေ။ လူမှုရေးဆိုင်ရာအုပ်စုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအုပ်စုများက ဖော်ပြကြသော လိုအပ်ချက်များတွင် အရေးကြီးသော မတူညီမှုများရှိနေသည်။ အချို့သော ဆင်းရဲသားအုပ်စုများမှာမူ စားနပ်ရိက္ခာ အထောက်အပံ့များလိုနေသေးသည်ကိုတွေ့ရပြီး၊ ရေလုပ်သားများမှာ ပိုက်ကွန်နှင့်လှေများ လိုအပ်နေသေးသည်။ သို့သော်လည်း လွန်ခဲ့သောနှစ်တွင် ယင်းအထောက်အပံ့အမျိုးအစား နှစ်မျိုးလုံးမှာ သိသာထင်ရှားစွာ ကျဆင်းလာခဲ့သည်။

နာဂစ်အပြီး ပထမနှစ်ကတည်းက အထောက်အပံ့ပေးဝေမှု နည်းလမ်းများမှာ သိသာထင်ရှားစွာ ပြောင်းလဲခြင်းမရှိပေ။ အထောက်အပံ့ပေးသူများမှာ အဆုံးအဖြတ်ပေးသည့်ကိစ္စရပ်များတွင် အဓိက ဆက်လက်ပါဝင်နေပြီး ကျေးရွာအဆင့်တွင် အထောက်အပံ့ပေးသူများအကြား ဒေသတွင်းညှိနှိုင်းဆောင်ရွက်မှု အထောက်အထားမှာ အနည်းငယ်သာ တွေ့ရသည်။ ပြင်ပမှအထောက်အပံ့ပေးသူများနှင့်ထိတွေ့မှုမှာ တိုးမြင့်လာသော်လည်း ကျေးရွာခေါင်းဆောင်မှုအပိုင်း၏ အဓိကရှုထောင့်များမှာမူ အနည်းငယ်သာပြောင်းလဲခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျေးရွာအဆင့်အဖွဲ့အစည်းများ၏ လုပ်နိုင်အားသည် အထောက်အပံ့ပေးမှုများနှင့် ထောက်ပံ့ကူညီရေး ထိရောက်မှုများအပေါ်တွင် အဓိကသက်ရောက်နိုင်သည်ဟူသော ညွှန်ပြမှုများ ပေါ်ပေါက်လာခဲ့သည်။

## ၁။ အကူအညီအထောက်အပံ့များရရှိမှု

**အထောက်အပံ့ရရှိမှုပမာဏမှာ လွန်ခဲ့သောနှစ်ထက် အကြမ်းအားဖြင့် ထက်ဝက်ခန့်လျော့ကျသွားခြင်း**

အထောက်အပံ့ပေးဝေမှု[၅]မှာ ဆက်လက်ကျဆင်းနေသည်။ ခြုံငုံလေ့လာကြည့်လျှင် နမူနာကောက်ယူသော ရွာများတွင် လွန်ခဲ့သောနှစ်ကရရှိခဲ့သော ထောက်ပံ့ရေးပမာဏမှာ မုန်တိုင်းအပြီး ၆ လအတွင်းက ရရှိခဲ့ပြီးဖြစ်သော အထောက်အပံ့ပမာဏနှင့် အကြမ်းအားဖြင့်တူညီသည်[၆]။ ရွာနှစ်ရွာမှာ မည်သည့်အကူအညီကိုမျှ မရရှိခဲ့ကြပေ။ အခြား ၁၀ ရွာမှာ လွန်ခဲ့သောနှစ်အတွင်း အထောက်အပံ့အမျိုးအစားကို ၃ မျိုး သို့မဟုတ် ၎င်းထက် လျော့၍ ရရှိခဲ့ကြသည်။

---

၅။ အထောက်အပံ့ဆိုသည်မှာ ကျေးရွာများမှရရှိသော အထောက်အပံ့အမျိုးအစားများဖြစ်သည့် ငွေနှင့်ပစ္စည်းများဖြစ်ပြီး ကဏ္ဍမျိုးစုံမှ ရရှိသည်။ ရွာတစ်ရွာစီတွင် သုတေသနပြုလုပ်သူများသည် ထောက်ပံ့ရေးရရှိမှုအား ကဏ္ဍများနှင့် ထောက်ပံ့သူများအလိုက် ခွဲခြား၍ အချက်အလက်များကို ကောက်ယူခဲ့သည်။

၆။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်ရရှိခဲ့သော လူသားချင်းစာနာမှုအထောက်အပံ့များအား နှိုင်းယှဉ်ကြည့်လျှင် ၂၀၀၈ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၉၆ သန်း ၊ ၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၇ သန်း၊ ၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ သန်း။ မှရင်း။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံး (၂၃ ရက်၊ ဖွန်လ၊ ၂၀၁၀ ခုနှစ်အရ)

### သာဓက ၁။ SIM တွင် အထောက်အပံ့များ ပမာဏရေတွက်ပုံ

SIM တွင်ထောက်ပံ့ရေးအဆင့်များအား မည်သို့ခွဲခြားမှုပြုလုပ်ခဲ့သနည်း။ SIM ၏ ပထမ သုတေသနလုပ်ငန်းစဉ်နှစ်ရပ်တွင် လေ့လာတွေ့ ရှိချက်များအရ ကျေးရွာများတွင် စနစ်တကျ သိမ်းဆည်းပြုစုထားသော စာရင်းဇယားများမရှိသည့်အတွက် အထောက်အပံ့ရရှိမှုပမာဏစုစုပေါင်းအား ငွေတန်ဖိုးဖြင့် တိတိကျကျ ဖော်ပြရန် ခဲယဉ်းပါသည်။ သို့ သော်လည်း ၎င်းတို့ တွင် အဖွဲ့ အစည်းတစ်ခုစီမှရရှိသော အထောက်အပံ့အမျိုးအစားများတစ်ခုစီ၏ ပမာဏများအား မှတ်တမ်းတင်ထားရှိကြပါသည်။ အထောက်အပံ့များမှာ အရွယ်အစားတူ ရွာများအလိုက် မတိမ်းမယိမ်းရရှိကြသည်ချည်းပင်ဖြစ်သည်။ ထို့ကြောင့် သုတေသနပြုလုပ်သူများမှာ အထောက်အပံ့ရရှိမှုပမာဏအား ရရှိသည့် အထောက်အပံ့အမျိုးအစားများ၏ အရေအတွက်ပေါ်မူတည်၍ အဆင့်ခွဲခြားသတ်မှတ်ခဲ့သည်။ အမျိုးအစား ၈ မျိုးမှ ၉ မျိုးအထိ ရရှိသောရွာများအား အမြင့်ဆုံးအဆင့်၊ ၆ မျိုးမှ ၇ မျိုးအထိ ရရှိသောရွာများအား အလယ်အလတ်အဆင့်၊ ၆ မျိုးအောက် ရရှိသောရွာများအား အနိမ့်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားသည်။


လွန်ခဲ့သောနှစ်တွင် ရွာသားများသည် အကူအညီပေးရေး စီမံကိန်းများ၏ ထောက်ပံ့ရေးရရှိသောအရင်းအမြစ်များနှင့် တန်ဖိုးများအပါအဝင် အသေးစိတ်အချက်အလက်များကို ပေးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ ဤအချက်သည် ရွာသားများအနေဖြင့် အသိပညာများတိုးမြင့်လာခြင်းနှင့် အထောက်အပံ့ပေးမှုများအား ပိုမိုရင်းနှီးမှုရှိလာခြင်း၏ အကျိုးဆက်ရလဒ် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် SIM 3 တွင် အကူအညီအထောက်အပံ့ပေးမှုများအား အသေးစိတ် ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်မှု ပြုလုပ်နိုင်ခဲ့ပါသည်။ ဤအပိုင်းတွင် ယခင်ကပြုလုပ်ခဲ့သော စီမံကိန်းအမျိုးအစားအလိုက် စစ်တမ်းကောက်ယူပြီး အမှန်တကယ်ရှိသော စီမံကိန်းအရေအတွက်နှင့် ပတ်သက်သည့် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ခဲ့သည်။

### အထောက်အပံ့ အမျိုးအစားများ

အထောက်အပံ့ပေးသူများ၏ ဦးစားပေးအစီအစဉ်များ ပြောင်းလဲသွားပြီးနောက်တွင် အထောက်အပံ့ပမာဏအားလုံးမှာလည်း လိုက်ပါကျဆင်းသွားသည်။ မုန်တိုင်းအပြီး ပထမနှစ်နှင့် ဒုတိယနှစ်ကို နှိုင်းယှဉ်ခြင်းဖြင့် (ပုံ ၁) အစားအသောက်၊ အမိုးအကာနှင့် အိမ်ထောင်အသုံးအဆောင်ပစ္စည်းများ စသည့်ပုံစံတို့ဖြင့် အထောက်အပံ့ပေးမှုသည် ဆက်လက်၍ မှန်မှန်ကျဆင်းလာနေသည်ကို ပြသနေသည်။ ရေလုပ်သားများအတွက် အထောက်အပံ့ပေးမှုပမာဏမှာ လျော့နည်းလာရာ အရင်းအနှီးနှင့် ချေးငွေထောက်ပံ့ပေးမှုပမာဏများ လျော့နည်းလာသည်မှာ ပိုမိုထင်ရှားပြီး ထိုအကြောင်းပြချက်ကို အောက်တွင်ဆွေးနွေးထားသည် (အခန်း (၃) ကိုကြည့်ပါ)။ မုန်တိုင်းအပြီး ၆ လ အကြာတွင် သဘာဝဘေးအန္တရာယ် လျော့ချရေးလုပ်ဆောင်ချက်များ စတင်ပြီးသည့်နောက်ပိုင်းတွင် အထောက်အပံ့ပေးမှုများမှာ လွန်ခဲ့သောတစ်နှစ်အတွင်းတွင် ကျဆင်းသွားခဲ့သည်။ ကျန်းမာရေးဆိုင်ရာ အကူအညီများမှာ တိုးတက်လာခဲ့သော်လည်း ၎င်းသည် ဦးစားပေးအဆင့်တွင် နိမ့်ကျလျက်ရှိသည်။ ပညာရေးဆိုင်ရာ အကူအညီအထောက်အပံ့မှာ တသမတ်တည်းရှိသည်။

**ပုံ ၁။ အထောက်အပံ့အကူအညီရရှိမှု ပမာဏအပြောင်းအလဲများ**

(မတူညီသောအမျိုးအစားအလိုက် အထောက်အပံ့ရရှိသော ကျေးရွာအရေအတွက်)




မှတ်ချက်။ ။မုန်တိုင်းဒဏ်ခံအဆောက်အအုံများမှာ လူမှုရေးကိစ္စရပ်များတွင် အထွေထွေအသုံးပြုနိုင်စေရန် ဖွဲ့စည်းတည်ဆောက်ထားသောကြောင့် ဒေသတွင်း အခြေခံအဆောက်အအုံ ခေါင်းစဉ်အောက်တွင်ပါဝင်သည်။

**အထောက်အပံ့များသည် အရေးကြီးသော ရေနှင့်သန့်ရှင်းရေး စသည်တို့ကိုအလေးပေးကာ အဓိကအခန်းကဏ္ဍများအပေါ်တွင် အာရုံစိုက်လာခဲ့ခြင်း**

လွန်ခဲ့သောနှစ်အတွင်း အထောက်အပံ့ပေးသူများ၏ အဓိကဦးစားပေးမှုမှာ ရေနှင့်သန့်ရှင်းရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း သွင်းအားစုများဖြစ်ကြသည်။ လွန်ခဲ့သောနှစ်အတွင်း ၂၉ ရွာမှာ ရေနှင့်သန့်ရှင်းရေး စီမံကိန်းများရရှိခဲ့ကြပြီး ၎င်းစီမံကိန်းများတွင် တွင်းအိမ်သာများနှင့် သောက်သုံးရေသိုလှောင်မှုများပါဝင်ပြီး အများစုမှာ အိမ်ထောင်စုတစ်စုချင်းစီသို့ ရည်ရွယ်ထောက်ပံ့ခဲ့သည်။ ကျေးရွာ ၁၀ ရွာမှာ အကြီးစားရေသိုလှောင်ကန်များကို ရရှိပြီး ယင်းတို့ကို စာသင်ကျောင်း သို့မဟုတ် မုန်တိုင်းဒဏ်ခံအဆောက်အအုံများနှင့် ဆက်သွယ်ထားရှိသည်။ ကျေးရွာ ၁ ရွာမှာ ရေသန့်စင်သည့်စက် ရရှိခဲ့သည်။

လေ့လာခဲ့သော ကျေးရွာများတွင် အမြဲတမ်းကြုံတွေ့နေရသော ပြဿနာမှာ စိတ်ချရသော သန့်ရှင်းသည့် သောက်သုံးရေရှိမှုပြဿနာဖြစ်ပြီး အထူးသဖြင့် ခြောက်သွေ့သောရာသီများတွင်ဖြစ်လေ့ရှိသည်။ ယင်းပြဿနာမှာ မုန်တိုင်းအပြီးတွင် ပိုမိုဆိုးဝါးလာသည်။ လွန်ခဲ့သောနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသတွင် အထူးသဖြင့် ခြောက်သွေ့သောရာသီများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရန်မှာ အရေးကြီးသော အလေးထားစရာကိစ္စတစ်ခုဖြစ်လာသည်။ ရေများတွင် ဆားပါဝင်မှုနှုန်း မြင့်မားလာခြင်းမှာလည်း အခြားအလေးထားစရာ ကိစ္စတစ်ခုဖြစ်လာသည်။ ၂၆ ရွာမှာ သောက်သုံးရေ အကူအညီကို လွန်ခဲ့သောနှစ်အတွင်း ရရှိခဲ့ပြီးဖြစ်သော်လည်း ၁၀ ရွာမှာမူ ၎င်းပြဿနာများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ အကူအညီမရရှိသော ရွာများအနက် ထက်ဝက်ခန့် (၇ ရွာ) မှာ သန့်ရှင်းသော သောက်ရေမရရှိသော ပြဿနာနှင့် ဆက်လက်ရင်ဆိုင်နေရသည်။

**စိုက်ပျိုးရေးအထောက်အပံ့များအား ကျယ်ကျယ်ပြန့်ပြန့်ထောက်ပံ့နိုင်သော်လည်း ရရှိသောပမာဏမှာ လိုအပ်မှုကို မပြည့်မီခြင်း**

အဓိက ၂၈ ရွာတွင် လယ်ယာစိုက်ပျိုးရေးသွင်းအားစု အထောက်အပံ့များဖြစ်သော ဓာတ်မြေဩဇာနှင့် မျိုးစပါးများ၊ လယ်ထွန်စက်များ၊ အခြားပစ္စည်းများနှင့် မိုင်းကျွဲများကို လွန်ခဲ့သောနှစ်အတွင်း၌ ရရှိခဲ့ကြသည်။ ၎င်းအထောက်အပံ့များမှာ အများအားဖြင့် လယ်သမားလတ်နှင့် လယ်သမားငယ်များ တစ်ဦးချင်းစီသို့ ထောက်ပံ့


ပေးခဲ့သည်။ ကျေးရွာအားလုံးတွင် ထောက်ပံ့ရေးပမာဏမှာ အကန့်အသတ်ဖြင့်သာပေးသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် လယ်သမားများအား ထောက်ပံ့ပေးသော မျိုးစပါးနှင့် ဓါတ်မြေသြဇာမှာ လယ်ဧက ၂ ဧကခန့်သာ လုံလောက်ပြီး ကျန်လိုအပ်မှုများကို လယ်သမားများအနေဖြင့် ဈေးမှဝယ်ယူကြရသည်။

အသက်မွေးလုပ်ငန်းလုပ်ကိုင်သော အုပ်စုများသို့ အသက်မွေးလုပ်ငန်းသွင်းအားစုများ ထောက်ပံ့ပေးသော အချို့သာဓကဖြစ်ရပ်များတွင် သဘောမတူညီမှုများ တခါတရံ ဖြစ်ပေါ်လာခဲ့သည်။ လယ်သမားများ လယ်ထွန်စက်ကို မျှဝေသုံးစွဲကြသောကိစ္စတွင် သယ်ယူပို့ဆောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို ပြုလုပ်ခြင်းများအပေါ်တွင် အချေအတင်စကားများကြခြင်းဖြစ်သည်။ ရေလုပ်သားများကိစ္စတွင်မူ အထောက်အပံ့ပမာဏ နည်းပါးခြင်း အကျိုးဆက်အဖြစ် လှေများနှင့် ပိုက်ကွန်များကို မျှဝေသုံးစွဲပြီး ငါးဖမ်းရသောကြောင့်ဖြစ်သည်။ အလုပ်လုပ်ရန် ယင်းသို့ မျှဝေသုံးစွဲနေရသောကြောင့် ၎င်းအုပ်စုဝင်တစ်ဦးချင်းစီအတွက် အသက်မွေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာသော ရလဒ်မရရှိချေ။ (အပိုင်း (၃) ကိုကြည့်ပါ။)

### အထောက်အပံ့များသည် အဓိကအရေးပါသော အခန်းကဏ္ဍများအပေါ်တွင်သာ ပဓာနပြုခဲ့ခြင်း

လေ့လာနေသောရွာများတွင် ပြုလုပ်ခဲ့သော စီမံကိန်းစုစုပေါင်းအရေအတွက်များကို စိတ်ဖြာလေ့လာခြင်းမှ တွေ့ရှိရသည်မှာ ထောက်ပံ့ရေးပေးမှုများသည် အဓိကအခန်းကဏ္ဍပေါ်တွင် ပဓာနပြုထားကြောင်းညွှန်ပြနေပါသည် (ပုံ ၂)။ အထောက်အပံ့များ၏ ကဏ္ဍ ၄ ခုတွင် အမှန်စစ်စစ် ထောက်ပံ့ရေး ဖြန့်ဝေမှုများ[၇]၏ သုံးပုံနှစ်ပုံ ပါဝင်သည်။ စီမံကိန်း၏ လေးပုံတစ်ပုံအထက် (၂၇%) မှာ ရေသန့်နှင့် သန့်ရှင်းရေးဖြစ်သည်။

**ပုံ ၂။ လွန်ခဲ့သောနှစ်အတွင်း ကဏ္ဍအလိုက်ဆောင်ရွက်ပေးခဲ့သော စုစုပေါင်းစီမံကိန်းအရေအတွက်**




၇။ ယခုနေရာမှစ၍ ရှေ့တွင် အထောက်အပံ့ပမာဏအား တွက်ချက်ရာတွင် ပြီးခဲ့သည့် SIM တွင်အသုံးပြုခဲ့သော စီမံကိန်းအမျိုးအစားများအရ အခြေခံတွက်ချက်ခြင်းထက် အမှန်တကယ် စီမံကိန်းအရေအတွက်များအရသာ တွက်ချက်သည်။

**ဒေသတွင်း အခြေခံအဆောက်အအုံများမှာ ကူညီထောက်ပံ့ရေးတန်ဖိုး၏ အကြီးမားဆုံး အပိုင်းဝေစုအဖြစ် ပါဝင်နေခြင်း**

လွန်ခဲ့သောနှစ်တွင် ဒေသတွင်းအခြေခံအဆောက်အအုံများအပေါ် အာရုံစိုက်လာခြင်းမှာ SIM 2 ထက် နှစ်ဆခန့်ပို၍ မြင့်မားလာခဲ့သည်။ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ခြင်းနှင့် ဒေသတွင်း အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းများအပေါ် ပဓာနပြုလာခြင်းမှာ ပိုမိုထင်ရှားလာပြီး ပညာရေးစီမံကိန်း ၂၈ ခုအနက် ၁၉ ခုတွင် စာသင်ကျောင်းများ၊ စာသင်ခန်းများ၊ ခြံဝင်းခတ်ခြင်းများ၊ လူသွားစကြံန်များ သို့မဟုတ် လမ်းများဆောက်လုပ်ခြင်းတို့ကို တွေ့ရပါသည်။ လွန်ခဲ့သောနှစ်အတွင်း ပြုလုပ်ခဲ့သော စီမံကိန်း ၂၆ ခု၏ တန်ဖိုးမှာ ငွေကျပ် ၁၀ သန်းကျော်စီရှိကြောင်း သုတေသနပြုလုပ်သူများ တွေ့ရှိခဲ့ပါသည်။ ယင်းရွာအားလုံး အထောက်အပံ့ရရှိကြရာ ရွာ ၃ ရွာသည် လူထုအခြေပြုအခြေခံအဆောက်အအုံများကိုရရှိကြသည်။ ကျေးရွာ ၂၃ ရွာတွင်လည်း အခြေခံအဆောက်အအုံများ ရရှိခဲ့ပြီး ယင်းတို့အနက် ရွာ ၅ ရွာမှ လူများသည် ၎င်းတို့ကျေးရွာများမှာ မုန်တိုင်းမဖြစ်မီကထက် ပိုမိုကောင်းမွန်လာသည်ကို ခံစားရကြောင်း တွေ့ရှိခဲ့ရသည်။ အချို့ကိစ္စများတွင် တံတားအသစ်များကြောင့် ကလေးများမှာ ကျောင်းသို့ ပထမဦးဆုံးအကြိမ် လွယ်ကူစွာ သွားနိုင်ခဲ့ကြသည်ကို သိရှိရသည်။ ရွာအများစုတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများရှိသော်လည်း စိုးရိမ်ပူပန်မှုများဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ ရှိနေဆဲဖြစ်သည် (သာဓက ၂)။ မုန်တိုင်းကြောင့် SIM ရွာများတွင် အဆောက်အအုံများကို ပိုမိုကောင်းမွန်အောင် ပြန်လည်ပြုလုပ်လာခြင်းကို ကြုံတွေ့ရသည်။

**သာဓက ၂။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ (DRR) ကိုလွန်ခဲ့သောနှစ်အတွင်း ဆက်လက်လုပ်ဆောင်ခဲ့သော်လည်း SIM 2 ထက် လျော့နည်းလာခဲ့သည်။ မုန်တိုင်းဒဏ်ခံအဆောက်အအုံများအပြင် အဓိက DRR လုပ်ဆောင်ချက်များမှာ သင်တန်းများပေးခြင်းနှင့် လူတစ်ဦးချင်းစီနှင့် ကျေးရွာများအတွက် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းတို့ဖြစ်သည်။ ယေဘုယျအားဖြင့် ထိုကိရိယာများမှာ အသံချဲ့စက်များ၊ မုန်တိုင်းပြင်းအားကို အချက်ပြသပေးသော အလံများ၊ အရေးကြီးစာရွက်စာတမ်းနှင့် မှတ်ပုံတင်စသည်တို့ကို သိမ်းဆည်းနိုင်သော ရေပေါ်ပေါ်သော ရေလုံအိတ်များနှင့် ရေဒီယိုတို့ဖြစ်သည်။ ကျေးရွာ ၄၀ အနက် ၆ ရွာတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများရှိပြီး ၎င်းတို့ကို လွန်ခဲ့သော နှစ်နှစ်အတွင်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့ အနက်မှ ၄ ခုမှာ အထွေထွေအသုံးပြုနိုင်သော အဆောက်အအုံများဖြစ်ပြီး စာသင်ကျောင်း သို့မဟုတ် ဆေးပေးခန်းအဖြစ်လည်း သုံးကြသည်။ ကျေးရွာ ၁ ရွာ၌သာ တစ်ခုထက်ပိုသော မုန်တိုင်းဒဏ်ခံ အဆောက်အအုံရှိသည်။

မုန်တိုင်းဒဏ်ခံအဆောက်အအုံများရရှိသော်လည်း DRR အထောက်အပံ့အနေဖြင့် မထိရောက်သေးပေ။ အဘယ်ကြောင့်ဆိုသော် မုန်တိုင်းဒဏ်ခံနိုင်သော အမိုးအကာနှင့် ခိုင်မာတောင့်တင်းသော ရေကာတာ တို့မှာ မြစ်ဝကျွန်းပေါ်နေ ပြည်သူများကို ကာကွယ်ရန် လုံလောက်မှုမရှိသေးပေ။ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ရရှိသော ရွာများ၌ပင် ၎င်းအဆောက်အအုံမှာ ရွာသားများအားလုံးခိုလှုံရန် လုံလောက်သောအကျယ်အဝန်း မရှိနိုင်ဟု ယေဘုယျအားဖြင့် ခံစားကြရသည်။ မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်မှု အစီအစဉ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများကို ခံစားရသည်ဟု ဖော်ပြကြသည်။ လွန်ခဲ့သောနှစ်အတွင်း ရွာတစ်ရွာတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၃ ခု ရရှိခဲ့ပြီး ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်လျှင် လုံလောက်မှုရှိသည်။ သို့သော်လည်း တံတားမရှိခြင်း (ဆောက်လုပ်ရေးပစ္စည်းများ သယ်ပိုးခြင်းကြောင့် ပျက်စီးသွားသော်လည်း ပြန်မဆောက်လုပ်ရသေးခြင်း) ကြောင့် ချောင်းတစ်ဖက်ကမ်းတွင်နေထိုင်သော ရွာသားများအနေဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့ အလွယ်တကူ မခိုဝင်နိုင်ကြပေ။

ထို့အပြင်ဒေသတွင်း စုပေါင်းအင်အားဖြင့် အစပြုထားသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများမှာ လုံလောက်မှု မရှိသေးပေ။ မုန်တိုင်းအန္တရာယ် ကာကွယ်ရေးအတွက် စုပေါင်းကြိုတင်ပြင်ဆင်ခြင်းတွင် SIM 2 ကတည်းက အဓိကလမ်းအချို့ကို မြှင့်တင်ထားကြောင်း တွေ့ရှိရသည်။ သဘာဝဘေးအန္တရာယ်

ကြိုတင်ကာကွယ်ရေး (DRR) ကော်မတီမှာ ကျေးရွာတစ်ရွာတွင်သာ တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပြီး အခြားသောရွာများတွင် တက်ကြွမှုမတွေ့ရပေ။ ယင်းကော်မတီများမှာ မုန်တိုင်းနှိုးဆော်ချက်များကို ဆက်သွယ်ပေးခြင်းနှင့် အတည်ပြုပေးခြင်း၊ မုန်တိုင်းသတင်းကို ကျေးရွာများသို့ ဖြန့်ဝေပေးခြင်း၊ မုန်တိုင်းပြင်းအား အချက်ပြပေးခြင်းနှင့် ကျေးရွာအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း စသည့်တာဝန်များကို ယူကြရသည်။ တစ်ဦးချင်းစီ၏ မုန်တိုင်းအသိပညာတွင် မုန်တိုင်းဒဏ်ဆိုးဆိုးဝါးဝါးခံစားရသော ရွာများမှ ရွာသားများမှာ သိရှိမှု မြင့်မားပြီး မုန်တိုင်းဒဏ်အနည်းငယ်ခံရ၍ မုန်တိုင်းအတွေ့အကြုံနည်းပါးသော ရွာများတွင်မူ တဖြည်းဖြည်းမှေးမှိန်လာသည်။ မုန်တိုင်းဒဏ်ကြီးကြီးမားမားခံရသော ရွာမှလူများမှာ တစ်ဦးချင်းစီအနေဖြင့် အမျိုးမျိုးသော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ကြသည်။ ယင်းတို့မှာ ရေဒီယိုပုံမှန်နားထောင်ခြင်း၊ ၎င်းတို့ပိုင်ဆိုင်သော အရေးကြီးသောပစ္စည်းများကို သေချာထုတ်ပိုးထားခြင်း၊ လုံခြုံသောနေရာတွင် ထိန်းသိမ်းထားခြင်းနှင့် အချို့မှာ ၎င်းတို့အိမ်များကို သစ်ပင်ကြီးများတွင် ချည်နှောင်ထားခြင်းတို့ဖြစ်သည်။

## ကျေးရွာများအကြား အထောက်အပံ့ပမာဏမှာ ကွဲပြားသော်လည်း အားလုံးခြုံကြည့်လျှင် မျှမျှတတ ဖြန့်ဝေနိုင်ခဲ့ခြင်း

အစောပိုင်း SIM လေ့လာမှုများတွင် အထောက်အပံ့များသည် ထိခိုက်မှုများသောဒေသများကို ရောက်ရှိမှု သို့မဟုတ် သွားလာရေး လွယ်ကူသောနေရာများတွင်သာ စုပြုံနေသည်ဆိုသော အချက်များမှာ အလေးထားစရာကိစ္စတစ်ခု ဖြစ်သည်ကိုတွေ့ရသည်။ အထောက်အပံ့များ ပျံ့နှံ့ရောက်ရှိမှုမှာ SIM 1 အပြီးတွင် တိုးတက်မှုများရှိလာသော်လည်း ယင်းအချက်နှစ်ခုလုံးသည် အချို့နေရာများတွင် မှန်ကန်သည်ကို တွေ့ရှိရသည်။ ယင်းဖြစ်စဉ်မှာ လွန်ခဲ့သော နှစ်အတွင်းတွင်လည်း ဆက်လက်ရှိနေခဲ့ရာ ကျေးရွာများ၏ အဓိကဝိသေသ လက္ခဏာရပ်များအပေါ် အခြေခံ၍ ထောက်ပံ့ကူညီရေးပေးဝေမှုများတွင် သိသာမြင်သာသော ဘက်လိုက်မှု အနည်းငယ်ရှိခဲ့သည်။ လူမျိုးစုများ ရောနှောနေထိုင်သော ကျေးရွာ သို့မဟုတ် မြို့နယ်၊ မြို့လယ်ခေါင်နှင့်ဝေးသော ရွာများတွင်လည်း အထောက်အပံ့များ ကောင်းစွာဖြန့်ဝေပေးခဲ့ကြသည် (ဇယား ၁)။ အခြားဖြစ်နိုင်ချေရှိသော စဉ်းစားစရာအချက်တစ်ခုမှာ အဓိကကျေးရွာအုပ်စုရွာများမှာ အခြားရွာများထက် အထောက်အပံ့ ပိုရကြပါသလား ဟူသော အချက်ဖြစ်သည်။ ကိန်းဂဏန်းများအရ ယင်းသို့မရကြသည်ကို တွေ့ရှိခဲ့ရသည်။ ထို့အပြင် ဆိုးဝါးစွာ ထိခိုက်ခံရသော ကျေးရွာများမှာ အနည်းငယ် ထိခိုက်ခံရသောရွာများထက် အထောက်အပံ့များ ပိုမိုရရှိနေဆဲ ဖြစ်သည်။ သို့သော် အထောက်အပံ့ရရှိမှုမှာ မုန်တိုင်းအပြီး ပထမနှစ်များထက် လျော့နည်းလာခဲ့သည်။ ကျေးရွာအကြီးစားများမှာ အထောက်အပံ့ပမာဏများစွာ ရလေ့ရှိသည်ဟု ခန့်မှန်းနိုင်သည်။ လွန်ခဲ့သောနှစ်အတွင်းတွင် စီမံကိန်းအခု ၂၀ ရရှိသောကျေးရွာများမှအစ စီမံကိန်းဝင်ရောက်မှု လုံးဝမရှိသောကျေးရွာများအဆုံး ကျေးရွာများအလိုက် အထောက်အပံ့ရရှိမှုသည် ပမာဏအားဖြင့် အမျိုးမျိုးအဖုံဖုံ ကွဲပြားလျက်ရှိနေသေးသည်။ ယင်းအတွက် အကြောင်းပြချက်ကို အောက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

**ဇယား ၁။ ကျေးရွာဝိသေသလက္ခဏာအရ အထောက်အပံ့များ ဖြန့်ဝေမှုပမာဏ**

| ရရှိသော ထောက်ပံ့ရေး အမျိုးအစားများ | အရေအတွက် | လူမျိုးစုံရောနှောနေထိုင်သော ရွာများ | ဝေးလံခေါင်သီသော ရွာများ | ကျေးရွာအုပ်စုရွာ မဟုတ်သော ရွာများ | မုန်တိုင်းဒဏ် အများဆုံး ခံရသောရွာများ | အကြီးဆုံးသော ရွာများ |
|---|---|---|---|---|---|---|
| ၀-၃ | ၁၃ | ၃ | ၅ | ၇ | ၃ | ၂ |
| ၄-၈ | ၁၄ | ၂ | ၃ | ၈ | ၅ | ၅ |
| ၉+ | ၁၃ | ၄ | ၅ | ၁၀ | ၈ | ၇ |
| စုစုပေါင်း | ၄၀ | ၉ | ၁၃ | ၂၅ | ၁၆ | ၁၄ |


မှတ်ချက်။ အထောက်အပံ့ပမာဏကို အထောက်အပံ့အမျိုးအစားအလိုက်တွက်ချက်ထားသည်။ ရွာကြီးများတွင် လူဦးရေ ၁,၀၅၀ ဦးထက်ပို၍ရှိသည်။ မုန်တိုင်းဒဏ်ခံရမှုပမာဏကို SIM 1 မှအချက်အလက်များအား အသုံးပြုထားပြီး ယင်းတွင် မုန်တိုင်းဒဏ်အများဆုံးထိခိုက်ခံရသောရွာများ၊ အလယ်အလတ် ထိခိုက်ခံရသောရွာများ ပါဝင်သည်။

## ၂။ ဦးစားပေးလိုအပ်ချက်များနှင့် လစ်ဟင်းမှုများ

သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုတိယနှစ်အတွင်း အထောက်အပံ့ပေးရေး ဦးစားပေးမှုများ ပြောင်းလဲသွားသည်။ ကျေးရွာများ၏ လိုအပ်ချက်များ သို့မဟုတ် မျှော်မှန်းချက်များနှင့် ချိန်ညှိပေးနိုင်မှု အတိုင်းအတာသည် ထောက်ပံ့ကူညီရေး ထိရောက်မှုအတွက် အရေးပါသည်။ လိုအပ်ချက်များအား အကဲဖြတ်သတ်မှတ်ခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး အထူးသဖြင့် ရွာသားများသည် ၎င်းတို့၏ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်မှုအစီအစဉ်များရေးဆွဲမှုနှင့် အသားမကျသေးသော ကျေးရွာများတွင် တွေ့ရသည်။ ယခင်ပြုလုပ်ခဲ့သော SIM များတွင် ကျေးရွာအဆင့်၌ ဖော်ပြခဲ့သော ဦးစားပေးလိုအပ်မှုများ အကဲဖြတ်ခြင်းကို အလေးပေးဖော်ပြခဲ့သည်။ ထို့ပြင် ထိခိုက်ခံစားရသော ပမာဏအရ ဦးစားပေးလိုအပ်ချက် အပြောင်းအလဲရှိမှုများကို လေ့လာဖော်ပြခဲ့သည်။ ယခု SIM 3 တွင်သုတေသနပြုလုပ်သူများသည် အဓိကအားဖြင့် လူမှုရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်း အုပ်စုများ၏ လိုအပ်ချက်များပေါ်တွင် အသေးစိတ်အချက်အလက်များကောက်ယူခဲ့ပြီး ယင်းတို့သည် ကျေးရွာအတွင်း အမျိုးမျိုးသော အုပ်စုများအကြား ဖွံ့ဖြိုးရေးဦးစားပေးမှုနှင့် ပြန်လည်ထူထောင်ရေးပြုလုပ်နိုင်မှုအဆင့်များ ကွဲပြားပုံကို ထင်ဟပ်စေမည်ဖြစ်သည်။ စိတ်ဖြာလေ့လာမှုအား တစ်စုံတစ်ခုသော အထောက်အပံ့ပေါ်တွင် ဦးစားပေး အဆင့်အလိုက် သတ်မှတ်ထားသော စာရင်းများထက် ယင်းအား ဦးစားပေးအဖြစ် စုစုပေါင်းဖော်ပြခဲ့သော ဦးစားပေးမှုအရေအတွက်များအပေါ်တွင် အခြေခံ၍ပြုလုပ်ထားသည် (ပုံ ၃)။

**ပုံ ၃။ ထုတ်ဖော်ပြောသော ရွာသားများ၏ လိုအပ်ချက်များ**

(ဦးစားပေးလိုချင်သော အရေအတွက် ၁/)




၁/ လိုအပ်ချက်များကို အုပ်စုလိုက်ဆွေးနွေးပွဲများတွင် ပါဝင်ကြသူများမှ ဦးစားပေး ၅ ခု သတ်မှတ်ပေးရန် ပြောကြားပြီး ဖော်ထုတ်ခဲ့သည်။ ဤပုံသည် တစ်စုံတစ်ခုသော လိုအပ်ချက်တစ်ခုအား ဦးစားပေးလိုချင်ပါသည် ဟုပြောသော စုစုပေါင်းအရေအတွက်အား ကိုယ်စားပြုသည်။ အုပ်စုလိုက်ဆွေးနွေးမှု အဖွဲ့ ၁၄၄ ဖွဲ့တွင်စုစုပေါင်း ပါဝင်သူဦးရေ ၇၄၀ ၏ အမြင်ကိုလည်း ကိုယ်စားပြုတင်ပြထားသည်။ (အသက်မွေးမှုပုံစံရောနှောပါဝင်နေသော အုပ်စုများ သို့မဟုတ် အသက်မွေးအုပ်စုမဟုတ်သော အဖွဲ့များ ပါဝင်ခြင်းမရှိပေ။)

## လိုအပ်ချက်များနှင့် ထောက်ပံ့မှုများအကြား သိသာထင်ရှားသော ကွဲလွဲနေမှုများရှိနေခြင်း

စုစုပေါင်းလိုအပ်မှုများအပေါ် လေ့လာမှုများက အထောက်အပံ့အမျိုးအစား သုံးမျိုးကို ပြတ်ပြတ်သားသား ကြိုက်နှစ်သက်ကြောင်း ဖော်ပြသည်။ ၎င်းတို့မှာ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး/ ငွေချေးငှားနိုင်မှု၊ စိုက်ပျိုးရေး သွင်းအားစုများနှင့် ကျေးရွာအခြေပြုအခြေခံအဆောက်အအုံတို့ဖြစ်သည်။ အထောက်အပံ့ပေးသူများ၏ ပဓာန ထားမှုများ ကျဆင်းလာသောကြောင့် ချေးငွေလိုအပ်မှုသည် ပိုမိုချို့ကြီးစိုးလာခဲ့သည်။ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးအထောက်အပံ့အချို့ ရရှိသော်လည်း ယင်းတို့မှာ အကန့်အသတ်ဖြင့်ရရှိခြင်းဖြစ်ပြီး တစ်ခါတစ်ရံ သာရရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ကာလရှည်ချေးငွေပုံစံမှာ တည်ရှိသော်လည်း လိုအပ်ချက်များကို ထိရောက်စွာပြည့်မီရန်အတွက်မှာမူ အကန့်အသတ်ဖြင့်သာရှိကြသည်။

## ရွာသားများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက်သာမက နေ့စဉ် အသုံးစရိတ်အတွက် ချေးငွေလိုအပ်လျက်ရှိခြင်း

SIM 2 ကိုလေ့လာစဉ်အတွင်း ရွာသားများသည် ၎င်းတို့၏ အမျိုးမျိုးသော လိုအပ်ချက်များကို အထောက်အကူပြုနိုင်သောငွေသားကို အခြားပစ္စည်းအထောက်အပံ့အကူအညီများထက် ကြိုက်နှစ်သက်သည်ကို တွေ့ရသည်။ လွန်ခဲ့သောတစ်နှစ်လုံးလုံးတွင် ရွာသားများသည် အသက်မွေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး အထောက်အကူဖြစ်စေရန်နှင့် နေ့စဉ်အသုံးစရိတ်အတွက် လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး လိုအပ်မှုများသည် သိသာထင်ရှားခဲ့သည်။ အထောက်အပံ့ပေးသူများသည် ငွေသားနှင့် ချေးငွေအတွက် လိုအပ်မှုများလျှော့ချခြင်းတွင် သိသာသော အကျိုးသက်ရောက်မှု ရှိလာအောင် မပြုလုပ်နိုင်ကြောင်း ယင်းဖြစ်ရပ်အထောက်အထားများမှ ပြသနေသည်။ နာဂစ်မုန်တိုင်းကြောင့် ချေးငွေအစုအဖွဲ့များ တည်ထောင်ခဲ့ပြီးဖြစ်ရာ အချို့ကိစ္စများတွင် ယင်း ချေးငွေအခြေပြု အထောက်အပံ့များ အောင်မြင်နိုင်ရေးတွင် ရေရှည်စေ့စပ်ညှိနှိုင်းမှုများနှင့် လူ့စွမ်းအား မြှင့်တင်ရေးတို့ လိုအပ်လျက်ရှိကြောင်း တွေ့ရသည် (အပိုင်း(၃) ကိုကြည့်ပါ)။

## ရွာအတော်တော်များတွင် ရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသေးသော်လည်း၊ ရေနှင့်သန့်ရှင်းရေးအတွက် တောင်းဆိုမှုမှာ အကန့်အသတ်ဖြင့်သာရှိနေခြင်း

ရေနှင့်သန့်ရှင်းရေးလိုအပ်ချက်မှာ ရွာသားများအဓိကဖော်ပြသော လိုအပ်မှုများတွင် မပါဝင်ပေ။ ထို့အတွက် အကြောင်းပြချက်များလည်းရှိသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မုန်တိုင်းအပြီးတွင် အရေးပါသော ရင်းနှီးမြှုပ်နှံမှုများ ရှိသော်လည်း သောက်သုံးရေသန့် ရရှိရေးမှာ ကျေးရွာအများတွင် ပြဿနာတစ်ရပ်အဖြစ်ဖြင့် ရှိနေသေးသည်။ သို့သော်လည်း လွန်ခဲ့သောနှစ်အတွင်းက ရွာအချို့တွင်ထင်ရှားသော တိုးတက်မှုများရှိလာသည့် သက်သေအထောက်အထားများရှိသည်။ မည်သို့ပင်ဖြစ်စေ ရွာသားများသည် အသက်မွေးမှုလုပ်ငန်းများနှင့် ချေးငွေလုပ်ငန်းများအတွက် အပူတပြင်းစိုးရိမ်မှုများ ခံစားနေရသည်ကို သုတေသနအဖွဲ့များက တွေ့ရှိခဲ့ရသည်။ ယင်းအတွက် အကြောင်းပြချက်တစ်ခုမှာ SIM 3 အတွက် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သော အချိန်မှာ ခြောက်သွေ့ရာသီအကုန်ဖြစ်ပြီး ရွာသားများမှာလည်း မိုးရွာမည့်အချိန်ကို မျှော်လင့်နေသောကြောင့်ဖြစ်သည်။ အနီးအနားရွာများမှ သောက်သုံးရေကိုသယ်ယူခြင်းဖြင့် ရွာသားများသည် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုပြီး သောက်သုံးရေအတွက် အခက်အခဲကို ဖြေရှင်းနိုင်စွမ်းရှိကြသည်။ ချေးငွေနှင့် ဝင်ငွေအတွက်မှာမူ ကြိုးစားဖြေရှင်းရန် ရွေးချယ်စရာမျိုး မရှိပေ။ ရေတိုဝင်ငွေလိုအပ်မှုအတွက် အချို့သော ကျပန်းလုပ်သားများမှာ ၎င်းတို့ ရရှိထားသော သောက်ရေသိုလှောင်ကန်များကို ကျေးရွာအတွင်းရှိ အခြားသူများကို ရောင်းချသော ဖြစ်ရပ်များ အများအပြား ပေါ်ပေါက်လာခဲ့သည်။

**အိုးအိမ်နေရာချထားမှုသည် ရုံဖန်ရံခါ မလုံလောက်မှုရှိသော်လည်း ရွာသားများ၏ အရေးပေါ်ဦးစားပေးမှု တစ်ရပ်မဟုတ်ခြင်း**

လွန်ခဲ့သောနှစ်နှစ်တာကာလအတွင်း သုတေသနပြုလေ့လာခဲ့သောကျေးရွာများတွင် ရွာသားအတော်များများသည် ၎င်းတို့နေအိမ်များ၏ အစိတ်အပိုင်းအများစုကို ကိုယ်ထူကိုယ်ထနည်းလမ်းများဖြင့် ပြုပြင်ပြီးခဲ့ကြပါသည်။ သို့ရာတွင် အတိုင်းအတာတစ်ခုအထိ ကူညီခဲ့သော အိုးအိမ်ထောက်ပံ့မှုများ၏ ကျေးဇူးကြောင့်လည်း ပြုပြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် နေအိမ်များ၏ အရည်အသွေးမှာ နာဂစ်ဖြစ်ပွားပြီးပြီးချင်းက ရွာသားများ ရရာပစ္စည်းများဖြင့် ဆောက်လုပ်ထားသော ရိုးရိုးနေအိမ်များထက် ပိုမိုကောင်းမွန်ကြောင်းတွေ့ရှိရသည်။ ခြုံငုံပြောရလျှင်မူ ယခုဆောက်လုပ်ထားသော အိမ်များ၏ အရည်အသွေးများမှာ နာဂစ်မတိုင်မီက ဆောက်လုပ်ထားသောအိမ်များထက် အရည်အသွေးနိမ့်ကျသဖြင့် နာဂစ်ကဲ့သို့ အလားတူမုန်တိုင်းမျိုး ထပ်မံဖြစ်ပွားခဲ့ပါက နေအိမ်အများစုမှာ မုန်တိုင်းဒဏ်ကို ခံနိုင်မည်မဟုတ်ပါ။

ယေဘုယျအားဖြင့် ခြုံငုံကြည့်လျှင် မြစ်ဝကျွန်းပေါ်ဒေသရှိ မုန်တိုင်းဒဏ်ခံခဲ့ရသော အိမ်ထောင်စု ၁၅၀,၀၀၀ သည် အိုးအိမ်များ လုံလောက်စွာရရှိရန် လိုအပ်နေသေးကြောင်း ခန့်မှန်းသိရှိရပါသည်[၆]။ နမူနာလေ့လာခဲ့သောရွာများတွင် မိသားစုများ၏ ၆၀ ရာခိုင်နှုန်းမှာ အခြေအနေဆိုးဝါးသော နေအိမ်များတွင် ဆက်လက်နေထိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တစ်ချိန်တည်းမှာပင် နေအိမ်ထောက်ပံ့ပေးမှုများသည် နာဂစ်အလွန်အရေးပေါ်ကာလ ပြီးကတည်းကပင် သိသာစွာကျဆင်းသွားခဲ့သည်။ သို့သော်လည်း SIM 3 ပြုလုပ်စဉ်အတွင်း ရွာသားများသည် ၎င်းတို့ ဖော်ပြခဲ့သော ဦးစားပေးလိုအပ်ချက်များတွင် နေအိမ်ကိုထည့်သွင်းခြင်း မပြုလုပ်ခဲ့ကြပါ။ ဤလေ့လာတွေ့ရှိချက်များမှ ဖော်ပြနေသော အချက်နှစ်ချက်မှာ ပထမအချက်အနေဖြင့် ရွာသားများသည် ၎င်းတို့၏နေအိမ်များ အရည်အသွေး ပိုမိုကောင်းမွန်တိုးတက်စေရန်အတွက် လုံလောက်သော ငွေကြေးမရှိခြင်း သို့မဟုတ် အထောက်အပံ့ပေးသူများထံမှ မရရှိခြင်း၊ ဒုတိယအချက်အနေဖြင့် ထိုနေအိမ်လုံလောက်စွာရရှိမှုသည် သူတို့၏ တစ်နေ့တာစားဝတ်နေရေးနှင့်ယှဉ်ပါက အရေးပါမှုလျော့နည်းသွားခြင်းတို့ ဖြစ်သည်။

**လယ်ယာသွင်းအားစုများ၏ အရေအတွက်နှင့် အရည်အသွေး နှစ်မျိုးစလုံးနှင့် ပတ်သက်သော အရေးကိစ္စများရှိနေခြင်း**

လယ်ယာသွင်းအားစုများမှာ လယ်သမားများသာမက အမျိုးသမီးနှင့် ကျပန်းအလုပ်သမားများအတွက်ပါ အဓိက ဦးစားပေးအနေဖြင့် တည်ရှိနေသေးသည်။ စိုက်ပျိုးရေးသွင်းအားစုများကို ကျေးရွာအများစုတွင် ထောက်ပံ့ခဲ့သော်လည်း အရေအတွက်အားဖြင့် အတော်အတန် နည်းပါးနေသေးသည်။ ရွာတစ်ရွာတွင် မျိုးစပါးနှင့် ဓာတ်မြေဩဇာကို လယ်သမားငယ်များနှင့် လယ်သမားလတ်တို့ကို ပမာဏအနည်းငယ်သာပေးခဲ့လေ့ရှိသည်။ မွေးမြူရေးကဏ္ဍတွင် အထောက်အပံ့ပေးသူသည် အကျိုးခံစားခွင့်ရှိသူ အနည်းငယ်ကိုသာ ပေးဝေရန်လျာထားသည်။ ခိုင်းကျွဲတစ်ကောင်ကို တစ်နှစ်ပြည့်သည့်အခါ နောက်ထပ်လယ်သမားတစ်ဦးအား လက်ဆင့်ကမ်းပြန်လည်ပေးရမည်ဟူသော အချက်ကို လိုအပ်ချက်တစ်ရပ်အဖြစ် သတ်မှတ်ခြင်းဖြင့် ကျယ်ပြန့်သော အသက်မွေးမှုအုပ်စုများအတွင်း အကျိုးဖြစ်ထွန်းစေရန် ထောက်ပံ့ရေးကြိုးပမ်းမှုများ ပြုလုပ်ခဲ့သည်။ မျိုးစပါးနှင့် မြေဩဇာ၏ အရည်အသွေးမှာ ယေဘုယျအားဖြင့် ကောင်းမွန်သော်လည်း ခိုင်းကျွဲ၊ ခိုင်းနွားများနှင့်ပတ်သက်၍ အလေးထားစဉ်းစားမှုများ ရှိနေခြင်းမှာ ကျွဲနွားအများစုသည် ရေမြေသဘာဝ ရာသီဥတုအခံမတူညီသော ဒေသများမှ ဝယ်ယူခဲ့၍ဖြစ်ခြင်း သို့မဟုတ် ထောက်ပံ့ပေးဝေသည့်အချိန်တွင် ကျန်းမာရေးမကောင်းခြင်းတို့ကြောင့် ဖြစ်သည်။ ယင်းမှာ ဖြစ်ရပ်အသစ် မဟုတ်ပေ။ သို့သော် SIM 3 တွင် ပိုမိုထင်ရှားလာသည်။ ကျေးရွာများတွင် အရည်အသွေး ညံ့ဖျင်းသော ခိုင်းကျွဲနွားများ တွေ့ရှိရခြင်းမှာ အထောက်အပံ့ပေးသူများ၏ ပယောဂကြောင့်မဟုတ်ပဲ အထောက်အပံ့ပေးသူများမှ ခိုင်းကျွဲနွားများအား သွားရောက်ပို့ဆောင်ပေးရန်အတွက် အေဂျင်စီများမှ စာချုပ်ဖြင့် ငှားရမ်းထားသော ကြားခံရောင်းချသူများ၏ အမှားသာဖြစ်သည်။ ရေလုပ်သားများကိုပေးသော ငါးဖမ်းပိုက်ကွန် အမျိုးအစားနှင့်ပတ်သက်၍ အလေးထားစဉ်းစားစရာများ ရှိနေသေးသည်။ သို့သော် SIM 3 ပြုလုပ်စဉ်အတွင်း ရေလုပ်ငန်းသွင်းအားစုများအတွက် အထောက်အပံ့ပေးခြင်းများမှာ ကျဆင်းလာသည့်အတွက်ကြောင့် ယင်းကိစ္စကို အလေးထားစဉ်းစားမှုမှာ အတော်အတန် နည်းပါးလာသည်။

---

၆။ UN-Habitat၊ နာဂစ်ဖြစ်ပွားပြီးနှစ်နှစ်အတွင်းအိုးအိမ်များပြန်လည်ထူထောင်ရေးစီမံကိန်း၊ ဖွန် ၂၀၁၀။

## ကျေးရွာအတွင်းမှာပင် လိုအပ်ချက်များ အတော်အတန်ကွဲလွဲလျက်ရှိနေခြင်း

အဓိကကျသောလူမှုရေးဆိုင်ရာအဖွဲ့ နှင့် အသက်မွေးဝမ်းကျောင်း အုပ်စုများမှ ဖော်ပြသော လိုအပ်ချက်များမှာ တစုတစည်းတည်းမရှိဘဲ ကွဲပြားခြားနားမှုများ ထွက်ပေါ်လာသည် (ဇယား ၂)။ ကျေးရွာခေါင်းဆောင်များက အခြေခံအဆောက်အအုံများကို လိုအပ်ချက်တွင် အမြင့်ဆုံးအဆင့် ပေးခဲ့ကြသော်လည်း အခြားသောအုပ်စုများအတွက်မှာမူ မမှန်ကန်ပေ။ ထိုနည်းတူစွာ ခေါင်းဆောင်များက လုပ်ငန်းလည်ပတ်နိုင်ရန် အရင်းအနှီးနှင့် စိုက်ပျိုးရေးသွင်းအားစုများကို အဓိကဦးစားပေးအဖြစ် မဖော်ပြကြဘဲ ရေသန့်နှင့် ယင်လုံအိမ်သာ၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို အဓိကဦးစားပေးခဲ့ကြသည်။ အခြားသောအုပ်စုအားလုံးက ချေးငွေ/ ငွေကြေးကို ပထမဦးစားပေးနှစ်ခုတွင် ဖော်ပြကြသည်။

**ဇယား ၂။ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းအုပ်စုများ၏ ဦးစားပေးဖော်ပြမှုများ**

(ဦးစားပေးရွေးချယ်သော အရေအတွက်စုစုပေါင်းအရ အဆင့်သတ်မှတ်သည်။)

| အဆင့် အရေအတွက် | ခေါင်းဆောင် ၆၆ | လယ်သမား ၂၉၆ | ကျပန်းအလုပ် သမား ၂၀၇ | ရေလုပ်သား ၁၃၄ | အမျိုးသမီး ၆၅ |
|---|---|---|---|---|---|
| ၁ | အခြေခံ အဆောက် အအုံများ | စိုက်ပျိုးရေး သွင်းအားစုများ | ငွေကြေး/ ချေးငွေ | ရေလုပ်ငန်း သွင်းအားစုများ | ငွေကြေး/ ချေးငွေ |
| ၂ | ကျန်းမာရေး | ငွေကြေး/ ချေးငွေ | စိုက်ပျိုးရေး သွင်းအားစုများ | ငွေကြေး/ ချေးငွေ | စိုက်ပျိုးရေး သွင်းအားစုများ |
| ၃ | ရေနှင့် သန့်ရှင်းရေး | အခြေခံ အဆောက် အအုံများ | စားနပ်ရိက္ခာ | အလုပ်အကိုင် အခွင့်အလမ်း | အခြေခံ အဆောက် အအုံများ |
| ၄ | ပညာရေး | မုန်တိုင်းဒဏ်ခံ အဆောက် အအုံ | အခြေခံ အဆောက် အအုံများ | အခြေခံ အဆောက် အအုံများ | ပညာရေး |
| ၅ | စိုက်ပျိုးရေး သွင်းအားစုများ | ရေနှင့် သန့်ရှင်းရေး | မုန်တိုင်းဒဏ်ခံ အဆောက်အအုံ | မုန်တိုင်းဒဏ်ခံ အဆောက်အအုံ | မုန်တိုင်းဒဏ်ခံ အဆောက်အအုံ |

မှတ်ချက်။ တူညီသောအုပ်စုများနှင့် အုပ်စုလိုက်ဆွေးနွေးသော စကားဝိုင်းများမှ ကြိုက်နှစ်သက်မှု အချက်အလက်များကို မှတ်တမ်းယူသည်။ လယ်သမားကြီး၊ ငယ်၊ လတ်များ၏ ကြိုက်နှစ်သက်မှုများကိုပေါင်းပြီး တွက်ချက်သကဲ့သို့ ရေလုပ်သားလတ်နှင့် အငယ်များ၏ ကြိုက်နှစ်သက်မှုများကိုလည်း ယင်းအတိုင်းပင် တွက်ချက်သည်။ ဦးစားပေးမှုများကို စာရင်းပြုစုရန် ဆွေးနွေးမှုတွင်ပါဝင်သူအားလုံးအား မေးခွန်းများမေးသည်။ အုပ်စုတစ်ခုချင်းစီအတွက် ရရှိသောတုံ့ပြန်မှုအကြိမ်အရေအတွက်များမှ အုပ်စုတစ်စုလုံးအတွက် တွက်ချက်၍ အဆင့်သတ်မှတ်ခြင်းကို ပြုလုပ်သည်။

အားလုံးကိုခြုံကြည့်လျှင် လိုအပ်မှုနှင့် ထောက်ပံ့ရေးအကူအညီရရှိမှုအကြား ကွာဟမှုများမှာ ကျပန်းလုပ်သားနှင့် ရေလုပ်သားများအကြားထက် ခေါင်းဆောင်နှင့် လယ်သမားများအကြားတွင် ပိုမိုနည်းပါးသည်။ ကျပန်းလုပ်သားများအတွက် စားနပ်ရိက္ခာမှာ အဓိကဦးစားပေး လိုအပ်နေသေးသည်။ ရေလုပ်သားများက အခြားအလုပ်အကိုင်အခွင့်အလမ်းများကို လိုအပ်သည်ဟု ဖော်ပြခဲ့သော်လည်း ပိုက်ကွန်၊ လှေစသော သွင်းအားစုများမှာ အသက်မွေးမှုလုပ်ငန်းအတွက် လိုအပ်သည်။ ရွာသားများမှာ ရေနှင့်သန့်ရှင်းရေးကို အရေးကြီးဦးစားပေးအဖြစ် မစဉ်းစားကြသော်လည်း အမျိုးသမီးများက ပညာရေးအကူအညီများ ရရှိရန်လိုအပ်သကဲ့သို့ ချေးငွေရရန်လည်း လိုအပ်သည်ဟု ဖော်ပြကြသည်။

ယင်းတွေ့ရှိချက်များတွင် အရေးကြီးသော ဂယက်ရိုက်ခတ်မှု နှစ်ခုရှိသည်။ ပထမအချက်မှာ မုန်တိုင်းအပြီး နှစ်နှစ်အကြာတွင် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် အောင်မြင်မှုအချို့ရှိခဲ့သည်။ ကျေးရွာများတွင် လိုအပ်သည့်အဆောက်အအုံများမှာ တိုးတက်လာခဲ့သော်လည်း အသက်မွေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးသည် သိသိသာသာစိန်ခေါ်မှုများ ရှိနေသေးသည်။ သိသာထင်ရှားပြီး အခြားအရာများထက် အရေးပါသောလိုအပ်မှုတစ်ခုမှာ မိရိုးဖလာ အသက်မွေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်အတွက် ငွေကြေးနှင့် ချေးငွေ အပြင် အချို့အဖွဲ့များအကြားတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့ ဖြစ်နေသည်။ ဒုတိယအချက်မှာ ကွဲပြားသော အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေးအုပ်စုများ၏ လိုအပ်ချက်များမှာ အတော်အတန် ပြောင်းလဲနေသည်။ ယခုသုတေသနသည် လိုအပ်ချက်များကို သိရှိစေရန် အသေးစိတ်ဆွေးနွေးမှုများကို ကျေးရွာအတွင်း ပြုလုပ်ရန် လိုအပ်သည်ဟု ပြသသည်။ အဘယ်ကြောင့်ဆိုသော် ဩဇာညောင်းသည့် လူနည်းစု၏ အမြင်များသည် ကျေးရွာအတွင်း အခြားအုပ်စုများ၏ ကြိုက်နှစ်သက်မှုနှင့် သွေဖယ်နိုင်သောကြောင့်ဖြစ်သည်။

## ၃။ အထောက်အပံ့ပေးရေးတွင် ဆုံးဖြတ်ချက်ချခြင်း၊ ဖြန့်ဝေခြင်းနှင့် လျာထားသတ်မှတ်ခြင်း

လေ့လာခဲ့သောကျေးရွာအတွင်း အုပ်စုအချို့၏ ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုထားသော လိုအပ်ချက်များနှင့် ရရှိသော အထောက်အပံ့များအကြား ကွဲလွဲချက်များ ထင်ရှားစွာရှိနေမှုအရ ထောက်ပံ့ရေးဖြန့်ဝေပုံကို မြစ်ဝကျွန်းပေါ်ဒေသအတွင်း ထောက်ပံ့ရေးအခန်းကဏ္ဍ၏ဖွဲ့စည်းပုံနှင့် ထောက်ပံ့သူများနှင့် ဒေသခံများအကြား ဆက်ဆံရေးတို့၏ ရှုထောင့်များမှ ပိုမိုကောင်းမွန်စွာ နားလည်သိရှိရန် အရေးကြီးသည်။ မုန်တိုင်းအပြီး နှစ်နှစ်အကြာတွင် ရွာသားများမှာ အထောက်အပံ့ပေးသူများ၏ အပြုအမူများနှင့် ပိုမိုရင်းနှီးလာခဲ့ပြီး အထောက်အပံ့များ၏ အရင်းအမြစ်နှင့် ၎င်းတို့ကို စီမံခန့်ခွဲသည့်နည်းလမ်းများကို ပိုမိုသိရှိလာကြသည်။ ယင်းသည် သုတေသနသမားများအား ထောက်ပံ့ရေးပေးသူများနှင့် ပတ်သက်သည့် ပိုမိုအသေးစိတ်ကျသော အချက်အလက်များကို ယခင်ကထက် ပို၍ကောက်ယူနိုင်စေခဲ့ကြသည်။ ယခင်အခါများတွင် ရွာသားများသည် ရွာတွင်စီမံကိန်းဝင်နေသည့် အေဂျင်စီများနှင့် ပတ်သက်သော သတင်းအချက်အလက်များအား အသေးစိတ်ပေးနိုင်သည်ဆိုသောဖြစ်ရပ်များမှာ လက်တစ်ဆုပ်စာလောက်သာရှိခဲ့သည်။ ယင်းအချက်သည် အထောက်အပံ့ပေးသူများမှာ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုထိရောက်စွာ မျှဝေလာနိုင်ကြောင်း ပြသနေသည်။ အောက်တွင်ဖော်ပြသည့် စိတ်ဖြာလေ့လာမှုတွင်လည်း တွေ့နိုင်သည်။

### ကိုယ်စားပြုကျေးရွာများတွင် အမျိုးမျိုးသော အထောက်အပံ့ပေးသူများ ဆောင်ရွက်လျက်ရှိခြင်း

လွန်ခဲ့သောနှစ်အတွင်း လေ့လာနေသောရွာ ၄၀ ၏ အထောက်အပံ့များဖြန့်ဝေမှုတွင် အထောက်အပံ့ပေးမှုအမျိုးအစား ၆၁ မျိုးပါဝင်ခဲ့သည်။ ယင်းတို့အနက်မှ အကြီးဆုံးအုပ်စုမှာ နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်ပြီး လေ့လာနေသော ကျေးရွာများတွင် ထောက်ပံ့ရေးဖြန့်ဝေပေးသူ စုစုပေါင်းအရေအတွက်၏ ၅၆ % ကို ကိုယ်စားပြုထားသည်။ နောက်ထပ်ကြီးမားသော အထောက်အပံ့ပေးသူအုပ်စုများမှာ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်ပြီး ၁၉ % ရှိသည်။ ယင်းနောက်တွင် ဘက်ပေါင်းစုံပါဝင်သော နိုင်ငံတကာ အခြေစိုက် အဖွဲ့အစည်းများဖြစ်ပြီး ၁၆ % ရှိသည်။ ဘာသာရေးအဖွဲ့အစည်းများ[၉] နှင့် ပုဂ္ဂလိက အလှူရှင်များမှာလည်း အထောက်အပံ့ပေးရေးတွင် အနည်းငယ်သော အခန်းကဏ္ဍမှ ပါဝင်သည်။ အထောက်အပံ့များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ရွာသားများသည် အစိုးရမှပြုလုပ်ပေးသော ထောက်ပံ့မှုများကို ဖော်ပြခြင်းမရှိပေ။

---

၉။ ဤအချက်အလက်များသည် ခရစ်ယာန်ဘာသာရေးအဖွဲ့များအား မှတ်ပုံတင်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသော အထောက်အပံ့ပေးသူများအဖြစ်ဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ၎င်းတို့၏အရေးပါမှုကို လျော့နည်းစေသည်။ ဤအချက်သည် ဗုဒ္ဓဘာသာ အဖွဲ့များနှင့် အခြားဘာသာရေးအဖွဲ့များအတွက် ကိစ္စရပ်တစ်ခုမဟုတ်ပေ။

ဖြစ်နိုင်ခြေရှိသည်မှာ အစိုးရမှထည့်ဝင်ပေးသော အထောက်အပံ့များသည် မုန်တိုင်းအန္တရာယ်မှ လွတ်မြောက်ရေး လမ်းကြောင်းများအဖြစ် အသုံးပြုနိုင်သော ကားလမ်းများနှင့် တံတားများကဲ့သို့သော ကြီးမားသည့် အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံရာ မြို့နယ်များနှင့် (ကျေးရွာများထက်) အချက်အချာနေရာများတွင်သာ တွေ့ရတတ်သောကြောင့် ဖြစ်သည်။

**ဇယား ၃။ လွန်ခဲ့သောနှစ်အတွင်း ထောက်ပံ့ရေးဖြန့်ဝေပေးသူအရေအတွက်**

| **အစိုးရမဟုတ်သော အထောက်အပံ့ပေးသူအမျိုးအစားများ ၁/** | **အရေအတွက်** |
|---|---|
| နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ | ၁၅၁ |
| ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ | ၅၁ |
| ဘက်ပေါင်းစုံ ကိုယ်စားလှယ်အဖွဲ့များ | ၄၅ |
| ပုဂ္ဂလိကအလှူရှင်များ | ၆ |
| ဘာသာရေးအဖွဲ့အစည်းများ | ၄ |
| စုစုပေါင်း | **၂၆၉** |

၁/ ဘက်ပေါင်းစုံ ကိုယ်စားလှယ်အဖွဲ့များတွင် အဓိကအားဖြင့် ကုလသမဂ္ဂအဖွဲ့ပါဝင်သည်။ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖြစ်ဆောင်ရွက်၍ နှစ်ဘက်အကျိုးရှိသော အထောက်အပံ့များဖြစ်ရန် ရည်ရွယ်သည်။

**...စဉ်ဆက်မပြတ်လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှာ အကန့်အသတ်ဖြင့်သာ ရှိနေဆဲဖြစ်ခြင်း**

ကျေးရွာတစ်ရွာချင်းစီတွင် လက်ရှိဆောင်ရွက်နေကြသော အထောက်အပံ့ပေးသူအရေအတွက်မှာ နမူနာကောက်ယူခဲ့သော ကျေးရွာများအလိုက် သိသာစွာပြောင်းလဲမှုရှိသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာနှစ်ရွာတွင် အထောက်အပံ့ပေးမည့်သူတစ်ဦးမျှ မရှိပေ။ အမြင့်ဆုံးမှာ ၉ ဦးဖြစ်ပြီး ပျမ်းမျှအားဖြင့် ၃ ဦးရှိသည်(ဇယား၄)။

မြစ်ဝကျွန်းပေါ်ဒေသတွင် ထောက်ပံ့ပေးသူအများအပြား နှစ်နှစ်ကြာလုပ်ကိုင်ပေးခဲ့ကြသော်လည်း သုတေသနပြုလုပ်သူများ၏ တွေ့ရှိချက်အရ အထောက်အပံ့ပေးသူများမှ ရေရှည် ကျေးရွာအဆင့်စေ့စပ်ညှိနှိုင်းရေးနည်းဗျူဟာအား ကျင့်သုံးခဲ့ခြင်းအား ကျေးရွာ ၄ ရွာတွင်သာ တွေ့ရှိခဲ့သည်။ မုန်တိုင်းပြီးစဉ်ကတည်းက အထောက်အပံ့ပေးသူတစ်ဦးတည်းမှ စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိသော ပုံစံအား အခြားကျေးရွာ ၁၀ ရွာတွင် တွေ့ရှိခဲ့ရသည်။ ကျန် ၂၆ ရွာတွင် အထောက်အပံ့ပေးသူများ၏ စီမံကိန်းများမှာ "ဝင်လိုက် ထွက်လိုက်" ဖြစ်ပြီး ထောက်ပံ့ဖြန့်ဝေပေးသည့် စီမံကိန်းများမှာလည်း ဒေသနှင့် စေ့စပ်ညှိနှိုင်းမှု မရှိဘဲ တခဏတာ ဖြစ်ပေါ်သော အကြောင်းများပေါ်တွင် အခြေခံထားသော ထောက်ပံ့ပေးဝေရေး စီမံကိန်းများသာ ဖြစ်ကြသည်။

**ဇယား ၄။ ရွာတစ်ရွာချင်းစီတွင် အထောက်အပံ့ပေးသူအရေအတွက်**

| **အရေအတွက်** | **အကြိမ်** | **ရာခိုင်နှုန်း** |
|---|---|---|
| ၀ မှ ၁ | ၁၁ | ၂၇ |
| ၂ မှ ၃ | ၁၇ | ၄၃ |
| ၄ နှင့်အထက် | ၁၂ | ၃၀ |
| စုစုပေါင်း | ၄၀ | ၁၀၀ |

ထောက်ပံ့ရေးအေဂျင်စီများ စစ်တမ်းကောက်ယူရန် ကျေးရွာများသို့ လာသည့်အခါတိုင်းတွင် ၎င်းတို့၏ ထောက်ပံ့ရေးပေးရန် အစီအစဉ်များသည် အမြဲသဲသဲကွဲကွဲ ရှိမနေပေ။ ပို၍အရေးကြီးသည်မှာ ရွာသားများအနေဖြင့် လာမည့်လများတွင် မည်သည့်အကူအညီများရရှိမည်ကို မသိရှိခြင်းပင်ဖြစ်သည်[၁၀]။ သုတေသနပြုလုပ်သူများ အနေဖြင့် လွန်ခဲ့သောနှစ်အတွင်း ကျေးရွာတစ်ခုအတွင်း အထောက်အပံ့ပေးသူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အထောက်အထားများကို မတွေ့ရှိရပေ။

## အထောက်အပံ့ပေးသူများက အဆုံးအဖြတ်ပေးသူများအဖြစ် အဓိကကျသော အခန်းကဏ္ဍတွင် ဆက်လက်နေရာယူလျက်ရှိခြင်း

အစောပိုင်းပြုလုပ်ခဲ့သော SIM ကတည်းက အထောက်အပံ့ပေးသူများနှင့် ရွာသားများအကြားဆက်ဆံရေး သိသာထင်ရှားစွာ ပြောင်းလဲမှုအပေါ် အထောက်အထား အနည်းငယ်သာရှိသည်။ အစောပိုင်းတွင် အထောက်အပံ့ပေးသူများမှာ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အဓိကအခန်းမှ ပါဝင်သည်။ ကျေးရွာအဆင့် စီမံကိန်းများ ၁၇၇ ခု (၆၆%) တွင် ထောက်ပံ့ရေးပေးသူများမှာ ပထမဆုံး အဆုံးအဖြတ်ပေးသူများ ဖြစ်ပြီး အထောက်အပံ့ပုံစံနှင့် စီမံခန့်ခွဲမှုတို့ကို ဆုံးဖြတ်ကြသည်။ ကျန်စီမံကိန်းများမှ ၁၈ ခု (၇%) တွင် အဆုံးအဖြတ်များကို ကျေးရွာကိုယ်စားပြုခေါင်းဆောင်များမှ အဓိကဆုံးဖြတ်မှုများကို ပြုလုပ်ကြပြီး ကျန်ကိစ္စများတွင် အထောက်အပံ့ပေးသူများသည် ကျေးရွာခေါင်းဆောင်များ သို့မဟုတ် ဒေသတွင်း ကော်မတီများနှင့် ပူးပေါင်း၍ဆုံးဖြတ်ချက်များကို ပြုလုပ်သည်။ ဖြစ်နိုင်ခြေရှိသည်မှာ အထောက်အပံ့ပေးသူများမှာ အထောက်အပံ့များပေးဝေရသည့် သီးသန့်စီမံကိန်းများကိုသာ လုပ်ဆောင်နေရခြင်းဖြစ်သည်။ သို့သော်လည်း စီမံကိန်းစီမံခန့်ခွဲမှုတွင် ဒေသ၏ပျော့ပျောင်းမှုကြောင့် စီမံကိန်းရလဒ်များ တိုးတက်လာသည့် သာဓကကောင်းအချို့ကိုလည်း တွေ့ရသည် (သာဓက ၃)။

> **သာဓက ၃။ ထောက်ပံ့ရေးစီမံကိန်းများ အများဆုံးပြုလုပ်ခြင်း**
>
> အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမှ ကျေးရွာတစ်ရွာသို့ ဆိပ်ခံတံတားတစ်ခု ထောက်ပံ့ပေးသည်။ ယင်းစီမံကိန်း ကုန်ကျစရိတ်မှာ ၁၃.၂ သန်းရှိသည်။ ဆိပ်ခံတံတားဆောက်လုပ်ပြီးနောက် ဘိလပ်မြေ၊ ကျောက်စရစ်ခဲနှင့် သဲများပိုသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရ.ယ.က) ခေါင်းဆောင်မှ ယင်းအပိုပစ္စည်းများကို ကျေးရွာလမ်းပြင်ဆင်ရာတွင် အသုံးပြုခွင့်ရှိမရှိကို NGO မှဝန်ထမ်းများကို မေးမြန်းသည်။ NGO ဝန်ထမ်းများမှ သဘောတူပြီး ရ.ယ.က ခေါင်းဆောင်များက စာသင်ကျောင်း၊ ရ.ယ.က ရုံးနှင့် ဆေးရုံများသို့ အဓိက ဆက်သွယ်ပေးသော ကျေးရွာလမ်းမဖောက်လုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း လမ်းတစ်ခုလုံး ဖောက်လုပ်ပြီးစီးရန်အတွက် မလုံလောက်သောကြောင့် လမ်းနှင့်အနီးတွင် နေသော အိမ်ထောင်စုများမှ တစ်အိမ်ထောင်စုလျှင် လမ်း၏ ၁၀ ပေခန့်အတွက် လုပ်အားနှင့်ပစ္စည်းများကို အလှူခံရန် ဆုံးဖြတ်ခဲ့သည်။ ယင်းနည်းလမ်းဖြင့် ၎င်းကျေးရွာတွင် ဆိပ်ခံတံတားအသစ်နှင့် ရွာလမ်းမအသစ်တို့ကို ရရှိခဲ့သည်။

## … ဒေသခံများမှာ ထောက်ပံ့ရေးဖြန့်ဝေမှုတွင် ပါဝင်မှုမရှိသေးခြင်း

အထောက်အပံ့ပေးသူများ၏ လွှမ်းမိုးခြယ်လှယ်မှုများရှိသည်ဟု ထင်ရသော်လည်း စီမံကိန်းပုံစံနှင့် စီမံခန့်ခွဲမှုများတွင် ပါဝင်နိုင်စေရန် ဒေသ၏စွမ်းအားကို မြှင့်တင်ပေးရန် အားထုတ်ကြိုးပမ်းမှုများရှိသည်။ စီမံကိန်း ၅ ခုအနက်မှ ၄ ခု (၈၁%) ကို ကျေးရွာအဆင့် အဖွဲ့အစည်းများနှင့် အနည်းဆုံးတစ်စိတ်တစ်ဒေသအားဖြင့် ချိတ်ဆက်ပြီး ဝေခြမ်းရေးများပြုလုပ်ခဲ့သည်။ ယင်းစီမံကိန်းများ၏ တစ်ဝက်ခန့်တွင် အထောက်အပံ့ပေးသူများသည်

---

၁၀။ ၎င်းသုတေသနသည် မိုးရာသီ စိုက်ပျိုးချိန်မတိုင်မီအပတ်များအတွင်း ဆောင်ရွက်ခဲ့ကြသည်။ လယ်သမားအများစုသည် မျိုးစေ့များရရှိရန် မျှော်လင့်နေခဲ့ကြသော်လည်း မည်သည့်အချိန်တွင် မည်မျှရမည်မှာ မသေချာပေ။

ကျေးရွာအဆင့်တွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသောကော်မတီများမှ ပုံမှန်အားဖြင့် အထောက်အပံ့ပေးရေး သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် ပူးပေါင်း၍ ဖြန့်ဝေရေးကို ဆောင်ရွက်ကြသည် (ဇယား ၅)။ ကျန်စီမံကိန်းများတွင် အထောက်အပံ့ပေးသူများမှာ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ သီခြားအခန်းကဏ္ဍများအတွက် ရည်စူးထားသော၊ ပညာရေး သို့မဟုတ် ကျေးရွာအခြေခံ အဆောက်အအုံကဲ့သို့သော အရာများအတွက် သီးသန့်ရည်ရွယ်ချက်တစ်ခုဖြင့် ဖွဲ့စည်းထားသော အဖွဲ့များဖြင့် ပူးပေါင်း၍ ဖြန့်ဝေရေး ဆောင်ရွက်ကြသည်။

**ဇယား ၅။ ထောက်ပံ့ရေးပေးသူများ အသုံးများသော ဖြန့်ဝေရေးနည်းလမ်းများ**

| အစိုးရမဟုတ်သောထောက်ပံ့ရေးအဖွဲ့များ၏ ဖြန့်ဝေရေးနည်းလမ်းများ | ကျေးရွာအဆင့် ကော်မတီ | ကျေးရွာ ကော်မတီခွဲ | NGO ကော်မတီ |
|---|---|---|---|
| နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ | ၅၉ | ၃၃ | ၂၂ |
| ဒေသတွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ | ၂၁ | ၄ | ၁၄ |
| ဘက်ပေါင်းစုံကိုယ်စားလှယ်အဖွဲ့များ | ၂၀ | ၁၀ | ၆ |
| ပုဂ္ဂလိက အလှူရှင်များ | ၃ | ၀ | ၀ |
| ဘာသာရေးအဖွဲ့အစည်းများ | ၃ | ၀ | ၀ |
| **စုစုပေါင်း** | **၁၁၀** | **၄၈** | **၄၃** |

မှတ်ချက်။ စီမံကိန်း ၁၇ ခုသည် ဘာသာရေးအုပ်စုများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများပါဝင်သော အခြားဒေသတွင်းကော်မတီများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြသည်။

## ဒေသတွင်းခေါင်းဆောင်များသည် ကျေးရွာဖွံ့ဖြိုးရေးအား အဓိကဆောင်ကကြဉ်းပေးသူများဖြစ်ခြင်း

တစ်နှစ်ကျော်ကြာ ဖွဲ့စည်းထားပြီးဖြစ်သော NGO ကော်မတီများသည် ကျေးရွာ ၁၉ ရွာတွင် ဆက်လက်ပါဝင်ဆောင်လျက်ရှိနေပြီး ၎င်းတို့အနက်မှ ၁၀ ရွာတွင် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ရ.ယ.က) မှ ကိုယ်စားလှယ်များ ပါဝင်သည်[၁၁]။ ကျေးရွာအားလုံးတွင် ရပ်ရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ရ.ယ.က) သည် အထောက်အပံ့ပေးသူများနှင့် ဆက်ဆံရာတွင် အဓိကနေရာမှ ပါဝင်ကြောင်း တွေ့ရသော်လည်း၊ အချို့သောကိစ္စများတွင် ဘာသာရေးနှင့်အခြားလေးစားခံရသော ပုဂ္ဂိုလ်များ ပါဝင်သည့် ဒေသတွင်းခေါင်းဆောင်မှုအပိုင်းမှ အဖွဲ့ဝင်များသည် အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များကို ပံ့ပိုးပေးခဲ့ရသည် (အပိုင်း၄ ကိုကြည့်ပါ။)။

အကျိုးဆက်အားဖြင့် နာဂစ်ကြောင့် ကျေးရွာခေါင်းဆောင်များ၏ အခန်းကဏ္ဍမှာ တိုးတက်လာခဲ့သကဲ့သို့ ရွာသားများနှင့် ပြင်ပမှ ထောက်ပံ့ရေးပေးသူများ၏ ဖိအားပေးမှုများကိုလည်း ခံကြရသည်။ အားလုံးသော ကိစ္စရပ်များတွင် ခေါင်းဆောင်များသည် ယင်းစိန်ခေါ်မှုများကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ကြသည်။ ထောက်ပံ့ရေးရရှိခြင်းနှင့် အထောက်အပံ့များ စီမံခန့်ခွဲခြင်းတွင် ကျေးရွာခေါင်းဆောင်များမှာ အရေးပါသော်လည်း အထောက်အပံ့ပေးသူများမှာ ဒေသတွင်းခေါင်းဆောင်မှုစွမ်းရည် တိုးမြှင့်နိုင်ရန်အတွက် အနည်းငယ်သော ထောက်ပံ့မှုကိုသာ ပြုလုပ်ပေးခဲ့ကြသည်။ ၎င်းအစား ဒေသတွင်း ခေါင်းဆောင်များမှာ ၎င်းတို့အနေဖြင့် ထိုပြဿနာများကို ၎င်းတို့ကိုယ်တိုင် မဖြေရှင်းနိုင်ပါက ထောက်ပံ့ရေးအစီစဉ်များအား ကျေးရွာများမှ ပြန်လည်ရုတ်သိမ်းသွားမည့် ခြိမ်းခြောက်ခံရသည့် အလားအလာများရှိနေခဲ့သည်။

အကျိုးခံစားခွင့်ရရှိသူများအား ရွေးချယ်သောကိစ္စတွင် ထောက်ပံ့ရေးများ ပြန်လည်ရုတ်သိမ်းမည့် အခြေနေတစ်ရပ်ဖြစ်ပေါ်ခဲ့ရာ ခေါင်းဆောင်များက ထိရောက်စွာ ပြန်လည်ဖြေရှင်းပေးခဲ့သော ဥပမာတစ်ခုကို

၁၁။ ခြုံငုံကြည့်မည်ဆိုပါက အဖွဲ့ အစည်းအများစုတွင် ဘဏ္ဍာရေးနှင့် လုပ်ပိုင်ခွင့်အာဏာများ မရှိသော်လည်း ကျေးရွာအားလုံးတွင် ၉၀% သော ကော်မတီအဖွဲ့ များသည် ဆက်လက်တတ်ကြွစွာ လုပ်ဆောင်လျက်ရှိဆဲဖြစ်သည်။

သုတေသနပြုလုပ်သူများက တွေ့ရှိခဲ့ကြသည် (သာဓက ၄)။ အခြားရွာနှစ်ရွာတွင် ထောက်ပံ့ရေးစီမံကိန်းများ အမှန်တကယ် ရုတ်သိမ်းသွားခဲ့သည်။ သာဓကတစ်ခုတွင် ထောက်ပံ့ရေးပေးမည့်သူသည် တံတားတစ်ခု ဆောက်လုပ်ရန် ပစ္စည်းများကို ကျေးရွာသို့ ဝယ်လာခဲ့သော်လည်း ထိုအချိန်သည် ကျေးရွာတွင် စိုက်ပျိုးရေးအတွက် အဓိကအချိန်ဖြစ်နေသောကြောင့် တံတားဆောက်လုပ်ရန် လုပ်အားပေးမည့် အလုပ်သမားများ မရနိုင်သဖြင့် ၎င်းပစ္စည်းများကို ထောက်ပံ့ရေးပေးသူမှ အခြားသို့ ပြန်လည်ယူဆောင်သွားခဲ့သည်။ အခြားသာဓကတစ်ခုတွင်မူ တူးဖော်ပေးမည့် ရေကန်နေရာနှင့်ပတ်သက်၍ ကျေးရွာခေါင်းဆောင်နှင့် ကျောင်းအုပ်ဆရာမကြီးအကြား သဘောကွဲလွဲမှုဖြစ်ပေါ်လာသဖြင့် အထောက်အပံ့ပေးသူမှ ယင်းစီမံကိန်းကို အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားခဲ့သည်။ အမှန်တကယ် ထောက်ပံ့ရေး ရုတ်သိမ်းသွားခြင်းများမှာ ရှားပါးသော်လည်း အခြားကျေးရွာ ၇ ရွာမှ ရွာသားများက ဒေသတွင်းထိရောက်စွာ ဖေ့စပ်ညှိနှိုင်းမှု မပြုလုပ်နိုင်လျှင် စီမံကိန်းများ ပြန်လည်ရုတ်သိမ်းသွားနိုင်သည်ကို စိုးရိမ်ပူပန်လျက်ရှိသည်ဟု ပြောပြကြသည်။

**သာဓက ၄။ ထောက်ပံ့ရေးတိုင်ကြားမှုတစ်ခုအား ကျေးရွာခေါင်းဆောင်များမှ မည်သို့ဖြေရှင်းခဲ့သနည်း။**

၂၀၀၉ ခုနှစ်အစောပိုင်းတွင် ထောက်ပံ့ရေးပေးမည့်သူတစ်ဦးသည် ကျေးရွာတစ်ခုအတွင်း အိမ် ၂၂ လုံး ထောက်ပံ့ပေးရန် စီစဉ်ခဲ့သည်။ ၎င်းအထောက်အပံ့ပေးသူမှ အကျိုးခံစားခွင့်ရှိသူများကို ရွေးချယ်ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း ရွာသားအများစုမှာ ထောက်ပံ့ရေးကော်မတီမှ ဆုံးဖြတ်ချက်များကို မကျေနပ်ကြဘဲ ကော်မတီမှ ရွေးချယ်သော အကျိုးခံစားရသူများထက်စာလျှင် အထောက်အပံ့ရထိုက်သောသူများ ကျန်ရှိနေသေးသည်ဟု ၎င်းတို့ကထင်ကြသည်။ ကော်မတီမှာ ရွာသားများ၏ သဘောမတူညီမှုကို ဂရုမစိုက်ဘဲ ၎င်းတို့၏ အကျိုးခံစားခွင့်ရသူများစာရင်းကို ထောက်ပံ့ရေးပေးသူ၏ မြို့နယ်ရုံးသို့ပို့ခဲ့ကြပြီး ၎င်းရုံးမှလည်း ထိုစာရင်းတင်ပြမှုကို အတည်ပြုထောက်ခံခဲ့သည်။ အထောက်အပံ့ပေးသူ၏ အစီအစဉ်အရ အကျိုးခံစားခွင့်ရသူ လျာထားချက်စာရင်းကို မည်သူမဆို ကန့်ကွက်နိုင်စေရန်အတွက် ကျေးရွာကြော်ငြာသင်ပုန်းတွင် ၇ ရက် ကပ်ထားပေးသည်။ လူတစ်ဦးမှ ရန်ကုန်ရှိထောက်ပံ့ရေးပေးသူ၏ရုံးသို့ မကျေနပ်မှုကိုတိုင်ကြားခဲ့ရာ ရလဒ်မှာ မြို့နယ်ရုံးမှ ထောက်ပံ့ရေးကော်မတီခေါင်းဆောင် (ရ.ယ.က ခေါင်းဆောင်) ကို ယင်းပြဿနာအား ဖြေရှင်းရန် ဖိအားပေးခဲ့ပြီး ဖြေရှင်းရာတွင် မအောင်မြင်ပါက ထောက်ပံ့ရေးအစီအစဉ်အားလုံးကို ရပ်ဆိုင်းမည်ဟု သတိပေးခဲ့သည်။ ယင်းအခြေအနေတွင် ကျေးရွာအုပ်စုကော်မတီမှ ခေါင်းဆောင်များ၏ တောင်းဆိုမှုဖြင့် ရပ်မိရပ်ဖများသည် အချို့သော ရ.ယ.က အဖွဲ့ဝင်များနှင့် ၎င်းတို့နှင့်ဆက်နွှယ်နေသူများကို အကျိုးခံစားခွင့်ရသူများစာရင်းမှ ထုတ်ပယ်ပြီး အခြားသောအကျိုးခံစားခွင့်ရထိုက်သူများကို ပိုမိုထည့်သွင်းလိုက်သည်။ ကျေးရွာလူကြီးများ ရွေးချယ်ထားသောစာရင်းကို ရွာသားများကလက်ခံကြပြီး အထောက်အပံ့များကို ၂၀၀၉ နိုဝင်ဘာတွင် ဖြန့်ဝေရရှိခဲ့ကြသည်။ ထိုအချိန်ကတည်းကပင် အထောက်အပံ့ကိစ္စများတွင် ယခင်က တက်ကြွစွာ ပါဝင်ခဲ့ကြသော ရ.ယ.က အဖွဲ့ဝင်များမှာတဖြည်းဖြည်း နှုတ်ထွက်လာခဲ့ကြသည်။

## ၄။ ထောက်ပံ့ရေးဖြန့်ဝေမှုတွင် ဒေသခံများပါဝင်ခြင်း

ဒေသတွင်း ဖွံ့ဖြိုးမှုစီမံကိန်း၏ လုပ်ငန်းစဉ်များ၌ ကျေးရွာလူထုတစ်ရပ်လုံး ကူညီပါဝင်လာစေရန် စည်းရုံးခြင်းသည် ဒေသတွင်းဖွံ့ဖြိုးရေးစီမံကိန်းများပြုလုပ်ရာတွင် လူထုအား မိမိရပ်ရွာဖွံ့ဖြိုးရေးသည် မိမိနှင့်သာဆိုင်သည်ဟူသော ဖွံ့ဖြိုးရေးစိတ်ဓာတ်ကို ပိုမိုခိုင်မာလာအောင် လုပ်ဆောင်ရာ၌ အရေးပါသောအချက်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် နားလည်လက်ခံထားပြီးဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ ပြင်ပမှ ကူညီထောက်ပံ့မှုပေးသည့် စီမံကိန်းများတွင် ဒေသခံများ ကူညီပါဝင်လုပ်ဆောင်လာအောင် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြသော်လည်း ကျေးရွာလူထုပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းလိုအပ်ချက်သည် နာဂစ်လွန်ကာလများအတွင်း စိန်ခေါ်မှုများအဖြစ် ရှိနေသေးသည်။

SIM 2 တွင် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများသို့ ဒေသခံများပါဝင်ကူညီဆောင်ရွက်မှုများသည် ပထမဆုံး SIM ပြုလုပ်ခဲ့စဉ်ကတည်းက တိုးတက်လာခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ယခု SIM 3 တွင် ဒေသခံများဆက်လက်ပါဝင်ကူညီလုပ်ဆောင်လျက်ရှိကြသည်ကိုတွေ့ရပြီး အကြမ်းအားဖြင့် စီမံကိန်းများ၏ လေးပုံတစ်ပုံသည် (၂၂%)

တွင် ဒေသခံများ၏ပါဝင်ကူညီလုပ်ဆောင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ကြောင်း တွေ့ရသည်။ အများဆုံး ထည့်ဝင်ကူညီမှုမှာ လုပ်အားဖြင့်ပါဝင်ခြင်း (စီမံကိန်းများ၏ ၁၂% တွင်) ဖြစ်ပြီး အနည်းဆုံးမှာ ငွေကြေးပါဝင်မှု (စီမံကိန်းများ၏ ၈% တွင်) ဖြစ်သည်။

SIM 2 တွင် စီမံကိန်းများသို့ အကူအညီပေးရခြင်းအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှုမှာ အတော်အတန် သို့မဟုတ် အနည်းငယ်သာရှိခဲ့သည်ဟု ရွာသားအများစုက တင်ပြကြသည်ကို သုတေသနအဖွဲ့မှ တွေ့ရှိခဲ့သည်။ SIM 3 တွင်လည်း အလားတူပင်ဖြစ်သည်။ ရွာသားများသည် ကူညီပါဝင်စေဖို့ရာစည်းရုံးရန် လွယ်ကူသည့်အပြင် ထိုသို့ ကူညီပါဝင်လုပ်ဆောင်စေခြင်းကိုလဲ ဖြစ်သင့်သည့် ကိစ္စတစ်ရပ်ဟု ခံစားကြသည်။ အကျိုးဆက်အားဖြင့် ကျေးရွာလူထု၏ပါဝင်ကူညီမှု အကန့်အသတ်ဖြင့် ဖြစ်နေသေးခြင်းသည် လူထု၏စီမံကိန်းအကောင်အထည်ဖော်မှု တွင် ပါဝင်ကူညီမှုဝေရန် လုပ်နိုင်စွမ်းအား သို့မဟုတ် မျှဝေလိုစိတ် လျော့နည်းရခြင်းထက် အထောက်အပံ့ပေးသူ များ၏ အကန့်အသတ်ဖြင့်ဖြစ်နေသော လိုအပ်ချက်ကိုသာ ထင်ဟပ်ပြသနေပါသည်။ သို့သော် ၎င်းပြဿနာအ တွက် ရှုမြင်ပုံအမျိုးမျိုးရှိသည်ကို သုတေသနအဖွဲ့မှ တွေ့ ရှိခဲ့သည်။

**စီမံချက်အရ လူထုထည့်ဝင်မှု မဖြစ်မနေပါဝင်စေမှုသည် အဆင်းရဲဆုံး အုပ်စုများနှင့် ကျေးရွာများ အား ဖယ်ကြဉ်ရာကျနေခြင်း**

ကိစ္စအများစုတွင် ရွာသားများအနေဖြင့် ဒေသတွင်းအခြေခံအဆောက်အအုံစီမံကိန်းများတွင် လုပ်အား ပေးပါဝင်ရန် ဆန္ဒရှိသော်လည်း အကျိုးခံစားခွင့်ရှိသူများနှင့်ဆွေးနွေးရာတွင် မည်သည့်အချိန်တွင် လုပ်ဆောင်မည် ကို အစီအစဉ်ချထားခြင်းမရှိပေ။ အခြားဆိုးရွားသောဖြစ်ရပ်တစ်ခုတွင် ရွာသားများသည် ကျေးရွာလမ်းဖောက် လုပ်ခြင်းတွင် လုပ်အားပေးရန်သဘောတူထားပြီးဖြစ်သော်လည်း ပြည်တွင်း NGO မှ ချမှတ်လိုက်သော စီမံကိန်းအချိန်သည် စိုက်ပျိုးရေးအတွက် လုပ်သားအင်အားအလိုအပ်ဆုံးသော အချိန်တွင် ဖြစ်နေခဲ့သည်။ ယင်းအ တွက်ကြောင့် ရွာသားများမှာ ချမှတ်ခဲ့ပြီးဖြစ်သော ထောက်ပံ့ရေးလျာထားချက်အား ပြည့်မီအောင်လုပ်ဆောင်ရန် အခက်အခဲတွေ့ကြရသည်။ ၎င်းမှာ ရွာသားများနှင့် ဆွေးနွေးညှိနှိုင်းမှုအား ဖော်ဆောင်ရန်လိုအပ်ခြင်းနှင့် ထောက်ပံ့သူများဘက်မှလည်း ပျော့ပျောင်းမှုရှိစေရန်လိုအပ်ခြင်း စသည်တို့ကို ထင်ရှားစွာပြသနေသော သီခြားသာဓကတစ်ခုဖြစ်သည်။

ဒေသအတွင်းမှ ငွေကြေးအနေဖြင့် အကူအညီထည့်ဝင်ရန် လိုအပ်သောနေရာများတွင် ရွာသားများမှာ ယင်းအကူအညီကို အချိန်မီပေးနိုင်ရန် အခက်အခဲများ သိသိသာသာရင်ဆိုင်ရသည်။ ယင်းကဲ့သို့ ဖြစ်ရပ် ၆ ခု တွင် ရွာခေါင်းဆောင်များနှင့် အခြားချမ်းသာသောသူများမှ ကျေးရွာလူထုကိုယ်စား ငွေကြေးစိုက်ထုတ်ကူညီမှု ပေးခဲ့ကြသည်။ ဖြစ်ရပ်အများစုတွင် ကျေးရွာလူထုအား လုပ်အားပါဝင်ကူညီရန်စည်းရုံးခြင်းသည် အချိန်အများ ကြီးလိုအပ်ပြီး ကျေးရွာအတွင်း တင်းမာမှုများကိုလည်း ဖန်တီးပေးနိုင်ကြောင်း ခေါင်းဆောင်များက သိရှိထားကြ သည်။ ယင်းအတွက် ဂယက်ရိုက်ခတ်မှု နှစ်ခုရှိသည်။ ပထမတစ်ခုမှာ လူထုထည့်ဝင်မှုအရ စီမံကိန်းချပေးသော လုပ်ငန်းများသည် ခေါင်းဆောင်များက အခြားသူများကိုယ်စား ငွေကြေးကျခံထည့်ဝင်ပေးနိုင်သည့် အနေအထား တွင်ရှိသော ကျေးရွာများဆီသို့သာ ခွဲဝေပေးခြင်းဖြင့် ဘက်လိုက်မှုများ ရှိလာနိုင်သည်။ အထူးသဖြင့် ၎င်းကို ဒေသပါဝင်ကူညီမှုအား စည်းရုံးသိမ်းသွင်းရယူရန် အချိန်လုံလောက်စွာမရသော ထောက်ပံ့ရေးစီမံကိန်းများတွင် တွေ့ရတတ်သည် (အောက်တွင်ကြည့်ပါ)။ ဒုတိယတစ်ခုမှာ မိမိကျေးရွာအတွက် ထောက်ပံ့ရေးရရန် ကြိုးပမ်း ရာတွင် ခေါင်းဆောင်များသည် ဝန်ပိုထမ်းထားရခြင်း (သို့မဟုတ်) ဒေသစွမ်းရည်ကို လျော့ပါးစေမည့် ဖိအားပေးမှု အောက်တွင်ရှိခြင်း စသည်တို့ကို တွေ့ရှိရသည် (သာဓက ၅)။

**သာဓက ၅။ စီမံကိန်းသို့ ထည့်ဝင်ကူညီရမှုများ၏ဝန်အား ထမ်းထားရခြင်း**

အကြို့ မူလတန်းကျောင်းဆောင်တစ်ခုကို အထောက်အပံ့ပေးသူမှ ငွေကြေးထောက်ပံ့ပြီး ရွာသားများ၏ လုပ်အားပါဝင်မှုဖြင့် ဆောက်လုပ်ခဲ့ကြသည်။ အထောက်အပံ့ပေးသူမှာ ၆၃ သိန်း (၁/) ထောက်ပံ့ပေးရာ ထိုကျေးရွာမှ ၃၅ သိန်း ထည့်ဝင်ကူညီမှုပေးရမည်။ ထောက်ပံ့ရေးကော်မတီမှ လယ်သမားငယ်များနှင့် လယ်သမားလတ်များ ထံမှ ၁,၀၀၀ ကျပ် နှင့် လယ်သမားကြီးများနှင့် ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များ၊ ကျေးရွာလူထု ခေါင်းဆောင်များအပါအဝင် ကျေးရွာတွင်းမှ အခြားသော ချမ်းသာသောသူများထံမှ ၁၂,၀၀၀ ကျပ်စီ ကောက်ယူခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များ ဦးဆောင်သောကော်မတီမှ ဆင်းရဲသူများထံမှ ငွေကြေးမကောက်ယူခဲ့ပေ။ သို့သော်လည်း စုစုပေါင်းကူညီထည့်ဝင်မှုသည် လိုအပ်သော ငွေကြေးကို မပြည့်မီခဲ့ပေ။ ကျန်ရှိနေသော ငွေတစ်ချို့အတွက် ကော်မတီဥက္ကဋ္ဌမှ တာဝန်ယူပေးခဲ့သည်။ သို့တိုင်အောင် ကော်မတီ အနေဖြင့် ဆောက်လုပ်ရေးပစ္စည်းဆိုင်များနှင့် လက်သမားများကို ငွေမရှင်းပေးနိုင်ပေ။ ယင်းအခြေအနေတွင် ဥက္ကဋ္ဌမှ အစည်းအဝေးခေါ်ယူခဲ့သော်လည်း အခြားထောက်ပံ့ရေး ကော်မတီဝင်များသည် ကြွေးမြီဝန်ထုတ်ဝန်ပိုးကို မျှယူကြရမည်ကို သိကြသောကြောင့် အစည်းအဝေးသို့ တစ်ဦးမှတက်ရောက်ခြင်း မရှိခဲ့ပါ။ လက်သမား များနှင့် ဆောက်လုပ်ရေးပစ္စည်းဆိုင်များမှာ ငွေအကျေမရသေးပါ။

၁/၁ သိန်းသည် ကျပ်ငွေ ၁၀၀,၀၀၀ နှင့်ညီမျှသည်။

လူထု၏ပါဝင်ကူညီမှုရရှိရန် စည်းရုံးရခြင်းမှာ အများပိုင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းတွင်ထက် တစ်ဦးတစ်ယောက်ချင်းစီကို ရည်ရွယ်ထောက်ပံ့သော အထောက်အပံ့များတွင် ပိုမိုစည်းရုံးရလွယ်ကူသည်ကို တွေ့ရသည်။ ကိုယ်ထူကိုယ်ထပါဝင်ကူညီခြင်းသည် အကျိုးခံစားခွင့်ရသူများ ရွေးချယ်ခြင်းနှင့် လျာထားသတ်မှတ်ခြင်းကိစ္စများတွင် ပိုမိုထိရောက်စေသည့်အပြင် အမှန်တကယ် စိတ်ဝင်စားသူများသာလျှင် အကူအညီများပေးရန် တိုက်ရိုက်လာတောင်းဆိုနိုင်ကြသည်။ သို့သော်လည်း အချို့သောကိစ္စများတွင် ပါဝင်ကူညီရန်အတွက် တောင်းဆိုထားသော လိုအပ်ချက်များသည် ကျေးရွာအတွင်း ငွေကြေးအကူအညီကို အချိန်မီမထည့်ဝင်နိုင်သော အဆင်းရဲဆုံးအုပ်စုများကို ဖယ်ကြဉ်ခဲ့စေသည်။ အကျိုးခံစားခွင့်ရှိသူများနှင့် ပတ်သက်သော အသေးစိတ်သတင်းအချက်အလက်အား စုဆောင်း ရန်မဖြစ်နိုင်သည့်အတွက် ရွာသားများအနေဖြင့် အကူအညီထည့်ဝင်ရန် မတတ်နိုင်ခြင်းကြောင့် အထောက်အပံ့များ မရရှိခဲ့ကြောင်း ၎င်းတို့၏ထင်မြင်မှုများကိုသာ ကျေးရွာများအတွင်း အဆင်းရဲဆုံးအုပ်စုများနှင့် ဆွေးနွေးမှုများ ပြုလုပ်စဉ်တွင် တွေ့ရှိခဲ့သည်။

## ရွာသားများမှာ ရပ်ရွာအတွက် ဦးစီးဦးဆောင်ပြုမှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း

ရွာသားများအနေဖြင့် ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြသော်လည်း သိသာသော တိုးတက်မှုပြယုဒ် အနည်းငယ်သာရှိသည် (အပိုင်း ၄ ကိုကြည့်ရန်)။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာ ၃၄ ရွာတွင် ကျေးရွာတွင်း ကိုယ်ထူကိုယ်ထ ဆောင်ရွက်မှုအချို့ကို သုတေသန ပြုလုပ်သူများက တွေ့ရှိခဲ့ရသည်။ ယင်းလုပ်ဆောင်ချက်အများစုမှာ လမ်းများပြင်ဆင်ခြင်း၊ ရေကန်ဆယ်ခြင်းနှင့် ဘာသာရေးအဆောက်အအုံများပြင်ဆင်ခြင်း စသည်တို့သာဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ယင်းလုပ်ငန်း အမျိုးအစားများအား မုန်တိုင်းမဖြစ်မီအချိန်ကပင် လုပ်ဆောင်ခဲ့ကြရာ လွန်ခဲ့သောနှစ်အတွင်း ၎င်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ထူးထူးခြားခြား ညွှန်ပြစရာ ပြောင်းလဲသည့် ကိစ္စရပ်များ ရှိမနေပေ။ အဆိုပါ ရပ်ရွာမှလုပ်ဆောင်နေကျ လုပ်ငန်းများအား ဆောင်ရွက်ခြင်းမရှိသော ဖြစ်ရပ် ၆ ခုတွင် ခေါင်းဆောင်များနှင့် ရွာသားများ နှစ်ဦးနှစ်ဖက်လုံးတွင် တာဝန်ခံပြုလုပ်ပေးရန် စိတ်ဝင်စားမှုမရှိသောကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ကိစ္စရပ် ၂ ခုတွင် ဒေသတွင်းလုပ်ငန်းများ ပြုလုပ်ရန် ခေါင်းဆောင်မှ လူထုအား ကြိုးစားစည်းရုံးသော်လည်း လူထုမှာ လိုက်လိုက်လဲ့လဲ့ ပါဝင်လာခြင်းမရှိခဲ့ပေ။

လွန်ခဲ့သောနှစ်အတွင်းတွင် လူထုကိုယ်တိုင် ဦးစီးဦးဆောင်ပြုဆောင်ရွက်သော လုပ်ငန်းအများအပြားအား အကောင်အထည်ဖော်လျက်ရှိသည်ကို ကျေးရွာ ၈ ရွာတွင်တွေ့ရှိခဲ့သည်။ သိသာထင်ရှားမှုရှိသော လုပ်ငန်းတစ်ခုမှာ ငွေကျပ် ၄၅၀,၀၀၀ တန်ဖိုးရှိသော ဇက်တားဆောက်လုပ်ခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များနှင့်

စီးပွားရေးလုပ်ငန်းရှင်များမှ ငွေကြေးထည့်ဝင်ကြခြင်းဖြစ်သည်။ အလားတူဖြစ်ရပ်တစ်ခုမှာ ကျေးရွာ ၂ ရွာမှ ခေါင်းဆောင်များ အတူတကွပူးပေါင်း၍ ရွာနှစ်ရွာကိုဆက်သွယ်သော တံတားဆောက်လုပ်ခြင်းဖြစ်သည်။ အဆိုပါကိစ္စရပ်များသည် အထောက်အပံ့ပေးဝေမှု၏ လစ်ဟာမှုများအား ကျေးရွာမှ ပြန်လည်ဖြည့်တင်းပေးနိုင်သည့် အခန်းကဏ္ဍတွင်နေရာယူနိုင်ဖို့ရာ အရေးကြီးကြောင်း ပြသနေသည်။ လူထုကိုယ်တိုင် ဦးစီးဦးဆောင်ပြုဆောင်ရွက်သော လုပ်ငန်းအများအပြားအား တွေ့ရသောကျေးရွာ ၈ ရွာအနက်မှ ၆ ရွာသည် အလားတူဆောင်ရွက်မှုမျိုးအား ယခင့်ယခင်က ပြုလုပ်ခဲ့ဖူးခြင်းမရှိပေ။ ထို့ကြောင့် ၎င်းမှာ SIM 2 နောက်ပိုင်းတွင် လုထုကိုယ်တိုင် ဦးစီးဦးဆောင်ပြုမှုဖြင့် ဆောင်ရွက်သောလုပ်ငန်းများ များပြားလာသည်ကို ပြသနေသည်။

## ၅။ ပွင့်လင်းမြင်သာရှိမှု၊ ထောက်ပံ့ရေးညီမျှမှုနှင့် တိုင်ကြားမှုများ

ထောက်ပံ့ရေးနှင့်ပတ်သက်ပြီး အထိအတွေ့များလာသော်လည်း အထောက်အပံ့ပမာဏများမှာ လျော့နည်းလာခဲ့သည်။ ရွာသားများ အထူးသဖြင့် ၎င်းတို့၏ခေါင်းဆောင်များမှာ ၎င်းတို့၏ ဦးစားပေးလိုအပ်ချက်များကို အခြေခံ၍ ထောက်ပံ့ရေးပေးသူများထံမှ အကူအညီလိုအပ်ချက်များကို တောင်းဆိုရာတွင် သူသိသူတတ် ပို၍လုပ်လုပ်လာကြသည်ဟု ထင်မြင်ကောင်းထင်မြင်နိုင်မည်။ ၎င်းအပြင် ထောက်ပံ့ရေးဆိုင်ရာ ပွင့်လင်းမြင်သာရှိမှုနှင့် အထောက်အပံ့ပေးခြင်းအား သိရှိနေစေရန်အတွက် တောင်းဆိုချက်များမှာ ကျေးရွာသူရွာသားများအကြား ပိုမိုမြင့်မားလာလိမ့်မည်ဟု ထင်မြင်ကောင်းထင်မြင်နိုင်သည်။

### ထောက်ပံ့ရေးကိစ္စများကို ရွာသားများတောင်းဆိုမှုမှာ ရှားပါးခြင်း

ရွာသားများ၏ တောင်းဆိုမှုများ ပိုမိုတိုးမြင့်လာခြင်းနှင့် ပတ်သက်၍ မည်သည့်အထောက်အထားမျှ မတွေ့ရှိခဲ့ရပေ။ လွန်ခဲ့သောနှစ်အတွင်းတွင် ရွာ ၆ ရွာတွင်သာ ခေါင်းဆောင်များမှ အထောက်အပံ့ပေးသူများထံသို့ တစ်စုံတစ်ခုထောက်ပံ့ရန် ချဉ်းကပ်တောင်းဆိုမှုများပြုလုပ်ခဲ့ဖူးသည်။ ယေဘုယျ အခြေအနေမှာ အထောက်အပံ့ပေးသူများ ရောက်ရှိလာမည့်အချိန်ကိုစောင့်လျှက် ၎င်းတို့ပေးသော မည်သည့်အထောက်အပံ့ကိုမဆို လက်ခံရန်သာ ဖြစ်ပြီး ယခင် SIM များကတည်းက ထိုပုံစံအတိုင်းပင် ရှိနေခဲ့သည်။ ယင်းအချက်အတွက် ဖြစ်နိုင်ခြေရှိသော ရှင်းလင်းချက်တစ်ခုမှာ အထောက်အပံ့ပေးသူများ၏ စေ့စပ်ညှိနှိုင်းမှုများသည် ပုံမှန်ညှိနှိုင်းခြင်းမျိုးမဟုတ်ဘဲ စီမံကိန်းအခြေစိုက်ညှိနှိုင်းမှုမျိုးဖြစ်ခြင်းကြောင့် ထောက်ပံ့ရေးပေးသူများမှာ ကျေးရွာသားများ၏ တောင်းဆိုမှုများကို အလေးပေးခြင်း သို့မဟုတ် တုံ့ပြန်ပေးခြင်းမရှိခြင်းကြောင့် ဖြစ်နိုင်သည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ပင် ကျေးရွာခေါင်းဆောင်များအနေဖြင့် အထောက်အပံ့ပေးသူများ ချမှတ်ပေးသော အစီအစဉ်များ ဥပမာ အကျိုးခံစားခွင့်ရှိသူများရွေးချယ်ခြင်း စသည်တို့တွင် ၎င်းတို့တောင်းဆိုသည့်အတိုင်း လိုက်လုပ်မပေးနိုင်ပါက ထောက်ပံ့ရေးများ ပြန်လည်ရုတ်သိမ်းသွားနိုင်ကြောင်းကို သိရှိကြသည်။ အထောက်အပံ့ပမာဏအားလုံး ကျဆင်းလာခြင်းမှာ အထောက်အပံ့ပေးသူများနှင့် ကြိုတင်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ဖို့ရာ မက်လုံးမရှိ ဖြစ်စေသည်။ အခြားရှင်းလင်းချက်မှာ မြစ်ဝကျွန်းပေါ်သားများအနေဖြင့် အထောက်အပံ့ပေးသူများနှင့် အလုပ်လုပ်ရန် လုံလောက်သော အတွေ့အကြုံမရှိခြင်းနှင့် အထောက်အပံ့များကို မည်သို့တောင်းဆိုရမည်ကို မသိခြင်းတို့ဖြစ်သည်။

### ပွင့်လင်းမြင်သာရှိမှုအစီအမံများ၏ သက်ရောက်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေသေးခြင်း

ပြီးခဲ့သော SIM များအတွင်း ပွင့်လင်းမြင်သာရှိမှုကို မြှင့်တင်ရန် သတင်းအချက်အလက်များ ဝေမျှရေးကို အထူးသဖြင့် လူထုအစည်းအဝေးများ ပြုလုပ်ခြင်းမျိုးဖြင့် တိုးမြှင့်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ သုတေသနပြုလုပ်သူများသည် ပွင့်လင်းမြင်သာရှိမှုကို မြှင့်တင်ပေးမှု၊ ၎င်းအစီအမံများ၏ ထိရောက်မှု စသည်တို့အတွက် တိုးတက်မှုအနည်းငယ်ကိုသာ တွေ့ရှိခဲ့ရသည်။ SIM 2 ပြုလုပ်သော အချိန်တွင် ကောင်းမွန်သောအစပြုမှု သာဓကများအဖြစ် အထောက်အပံ့ပေးသူများ၏ ထောက်ပံ့ပေးမှုနှင့် ပတ်သက်၍

မကျေနပ်မှုများတိုင်ကြားနိုင်သော အကြံပေးစာထည့်ပုံးများထားရှိခြင်း သို့မဟုတ် ကြော်ငြာသင်ပုန်းများ ထားရှိခြင်းများကို တွေ့ရှိခဲ့ရသည်။ သို့သော်လည်း ယင်းအစီအစဉ်များကို ရွာသားများအနေဖြင့် ထိရောက်စွာ အသုံးပြုမှုနှင့်စပ်လျဉ်းသည့် သက်သေအထောက်အထားမှာ နည်းပါးသည်။

ကျေးရွာခေါင်းဆောင်များအား ရန်ပုံငွေအလွဲသုံးစား ပြုလုပ်သည့်အတွက် စွပ်စွဲချက်အနည်းငယ်ရှိသည်။ အများအားဖြင့် အကျိုးခံစားခွင့်ရှိသူရွေးချယ်ခြင်းနှင့် သာမန်မကျေနပ်မှုများအတွက် တိုင်ကြားမှုများမှာ အတော်အတန်ရှားပါးနေသေးသည်။ ကိစ္စရပ်အနည်းငယ်သာ လူသိရှင်ကြားဖြစ်ခဲ့ပြီး ယင်းမှာလည်း မကျေနပ်ချက်များကို ကျေးရွာအတွင်းတွင် ဖြေရှင်းခြင်းထက် ကျေးရွာအပြင် ထောက်ပံ့ရေးရုံး အကြီးအကဲ သို့မဟုတ် မြို့နယ်အဆင့် အာဏာပိုင်များထံသို့ တိုင်ကြားခြင်းကြောင့်ဖြစ်သည်။ ပွင့်လင်းမြင်သာရှိစေချင်မှုအား သာမာန်ထက်ပိုပြီး တောင်းဆိုခဲ့သည့်နေရာများတွင် စွပ်စွဲခံရသောခေါင်းဆောင်သည် ထောက်ပံ့ရေးစီမံခန့်ခွဲမှုတွင် ဆက်လက်ပါဝင်ခြင်း မပြုတော့ဘဲ အထောက်အပံ့များကို တက်ကြွစွာဦးဆောင်ပါဝင် ဖြန့်ဝေပေးနေရာမှ နုတ်ထွက်သွားလေ့ရှိခဲ့သည်။

**အထောက်အပံ့ပေးသူများသည် ဒေသ၏ ကိုယ်ပိုင်စီရင်ဆုံးဖြတ်ခွင့်ကို ကန့်သတ်လိုခဲ့ဟန်ရှိခြင်း**

အထောက်အပံ့ပေးသူများမှ အကူအညီများ ရုတ်သိမ်းသွားနိုင်သည့်အလားအလာနှင့် လူမှုရေး ပဋိပက္ခများ၏ ခြိမ်းခြောက်မှုများသည် ပွင့်လင်းမြင်သာရှိစေလိုမှုအား လျော့ပါးစေသည့် အဓိကအချက်များအဖြစ် တွေ့ရသည်။ အခြားအကြောင်းရင်းတစ်ခုမှာ ကယ်ဆယ်ရေးလုပ်ငန်းများ၏ အစောပိုင်းကာလများကတည်းက အနည်းငယ်ပြောင်းလဲလာခဲ့သော အထောက်အပံ့ပေးသူများ၏ ပြုမူဆောင်ရွက်ပုံများဖြစ်သည်။ အထောက်အပံ့ပေးသူများသည် ဒေသခံများအကြား စီရင်ဆုံးဖြတ်နိုင်စွမ်းများ ပိုမိုမြင့်မားလာအောင် မြှင့်တင်ပေးခြင်းထက် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်သတ်မှတ်ရာတွင် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုများကိုလျှော့ချရန် တင်းကြပ်စွာ ချမှတ်ထားသော ခွဲဝေမှုစံနှုန်းများနှင့် စီမံကိန်းအခြေစိုက် အကဲဖြတ်မှုများကိုသာ ဆက်လက်အသုံးပြုလျက် ရှိသည်ကို တွေ့ရသည်။ ယင်းနည်းလမ်းများက ပိုမိုကျယ်ပြန့်သော ပွင့်လင်းမြင်သာရှိမှုဖြစ်ပေါ်လာစေရန် အလားအလာရှိသော်လည်း အပြီးသတ်အကျိုးခံစားသူရွေးချယ်မှုမှာ ကျေးရွာခေါင်းဆောင်များပေးသော သတင်းအချက်အလက်များအပေါ် မူတည်၍ ကျေးရွာပြင်ပတွင်သာ ပြီးမြောက်သွားကြသည်ဟု သုတေသနအဖွဲ့မှ ကြားသိခဲ့ရသည်။ စင်စစ် ဖြစ်ရပ်အများစုတွင် ခေါင်းဆောင်များသည် အကဲဖြတ်မှုစစ်တမ်းများ ကောက်ယူအပြီးတွင် မည်သည့်အထောက်အပံ့များကို မည်မျှရရှိကြမည်ကို မသိရှိကြပေ။

အထောက်အပံ့ပေးသူများ၏ အခြားပြုမူပုံ ၂ ရပ်သည်လည်း ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် လိုအပ်ချက်များအား အကန့်အသတ်ဖြစ်စေသည်။ ပထမတစ်ခုမှာ အသက်မွေးမှုနှင့် လူမှုရေးအုပ်စုများကို လျာထားခြင်းနှင့် သတ်မှတ်အရည်အချင်း ပြည့်စုံသူများအားလုံး အကျိုးခံစားခွင့် ညီတူမျှတူရရှိစေခြင်းတို့တွင်ဖြစ်သည်။ ယင်းအတွက် အရေးကြီးသော ဥပမာတစ်ခုမှာ သတ်မှတ်စံနှုန်းနှင့်ကိုက်ညီသော အိမ်ထောင်စုများအားလုံးကို သောက်သုံးရေသိုလှောင်သည့် အိုးနှစ်လုံးစီအထောက်အပံ့ပေးသော ဖြန့်ဝေရေးကိစ္စရပ်တစ်ခုတွင် တွေ့ရှိရသည်။ အခြားတစ်ခုမှာ လယ်သမားလတ်နှင့် လယ်သမားငယ်များအတွက် လုပ်ငန်းလုပ်ကိုင်ရန်အတွက် အရင်းအနှီး အထောက်အပံ့ကို ပမာဏနည်းနည်းနှင့် အကျိုးခံစားခွင့်ရှိသူ အရေအတွက်အများအပြားသို့ ပေးခဲ့ခြင်းဖြစ်သည်၊ တာဝန်ခံနိုင်မှု နယ်ပယ်အား ကန့်သတ်လျက်ရှိသော ဒုတိယဖြန့်ဝေပေးရေး နည်းဗျူဟာတစ်ရပ်မှာ အများပိုင် အဆောက်အအုံများ အထူးသဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့် ဆိပ်ခံတံတားများ ဆောက်လုပ်ခြင်းမျာ တွင် ကန်ထရိုက်စနစ်ဖြင့် အထောက်အပံ့ဖြန့်ဝေခြင်းပင်ဖြစ်သည်။ ယင်းကိစ္စများတွင် ရွာသားများအနေဖြ စီမံကိန်း၏ အသေးစိတ်အချက်အလက်များကို အနည်းငယ် သို့မဟုတ် လုံးဝသိရှိခြင်းမရှိပေ။ ထို့ကြော စောင့်ကြပ်ကြည့်ရှုနိုင်သည့် အနေအထားတွင် ရှိမနေပေ။

**ပဋိပက္ခဖြစ်မှုများသည် အများပိုင်ပစ္စည်းများထက် တန်ဖိုးထားမှု ပိုမိုမြင့်မားသော ပုဂ္ဂလိကပစ္စည်း အထောက်အပံ့များတွင် အကန့်အသတ်ဖြင့်ရှိနေခြင်း**

ပွင့်လင်းမြင်သာရှိစေလိုမှုသည် အထောက်အပံ့နှင့် တွဲလျက်ရှိသော တန်ဖိုးပမာဏအပေါ် မူတည်ပြီး သတ်မှတ်သည်။ ရွာသားများသည် ဒေသတွင်းအခြေခံအဆောက်အအုံများကဲ့သို့ အများပိုင်ပစ္စည်းများထက် တစ်ဦးချင်း အကျိုးခံစားခွင့်အား ပိုမိုတန်ဖိုးထား လိုချင်မှုရှိသည်ကို သုတေသနသမားများ တွေ့ရှိခဲ့ကြသည်။ လွန်ခဲ့သောတစ်နှစ်အတွင်း ရရှိခဲ့သောအထောက်အပံ့များကို မေးမြန်းရာတွင် ခေါင်းဆောင်မဟုတ်သော ရွာသားများသည် အများပိုင်အဆောက်အအုံများရရှိခြင်းကို စကားထောက်ပေးသည့်တိုင်အောင် မဖော်ပြကြသည်ကို အများဆုံးတွေ့ရသည်။ ထို့ကြောင့်စီမံကိန်း အကြီးစားများအတွက် ပွင့်လင်းမြင်သာရှိစေလိုမှု နည်းပါးလေ့ရှိခြင်းမှာ အံ့သြစရာအကြောင်းတစ်ခုမဟုတ်သလို သဘောထားကွဲလွဲမှုများဆိုသည်မှာလည်း တစ်ဦးတစ်ယောက်၏ အကျိုးခံစားခွင့်ပေါ်တွင်သာ တည်ရှိနေတတ်သည်။

SIM ပြုလုပ်နေသော အချိန်အတွင်း သုတေသနအဖွဲ့မှ ကြားသိခဲ့ရသည့် အထောက်အပံ့ဖြန့်ဝေရေးနှင့် ပတ်သက်သော တရားဝင်တိုင်တန်းမှု စုစုပေါင်း ၇ ခုအနက်မှ တစ်ခုသာလျှင် လူထုဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းများနှင့် ပတ်သက်သည်။ တိုင်ကြားမှု ၂ ခုမှာ တစ်ဦးချင်းခံစားခွင့်ကို စီမံခန့်ခွဲမှုများနှင့် တိုက်ရိုက်ပတ်သက်နေပြီး ၃ ခုမှာ ကန်ထရိုက် သို့မဟုတ် အထောက်ပံ့ပေးသူကို တိုင်ကြားခြင်းဖြစ်သည်။ တစ်ခုတွင်မူ ရွာသားများက ကျေးရွာခေါင်းဆောင်နှင့် ပတ်သက်သော မကျေနပ်မှုများကို တိုင်ကြားသည်။ ယင်းခေါင်းဆောင်မှာ ရေလုပ်သား ၃၀ ထံမှ ငွေကောက်ယူပြီး ၎င်းတို့အတွက် ချေးငွေရအောင်လုပ်ပေးမည်ဟု ကတိထားပြီးနောက် ကတိအတိုင်းမပြုလုပ်ပေးနိုင်သောကြောင့် စွပ်စွဲမှုခံရခြင်းဖြစ်သည်။

## အခန်း (၃)

## လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများ

SIM 2 မှတွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်များအရ ရွာများသည် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် အချို့သော အသက်မွေးမှုလုပ်ငန်းများ ပြန်လည်စတင်လာနိုင်ခြင်းများ ပြုလုပ်လာနိုင်သော်လည်း မြစ်ဝကျွန်းပေါ်၏ လူမှုစီးပွားအခြေအနေများမှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသေးသည်။ အဓိကအားဖြင့် အခြေအနေ ၃ မျိုးကို တွေ့ရှိရသည်။ ပထမအခြေအနေမှာ အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်မှုတွင် တိုးတက်မှုမှာ အနည်းငယ်သာရှိသော အခြေအနေဖြစ်ပြီး လယ်သမားများ၊ ရေလုပ်သားများ၊ ကျပန်းလုပ်သားများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများမှာ ပြန်လည်ထူထောင်နိုင်ရန် ရုန်းကန်နေရဆဲဖြစ်သည်။ ဒုတိယအခြေအနေမှာ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုပမာဏမှာ ဆက်လက်မြင့်တက်နေပြီး SIM 1 တွင် တွေ့ရှိခဲ့ရသော အကြွေးနှုန်းနှစ်ဖွယ်ရှိသော အိမ်ထောင်စုများမှာ ယခုအခါ အကြွေးနွံအတွင်း ကျရောက်လျက်ရှိနေသည်။ ငွေချေးငှားနိုင်သည့်နေရာများ ရှားပါးလာခြင်းသည်လည်း အိမ်ထောင်စုများ၏ အရင်းအနှီး ပြန်လည်ထူထောင်နိုင်ရန် ခက်ခဲစေသောအကြောင်းရင်းဖြစ်သည်။ တတိယအခြေအနေမှာ အိမ်ထောင်စုများသည် တင်ရှိနေသောကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် မတတ်နိုင်သော အခြေအနေမျိုးဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ တိုးတက်မှုမရှိဘဲ ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှုကို စတင်ထိခိုက်လာသော အခြေအနေမျိုး ဖြစ်သည်။ လယ်သမားကြီးများမှာ လယ်သမားငယ်များဖြစ်လာပြီး လယ်သမားငယ်များမှာ ကျပန်းလုပ်သားများ ဖြစ်လာကြသည်။

နာဂစ်အပြီး နှစ်နှစ်အကြာတွင် မတူညီသော လူမှုစီးပွားအုပ်စုများသည် အမျိုးမျိုးသော အပြောင်းအလဲများနှင့် အကျပ်အတည်းပြဿနာများကို ရင်ဆိုင်နေရသောကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ စီးပွားရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရာ အခြေအနေတွင်ပင် ရှိနေဆဲဖြစ်သည်။ လယ်ယာကဏ္ဍတွင် ပြန်လည်ထူထောင်နိုင်မှု၏ သင်္ကေတအဖြစ် အထွက်နှုန်းတိုးတက်လာခြင်းနှင့် စပါးအဖွင့်ဈေး တိုးမြင့်လာခြင်းများကို တွေ့ရသည်။ သို့သော်လည်း လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သော ကျေးရွာများ၏ လေးပုံသုံးပုံနီးပါးမှာ နာဂစ်မတိုင်မီအချိန်ကထက် အထွက်နှုန်းလျော့နည်းနေမြဲဖြစ်ပြီး နောက်ထပ် အထောက်အပံ့မရရှိပါက ပြန်လည်ထူထောင်နိုင်မှုမှာ ကာလတိုသာဖြစ်နိုင်သည်။ လွန်ခဲ့သောနှစ်အတွင်း ရွာ ၂၁ ရွာရှိ ရေလုပ်ငန်းလုပ်သူ အများအပြား၏ ဖမ်းဆီးရရှိမှုနှုန်း၊ အကျိုးအမြတ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများမှာ သိသိသာသာ ကျဆင်းလာခြင်းကို တွေ့ကြုံခဲ့ရသည်။ ခန့်မှန်းတွက်ချက်မှုများအရ ၎င်းကျေးရွာများရှိ ရေလုပ်သားများ၏ ၉၀ % ကျော်မှာ ၎င်းတို့၏မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စွန့်လွှတ်ခဲ့ရကြောင်း တွေ့ရှိရသည်။ အလုပ်အကိုင်ရှာဖွေလျှက်ရှိသော အလုပ်သမားအရေအတွက်မှာ သိသိသာသာ မြင့်မားလာခဲ့ပြီး ၎င်းတို့မှာ အခြေခံ အိမ်အသုံးစရိတ်ကိုပင် မကာမိသော ဝင်ငွေနည်းပါးသော ကျပန်းအလုပ်များကိုသာ လုပ်ကိုင်နေကြရသည်။

အထူးသဖြင့်လယ်သမားများ၊ ကျပန်းလုပ်သားများနှင့် ရေလုပ်သားများ၏ အကြွေးပမာဏမှာ ဆက်လက်မြင့်မားနေသည်။ တချိန်တည်းမှာပင် ငွေချေးငှားနိုင်မှုအခြေအနေမှာလည်း ပိုမိုကျဆင်းလျက်ရှိရာ ရွာသားအများစုမှာ နေရာစုံမှ ငွေချေးငှားရန် တွန်းအားပေးခံရလျက်ရှိသည်။ နာဂစ်မတိုင်မီအခြေအနေကို ပြန်လည်မရရှိနိုင်သေးသောရွာများ၏ လေးပုံသုံးပုံတွင် အကြွေးပြန်မပေးနိုင်သော ပြဿနာတည်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း အထူးသဖြင့် လယ်သမားများမှာ ကြွေးပြန်ဆပ်ရန် ပျက်ကွက်စာရင်းမဝင်ဘဲ မြီစားအဖြစ်

ဆက်လက်တည်ရှိနေစေရန် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား ထုခွဲရောင်းချပြီး အတိုးပုံမှန်ပေးကြသည်။ အကျိုးဆက်အားဖြင့် ရွာ ၄ ရွာတွင် ဆိုးရွားသော အကြွေးဒုက္ခကို တွေ့ခဲ့ကြရသည်။ လေ့လာခဲ့သော ကျေးရွာများတွင် ရွာသားများသည် ၎င်းတို့၏ ဝင်ငွေတိုးတက်ရန်နှင့် အသုံးစရိတ်များလျှော့ချရန် အမျိုးမျိုးသော အခက်အခဲဖြတ်ကျော်ရေးနည်းလမ်းများကို ပြုလုပ်ခဲ့ကြသည်။ အချုပ်အားဖြင့်ဆိုလျှင် နာဂစ်ဒဏ်ခံရသော ဒေသများ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးသည် ယခုအချိန်တွင် မသေချာမရေရာသေးသော စိုက်ပျိုးရေးလုပ်ငန်း၏ ပြန်လည်အသက်ဝင်ကောင်းမွန်လာမှုအပေါ်တွင် များစွာဆက်စပ်လျက်ရှိကြောင်းတွေ့ရသည်။

## ၁။ အသက်မွေးမှု ပြန်လည်ထူထောင်လာနိုင်မှု (ဘက်ညီမှုမရှိသော တိုးတက်မှုဖြစ်စဉ်များ)

လယ်ယာလုပ်ငန်းတွင် ပြန်လည်ထူထောင်မှုဆိုင်ရာ တိုးတက်မှုများ စတင်ဖြစ်ပေါ်လာသည်။ နာဂစ်အပြီး နှစ်နှစ်အကြာတွင် ကျေးရွာ ထက်ဝက်နီးပါးရှိ လယ်သမားများ[၃၂]သည် မိုးစပါးနှင့် နွေစပါး နှစ်မျိုးစလုံးကို စိုက်ပျိုးနိုင်ကြပြီး နာဂစ်အပြီးတစ်နှစ်တွင် ငါးပုံတစ်ပုံသာ စိုက်ပျိုးနိုင်ခဲ့သော အခြေအနေနှင့် နှိုင်းယှဉ်လျှင် များစွာတိုးတက်လာကြောင်းတွေ့ရှိရသည်။ ထို့ပြင်ကျေးရွာ ၄၀ တွင် လေ့လာချက်အရ အထွက်နှုန်းသည် ပျမ်းမျှ ၁၅% ခန့်အထိ ပြန်လည်တိုးတက်လာခဲ့သည်။ ထို့ပြင် အထွက်နှုန်းတိုးလာသော ကျေးရွာများ၏ အရေအတွက်သည် အထွက်နှုန်း လျော့ကျသွားသော ကျေးရွာများ၏အရေအတွက်ထက် နှစ်ဆကျော်ခန့် ပိုမိုများပြားကြောင်း တွေ့ရသည် (ပုံ ၄)[၃၃]။ သွင်းအားစုဈေးနှုန်းများမှာ ပြောင်းလဲမှုမရှိ[၃၄]သော်လည်း မြစ်ဝကျွန်းပေါ်တွင်စိုက်ပျိုးသော စပါးအမျိုးအစား နှစ်မျိုးအတွက် စပါးအဖွင့်ဈေးနှုန်းမှာ (ဘေးကြားအတွက်) ၁၀% နှင့် (ပိုမိုလူကြိုက်များသည့် အမျိုးအစားဖြစ်သော) အချွန်စပါးအတွက် ၄၀% မြင့်တက်လာခဲ့သည်။ လယ်သမားအများစု၏ ဝင်ငွေတိုးတက်လာပြီး အကျိုးဆက်ရလဒ်အဖြစ် နာဂစ်အပြီး တစ်နှစ်အကြာတွင် တွေ့ကြုံခဲ့ရသော စီးပွားရေးကျဆင်းနေမှုမှ ရုန်းထွက်လာနိုင်ကြကြောင်းတွေ့ရသဖြင့် လုံလောက်မှုမရှိသော အထောက်အပံ့များဖြင့် ပြန်လည်ထူထောင်လာနိုင်သော မြစ်ဝကျွန်းပေါ် လယ်သမားများ၏ ခံနိုင်ရည်အားကို သက်သေပြနေသကဲ့သို့ပင် ဖြစ်တော့သည်။


---

၃၂။ လေ့လာခဲ့သော ကျေးရွာ ၄၀ ရွာ တွင် လယ်သမား ၂,၆၀၀ ယောက် နီးပါးရှိသည်။ ထက်ဝက်ကျော်မှာ လယ်သမားငယ်များ (လယ်မြေ ၁၀ ဧက အောက်ပိုင်ဆိုင်သူ)၊ လေးပုံတစ်ပုံမှာ လယ်သမားလတ်များ (လယ်မြေဧက ၁၀ မှ ၂၀ ပိုင်ဆိုင်သူ) နှင့် ငါးပုံတစ်ပုံ ထက်နည်းသူများမှာ လယ်သမားကြီးများ (လယ်မြေဧက ၂၀ အထက်ပိုင်ဆိုင်သူ) ဖြစ်ကြသည်။ လွန်ခဲ့သောနှစ်အတွင်း လယ်သမား ဦးရေသည် ၂၀ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မိသားစုများသည် တရားဝင်ချေးငွေရရှိရန် လယ်မြေပိုင်ဆိုင်ခွင့်ကို ခွဲယူကြသောကြောင့် ဖြစ်သည် (အောက်တွင်ကြည့်ပါ)။

၃၃။ ရွာအနည်းငယ်တွင် သိသာထင်ရှားသော အထွက်နှုန်းကျဆင်းခြင်းသည် အောက်ပါအချက်များကြောင့်ဖြစ်သည်။ ၂၀၀၈ ခုနှစ် မိုးရာသီတွင် ဓာတ်မြေဩဇာ အထောက်အပံ့များရရှိသော်လည်း ၂၀၀၉ ခုနှစ်တွင် မရရှိခြင်း၊ ဂဏန်းများ အစုလိုက်အပြုံလိုက် ဝင်ရောက်ခြင်း၊ သီးနှံရောဂါများကျရောက်ခြင်း၊ ရာသီဥတုဆိုးဝါးခြင်းနှင့် အခြေခံအဆောက်အအုံများ မကောင်းသောကြောင့် ရေလွှမ်းမိုးခြင်း စသည်တို့ဖြစ်သည်။

၃၄။ မျိုးစပါးဈေးနှုန်းသည် နာဂစ်အပြီး တစ်နှစ်အကြာနှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားသည်။ ဓာတ်မြေဩဇာဈေးနှုန်းနှင့် လုပ်အားခများမှာ တည်ငြိမ်နေပြီး ဒီဇယ်ဈေးနှုန်းမှာ မြင့်တက်လာသည်။

**ပုံ ၄။ လွန်ခဲ့သောနှစ်အတွင်း အထွက်နှုန်းများပြောင်းလဲမှု ရာခိုင်နှုန်း**




၁/ ရွာ ၅ ရွာမှ အချက်အလက်များမရရှိခဲ့ပေ။

**...သို့သော်လည်း စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုမှာ နာဂစ်မတိုင်မီကထက် လျော့နည်းနေဆဲဖြစ်ခြင်း**

ဤအောင်မြင်မှုသည် အရည်အသွေးပြည့်မီသော အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ သို့သော်လည်း လယ်သမားငယ်အများစုမှာ ချေးငွေမရရှိနိုင်မှုနှင့် ရင်ဆိုင်နေရပြီး များပြားသော၊ တိုးပွားလာသော ကြွေးမြီဝန်ထုပ်ဝန်ပိုးများကို ခံစားနေရသည် (အောက်တွင်ကြည့်ပါ)။ အလုပ်လုပ်နိုင်သော အရင်းအနှီးလျော့ပါးနေခြင်းနှင့် နာဂစ်အတွင်းက ဆုံးရှုံးသွားရသည့် အရင်းအနှီးပစ္စည်းဥစ္စာများအတွက် ပြန်လည်ဖြည့်တင်းနိုင်ရန် နည်းလမ်းမရှိခြင်းတို့ကြောင့် လယ်သမားများသည် ၎င်းတို့၏လုပ်ငန်းပမာဏများကို နာဂစ်မတိုင်မီအချိန်များကထက် လျော့ချလုပ်ကိုင်နေကြရသည်။ သုတေသနဆောင်ရွက်ချက်များကို စုပေါင်းလေ့လာရာတွင် တွေ့ရှိရသည်မှာ –

- **စိုက်ပျိုးရေးလုပ်ငန်းတွင် ၎င်းတို့၏လယ်ယာမြေအားလုံးကို အသုံးမချနိုင်ခြင်း[၁၅] နှင့် ထို့အတွက် အလုပ်သမား လိုအပ်ချက် နည်းလာခြင်း[၁၆]**။ ။ကျေးရွာများအတွင်းရှိ လယ်သမားများသည် မိုးစပါးစိုက်ပျိုးခြင်းအတွက်သာလျှင် ၎င်းတို့၏ လယ်မြေအားလုံးကိုအသုံးပြုသည်။ ၎င်းလယ်သမားများသည် နွေစပါးစိုက်ပျိုးရန်အတွက် လယ်မြေများအားလုံးကို အသုံးပြုခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် နွေစပါးသည် မြေဩဇာနှင့်ရေ ပိုမိုလိုအပ်ပြီး ယင်းတို့အတွက် မတတ်နိုင်သောကြောင့်ဖြစ်သည်။
- **ဓာတ်မြေဩဇာအသုံးပြုမှု သိသိသာသာလျော့ကျသွားခြင်း**။ ။ပုံမှန်အားဖြင့် လယ်သမားများသည် တစ်ဧကလျှင် ဓာတ်မြေဩဇာ ၂ အိတ်ကို အသုံးပြုကြသော်လည်း ယခုအခါ လယ်သမားများက တစ်အိတ် သို့မဟုတ် အိတ်တစ်ဝက်ကိုသာ အသုံးပြုနိုင်ကြသည်။ အချို့သောလယ်သမားများမှာမူ မြေဆီဩဇာညံ့သော မြေယာများတွင်သာ ဓာတ်မြေဩဇာကို အသုံးပြုကြတော့သည်။

---

၁၅။ သို့သော်လည်း နာဂစ်အပြီးနှစ်နှစ်မြောက်အတွင်း အခြေအနေအား နာဂစ်ပြီးတစ်နှစ်ကြာ အခြေအနေနှင့် နှိုင်းယှဉ်ချက်အရ ၁၀ ရာခိုင်နှုန်းထက်မကသော စိုက်ပျိုးမြေပမာဏ လျှော့ချစိုက်ပျိုးခြင်းကို ဆိုးရွားစွာထိခိုက်ခံရသော ကျေးရွာတစ်ရွာတွင်သာ တွေ့ရသည်။
၁၆။ နာဂစ်ပြီးပြီးချင်းတွင် လယ်သမားများသည် ၎င်းတို့၏မြေယာများကို စိုက်ပျိုးခြင်းမပြုပါက မြေယာပိုင်ဆိုင်ခွင့်များ ဆုံးရှုံးသွားမည်ကို စိုးရိမ်ခဲ့ကြသည်။ နှစ်နှစ်အကြာတွင် ယင်းစိုးရိမ်မှုများမှာ ပျောက်ကွယ်သွားသည်။ ရွာသားများသည် မည်သည့်မြေယာဆုံးရှုံးမှုကိုမှ တင်ပြခြင်းမရှိပေ (အောက်တွင်ကြည့်ပါ)။

- **လယ်ယာမြေအများစုတွင်ပျိုးထောင်စိုက်ပျိုးခြင်းထက် မျိုးစေ့ကြဲစိုက်ပျိုးခြင်းနည်းလမ်းကိုသာ အသုံးပြုခြင်း။** ။မျိုးစေ့ကြဲစိုက်ပျိုးခြင်းသည် အလုပ်သမားလိုအပ်ချက်ကို နည်းပါးစေသော်လည်း အထွက်နှုန်းသည် တစ်ဧကလျှင် ၁၀တင်းခန့် လျော့နည်းစေသည်။
- **မြေယာပြင်ဆင်မှုနှင့် ထိန်းသိမ်းမှုအတွက် ရင်းနှီးမြှုပ်နှံမှုမရှိခြင်း။** ။ဥပမာအားဖြင့် လယ်ကွက်အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ မြေကန်သင်းရိုးများကို ထိန်းသိမ်းပြုပြင်ခြင်းကို မပြုလုပ်ကြချေ။
- **လက်တွန်းထွန်စက်များ အသုံးပြုခြင်းကို စွန့်လွှတ်ခြင်း။** ။ယင်းကို လိုအပ်လာသည်မှာ နာဂစ်အတွင်း နိုင်းကျွဲနွားများ ဆုံးရှုံးသွားရသောကြောင့်ဖြစ်သည်။ သို့သော်လယ်သမားအများစုမှာ လယ်ထွန်စက်မောင်းပေးသူ ငှားရမ်းရန်နှင့် ဒီဇယ်ဝယ်ရန် မတတ်နိုင်ကြချေ။

## လယ်သမားများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအများအပြား၏ဒဏ်ကိုလည်း ခံစားနေကြရခြင်း

၂၀၀၉ ခုနှစ် စိုက်ပျိုးရာသီ၌ သီးနှံများတွင် ကျရောက်သောရောဂါများ၊ ကြွက်နှင့်ဂဏန်းများ ဝင်ရောက်ဖျက်ဆီးမှုများ၊ ဒီရေတောများလျော့နည်းလာခြင်းနှင့် ဆားငန်ရေဝင်ရောက်မှုကြောင့် မြေဆီလွှာများပျက်ဆီးသွားခြင်းတို့ကြောင့် အထက်ပါပြဿနာများသည် ကျေးရွာများ၏ သုံးပုံနှစ်ပုံတွင် ပိုမိုဆိုးဝါးလာသည်။ ပိုးမွှားအန္တရာယ်သည် နာဂစ်မတိုင်မီကပင် မြစ်ဝကျွန်းပေါ်ဒေသတွင် အများဆုံးရှိခဲ့သော်လည်း ဂဏန်း၊ ကြွက်စသည်တို့ ဝင်ရောက်ဖျက်ဆီးခြင်းနှင့် သီးနှံရောဂါများကျရောက်ခြင်းတို့သည် ပြီးခဲ့သောစိုက်ပျိုးရာသီတွင် သိသိသာသာ ဆိုးရွားလာခဲ့သည်။ ကျေးရွာ ၅ ရွာတွင် ဖြစ်ပွားခဲ့သော သီးနှံရောဂါများမှာ ပုံစံတူရောဂါသစ်များဖြစ်ကြသည်။ လေ့လာခဲ့သော ကျေးရွာများ၏ ငါးပုံတစ်ပုံခန့်ရှိ လယ်သမားများသည် ၎င်းတို့၏သီးနှံများမှာ ကြွက်များဖျက်ဆီးသော[၁၇]ကြောင့် ဆုံးရှုံးခဲ့ရသည်။ ထို့မှတပါး ကျေးရွာများ၏ ငါးပုံတစ်ပုံတွင် မြောင်းများ၊ တာတမံများနှင့် မြေသားတမံများကို မှန်ကန်စွာ ပြုပြင်ထိန်းသိမ်းခြင်း မပြုလုပ်ခဲ့သည့်အတွက် ရေငန်များဝင်ရောက်ခြင်း ဖြစ်ပေါ်ခဲ့သည်။

## …ယင်း၏ အကျိုးဆက်အဖြစ် အများစုမှာ ဝင်ငွေနှင့်ထွက်ငွေညီမျှရန် ရုန်းကန်နေကြရခြင်း

ယင်းအမျိုးမျိုးသောအချက်များ ပေါင်းဆုံသွားခြင်း၏ရလဒ်သည် မြစ်ဝကျွန်းပေါ်ဒေသ လယ်ယာကဏ္ဍ ပြန်လည်ထူထောင်နိုင်မှုအတွက် အဟန့်အတားများကို ဖြစ်ပေါ်စေခဲ့သည်။ ကျေးရွာ ၈ ရွာတွင်သာ မိုးစပါး အထွက်နှုန်းသည် နာဂစ်မတိုင်မီပမာဏသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဖြစ်ရပ် ၃ ခုတွင်သာ နာဂစ်မတိုင်မီ အချိန်ထက် (ပျမ်းမျှသုံးပုံတစ်ပုံခန့်) ကျော်လွန်သွားကြောင်း တွေ့ရှိရသည် ။ အကြောင်းမှာ ၎င်းရွာများသည် မုန်တိုင်းဒဏ် အနည်းငယ်သာခံခဲ့ရသော ရွာများဖြစ်သည် (ထို့ပြင် ယင်းနေရာရှိ လယ်သမားများတွင် အကြွေးပြန်ဆပ်ရန်နှင့် မိသားစုစားသုံးမှုအတွက် စုဆောင်းရန်အခက်အခဲမရှိပေ။ အောက်တွင်ကြည့်ပါ)။ ကျန်ရှိနေသောကျေးရွာ ၂၆ ရွာရှိလယ်သမားများသည် ထုတ်လုပ်မှုမှာ နာဂစ်မတိုင်မီ ပမာဏထက် ပျမ်းမျှ ၃၀% ကျော်ခန့် လျော့နည်းနေသေးသည်။ ကျန် ၆ ရွာတွင် ထုတ်လုပ်မှုမှာ တစ်ဝက်[၁၈]ခန့်သာလျှင်ရှိသည်။

## ဆန်ဈေးနှုန်းများမြင့်မားလာခြင်းမှာ အကောင်းနှင့် အဆိုးရောပြွမ်းနေခြင်း

အထက်တွင်ဖော်ပြထားသကဲ့သို့ စပါးအဖွင့်ဈေးနှုန်းများမှာ အစောပိုင်းနှစ်များနှင့် နှိုင်းယှဉ်လျှင် ၁၀ မှ ၄၀ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီး စပါးအဖွင့်ဈေးနှုန်းမြင့်လာခြင်းသည် ဈေးကွက်ဈေးနှုန်း မြင့်မားလာခြင်းအဖြစ်

---

၁၇။ ပလိပ်ရောဂါများ ဖြစ်ပွါးမှုကြောင့် ရွာသားများသည် ကြွက်များကို ဖမ်းဆီးရန် ညွှန်ကြားခြင်းခံရပြီး လတိုင်း ရယက ခေါင်းဆောင်ထံသို့ ကြွက်မြီး ၂၅–၃၀ ချောင်း ပေးအပ်ရသည်။ ၎င်းမှတဆင့် မြို့နယ်သို့ ပို့ဆောင်သည်။ အချို့ရွာများတွင် ကြွက်မြီးဈေးကွက်ပေါ်ပေါက်လာခဲ့ပြီး ကျပန်းအလုပ်သမားများအတွက် အပိုဝင်ငွေရရှိသည်။ အချို့နေရာ အနည်းငယ်တွင် သတ်မှတ်ချက်မပြည့်သူများမှာ ဒဏ်ကြေး ၁,၀၀၀ ကျပ် ပေးရသည်။ ယင်းလုပ်ငန်းများသည် ကြွက်ပြဿနာကို မဖြေရှင်းနိုင်သော်လည်း ရွာသားများမှာ မငြင်းဆန်နိုင်ကြပေ။ ကြွက်များသည် ရွာသားများ၏ အစားအစာတစ်ခုအဖြစ် ကာလကြာရှည်စွာ ရှိခဲ့သည်။
၁၈။ ရွာသုံးရွာအတွက် အချက်အလက်များကို SIM 2 မှ မရရှိခဲ့ပါ။

ကောက်ယူနိုင်သည်။ ကုန်သည်များသည် ဆန်များကို ၁–၂ လခန့် သိုလှောင်ပြီးသောအခါ ဈေးကွက်တွင် မိုးစပါးအချွန်နှင့် ဘေးကြားတို့အတွက် ၄.၅ သိန်းနှင့် ၆.၅ သိန်း[၁၉] ဈေးနှုန်းအသီးသီးဖြင့် ရောင်းချကြပြီး တင်း ၁၀၀ အတွက် ၁ သိန်း မှ ၂ သိန်း အမြတ်ရရှိသည် (ဇယား ၆)[၂၀]။

**ဇယား ၆။ ဆန်အတွက် စပါးအဖွင့်ဈေးနှုန်းနှင့် ဈေးကွက်ဈေးနှုန်း**

| | အချွန် ၁/ | ဘေးကြား |
|---|---|---|
| ၂၀၀၉ မိုးစပါးအဖွင့်ဈေးနှုန်း | ၆.၅ သိန်း | ၄.၅ သိန်း |
| ၂၀၀၉ မိုးစပါးဈေးကွက်ဈေးနှုန်း | ၄.၅ သိန်း | ၆.၅ သိန်း |
| အမြတ် | ၁.၀ သိန်း | ၂.၀ သိန်း |
| နာဂစ်မဖြစ်မီ စပါးအဖွင့်ဈေးနှုန်း | ၃.၅ သိန်း | ၆.၀ သိန်း |

၁/ တင်း (၁၀၀)

ငင်းအမြတ်ကို အကောင်းမြင်ဘက်မှ ရှင်းပြရလျှင် ရွာ၏ ၄၀ % အတွင်းရှိ လယ်သမားများသည် ၎င်းတို့၏ စပါးများအားလုံးကို ရိတ်သိမ်းပြီးလျှင်ပြီးချင်း အကြွေးပြန်ဆပ်ရန်နှင့် လုပ်အားခပေးရန် ရောင်းကြရသည်။ အချို့ လယ်သမားများမှာ စားသုံးရန်အတွက် အနည်းငယ်သိုလှောင်နိုင်ကြသည်။ ၎င်းတို့၏ သိုလှောင်ထားသော ဆန်များ လျော့ပါးသွားသောအခါ ဆန်ကိုဈေးမှ ပြန်လည်ဝယ်ယူစားသုံးရန် လိုအပ်လာသည်[၂၁]။ ထို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာခြင်း၏ လယ်သမားများဝင်ငွေအပေါ် အကျိုးသက်ရောက်မှုမှာ အနုတ်လက္ခဏာ ဆောင်သောသဘောတွင် ရှိပါသည်[၂၂]။

**... မျှော်လင့်ချက်ကင်းသော အလားအလာများ**

SIM 3 ကွင်းဆင်းလေ့လာမှု၏ တွေ့ရှိချက်များအရ အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးတွင် ၂၀၀၉ မိုးရာသီအတွင်း အထွက်နှုန်းတိုးလာခြင်းမှာ အထောက်အပံ့ပေးသူများမှပေးဝေသော ဓာတ်မြေဩဇာ အထောက်အပံ့များရရှိခြင်းသည်လည်း တစ်စိတ်တစ်ပိုင်းအားဖြင့် သက်ဆိုင်လျက်ရှိသည်။ သို့သော် ယခုအချိန်တွင် ကျေးရွာတစ်ရွာသာလျှင် ဓာတ်မြေဩဇာ ထပ်မံရရှိမှုရှိပြီး ၂ ရွာတွင် မျိုးစပါးရရှိသည်ကို တွေ့ရသည်။ လယ်ယာ လုပ်ငန်းကို ထိခိုက်စေသော အကြောင်းရင်းတွင် ယခုနှစ်တွင် မိုးသည် သီတင်း ၆ ပတ်ခန့် နောက်ကျ၍ ရွာသွန်း ခြင်းသည်လည်း အကြောင်းအခြင်းအရာတစ်ခုပင် ဖြစ်သည်။ ယင်း၏ အကျိုးဆက်အားဖြင့် ရွာများအတွင်းရှိ လယ်သမားများသည် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းသော သက်ရင့်စပါးမျိုး ဖြစ်သည့် ဘေးကြားကို မစိုက်ပျိုးနိုင်တော့ပေ။ ထို့အပြင် လယ်များကိုရေသွင်းရန် ဒီရေကို မှီခိုအားထားနေရသော (ကျေးရွာနှစ်ရွာတွင် ဖြစ်သည်) ရွာသားများသည် ယခုနှစ်တွင် ဒီရေသည် ၎င်းတို့အသုံးပြုနိုင်သောအမြင့်ထိ တက်မလာသောကြောင့် လယ်ကွင်းများအတွင်းသို့ ရေရောက်ရှိမှု နည်းပါးသည်ကို တင်ပြကြသည်။ ယင်းတို့၏ အကျိုးဆက်အဖြစ် လယ်သမားများသည် ၂၀၀၉ စိုက်ပျိုးရာသီတွင် အထွက်နှုန်းမြင့်မားခဲ့သော အခြေအနေမှ ကျဆင်းသွားမည်ကို

၁၉။ ၁ သိန်းသည် ကျပ်ငွေ ၁၀၀,၀၀၀ နှင့်ညီမျှသည်။

၂၀။ ၎င်းအမြတ်သည် လွန်ခဲ့သောနှစ်အတွင်း များစွာ မပြောင်းလဲဘဲ ရှိနေခဲ့သည်။

၂၁။ လယ်သမားအများစုမှာ မျိုးစပါးလည်းမသိုလှောင်နိုင်ဘဲ နှောင်နှစ်စိုက်ပျိုးရာသီတွင် ပြန်ဝယ်ကြရပြီး အိမ်အသုံးစရိတ်များမှာလည်း ပိုမိုမြင့်မားလာသည်။

၂၂။ ရေချိုပိုင်းတွင်နေထိုင်သော လယ်သမားများသည် ကွမ်းရွက်ရောင်းရန် အလို့ငှာ ကွမ်းစိုက်ပျိုးခြင်းကို လုပ်ကိုင်ကြသည်။ ယင်းလုပ် ငန်းသည် စပါးစိုက်ပျိုးသည်ထက် တစ်ဧကလျှင် ၄ ဆခန့်မြတ်သည်။ ၎င်းအပင်များသည် လေနှင့် ရာသီဥတုဒဏ်ကြောင့် အလွန် ထိခိုက်လွယ်ကြပြီး နာဂစ်ကြောင့် အများစုမှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ ကွမ်းရွက်စိုက်ပျိုးရန် အရင်းအနှီးသည် များပြား လာသောကြောင့် အနည်းငယ်သာလျှင် ပြန်လည်စိုက်ပျိုးနိုင်ကြသည်။

၂၃။ လေ့လာခဲ့သော ကျေးရွာ ၄ ရွာတွင် နာဂစ်မုန်တိုင်းသည် ဒီရေတောများကို ဖျက်ဆီးခဲ့သည်။

စိုးရိမ်နေကြပြီး အနာဂတ်တွင် ၎င်းတို့၏ အသက်မွေးမှုလုပ်ငန်းများအတွက် အကျပ်အတည်း ပြဿနာများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေတော့သည်။ ၎င်းကဲ့သို့သောဖြစ်ရပ်များသည် ယခုစစ်တမ်းကောက်ယူခဲ့သော ရွာမဟုတ်သည့် အခြားကျေးရွာများတွင်လည်း ဖြစ်ပွားနိုင်ဖွယ်ရှိသည်။

## ရေလုပ်ငန်း

### ရေလုပ်ငန်းကဏ္ဍ၏ အခြေအနေမှာ သိသိသာသာ ဆိုးရွားလာခဲ့ခြင်း

လွန်ခဲ့သောနှစ်အတွင်း သိသာထင်ရှားသော အပြောင်းအလဲများအဖြစ် ရေလုပ်သားလူဦးရေ အများအပြားရှိသည့် ကျေးရွာ ၂၁ ရွာတွင် ရေလုပ်ငန်းသည် ငါးသယံဇာတ၊ ဖမ်းဆီးရရှိသောငါးအထွက်နှုန်း၊ အကျိုးအမြတ်နှင့် အလုပ်အကိုင်ရရှိမှုတို့တွင် သိသာထင်ရှားစွာ ကျဆင်းလာသည်။ ယင်းကျဆင်းမှု၏ အကြောင်းအရင်းကို ရေလုပ်သားများအနေဖြင့် မသိကြသော်လည်း ဖြစ်နိုင်သည်မှာ အောက်ပါအချက်များ ပေါင်းဆုံခြင်းကြောင့် နာဂစ်အပြီးတစ်နှစ်တွင် သိသာထင်ရှားခြင်း သိပ်မရှိသေးဘဲ ယခုနောက်ပိုင်းတွင်မှ ၎င်းရလဒ်များမှာ သိသာထင်ရှားလာသည်ဟု ကောက်ချက်ချနိုင်သည်။ ၎င်းအချက်များမှာ (၁) နာဂစ်မုန်တိုင်း၏ ထိခိုက်မှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသ၏ ပတ်ဝန်းကျင်ဂေဟစနစ်များကို ပြောင်းလဲစေခြင်း (၂) အလွန်အကျွံငါးဖမ်းမှုနှင့် မလျော်ကန်သော ငါးဖမ်းကိရိယာများကို အသုံးပြုခြင်းနှင့် (၃) ရေလုပ်ငန်းဆိုင်ရာအသိပညာများ နည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။

### မဖြစ်သင့်သောအချိန်တွင် နာဂစ်သည် မြစ်ဝကျွန်းပေါ်၏ ပင်လယ်ရေအောက်ရှိ အပင်နှင့်သတ္တဝါများကို ပျက်ဆီးစေခဲ့ခြင်း

နာဂစ်မုန်တိုင်းကြောင့် ကြီးမားသောရေအောက်လှုပ်ရှားမှု ဖြစ်ပေါ်ပြီး ပင်လယ်ရေအောက် ရေသယံဇာတများစွာကို ပျက်ဆီးစေခဲ့သည်။ ကမ်းခြေနှင့် နီးသောနေရာနှင့် ကျွန်းများအကြားတွင် နေထိုင်ကြသော အမျိုးမျိုးသော ငါး၊ ပုစွန်တို့ကို သေကြေပျက်စီးစေခဲ့သည်။ နာဂစ်မုန်တိုင်းသည် ငါးမျိုးစိတ်များ၏ အစားအစာနှင့် မှီတင်းနေထိုင်ရာနေရာများ အထူးသဖြင့် သားပေါက်ချိန်တွင် ငါးများမှီတင်းနေထိုင်ကြသော ဒီရေတောများကိုလည်း ပျက်စီးစေခဲ့သည်[၂၃]။ အံ့သြတုန်လှုပ်ဖွယ်အချက်မှာ မုန်တိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသရှိငါးများ ငါးဥဥသည့် ရာသီအစပိုင်းတွင် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ရေချိုငါးမျိုးစိတ်အများစုမှာ ဧရာဝတီမြစ်တစ်လျှောက် မြစ်ဝကျွန်းပေါ်အောက်ပိုင်းသို့ စုန်ဆင်းလာတတ်ကြပြီး ရေငန်ငါးမျိုးစိတ်အများစုမှာ မြစ်ဝကျွန်းပေါ်သို့ ဆန်တတ်လာကာ ရေချိုရေငန်စပ်သောနေရာများတွင် သားပေါက်ဖွားနိုင်ရန်အတွက် ပြောင်းရွှေ့လာတတ်ကြသည်။ မုန်တိုင်းသည် ယင်းပြောင်းရွှေ့လာသော ငါးမျိုးစိတ်များကိုသာမက ပေါက်ဖွားပြီးသား ငါးသားပေါက်များကိုပါ သေကြေပျက်စီးစေခဲ့ရာ ငါးဖမ်းဆီးရရှိမှုသည်လည်း မရှည်ကြာလှသော ကာလအတွင်း ရှောင်လွှဲမရအောင် ကျဆင်းလာသည့်အရေးသို့ ဆိုက်ရောက်ခဲ့တော့သည်။

### လူတို့ပြုလုပ်သောအရာများကလည်း အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေခြင်း

နာဂစ်မတိုင်မီအချိန်ကပင် စည်းကမ်းမဲ့ ငါးဖမ်းခြင်းများကြောင့် ဖမ်းယူရရှိသော ငါးပမာဏမှာ လျော့နည်းလာခဲ့သည်။ အကွက်အလွန်စိတ်သော ပိုက်ကွန်များကို အသုံးပြုခြင်းကြောင့် ရေလုပ်သားများသည် သေးငယ်သော ငါးကလေးများကိုပါ ဖမ်းယူရရှိခဲ့ကြပြီး သဘာဝငါးသယံဇာတပမာဏကို လျော့နည်းစေတော့သည်။ နာဂစ်မုန်တိုင်းအပြီး အချိန်ကာလများတွင် ၎င်းပြဿနာသည် ထောက်ပံ့ရေးအကူအညီအဖြစ် ရရှိသော မလုံလောက်သည့် ပစ္စည်းကိရိယာများကို အသုံးပြုရခြင်းနှင့် ထပ်ဆင့်ပေါင်းသွားခဲ့သည်။ ယင်းကဲ့သို့အထောက်အပံ့များ မလုံလောက်ခြင်းသည်[၂၄] မြစ်ဝကျွန်းပေါ်ဒေသ၏ ရှုပ်ထွေးသော ရေလုပ်ငန်းအစုစုနှင့် ကိရိယာများလိုအပ်မှု၏ နောက်ဆက်တွဲအကျိုးဆက်များအား ထည့်သွင်းမစဉ်းစားခဲ့သောကြောင့် ဖြစ်သည်။ အချို့ရွာများရှိ ရေလုပ်သားများမှ လှူဒါန်းခဲ့သော ငါးဖမ်းပိုက်ကွန်များမှာ ပိုက်ကွက်အလွန်စိတ်သောကြောင့် ငါးပေါက်လေးများကိုပါ ဖမ်းဆီးရမိသည့်အတွက် ငါးပေါက်များကိုပါ သေစေသည်ဟု တင်ပြကြသည်။

---

၂၃။ လေ့လာခဲ့သောကျေးရွာ ၄ ရွာတွင် နာဂစ်ကြောင့် ဒီရေတောများပျက်စီးသွားခဲ့သည်။

၂၄။ ရေလုပ်သားများကို ထောက်ပံ့ပေးခဲ့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များသည် လယ်သမားများနှင့် ကျပန်းအလုပ်သမားများကို ပေးခဲ့သည်ထက် နည်းပါးသည်။ အပေါ်တွင်ကြည့်ပါ။

## နာဂစ်မုန်တိုင်းသည် မြစ်ဝကျွန်းပေါ်ရေလုပ်ငန်းနှင့်ပတ်သက်သော အသိပညာလက်ဆင့်ကမ်းမှုကို အကြီးအကျယ် ထိခိုက်စေခဲ့ခြင်း

မြစ်ဝကျွန်းပေါ်ရှိရေလုပ်ငန်းမှာ ကွဲပြားခြားနားသော ငါးအမျိုးအစားများနှင့် (ပုဇွန်) များကို ဖမ်းဆီးရန်အတွက် မတူညီသောနည်းပညာနှင့် ပစ္စည်းကိရိယာများ လိုအပ်သည့် ရှုပ်ထွေးသော လုပ်ငန်းဆောင်တာ တစ်ရပ်ဖြစ်သည်။ ယင်းအသိပညာများမှာ အဖေမှသားသို့ လက်ဆင့်ကမ်းပေးထားခြင်းမျိုးဖြစ်သည်။ နာဂစ်အတွင်းက ရေလုပ်သားများ အများအပြား သေဆုံးခဲ့ကြသဖြင့် ရေလုပ်ငန်းအသိပညာ လက်ဆင့်ကမ်းခြင်း ရပ်တန့်သွားစေပြီး ကျန်ရှိနေသော ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောင်းလဲသွားသော ပတ်ဝန်းကျင်ဂေဟစနစ်နှင့်အညီ လိုက်လျောညီထွေစွာ နေထိုင်လုပ်ကိုင်နိုင်စွမ်းအပေါ် သိသိသာသာ ထိခိုက်စေခဲ့သည်။

## ရေလုပ်သားများမှာ ၎င်းတို့၏လုပ်ငန်းလုပ်ကိုင်မှု နယ်ပယ်ကို သိသိသာသာ လျော့ချလာကြရခြင်း

လေ့လာခဲ့သော ရေလုပ်ငန်းလုပ်ကိုင်သော ကျေးရွာများတွင် ရေလုပ်သားငါးပုံလေးပုံခန့်မှာ ငွေချေးငှားနိုင်မှုမရှိခြင်း၏ အကျိုးဆက်အဖြစ် နာဂစ်မုန်တိုင်းအတွင်း ပျက်စီးဆုံးရှုံးသွားခဲ့သော လှေများ၊ ပိုက်ကွန်များနှင့် အခြားပစ္စည်းများကို ပြန်လည်အစားထိုးနိုင်ခြင်းမရှိပေ[၂၅]။ ကျေးရွာ ၂၁ ရွာလုံးရှိ ရေလုပ်သားငယ်နှင့် ရေလုပ်သားလတ်များအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်လုပ်နိုင်သော အရင်းအနှီးများ ကုန်ခန်းခဲ့ရခြင်းမှာ ရေလုပ်သားများ၏ အဓိကအားထားရာဖြစ်သော ငါးအဝယ်ဒိုင်များမှ ၎င်းတို့ကိုယ်တိုင် ငွေချေးငှားရန် ငွေနည်းနေခြင်းနှင့် ယင်းသို့ငွေချေးငှားခြင်းအားဖြင့် ဆုံးရှုံးမှုအန္တရာယ်နှင့် ရင်ဆိုင်နိုင်ကြောင်း နားလည်သိရှိသောကြောင့် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမရှိခြင်း၏ အကျိုးဆက်မှာ ဖမ်းယူရရှိသော ငါးပမာဏကို နည်းပါးသွားစေခြင်းဖြစ်သည်။ ရေလုပ်သားများသည် လှေနှင့်ပိုက်ကွန်များကို ၎င်းတို့တတ်နိုင်သလောက် အနည်းငယ်သာ ပြင်ဆင်ပြုလုပ်နိုင်ကြသည့်အတွက် ၎င်းတို့၏ပစ္စည်းများမှာ အခြေအနေဆက်လက်၍ ဆိုးရွားနေဆဲပင်ဖြစ်သည်။

**သာဓက ၆။ ရွာတစ်ရွာ၏ ကျဆင်းလျက်ရှိသောရေလုပ်ငန်း**

ရွာတစ်ရွာအတွင်းရှိ ငါးဖမ်းသမားများသည် ဆိုးရွားသော အသက်မွေးမှုအခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ အကြောင်းမှာ ငါးသလောက်နှင့် ပုဇွန်ကျော့များဖမ်းယူရရှိမှုသည် ၂၀၀၉ ခုနှစ် နှစ်လယ်မှစ၍ သိသိသာသာ ကျဆင်းလာသောကြောင့် ဖြစ်သည်။ နာဂစ်မတိုင်မီက ဒီရေအတက်အကျတစ်ခါတွင် ၁၃ ရက်ခန့် ငါးသလောက်ငါး အမြောက်အမြား ဖမ်းယူရရှိခဲ့သည်။ (ဒီရေတစ်ကြိမ်တွင် ၁၅ ရက်ဖြစ်သည်။) ယခုအခါ ဒီရေတစ်ကြိမ်လျှင် နှစ်ရက်မှ သုံးရက်ခန့်အထိသာ ငါးဖမ်းနိုင်ပြီး ရေတက်ရေကျကောင်းသောနေ့တွင်ပင် ဖမ်းဆီးရရှိမှုနှုန်းမှာ လျော့နည်းလာခဲ့သည်။ ထို့ကြောင့် ရွာထဲရှိ ငါးဖမ်းသမားများမှာ ပုံမှန်ငါးဖမ်းခြင်းကို မလုပ်ကိုင်တော့ဘဲ အများစုမှာ ကျပန်းအလုပ်သမားများအဖြစ် လုပ်ကိုင်နေကြသည်။ အချို့စက်တပ်လှေပိုင်သော ရေလုပ်သားများသည် လှေသမားများနှင့် လှေငှားစားသူများ ဖြစ်လာကြတော့သည်။

ငါးအဝယ်ဒိုင်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အတွေ့အကြုံများမှာ ရေလုပ်သားများ၏ အတွေ့အကြုံများပေါ်တွင် အရိပ်ထင်လျက်ရှိသည်။ ကျေးရွာအတွင်းရှိ ငါးအဝယ်ဒိုင်တစ်ခုသည် နာဂစ်မတိုင်မီက ဖွန်လအတွင်း ဒီရေတစ်ရေတွင် တစ်ရက်လျှင် ပုဇွန်ကျော့ ၅ စည် စုဆောင်းရရှိခဲ့သည်။ သို့သော် ၂၀၀၉ ဖွန်လအတွင်း ရေတက်ရေကျကောင်းသောနေ့တွင်ပင် ၁ စည်ပင် မရရှိခဲ့ပေ။ ထိုနည်းတူစွာ နာဂစ်မတိုင်မီက ဒီရေတစ်ရေလျှင် ငါးသလောက် ၂ စည်ခန့် စုဆောင်းနိုင်ခဲ့သော်လည်း ယခုအခါတွင် ဒီရေကောင်းသောနေ့တွင်ပင် ငါးသလောက် ငါးကောင်ထက်ပိုမရရှိပေ။ ငါးအဝယ်ဒိုင်မှာ ၎င်းရွာတစ်ခုတည်းတွင်သာ ယင်းသို့ကြုံတွေ့နေရခြင်းမဟုတ်ဟု ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် သဘော်ပေါ်တွင် ငါးသလောက်စည် အနည်းငယ်ကိုသာ တွေ့ရသောကြောင့်ဖြစ်သည်။ ၎င်း၏စီးပွားရေးကျဆင်းလာသည့်အတွက် သားဖြစ်သူ၏ကုန်စုံဆိုင်များနှင့် ဆန်အရောင်းအဝယ်လုပ်ငန်းများပေါ်တွင် မှီခိုလာရပြီး ငါးအဝယ်ဒိုင်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်လား၊ မလုပ်ကိုင်ရတော့ဘူးလားကိုမူ မသိရှိသေးပေ။

၂၅။ လှေ၊ ပိုက်ကွန်စသော ပစ္စည်းများ၏ ဈေးနှုန်းသည်လွန်ခဲ့သောနှစ်အတွင်းတည်ငြိမ်နေခဲ့သည်။

ရေလုပ်ငန်းလုပ်ကိုင်သူ ဦးရေများသောရွာများတွင် ရေလုပ်သားများသည် ငါးဖမ်းကိရိယာအစုံအလင် ရရှိနိုင်စေဖို့ရာ အရင်းအမြစ်နှင့် ပစ္စည်းကိရိယာများကို မျှဝေသုံး၍ ငါးဖမ်းကြသည်။ ပိုကောင်းသောပစ္စည်းများ ငှားရမ်းသုံးဖို့ရာမှု ရေလုပ်ငန်းလုပ်ကိုင်သူ အများစုအတွက် လက်လှမ်းမမီနိုင်ချေ။ လေလံပိုင်ရှင်များကို ရေလုပ်သားငယ်များမှ မဖြစ်မနေပေးရသော ငါးဖမ်းခွင့်လိုင်စင်ကုန်ကျစရိတ်သည် လွန်ခဲ့သောနှစ်အတွင်း အနည်းနှင့် အများဆိုသလို တည်ငြိမ်နေသည်။ ရွာအားလုံးတွင် အချို့သောလေလံပိုင်ရှင်များမှာ ရေလုပ်သားငယ်များကို ၎င်းတို့ ငါးဖမ်းဧရိယာအတွင်း ဖမ်းခွင့်မပေးချေ။ ငါးခိုးဖမ်းလျှင် လှေနှင့်ငါးဖမ်းပစ္စည်းများ သိမ်းယူခံရမည့် အန္တရာယ်ရှိသော်လည်း ၎င်းတို့အား ငါးခိုးဖမ်းရန် တွန်းအားပေးနေသကဲ့သို့ရှိသည်။ ရွာ ၆ ရွာရှိ ရေလုပ်သားများသည် လိုင်စင်ကြေးပေးရန် ငြင်းဆန်ကြပြီး ငါးခိုးဖမ်းကြသည်။ မြို့နယ်မှ တာဝန်ရှိသူများနှင့်ရဲများ ကျေးရွာများသို့ လှည့်လည်စစ်ဆေးမှသာ ခိုးယူခြင်းကိုရပ်ကြသည်။

ရွာတစ်ရွာတွင် ကျပန်းလုပ်သားတစ်ဦးသည် လျှပ်စစ်ဖြင့် ရှော့တိုက်ခြင်းကိုအသုံးပြု၍ ငါးများကိုသေစေပြီး တရားမဝင်ငါးဖမ်းခဲ့သည်။ ၎င်း၏စားဝတ်နေရေးအသက်မွေးမှုမှာ ဆိုးဝါးသော အခက်အခဲများနှင့် ရင်ဆိုင်နေရသောကြောင့် အခြားရွာသားများကလည်း ၎င်းကိစ္စကို လစ်လျူရှုခဲ့သည်။ အခြားရွာတွင်လည်း ရေလုပ်သားကြီး တစ်ဦးသည် ၁၂ ဗို့ဘက်ထရီဖြင့် လျှပ်စစ်ရှော့တိုက်၍ ငါးဖမ်းခြင်းနှင့် အဆိပ်ကိုအသုံးပြု၍ ငါးဖမ်းခြင်းများကို ပြုလုပ်ခဲ့သဖြင့် ငါးအမျိုးအစားမျိုးစုံနှင့် အရွယ်မျိုးစုံသေဆုံးကာ ရပ်ရွာပတ်ဝန်းကျင်အတွင်း ငါးဖမ်းဆီးရရှိမှု ပမာဏလျော့နည်းလာခဲ့ရာ အခြားသောရေလုပ်သားများနှင့် တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ၎င်းမှာ အလွန်ချမ်းသာသောကြောင့် ၎င်း၏အပြုအမူအား မကျေနပ်ကြောင်း တိုင်ကြားရဲသူမရှိပေ။

**…ထို့ပြင် ရေလုပ်သားများ၏ အသက်မွေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်မှုသည် လယ်သမားများထက်ပို၍ အခြေအနေဝေးကွာလျက်ရှိနေခြင်း**

အမျိုးမျိုးအထွေထွေသော အကြောင်းအရာများ၏ အကျိုးဆက်ကြောင့် ငါးဖမ်းရရှိမှုသည် ရေလုပ်ငန်း လုပ်ကိုင်သူ အများပြားရှိသော ကျေးရွာ၂ ရွာတွင် ဆက်လက်ကျဆင်းနေသည်။ ရေလုပ်သားများက ရှင်းပြသည်မှာ ၎င်းတို့သည် ယခုအခါ ငါးသလောက် (မြစ်ဝကျွန်းပေါ်၏အဓိကငါးအမျိုးအစား) ကို နာဂစ်မတိုင်မီအချိန်က တစ်လတွင်အနည်းဆုံး ၁၀ ရက်ခန့်ဖမ်းယူနိုင်သောအခြေအနေရှိပြီး ယခုအခါ ငါးဖမ်းရရှိမှု လျော့နည်းသွားသောကြောင့် တစ်လတွင် ၄ ရက်သာ (၁၅ ရက်ပတ်လည်အတွင်း) ဖမ်းယူနိုင်တော့သည်။ လွန်ခဲ့သောနှစ်အတွင်း ငါးသလောက်ဈေးနှုန်းမှာ နေရာတော်တော်များများတွင် သုံးပုံတစ်ပုံတိုးမြင့်လာကြောင်း တွေ့ရသော်လည်း (သို့သော်လည်း နာဂစ်မတိုင်မီ ပမာဏထက်နိမ့်ကျနေသေးသည်) ကုန်ထွက်ဆုံးရှုံးမှုနှုန်း[၂၆] ကို မြင့်တင်ရန်အတွက် မလုံလောက်သေးချေ။

ရေလုပ်သားများရရှိသော ငါးဈေးနှုန်းမှာ ဆန်အတွက်ရရှိသော စပါးအဖွင့်ဈေးနှုန်းထက် ဈေးကွက် ပုံမှန်ဈေးနှုန်းနှင့် ပိုမိုနီးစပ်စွာ ရရှိသည်။ သို့သော်လည်း ရွာအများစုတွင် ငါးအဝယ်ဒိုင်များသည် ငါးဝယ်ယူသော အခါ ပုံမှန်ထက်လေးသော အလေးများဖြင့် ဝယ်ယူကြသဖြင့် ရေလုပ်သားများမှာ ခေါင်းပုံဖြတ်ခံရသည်။ ရ.ယ.က ခေါင်းဆောင်များဖြစ်သော ရေလုပ်သားများပင် ယင်းပုံမှန်အသားကျနေသော စီးပွားရေးပုံစံကို လက်ခံရပြီး ၎င်းတို့ကို ယှဉ်ပြိုင်ပြောဆိုမှု မပြုလုပ်ရဲဘဲ နှုတ်ဆိတ်နေကြရသည် ။ အဘယ့်ကြောင့်ဆိုသော် ယင်းအဝယ်ဒိုင်များ ဆီမှ ကြိုတင်ယူထားသော ငွေများကို ပြန်ပေးဆပ်ရန်နှင့် အနာဂတ်တွင် အခြားသော ကြိုတင်ငွေလိုအပ်ချက်များ ရှိနိုင်သောကြောင့် ဖြစ်သည်။[၂၇]

နာဂစ်မတိုင်ခင်က ရေလုပ်သားငယ်များသည် ဒီရေတစ်ပတ်တွင် ကျပ် ၁၀၀,၀၀၀ ခန့် ဝင်ငွေရှိသည်။ ရေလုပ်သားကြီးများသည် ကျပ်ငွေ လေးသန်းမှ ၁၅ သန်းအထိ ရရှိသည်။ နာဂစ်ပြီးစနောက်ပိုင်းတွင်ဖြစ်သော အဓိကငါးဖမ်းရာသီ (၂၀၀၈ ဇူလိုင်လမှ စက်တင်ဘာ) တွင်ပင် ငါးဖမ်းမှုမှာ ကောင်းသည်ဟု ရွာသားများ ထင်ကြသည်။ ယခုနောက်ပိုင်းနေ့ရက်များတွင် ရေလုပ်သားငယ်များမှာ ငါးတစ်ကောင်မျှမရဘဲ ပြန်လာရသည့်

၂၆။ ရေလုပ်သားများသည် ငါးပုဏ္ဏားအသေးလေးများကို ပိုဖမ်းမိသော ပုံပြင်ဆန်သော အထောက်အထားများကို အနည်းဆုံး မြို့နယ်တစ်ခုတွင် တွေ့ရှိခဲ့ရသည်။ သို့သော်လည်း ၎င်းငါး၏ဈေးနှုန်းမှာ ကျဆင်းနေသည်။

၂၇။ ၎င်းအလေ့အထသည် လယ်ယာလုပ်ငန်းတွင် မထင်ရှားလှပေ။ လယ်သမားများသည် ၎င်းတို့သိသော ကုန်သည်ကို အမြဲတမ်း ရောင်းချသည်။ ၎င်းတို့နှင့် မသိသော ကုန်သည်မှ ဈေးပိုပေးလျှင် လယ်သမားများက ပိုလေးသောအလေးများ အသုံးပြုမည်ဟု သံသယရှိကြသည်။

ရက်များလည်းရှိသည်ကို တွေ့ရသည်။ ဈေးနှုန်းတိုးတက်လာသော်လည်း အထွက်နှုန်းကျဆင်းလာခြင်းသည် ရေလုပ်သားများ၏ နေ့စဉ်ဝင်ငွေကို သိသာထင်ရှားစွာ လျော့ပါးစေပြီး ရေလုပ်သားအများစုကို ကျပန်းအလုပ်သမား များဖြစ်စေသည်ကို ရေလုပ်ငန်းလုပ်ကိုင်သော ၂၁ ရွာလုံးတွင် တွေ့ရှိရသည် (သာဓက ၇) (အောက်တွင်ကြည့်ပါ)။

> **သာဓက ၇။ ငါးများရှားပါးလာခြင်းကြောင့် ရေလုပ်သားများ အခက်အခဲနှင့် ရင်ဆိုင်လာရခြင်း**
>
> ရေလုပ်သားတစ်ဦးတွင် ကျားပိုက်ခြောက်စုံနှင့် ပင်လယ်ငါးဖမ်းရန် လှေတစ်စီးရှိပြီး နာဂစ်မုန်တိုင်း အတွင်းက ပျက်ဆီးဆုံးရှုံးခြင်း မရှိခဲ့ပေ။ ၂၀၀၉ ခုနှစ်တွင် ၎င်းနှင့် ၎င်း၏မိသားစုသည် ငါးဖမ်းရာသီတစ်ခုလုံး (လေးလ) တွင် ပင်လယ်၌နေကြသော်လည်း ၎င်းတို့အနေဖြင့် ငါးနှင့်ပုဇွန် အနည်းငယ်သာဖမ်းဆီး ရရှိခဲ့သည်။ ယင်းမှာ ပင်လယ်တွင်နေစဉ် ကုန်ကျခဲ့သော ၎င်းတို့၏ နေထိုင်စားသောက်စရိတ်အတွက် ငါးအဝယ်ဒိုင်ထံမှ ငွေချေးယူခဲ့သော ပမာဏကိုပင် မကာမိပေ။ ထို့ကြောင့်ငါးဒိုင်မှ ချေးယူထားသော အကြွေးကို ပြန်လည်ပေးဆပ် ရန်အတွက် ၎င်း၏လှေနှင့် ငါးဖမ်းပိုက်ကွန်လေးစုံကို စွန့်လွှတ်လိုက်ရတော့သည်။

## အသေးစားစီးပွားရေးလုပ်ငန်းများ

မြစ်ဝကျွန်းပေါ်၏ အဓိကစီးပွားရေးကို လယ်ယာလုပ်ငန်းမှ လွှမ်းမိုးထားပြီး ရေလုပ်ငန်းကဏ္ဍမှာ ယနေ့ အချိန်တွင် အတိုင်းအတာတစ်ခုအထိ လျော့နည်းနေသည်။ လေ့လာခဲ့သော ကျေးရွာ ၄၀ တွင် အသေးစားစီးပွားရေး လုပ်ငန်းအနည်းငယ်သာရှိသည်ကို နှိုင်းယှဉ်ကြည့်နိုင်သည်။ သုတေသနအဖွဲ့သည် အောက်ပါအသေးစား စီးပွားရေး လုပ်ငန်းများ၏ နမူနာများနှင့် ၎င်းတို့၏အခြေအနေများကို မှတ်တမ်းတင်ခဲ့ပါသည် (ဇယား ၇)။

**ဇယား ၇။ အသေးစားစီးပွားရေးလုပ်ငန်းများ ပျံ့နှံ့တည်ရှိမှုနှင့် ၎င်းတို့၏အခြေအနေ**

| စီးပွားရေးအမျိုးအစား | တည်နေရာ | အခြေအနေ |
|---|---|---|
| ဈေးဆိုင်ပိုင်ရှင်များ | ကျေးရွာများတွင် အနှံ့အပြား | လုပ်ငန်းအခြေအနေအမျိုးမျိုး–အချို့မှာ တိုးချဲ့လာနိုင်ပြီး အခြားသူများမှာ ရုန်းကန်နေရသည်။ |
| ဗီဒီယိုအခွေဆိုင်ပိုင်ရှင်များ | ကျေးရွာအများစုတွင် တစ်ရွာလျှင် တစ်ဆိုင်နှစ်ဆိုင် | ကြည့်မည့်သူမရှိ၍ ပိတ်ရမည့်အခြေအနေရှိပြီး၊ အခြားသူများမှာ တစ်ပတ်လျှင် ရက်အနည်းငယ် ဗီဒီယိုပြသည်။[၂၈] |
| ဆန်စက်ပိုင်ရှင်များ | ရွာခြောက်ရွာတွင် တစ်ရွာလျှင် တစ်ဦး | လုပ်ငန်းမှာ ရွာ ၃ ရွာတွင် ကောင်းပြီး အခြား ရွာ ၃ ရွာတွင် မကောင်းပေ။ |
| ငါးပိလုပ်ငန်းလုပ်သူများ | ရွာသုံးရွာတွင် တစ်ရွာလျှင် တစ်ဦး | တစ်ဦးမှာ ကောင်းမွန်စွာ ရပ်တည်နိုင်ပြီး ကျန် နှစ်ဦးမှာ ရုန်းကန်နေရသည်။ |
| မီးသွေးလုပ်ငန်းလုပ်သူများ | ကျေးရွာနှစ်ရွာတွင် တစ်ရွာစီတွင် အများအပြား | ရွာနှစ်ရွာစလုံးတွင် ရုန်းကန်နေရသည်။ |
| သက်ကယ်ပြုလုပ်သူများ | ကျေးရွာနှစ်ရွာတွင် တစ်ရွာစီတွင် အများအပြား | လက်ခံနိုင်သောရပ်တည်မှုတွင်ရှိသည်။ |
| သက်ကယ်မိုးပေးသူများ | ကျေးရွာသုံးရွာတွင် တစ်ရွာစီတွင် အများအပြား | ကောင်းမွန်သောရပ်တည်မှုတွင်ရှိသည်။ |
| သယ်ယူပို့ဆောင်ရေးပြုလုပ်သူများ (မော်တော်ဆိုင်ကယ်နှင့်တုတ်တုတ်) | ကျေးရွာသုံးရွာတွင် အများအပြား | လုပ်ငန်းများမှာ ယေဘုယျကောင်းသော်လည်း ယှဉ်ပြိုင်မှုများရှိသောကြောင့် အမြတ်နည်းပါးသည် |
| ကျောက်စရစ်ထုတ်လုပ်သူများ | ကျေးရွာတစ်ရွာတွင် အများအပြား | လုပ်ငန်းများကောင်းသည်။ |
| ငါးရောင်းသူများ | ရွာတစ်ရွာတွင် တစ်ဆိုင် | ငါးဝယ်ရန် လူအများမတတ်နိုင်သောကြောင့် ရပ်တည်နိုင်မှု သိပ်မကောင်းချေ။ |

၂၈။ ဝင်ကြေး ပုံမှန်အားဖြင့် တစ်ယောက်လျှင် တစ်ရာကျပ်ဖြစ်သည်။

၎င်းလုပ်ငန်းများ၏ စီးပွားရေးအခြေအနေသည် နေရာဒေသမှီခိုမှုရှိသည်။ နာဂစ်နောက်ပိုင်းတွင် တူညီသော လုပ်ငန်းအမျိုးအစားတွင်ပင် မတူညီသောအခြေအနေများ တွေ့ကြုံနေရသည်။ သာဓကများမှာ

- ရွာနှစ်ရွာရှိ မီးသွေးဖုတ်သူများ ရုန်းကန်နေရခြင်း၊ ဖြစ်ရပ်တစ်ခုတွင် သစ်တောများ ပြုန်းတီးလာခြင်း၊ ဝင်ငွေများလျော့နည်းလာခြင်း၊ အကြွေးမြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပြီး၊ အခြားဖြစ်ရပ်တစ်ခုတွင် ဈေးနှုန်းများကျဆင်းလာခြင်းနှင့် တရားဝင်မဟုတ်သော လုပ်ငန်းစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်သည်။
- ဆန်စက်ခြောက်ခုအနက် သုံးခု၏လုပ်ငန်းမှာ ကောင်းသော်လည်း အခြားသုံးခုမှာ ဆန်လာရောက်ကြိတ်ခွဲမှုများ ကျဆင်းနေခြင်းနှင့် တွေ့ကြုံနေရသည်။ လယ်သမားများသည် ၎င်းတို့စားသုံးရန်ဆန်ကို ကြိတ်ခွဲလေ့ရှိသော်လည်း ယခုအခါတွင် ရောင်းချရန်အတွက် စပါးအားလုံးကို ကြိတ်ခွဲလိုက်ရသည်။ စိုက်ပျိုးရာသီတွင် ၂၄ နာရီလည်ပတ်တတ်သော ဆန်စက်များမှာ လွန်ခဲ့သော ရာသီတွင် ၁၀ နာရီသာလည်ပတ်ခဲ့ကြပြီး စိုက်ပျိုးရာသီပြီးချိန်တွင် တခါတရံ လုံးဝပိတ်ထားလိုက်ရသည်လည်းရှိသည်။
- ကျောက်စရစ်ထုတ်လုပ်သူများသည် မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းများမှ အကျိုးအမြတ်များ ရရှိသည်။ ၎င်းတို့တွင် လယ်သမားများပါဝင်ပြီး ယင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် အကျိုးအမြတ်ရရှိကြသည်။
- ရွာတစ်ရွာတွင် အရည်အသွေးကောင်းသော ဆိပ်ခံဇောက်တားတစ်ခုသည် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းအသစ်တစ်ခု၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ယခုရက်သတ္တပတ်များအတွင်း မော်တော်ဆိုင်ကယ်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူမှာ ၁၀၀ ဦး ခန့်ထိရှိလာသည်။ လုပ်ကိုင်သူများပြားသောကြောင့် အမြတ်မှာနည်းပါးလာသည်။
- ရွာတစ်ရွာတွင် ဈေးဆိုင်အသစ်ငါးဆိုင်မှာ လုပ်ငန်းကောင်းမွန်သည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်သော လုပ်သားများရှိလာသောကြောင့်ဖြစ်သည်။ အခြားရွာ ၁၀ ရွာတွင် အထောက်အပံ့ပေးသူများမှာ အသေးစားချေးငွေစီမံကိန်းများကို စတင်ခဲ့သည်။ အကျိုးခံစားခွင့်ရသူများသည် ၎င်းတို့ရရှိငွေများကို ကုန်စုံဆိုင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံကြသဖြင့် ပြိုင်ဆိုင်မှုများလာပြီး အမြတ်အစွန်းအနည်းငယ်သာ ရရှိတော့သည်။

ဈေးရောင်းသူများသည် ကျပန်းအလုပ်သမားများအတွက် ငွေချေးငှားနိုင်သော အရင်းအမြစ်တစ်ခုဖြစ်လာသည် (အောက်တွင်ကြည့်ပါ)။ ရွာများတွင် ကျပန်းအလုပ်သမားများစွာရှိပြီး ၎င်းတို့သည် ပစ္စည်းဝယ်ရန် ငွေကြေးမရှိသည့်အတွက် ဈေးရောင်းသူများထံမှ အကြွေးယူကြရသည်။ လေ့လာနေသော ကျေးရွာလေးရွာတွင် ဈေးရောင်းသူများသည် ငွေကြေးအခက်အခဲများကြောင့် ၎င်းတို့ပေးနိုင်သော ချေးငွေပမာဏများ လျော့ချလာကြသည်။ ၎င်းတို့အနေဖြင့် နှစ်ပတ်တစ်ကြိမ် ရောင်းကုန်များကို မြို့နယ်ရှိ လက်ကားရောင်းသူများထံမှ အဟောင်းပေးအသစ်ယူစနစ်ဖြင့် ပြန်လည်ဝယ်ယူ သိုလှောင်လေ့ရှိကြသော်လည်း ယခုအခါ ၎င်းတို့သည် ကုန်သည်များဆီသို့ အကြွေးပြန်ပေးရန် ရောင်းရငွေများကို ပြန်လည်စုဆောင်းချိန်မှာ ပိုမိုကြာညောင်းလာကြောင်းတွေ့ရသည်။ ယင်းအခက်အခဲများမှာ စိုက်ပျိုးရာသီအတွင်း အလုပ်အကိုင်များ ကောင်းမွန်သောအချိန်တွင်မူ ပုံမှန်လည်ပတ်ကြောင်းတွေ့ရသည်။ ဈေးရောင်းလုပ်ငန်းများသည် ယခုအခါ ပိုမိုကောင်းမွန်လာကြောင်းတွေ့ရသည်။ အကြောင်းမှာ ကျပန်းလုပ်သားများအနေဖြင့် လွန်ခဲ့သော တစ်နှစ်မှစ၍ အစားအစာအထောက်အပံ့များ မရှိတော့သဖြင့် အစားအသောက်များဝယ်ရန် လိုအပ်လာသောကြောင့်ဖြစ်သည်။

အသေးစားစီးပွားရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံနိုင်သောစွမ်းအားနှင့် ဝင်ငွေများ အမျိုးမျိုးကွဲပြားကြကြောင်း တွေ့ရှိရသည်။ အချို့သည် လုပ်ငန်းများ (ဆန်စက်များနှင့် ငါးပိလုပ်ငန်းများကဲ့သို့) တည်ထောင်ကြပြီး အခြားသူများသည် လွန်ခဲ့သောနှစ်အတွင်း ငွေစုငွေချေး သို့မဟုတ် အသေးစားချေးငွေလုပ်ငန်းများ ဖွင့်လှစ်ခဲ့ကြသည်။ ယင်းတွင် ကျောက်စရစ်ခဲထုတ်လုပ်သူများ၊ ပို့ဆောင်ရေးလုပ်သူများနှင့် ဈေးဆိုင်များအပြင် အချို့ ဗီဒီယိုခွေငှားဆိုင်များ၊ ငါးရောင်းသူများပါဝင်သည်။ SIM 2 ကတည်းက ဈေးဆိုင်များနှင့် အခွေငှားဆိုင်များ အပါအဝင် အချို့သောလုပ်ငန်းများမှာ ပိတ်သွားပြီးဖြစ်သည်။ အသေးစားစီးပွားရေးလုပ်ငန်းများကို ခြုံငုံသုံးသပ်ကြည့်လျှင် လေ့လာခဲ့သော ကျေးရွာ ၄၀ ရှိ လုပ်ငန်းများမှာ လုပ်ငန်းပိုမိုကျယ်ပြန့်လာရန်အတွက် အရင်းအနှီးနှင့် ဝယ်လိုအား နည်းပါးသေးကြောင်းတွေ့ရှိရသည်။

**ကျပန်းအလုပ်သမားများ**

**စိုက်ပျိုးရေးထုတ်လုပ်မှုများ လျော့နည်းလာခြင်းသည် အလုပ်အကိုင်ရှားပါးလာခြင်းကို ဖွင့်ဆိုလျက်ရှိခြင်း**

စိုက်ပျိုးရေးလုပ်ငန်းသည် ကျပန်းလုပ်သားများအတွက် အဓိကအလုပ်အကိုင်ပေးနိုင်သော လုပ်ငန်းဖြစ်သည်။ ကျပန်းလုပ်သားများသည် လယ်သမားများ (အထူးသဖြင့် လယ်သမားကြီးများ) ကို မှီခိုရသောကြောင့် ၎င်းတို့၏ အလုပ်အကိုင်အခြေအနေမှာ ဆက်လက်ဆိုးဝါးလျက်ရှိသည်။ ကျေးရွာ ၄၀ အနက် ၂၄ ရွာတွင် လယ်သမားများသည် အထူးသဖြင့် မြေယာထိန်းသိမ်းရေးနှင့် စိုက်ပျိုးရိတ်သိမ်းရေးအတွက် အလုပ်သမားလိုအပ်ချက်ကို လျော့ချနေကြသည်။ အကြောင်းမှာ လယ်သမားများသည် မိသားစုလုပ်အားကို ပိုမိုအသုံးပြုလာခြင်းသို့မဟုတ် မြေယာများအားလုံးတွင် မစိုက်ပျိုးခြင်း (အပေါ်တွင်ကြည့်ပါ) တို့ကြောင့် ဖြစ်သည်။ လွန်ခဲ့သောတစ်နှစ်မှ အခြေအနေနှင့်မှု သိသိသာသာခြားနားမှုရှိသည်။ ထိုအချိန်က ကျပန်းလုပ်သားများမှာ စားနပ်ရိက္ခာ အထောက်အပံ့များရရှိနေပြီး မျှော်လင့်မထားသော အလုပ်သမားရှားပါးမှု ပြဿနာနှင့် ကြုံတွေ့ခဲ့ရသည်။ နာဂစ်အပြီး နှစ်နှစ်အကြာတွင် စားနပ်ရိက္ခာ အထောက်အပံ့များရပ်သွားပြီး အလုပ်အကိုင်ရှားပါးမှုပြဿနာနှင့် ကြုံလာရတော့သည်။

ကျေးရွာများ၏ သုံးပုံနှစ်ပုံနီးပါးတွင် နာဂစ်မတိုင်ခင်ကတည်းက စပါးခြွေလှေ့ခြင်းများအတွက် စက်များအသုံးပြုခဲ့ကြပြီး ဖြစ်သည်။ သို့သော်နာဂစ်အတွင်းက ဆုံးရှုံးသွားသော ခိုင်းကျွဲနွားများနေရာတွင် အစားထိုးရန်လိုအပ်ခြင်း၊ နာဂစ်အပြီး တစ်နှစ်အတွင်း လယ်ယာလုပ်ငန်းအထောက်အပံ့များနှင့် အလုပ်သမားရှားပါးခြင်းပြဿနာများကြောင့် စက်အသုံးပြုခြင်းများ ပိုမိုများပြားလာခဲ့ပြီး ယင်းအတွက်ကြောင့် အလုပ်သမားလိုအပ်ချက်များမှာ ရေရှည်တွင် လျော့နည်းလာခဲ့သည်။

**အခြားသောအလုပ်အကိုင်အခွင့်အလမ်းများမှာလည်း ကျဆင်းလာနေစဉ်တွင်**

အခြားသော အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဆုံးရှုံးလာခဲ့ရသည်။ ဥပမာအားဖြင့် အချို့သော ကျေးရွာများတွင် နာဂစ်၏အကျိုးဆက်အဖြစ် ဥယျာဉ်နှင့် သီးနှံပင်များ ပျက်စီးသွားခြင်းကြောင့် ၎င်းနှင့်ဆက်စပ်နေသော အလုပ်အကိုင်အခွင့်အလမ်းများ ပျောက်ဆုံးသွားခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် လယ်ယာလုပ်ငန်း မလုပ်ကိုင်နိုင်သော ရွာနှစ်ရွာတွင် မြေယာမရှိသူများသည် အသက်မွေးမှုအတွက် သစ်တောများမှဝင်ငွေရှာသည်။ ယင်းနေရာတွင် လယ်သမားများမှာ ဝါးတောများပိုင်ဆိုင်သည်။ သို့သော်လည်း ဆယ်စုနှစ်တစ်ခုကြာ သစ်ထုတ်လုပ်ခြင်းကြောင့် သစ်တောများပြုန်းတီးလာသည်။ ထို့အပြင် နာဂစ်ကြောင့် လဲကျခဲ့ရသည့်သစ်ပင်များကို ထင်းအဖြစ် ယင်းအချိန်ကတည်းက အသုံးပြုလာခဲ့ပြီး ထင်းသို့လှောင်ထားမှုမှာ ယခုအချိန်ထိ အများအပြားရှိနေသေးသဖြင့် အလုပ်သမားစျေးနှုန်းများမှာ နည်းပါးနေရသည်။

လေ့လာခဲ့သောရွာများတွင် သုံးရွာသာလျှင် ဆောက်လုပ်ရေးလုပ်ငန်းကြီးများ ပြုလုပ်နေပြီး အလုပ်အသစ်သို့သော်လည်း ယာယီအလုပ်များ ဖန်တီးပေးလျက်ရှိသည်။ ၎င်းလုပ်ငန်းကြီးများမှာ မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် အိမ်ရာဆောက်လုပ်ခြင်း[၂၉]အတွက် ထောက်ပံ့ရေးစီမံကိန်းနှစ်ခုနှင့် မြို့နယ်ဖွံ့ဖြိုးရေးအတွက် အစိုးရစီမံကိန်းတစ်ခုတို့ ဖြစ်သည်။ မြို့နယ်စီမံကိန်းသည် အခြားမြို့နယ်များမှ လူများအတွက်ပင် အလုပ်အကိုင်များကို ကောင်းစွာဖန်တီးပေးနိုင်ခဲ့သည်။ ရွာတစ်ရွာတွင်မူ ဆားလုပ်ငန်းတစ်ခုရှိပြီး အလုပ်သမားများစွာအတွက် အလုပ်အကိုင်ရရှိစေသည်။ သို့သော်လည်း အလုပ်အကိုင်အခြေအနေမှာ ခက်ခဲကြမ်းတမ်းနေသေးပြီး အကြွေးတင်ရှိမှုပမာဏများမှာလည်း မြင့်မားနေသေးသည် (သာဓက ၈)။

[၂၉]။ မုန်တိုင်းဒဏ်ခံအဆောက်အအုံစီမံကိန်း၏ ကုမ္ပဏီဝန်ထမ်းတစ်ဦးသည် အလုပ်သမားများ၏ လုပ်ခများကို အပြည့်အဝမပေးခဲ့ပေ။ နောက်ပိုင်းတွင် ၎င်းအလုပ်ထုတ်ခံရသည်။ ထိုအချိန်မှစ၍ အလုပ်သမားများမှာ ၎င်းတို့၏လုပ်ခကို အပြည့်အဝရရှိခဲ့ကြသည်။

**သာဓက ၈။ ဘဝအတွက် အကြွေးတင်ရှိခြင်းလား။**

ဆားကွင်းတွင် လုပ်နေသော အလုပ်သမားများသည် တစ်နေ့ဝင်ငွေ ၁,၂၀၀ ကျပ်ရှိသည်။ အလုပ်သမားများသည် ပုံမှန်အားဖြင့် ကြိုတင်ငွေ ကျပ် ၂၀,၀၀၀ ကို ဆားကွင်းပိုင်ရှင်များထံမှ ယူကြပြီး ၎င်းတို့၏ လုပ်အားကို လတိုင်း ပြန်ပေးကြရသည်။ ဆားကွင်းတွင် အလုပ်လုပ်နေသည်မှာ ခြောက်နှစ်ခန့်ရှိပြီဖြစ်သော အလုပ်သမားတစ်ဦးက ကြွေးမြီများတိုးပွားလာသောကြောင့် ၎င်းအနေဖြင့် ယခုလုပ်ငန်းမှထွက်ရန် မျှော်လင့်ချက်အနည်းငယ်သာ ရှိကြောင်း ပြောပြသည်။ သူနှင့် သူ၏မိန်းမနှစ်ဦးစလုံး ဆားကွင်းတွင် အလုပ်လုပ်ကြသည်။ သူတို့သည် သားသမီးနှစ်ဦးနှင့်အတူ ဆားကွင်းအနီးရှိ နွမ်းပါးနေသော တဲအိမ်ကလေးတွင် နေကြသည်။ ၎င်းတို့သည် အောက်တိုဘာလမှ မေလအထိ ကြာမြင့်သော ဆားကွင်းရာသီပြင်ပတွင် အသက်မွေးဝမ်းကျောင်းအတွက် ငါးဖမ်းခြင်းနှင့် နွားကျောင်းခြင်းများ ပြုလုပ်ကြသည်။

## နေ့စားလုပ်ခများမှာ တည်ငြိမ်လျက်ရှိနေခြင်း

လွန်ခဲ့သောနှစ်အတွင်း နေ့စားလုပ်ခများ[၃၀] မှာ ပျမ်းမျှအားဖြင့် တစ်နေ့လျှင် ကျပ် ၂,၁၀၀ တွင် တည်ငြိမ်နေသည် (ဇယား ၈)။ အများဆုံးလုပ်ခမှာ တစ်နေ့လျှင် ကျပ် ၃,၀၀၀ တွင် တည်ငြိမ်နေသော်လည်း အနိမ့်ဆုံးလုပ်ခမှာ နာဂစ်မတိုင်မီအချိန်တွင်ရှိသောလုပ်ခ ကျပ် ၁,၀၀၀ ထက် ၁၇ % နိမ့်ကျသွားသည်။ အနိမ့်ဆုံးလုပ်ခများမှာ ရေခပ်၊ ထင်းခွဲ ကဲ့သို့ အိမ်မှုကိစ္စများအတွက်ပါပေးပြီး ယင်းမှာ နည်းပါးသည်။[၃၁]

**ဇယား ၈။ လယ်ယာအလုပ်သမားများအတွက် နေ့စားလုပ်ခနှုန်း (ကျပ်)**

| | နာဂစ်မတိုင်မီ | နာဂစ်အပြီး တစ်နှစ်အကြာ | နာဂစ်အပြီး နှစ်နှစ်အကြာ |
|---|---|---|---|
| အနည်းဆုံး | ၁၀၀၀ | ၁၂၀၀ | ၁၀၀၀ |
| အများဆုံး | ၂၅၀၀ ၂/ | ၃၀၀၀ ၃/ | ၃၀၀၀ |
| ပျမ်းမျှ ၁/ | ၁၆၀၀ | ၂၁၀၀ | ၂၁၀၀ |

၁/ ကျေးရွာ ၄၀ ရွာလုံးတွင် ပျမ်းမျှလေ့လာထားသည်။
၂/ ကျေးရွာတစ်ရွာတွင် ရရှိသော အမြင့်ဆုံးလုပ်ခ ကျပ် ၄,၀၀၀ ကို ဖယ်ထားသည်။
၃/ ကျေးရွာတစ်ရွာရှိ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းမှ ရရှိသော အမြင့်ဆုံးလုပ်ခ ကျပ် ၅,၀၀၀ ကို ဖယ်ထားသည်။

SIM 2 ပြုလုပ်ခဲ့သည့် အချိန်မှစ၍ အစားအစာထောက်ပံ့မှုများ အဆုံးသတ်သွားသည့်အတွက် အလုပ်သမားများမှာ အစားအစာဝယ်ရန် အလုပ်ကိုင်မဖြစ်မနေရှာဖွေလာကြခြင်း၊ ရေလုပ်ငန်းမှ အလုပ်အကိုင်ပြောင်းရွှေ့လုပ်ကိုင်လာသူများနှင့် လယ်ယာလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်လာသူများကြောင့် အလုပ်သမားဦးရေ အလုံးအရင်းဖြင့် များပြားလာခြင်း၊ ဆိပ်ခံတံတား၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံ၊ ကျောင်း စသည့် လုပ်ခလစာများများပေးသော ငွေကြေးအားဖြင့် ထောက်ပံ့မှုများပြုလုပ်သည့် ဒေသတွင်းအခြေခံအဆောက်အအုံများဆောက်လုပ်ခြင်း စီမံကိန်းများ စသည်တို့သည် လုပ်ခလစာများ ကျဆင်းနိုင်ဖွယ်ရာ ဖိအားများပေးနေခဲ့သော်လည်း ပျမ်းမျှနေ့စဉ်လုပ်ခလစာနှုန်းမှာ နာဂစ်မတိုင်မီ အခြေအနေနှင့်နှိုင်းယှဉ်လျှင် လေးပုံတစ်ပုံခန့် မြင့်မားနေဆဲဖြစ်သည်။

---

၃၀။ ဖော်ပြထားသောလုပ်ခများသည် ၂၀၀၉ မိုးရာသီတွင် လယ်သမားများတင်ပြထားသော လယ်ယာလုပ်ငန်းတွင်ရှိသော အမျိုးသားကျပန်း အလုပ်သမားများအတွက် ဖြစ်သည်။

၃၁။ ရွာနှစ်ရွာတွင် သုတေသနအဖွဲ့သည် ၎င်းအလုပ်များအတွက် တစ်နေ့လုပ်ခ ကျပ် ၅၀၀ ပေးသည်ကို အလွန်ရှားပါးသော သာဓကအဖြစ် တွေ့ခဲ့ရသည်။

လုပ်သားအင်အားများပြားလာသည့်အလျောက် လုပ်အားခဈေးနှုန်းများ ကျဆင်းမသွားခြင်းအတွက် အကြောင်းခြင်းရာ များစွာရှိသည်ကို တွေ့ရှိရသည် ။ နာဂစ်အပြီး ပထမနှစ်အတွင်း အလုပ်သမားရှားပါးမှုသည် လုပ်ခများကို မြင့်မားစေခဲ့ပြီး ယင်းအချိန်တွင် လုပ်အားခပေးခြင်းဖြင့် ငွေကြေးထောက်ပံ့မှုပေးသော Cash-for-Work ထောက်ပံ့ရေး စီမံကိန်းများမှလည်း မြင့်မားသောလုပ်ခများ (တစ်နေ့ ကျပ် ၂,၀၀၀ မှ ကျပ် ၃,၀၀၀ အထက်) ပေးလျှက်ရှိကြသည်။ နာဂစ်အပြီး ဒုတိယနှစ်တွင် အလုပ်လုပ်ချင်သူများ ပိုမိုများပြားခဲ့သော်လည်း စပါးရိတ်သိမ်းရာသီဖြစ်သဖြင့် အလုပ်သမားလိုအပ်မှုမှာ အမြင့်ဆုံးအခြေအနေတွင်ရှိနေသောကြောင့် လုပ်ခဈေးနှုန်းများမှာ ပြီးခဲ့သောရာသီမှ နှုန်းထားများအတိုင်းပင် ဆက်လက်တည်ရှိနေစေခဲ့သည်။ လုပ်သားအင်အားများပြားလာသည့် အလျောက် လုပ်အားခဈေးနှုန်းများ ကျဆင်းမသွားဘဲ လွန်ခဲ့သောကာလ၏ အမြင့်ဆုံးပမာဏ အတိုင်းပင် တည်ရှိနေခဲ့သည်။

## ..ရာသီအလိုက် လုပ်ခများလည်း အမှီလိုက်လာခြင်း

ရာသီအလိုက်လုပ်ခများ၏ပြောင်းလဲမှုမှာလည်း အမျိုးမျိုးကွဲပြားသည်။ နာဂစ်အပြီး ပထမနှစ်တွင် ရွာများအတွင်း အနိမ့်ဆုံးလုပ်ခမှာ ၂၀% မြင့်တက်လာခဲ့ပြီး[၃၂] ၎င်းနောက်တွင်လည်း လုပ်ခလစာနှုန်းများမှာ တည်ငြိမ်နေခဲ့သည်။ နှိုင်းယှဉ်ကြည့်လျှင် နာဂစ်အပြီး ပထမနှစ်အတွင်းတွင် အမြင့်ဆုံးလုပ်ခမှာ တည်ငြိမ်နေပြီး နောက်ပိုင်းတွင် ၂၀% ခန့်မြင့်တက်လာသည်။ နာဂစ်အပြီး နှစ်နှစ်အကြာတွင် ပျမ်းမျှရာသီအလိုက်လုပ်ခမှာ တစ်သိန်းခွဲနှစ်သောင်းသို့ရောက်ရှိလာပြီး ယခင်ကထက် ၁၇% မြင့်မားလာခဲ့သည်။ ထို့ကြောင့် ရာသီအလိုက် လုပ်ခမှာ သုံးပုံတစ်ပုံမြင့်တက်လာခဲ့သော်လည်း နေ့စဉ်လုပ်ခများထက် လျော့နည်းနေကြောင်းတွေ့ရ၍ ၎င်းမှာ ကျပန်းလုပ်သားများအနေဖြင့် ၎င်းတို့၏ရာသီအလိုက်လုပ်အားခမှာ နေ့စဉ်လုပ်ခထက် အနည်းငယ်လျော့နည်းသော်လည်း အလုပ်အကိုင်ပိုမိုလုံခြုံမှုရှိသောကြောင့် လက်ခံကြကြောင်း ညွှန်းဆိုနေခြင်းဖြစ်သည်။

## ...သို့သော်လည်း ကျပန်းအလုပ်သမားများမှာ ၎င်းတို့၏ အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် အလှမ်းကွာဝေးနေဆဲဖြစ်ခြင်း

သီးနှံရိတ်သိမ်းချိန်တွင် နေ့စဉ်လုပ်ခများ တည်ငြိမ်မြင့်မားနေသည်ကို နာဂစ်မတိုင်မီအခြေအနေနှင့် နှိုင်းယှဉ်၍ ယင်းနှစ်အတွင်း ကျပန်းအလုပ်သမားများအတွက် ဝင်ငွေမြင့်မားလာသည်ဟု ကောက်ချက်မချနိုင်ပေ။ ကျပန်းလုပ်သားများအားလုံးအတွက် လယ်ယာလုပ်ငန်းတွင် အလုပ်နည်းပါးနေပြီး ၎င်းတို့မှာ လုပ်ခအနည်းငယ်သာ ရရှိသော ကျပန်းအလုပ်များကိုသာ လုပ်ကိုင်၍ စားဝတ်နေရေးကို ဖြေရှင်းနေကြရသည်။ တစ်ချိန်တည်းတွင်ပင် နေထိုင်မှုစရိတ်များ မြင့်တက်လာပြီး လွန်ခဲ့သောနှစ်အတွင်း ယင်းကျပန်းအလုပ်သမားများ၏တစ်ဝက်နီးပါးမှာ အခြားသောရွာသားများထက် ပိုမိုဆိုးရွားသော အခြေအနေများနှင့်တွေ့ကြုံနေရပြီး ၎င်းတို့အနေဖြင့် 'ဒုတိယနာဂစ်' ကို တွေ့ကြုံနေရသည်ဟု ပြောကြသည် (သာဓက ၉)။

**သာဓက ၉။ ကျပန်းအလုပ်သမားတစ်ယောက်၏ ပုံပြင်**

"ဟိုးတုန်းကဆိုရင် နွေရာသီဆို အလုပ်တွေက အလျှံပယ်ပဲ။ စပါးရိတ်သိမ်းချိန်ဆို စပါးရိတ်တယ်။ ရေလုပ်သားတွေဆီကလည်း အလုပ်ရကြတယ်။ ဒါကြောင့် အစားအသောက်အတွက် လုံးဝမပူပန်ရဘူး။ အဲဒီအချိန်တုန်းက ကျွန်တော်တို့လင်မယားဝင်ငွေက တစ်လကို ကျပ် ၅၀,၀၀၀ အထက်မှာ ရှိတယ်။ အခုတော့ ကျွန်တော်တို့ရနိုင်တဲ့အလုပ်ဆိုလို့ သက်ကယ်ယက်တဲ့ အလုပ်ပဲရှိတော့တယ်။ အဲဒီအလုပ်ကလည်း ဝင်ငွေ ပိုက်ဆံ ၂၀,၀၀၀ လောက်ရဖို့တောင် အနိုင်နိုင်ပါ။ စားရေးသောက်ရေးအတွက် တကယ့်ကို ပူပန်နေရတယ်။ အရင်က ကျွန်တော်တို့ ထမင်းကို ဟင်းနဲ့ ကောင်းကောင်းမွန်မွန် ချက်ပြုတ်စားသောက်နိုင်ခဲ့ပေမယ့် အခုကျတော့ အသီးအရွက်ရေလုံပြုတ်ကိုပဲ အဓိကဟင်းလုပ်ပြီး စားနေရတယ်။ ကျွန်တော်တို့သက်ကယ်ယက်တဲ့ အလုပ်ရှင် ဆီကနေ ပိုက်ဆံ ၁,၀၀၀ ကျပ် တောင်းခဲ့တယ်။ အဲဒါကို နောက်နေ့လုပ်ခထဲကနေ နုတ်လိမ့်မယ်။ အဲဒီပိုက်ဆံ

---

၃၂။ နာဂစ်မတိုင်မီနှင့် နာဂစ်အပြီးတစ်နှစ်အတွင်းတွင် ကျေးရွာတစ်ရွာမှအပ အလုပ်သမားများသည် သိသိသာသာ နည်းပါးသော လုပ်ခလစာကို ရရှိခဲ့သည်။

ရရင်ကျွန်တော်တို့ မိသားစု ၄ ယောက်စာအတွက် ညစာဖူလုံနိုင်တယ်လေ။ မဟုတ်လို့ကတော့ ဒီညညစာ စားနိုင်မယ်မထင်ဘူး။ တခါတလေဆို ဆန်ကိုတောင် နေ့တိုင်းဝယ်မစားနိုင်ဘူး။ နာဂစ်ပြီးသွားတာ ကြာပြီ ထင်နေကြတာ တကယ်တော့ ခုထက်ထိကို ဂယက်ရိုက်နေဆဲပဲ။"

## တရားဝင်မှတ်ပုံတင်၍ လုပ်ဆောင်ခြင်းမျိုးမဟုတ်သော အလုပ်အကိုင်ရှာဖွေရေးအတွက် ဝန်ဆောင်မှုပေးသော အဖွဲ့များသည် ဘောက်သမားများအား အလုပ်အကိုင် ကူညီရှာဖွေပေးလျက်ရှိခြင်း

ရွာခြောက်ရွာတွင် တရားဝင်မှတ်ပုံတင်၍ လုပ်ဆောင်ခြင်းမျိုးမဟုတ်သော အလုပ်အကိုင်ရှာဖွေပေးရေး အတွက် ဝန်ဆောင်မှုပေးသော အဖွဲ့များရှိပြီး အကျိုးခံစားရသူများက များစွာကျေးဇူးတင်ကြသည်။ ယင်းဝန် ဆောင်မှုများကို အလုပ်သမားများကိုယ်တိုင် (၃ ဖွဲ့)၊ လယ်သမားလေးတစ်ဦး (တစ်ဖွဲ့၊ သာဓက ၁၀)၊ ရွာသား တစ်ဦး (တစ်ဖွဲ့) နှင့် မြို့မှ တစ်ဦး (တစ်ဖွဲ့) တို့မှ ဖွဲ့စည်းထားသည်။ ၎င်းတို့အနက် ဝန်ဆောင်မှုအဖွဲ့လေးခုမှာ နာဂစ်မတိုင်ခင်ကပင် တည်ထောင်ထားခြင်းဖြစ်သည်။ အဆိုပါအဖွဲ့များသည် တစ်ရွာတည်းသာမက အခြားရွာများမှ ဘောက်သမားများအတွက် လယ်ယာလုပ်ငန်း (လေးခု)၊ ဆောက်လုပ်ရေးလုပ်ငန်း (တစ်ခု) နှင့် ရွာဆိပ်ခံတံတား (တစ်ခု) တို့တွင် အလုပ်များကို ရှာပေးသည်။ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ ရှာဖွေပေးသော အလုပ်သမားအရေအတွက်မှာ ၁၂ ယောက်မှ ၆၀ ယောက် ခန့်အထိရှိသည်။ အလုပ်သမားများမှ ဝန်ဆောင်ခ ပေးခြင်းကို ကိစ္စနှစ်ခုတွင်သာ တွေ့ရသည်။ ကိစ္စတစ်ခုစီတွင် လုပ်ခ၏ ၁၀% စီပေးသည်။ အခြားကိစ္စလေးခုတွင်မူ ဝန်ဆောင်မှုများအတွက် အခကြေးငွေမပေးရကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ အလုပ်အကိုင်ရှာဖွေပေးသော အဖွဲ့ ၅ ဖွဲ့ကို အလုပ်အကိုင်ရှာဖွေရန် လွယ်ကူသည့် မြို့နှင့်လည်းနီးသော ရွာများတွင် တွေ့ရှိရပြီး ၎င်းရွာရှိ ရွာသားများမှာ စီးပွားရေးအမြင် ရှိကြသည်။

### သာဓက ၁၀။ ကောင်းစွာဆောင်ရွက်နေကြသော အလုပ်သမားလွှဲပြောင်းရေး ဝန်ဆောင်မှု

လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က လယ်သမားလေးတစ်ဦးသည် အလုပ်သမားအဖွဲ့တစ်ခုကို ၎င်းတို့အတွက် လယ်ယာလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေပေးရန် ဖွဲ့စည်းခဲ့သည်။ ယင်းအလုပ်သမားအဖွဲ့တွင် သူ၏ ရွာအတွင်းမှသာမက အနီးအနားရွာများမှ ဘောက်သမားများပါ ပါဝင်ကြသည်။ အစပိုင်းတွင် သူ၏ကိုယ်ပိုင်လယ်အတွက် အလုပ်သမားများကို စုဆောင်းခြင်းဖြစ်သည်။ အကြောင်းမှာ ရိတ်သိမ်းချိန်တွင် အလုပ်သမားရှာဖွေရန် ခက်ခဲသောကြောင့် ဖြစ်သည်။ နောက်ပိုင်းတွင် သူ့အနေဖြင့် သူ၏ဆွေမျိုးများ၏ လယ်များမှအလုပ်များကို ၎င်းတို့အတွက် ရှာဖွေပေးရုံသာမက အနီးအနားရွာအများအထိ အဆက်အသွယ်ရှိသမျှ ဆက်သွယ်ရှာဖွေပေးခဲ့သည်။ ၁၅ နှစ်အကြာတွင် သူသည် အလုပ်ရှာပေးခြင်းအတွက် လုပ်ခ၏ ၁၀% ကို အလုပ်သမားများထံမှ စတင်ငွေကြေးယူခဲ့သည်။ သူ၏အလုပ်သမားအဖွဲ့သည် နာဂစ်အပြီးတွင် ဖျက်သိမ်းသွားခဲ့သည်။ သို့သော်လည်း ၂၀၀၉ ခုနှစ်တွင် သူ့အဖွဲ့ကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး ယခုအခါ အနည်း ငယ်သာလျော့နည်းသော ဝန်ဆောင်ခဖြင့် နာဂစ်မတိုင်ခင်ကကဲ့သို့ လုပ်ကိုင်နေကြသည်။

### သာဓက ၁၁။ မြစ်ဝကျွန်းပေါ်တွင် မည်သူအဆင်းရဲဆုံးဖြစ်သနည်း။

ရွာသားများက အဆင်းရဲဆုံးဆိုသည်ကို ပြင်ပမှ အကူအညီမပါဘဲ မိမိဘာသာ ရေရှည်ရပ်တည် ရှင်သန်နိုင်စွမ်းရှိမှုအပေါ် အခြေခံလျက် ဆုံးဖြတ်သတ်မှတ်သည်။ ဥပမာအားဖြင့် အစားတစ်နေ့သုံးကြိမ် မစားနိုင်သောသူများ ဖြစ်သည်။ ယင်းကဲ့သို့ အဆင်းရဲဆုံးလူများသည် အမျိုးမျိုးသောနည်းလမ်းများဖြင့် အခက်အခဲများကို ဖြတ်ကျော် ရှင်သန်ခဲ့ကြရသည် (အောက်တွင်ကြည့်ပါ)။

လေ့လာခဲ့သော ကျေးရွာများတွင် ရွာသားများသည် အောက်ဖော်ပြပါလူတန်းစားများကို အဆင်းရဲဆုံး အဖြစ် သတ်မှတ်ကြသည်။ မုဆိုးမများနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ နာတာရှည် ရောဂါသည် နှင့် မသန်စွမ်းသူများ၊ မိသားစုကျောထောက်နောက်ခံမရှိသော အသက်ကြီးသူများနှင့် ကလေး (လေးယောက်နှင့် အထက်) ရှိသော သို့မဟုတ် အလုပ်မလုပ်သော၊ မှီခိုသူများသော မိသားစုများ ဖြစ်သည်။ ထို့ပြင် ကျပန်းအလုပ်

သမားများမှာ (မည်သည့်နည်းနှင့်မဆို) အဆင်းရဲဆုံးအုပ်စုများတွင် ပါဝင်နေကြသည်။ ရွာရှိ အိမ်ထောင်စုများ၏ စုစုပေါင်း ၁၀ ရာခိုင်နှုန်းကို အဆင်းရဲဆုံးလူများအဖြစ် သတ်မှတ်နိုင်သည်။ ရွာတစ်ရွာတွင် နာဂစ်ကြောင့် အခြားရွာမှ ပြောင်းရွှေ့နေထိုင်သူတစ်ဦးအား ရွာ၏အဆင်းရဲဆုံးအုပ်စုတွင် ထည့်သွင်းထားကြောင်း ကြားသိခဲ့ရသည်။

လေ့လာနေသောရွာများတွင် ရွာသားများသည် ကူညီပေးရန် မိသားစုမရှိသည့် နာတာရှည်ရောဂါသည်များနှင့် သက်ကြီးရွယ်အိုများကို ကြည့်ရှုစောင့်ရှောက်ပေးသည်။ ထို့အပြင် ထိုသူများအတွက် အစားအသောက်စသည်တို့ကို တက်အားသမျှ ထောက်ပံ့ပေးခဲ့ကြောင်းတွေ့ရှိရသည်။ ကျေးရွာအနည်းငယ်တွင် ရ.ယ.က ခေါင်းဆောင်များက ယင်းအုပ်စုများကို ကျေးရွာအခွန်ကင်းလွတ်ခွင့်ပေးပြီး အခြားရွာများတွင် ဒေသတွင်း အခြေခံအဆောက်အအုံစီမံကိန်းများသို့ လုပ်အားပေးရခြင်းများကို ကင်းလွတ်ခွင့်ရသည်။ နှိုင်းယှဉ်ကြည့်လျှင် မှီခိုသူများသော မိသားစုများမှာမူ ပုံမှန်အားဖြင့် အကူအညီများ မရရှိပေ။

အဆင်းရဲဆုံးဆိုသည်မှာ အထောက်အပံ့များ ဖြန့်ဝေပေးရာတွင် အလိုအပ်ဆုံးသူများဟု သတ်မှတ်နိုင်သည် (၎င်းတို့သည် အစည်းအဝေးများတက်ရောက်ခြင်းနှင့် ကျေးရွာကော်မတီများနှင့် ဆွေးနွေးမှုများတွင် ပါဝင်နိုင်သည်။ အထူးသဖြင့် ကျေးရွာငယ်လေးများတွင် ဖြစ်သည်။ သို့သော် ဆုံးဖြတ်ချက်ပေးရာတွင် မပါဝင်ရပေ)။ သို့သော်လည်း နာဂစ်အပြီး ဒုတိယနှစ်အတွင်း အလိုအပ်ဆုံးသူများဆီသို့ အထောက်အပံ့များ (အထူးသဖြင့် အစားအစာအထောက်အပံ့) ထောက်ပံ့မှု မရှိတော့ပေ။ ရွာနှစ်ရွာတွင်သာ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှ ကလေးအချို့မှာ အစားအစာအထောက်အပံ တစ်ကြိမ်စီကို ရရှိခဲ့သည်။ ကျပန်းအလုပ်သမားများကို အဓိကလျာထားသော အထောက်အပံ့များသည် ဆင်းရဲသူများကို ရည်ညွှန်းလျာထားခြင်း မရှိတော့ပါ။

ရွာများကို နှိုင်းယှဉ်ကြည့်လျှင် သွားလာရေးခက်ခဲခြင်း နှင့်/သို့မဟုတ် နာဂစ်၏ဒဏ်ကို ဆိုးဝါးစွာခံရသည့် ရွာများတွင်ရှိ အဆင်းရဲဆုံးသူများသည် သွားရေးလာရေး ပိုမိုလွယ်ကူပြီး နာဂစ်ဒဏ်ခံရမှု သက်သာခဲ့သော ရွာများတွင်ရှိ အဆင်းရဲဆုံးသူများထက် အဆများစွာ ပိုမိုဆင်းရဲကြသည်ကို တွေ့ရသည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်ရှိ စိုက်ပျိုးရေးလွှမ်းမိုးသော စီးပွားရေးပုံစံအရ လယ်ယာအနည်းငယ်သာရှိသော ကျေးရွာများတွင် နေထိုင်သည့် အဆင်းရဲဆုံးလူများသည် လယ်ယာလုပ်ငန်း အကြီးအကျယ်လုပ်ကိုင်သော ရွာများတွင် နေထိုင်သည့် အဆင်းရဲဆုံးလူများထက် ပို၍ဆင်းရဲသည်။

## ၂။ ငွေချေးငှားနိုင်မှုနှင့် ကြွေးမြီများ – ပြန်လည်ထူထောင်နိုင်မှု အလားအလာများအား လျော့ပါးစေခြင်း

### လက်တွေ့ပြောင်းလဲလျက်ရှိသော ကြွေးမြီပုံစံ

နာဂစ်အပြီး နှစ်နှစ်အကြာအတွင်း လေ့လာခဲ့သော ချေးငှားသူ ၆၀၀ ကို အခြေပြုတွက်ချက်ခန့်မှန်းရာတွင် ငွေချေးငှားသူများ၏ ပျမ်းမျှအကြွေးသည် ကျပ် ၅.၄ သိန်းရှိသည် (ဇယား ၉)[၃၃]။ ပျမ်းမျှအကြွေးဟုဆိုရာတွင် မတူညီသော အကြွေးတင်ရှိမှုများဖြစ်ပြီး လယ်သမားကြီးများ၏အကြွေးတင်ရှိမှုမှာ ကျပ် ၁၆.၆ သိန်းဖြစ်ပြီး ကျပန်းအလုပ်သမားများအတွက် ကျပ် ၁.၈ သိန်း အထိ ဖြစ်သည်။ လယ်သမားလတ်များနှင့် လယ်သမားငယ်များ၏ ပျမ်းမျှအကြွေးတင်ရှိမှုမှာ ကျပ် ၈.၈ သိန်းနှင့် ကျပ် ၆.၀ သိန်း အသီးသီးရှိကြပြီး ရေလုပ်သားလတ်များနှင့် ရေလုပ်သားငယ်များ၏အကြွေးတင်ရှိမှုမှာ ကျပ် ၆.၃ နှင့် ၃.၁ သိန်း အသီးသီးရှိကြသည်။ တိကျသေချာသော ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာ အချက်အလက်များ မရရှိသော်လည်း ၎င်းတို့၏ မတည်ငြိမ်သော အလုပ်အကိုင်အခြေအနေနှင့် ဝင်ငွေရှာနိုင်မှု အလားအလာများအရ ရေလုပ်သားငယ်များနှင့် ကျပန်းလုပ်သားများ၏ ကြွေးမြီဝန်ထုပ်ဝန်ပိုးမှာ ၎င်းတို့၏ သုံးစွဲနိုင်သောဝင်ငွေနှင့် ဆက်စပ်ကြည့်ခြင်းဖြင့် အမြင့်ဆုံးတွင် ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အားလုံးခြုံကြည့်လျှင် လေ့လာခဲ့သောရွာများတွင် လယ်သမားများ၏ ချေးငှားမှုသည် အကြွေး၏သုံးပုံနှစ်ပုံနီးပါးရှိနိုင်သည် (၎င်းတွင် လယ်သမားကြီးများ၏ ချေးငှားမှုသည် လေးပုံတစ်ပုံနီးပါး ပါဝင်နေသည်)။

---

၃၃။ လေ့လာခဲ့သော ကျေးရွာများတစ်လျှောက် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ စကားဝိုင်းများမှ ကောက်ချက်ဆွဲထားခြင်းဖြစ်သည်။ စကားဝိုင်းတွင် ဝင်ရောက်ဆွေးနွေးသူများ၏ ၈၀% နှင့်အထက်သည် ကြွေးမြီများရှိကြသည်။ ရေလုပ်သားငယ်အဖွဲ့များ၏ ၉၃% သည် ငွေအများဆုံးချေးယူထားသူများ ဖြစ်ကြသည်။

**ဇယား ၉။ ချေးငွေယူသူများ၏ ပျမ်းမျှအကြွေးပမာဏ**

| ချေးငွေယူသူ | ကျပ်သိန်းပေါင်း |
|---|---|
| လယ်သမားကြီးများ | ၁၆.၆ |
| လယ်သမားလတ်များ | ၈.၈ |
| လယ်သမားငယ်များ | ၆.၀ |
| ရေလုပ်သားကြီးများ | ၆.၃ |
| ရေလုပ်သားငယ်များ | ၃.၁ |
| ကျပန်းအလုပ်သမားများ | ၁.၈ |

၁/ ကျေးရွာ ၄၀ တွင် အကြောင်းအရာတစ်ခုကို ဝိုင်းဖွဲ့ဆွေးနွေးသော စကားဝိုင်းများတွင် ပါဝင်သူ ချေးငွေယူထားသော လူပေါင်း ၆၀၈ ယောက်ကို အခြေခံထားသည်။

## ပြောင်းလဲလျက်ရှိသော ကြွေးမြီပုံစံတွင် ရှုပ်ထွေးမှုများရှိနေခြင်း

SIM မှရသော အချက်အလက်များသည် အကြွေးပမာဏများကို အချိန်အပိုင်းအခြားအလိုက် တိုက်ရိုက်နှိုင်းယှဉ်ခြင်း မပြုလုပ်နိုင်ပေ။[၃၄] သို့သော်လည်း လေ့လာခဲ့သောရွာများအတွင်း အသက်မွေးဝမ်းကျောင်းအုပ်စုများ၏ ပျမ်းမျှအများဆုံးနှင့် အနည်းဆုံးအကြွေးပမာဏကို နှိုင်းယှဉ်နိုင်သည် (ဇယား ၁၀)။ လယ်သမားအားလုံးအတွက် နာဂစ်အပြီး ပျမ်းမျှအမြင့်ဆုံးအကြွေးသည် နာဂစ်အပြီး တစ်နှစ်အကြာထက် ၃၀% လျော့နည်းသည်။ ယင်းအချက်သည် အသက်မွေးဝမ်းကျောင်းအုပ်စုများအတွင်း ထူးထွေကွဲပြားမှုများကို ဖုံးကွယ်ထားသကဲ့သို့ရှိသည်။ လယ်သမားကြီးများ၏ ပျမ်းမျှအမြင့်ဆုံးအကြွေးတင်ရှိမှုသည် ၅၀% ခန့်အထိလျော့ကျသွားသော်လည်း လယ်သမားငယ်များနှင့် ကျပန်းလုပ်သားများ၏ အကြွေးတင်ရှိမှုသည် ၅၀% ခန့်အထိ တိုးမြင့်လာသည်။ ရေလုပ်သားများ၏ ပျမ်းမျှအမြင့်ဆုံးအကြွေးတင်ရှိမှုသည် ၁၆% အထိ တဖြည်းဖြည်းချင်း မြင့်တက်လာသည်။ အသက်မွေးလုပ်ငန်းအုပ်စုများတွင် နာဂစ်အပြီး နှစ်နှစ်အကြာ ပျမ်းမျှအမြင့်ဆုံးအကြွေးတင်ရှိမှုသည် မုန်တိုင်းမတိုင်ခင်ကထက် မြင့်တက်လာခဲ့သည်။ ကျပန်းအလုပ်သမားများနှင့် ရေလုပ်သားများ၏ စုစုပေါင်း အမြင့်ဆုံးအကြွေးတင်ရှိမှုသည် လွန်ခဲ့သောနှစ်နှစ်အတွင်း နှစ်ဆကျော်ပိုများလာခဲ့ပြီး လယ်သမားငယ်များမှာလည်းနှစ်ဆနီးပါး မြင့်မားလာသည်။[၃၅]

---

၃၄။ SIM 2 အတွင်း စကားဝိုင်းများတွင် သုတေသနပြုလုပ်သူများသည် အများဆုံးနှင့် အနည်းဆုံးအကြွေးတင်ရှိမှုပမာဏကို ရွာတစ်ရွာချင်းစီတွင် အလုပ်အကိုင်အုပ်စုတစ်ခုစီအတွက် မှတ်သားထားခဲ့၍ ရွာအားလုံးအတွက် ၎င်းအချက်အလက်များကို စုပေါင်းလိုက်ခြင်းဖြစ်သည်။ SIM 3 အတွက် သုတေသနပြုလုပ်သူများသည် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများ၏ ကြွေးမြီပမာဏကို မှတ်သားထားခဲ့သည်။

၃၅။ SIM 2 ကဲ့သို့ပင် တူညီသောနည်းလမ်းများကို အသုံးပြုခြင်းဖြင့် SIM 3 အချက်အလက်များသည် အလုပ်အကိုင်အုပ်စုများအတွက် ပျမ်းမျှအနည်းဆုံးနှင့် အကြီးဆုံးအကြွေးပမာဏကို အမှန်တကယ်ပမာဏနှင့် အနီးစပ်ဆုံးဖြစ်ရန် ပျမ်းမျှခန့်မှန်းနိုင်ခဲ့သည်။ ထို့ကြောင့် အများဆုံးနှင့်အနည်းဆုံး ပျမ်းမျှအကြွေးပမာဏ၏ ပျမ်းမျှခြင်းကို နှိုင်းယှဉ်ခြင်းဖြင့် အောက်ပါတို့ကို ရရှိသည်။ လွန်ခဲ့သောနှစ်အတွင်း လယ်သမားငယ်များ၏ ပျမ်းမျှအကြွေးသည် ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။ လယ်သမားကြီးများမှာမူ တစ်ဝက်ခန့်ကျဆင်းခဲ့ပြီး ကျန်သူများမှာ ယခင်အခြေအနေအတိုင်းသာဖြစ်သည်။ စိတ်ဝင်စားဖွယ်မှာ လယ်သမားငယ်များ၏ ပျမ်းမျှအကြွေးမှာ နာဂစ်အပြီး တစ်နှစ်အတွင်း တိုးသည်ဆိုရုံမျှသာ တိုးခဲ့သည်။ နာဂစ်မတိုင်မီနှင့် နှိုင်းယှဉ်လျှင် အလုပ်အကိုင်အုပ်စုအားလုံးတွင် ချေးငွေယူသူများ၏ ပျမ်းမျှအကြွေးမှာ မြင့်တက်လာခဲ့သည်။ ရေလုပ်သားနှင့် ကျပန်းအလုပ်သမားများသည် နာဂစ်မတိုင်မီတွင်ရှိခဲ့သော ၎င်းတို့ကြွေးမြီထက် နှစ်ဆပို၍ မြင့်တက်သွားခဲ့ပြီး လယ်သမားငယ်များ၏ ပျမ်းမျှအကြွေးမှာမူ သုံးပုံနှစ်ပုံမြင့်တက်သွားသည်။

**ဇယား ၁၀။ ပျမ်းမျှအနည်းဆုံးနှင့် အများဆုံးစုစုပေါင်းအကြွေး**

| | နာဂစ်အပြီး နှစ်နှစ်အကြာ | | နာဂစ်အပြီး တစ်နှစ်အကြာ | | နာဂစ်မတိုင်မီ | |
|---|---|---|---|---|---|---|
| ငွေချေးသူများ | အနည်းဆုံး | အများဆုံး | အနည်းဆုံး | အများဆုံး | အနည်းဆုံး | အများဆုံး |
| လယ်သမားကြီးများ | ၅.၉ | ၂၇.၃ | ၉.၂ | ၅၇.၄ | ၅.၈ | ၂၂.၅ |
| လယ်သမားလတ်များ | ၃.၆ | ၁၄.၁ | ၃.၅ | ၁၅.၆ | ၄.၈ | ၁၀.၅ |
| လယ်သမားငယ်များ | ၂.၃ | ၉.၈ | ၁.၆ | ၆.၄ | ၂.၂ | ၅.၂ |
| လယ်သမားများအားလုံး | ၃.၉ | ၁၇.၁ | ၄.၄ | ၂၃.၉ | ၃.၇ | ၁၀.၀ |
| ရေလုပ်သားများအားလုံး | ၁.၉ | ၇.၅ | ၃.၁ | ၆.၅ | ၁.၀ | ၃.၂ |
| ကျပန်းလုပ်သားများအားလုံး | ၀.၆ | ၂.၉ | ၁.၂ | ၂.၀ | ၀.၃ | ၁.၄ |

## ...သို့သော်လည်း လူဆင်းရဲများသည် အကြီးမားဆုံး အကြွေးဝန်ကို ထမ်းနေရသည်မှာ ပေါ်လွင်နေခြင်း

SIM 3 သုတေသနတွင် လှုပ်ရှားပြောင်းလဲလျက်ရှိသော အကြွေးတင်ရှိမှုပုံစံအတွက် အကြောင်းပြချက်များနှင့်ပတ်သက်၍ အသေးစိတ်စစ်တမ်းများ ကောက်ယူခြင်း မပြုနိုင်ခဲ့ပေ။ သို့သော် နာဂစ်ပြီးပြီးချင်းတွင် လယ်သမားကြီးများသည် ပြန်လည်ရင်းနှီးရန်အတွက် ငွေအများအပြားကို ချေးယူခဲ့ကြပြီး နှစ်နှစ်အကြာတွင် အရေးပေါ်လိုအပ်မှုများမှာ လျော့နည်းလာခဲ့သည်။ တစ်နည်းအားဖြင့် ငွေချေးငှားနိုင်မှု လျော့ပါးလာခြင်းသည် အကြွေးတင်ရှိမှု စုစုပေါင်းပမာဏ မြင့်တက်လာမှုကို ထိန်းသိမ်းပေးသည်။ သို့သော် ရှင်းလင်းသည်မှာ မြစ်ဝကျွန်းပေါ်လူဦးရေ၏ ဆင်းရဲသောအပိုင်းသည် SIM 2 ပြုလုပ်စဉ်ကတည်းက စတင်ဖြစ်ပေါ်ခဲ့သော အဆိုးရွားဆုံး အကြွေးတင်ရှိမှုအခြေအနေနှင့် ဆက်လက်ရင်ဆိုင်နေရသည်။ ၎င်းတို့သည် ရင်းနှီးမြှုပ်နှံရန်နှင့် စားသုံးမှုအတွက် နောက်ထပ်ချေးငွေများ ရရှိရန် အမှန်တကယ်ပင်လိုအပ်နေသေးသည်။ သို့သော် ၎င်းတို့၏ အကြွေးတင်ရှိမှုအတွက် တာဝန်ယူနိုင်ရန် ပိုမိုခက်ခဲသော အခြေအနေများဖြစ်လာပြီး အရင်းအနှီးများကို ပြန်လည်ထုစွဲရမည့် အခြေအနေသို့သာ ပို့ဆောင်နေတော့သည်။

## ဆင်းရဲသော ရွာသားများမှာ အစားအသောက်အတွက် ငွေချေးငှားရန်လိုအပ်လျက်ရှိခြင်း

လယ်သမားကြီးများနှင့် လယ်သမားငယ်များသည် ၎င်းတို့၏ စိုက်ပျိုးစရိတ်ပြည့်မီရန် ငွေချေးကြရသည်။ သို့သော် လယ်သမားငယ်များနှင့် ရေလုပ်သားငယ်များမှာ ပစ္စည်းဝယ်ရန်နှင့် လုပ်ငန်းအရင်းအနှီးအတွက် ငွေချေးယူရသည့်အပြင် အစားအသောက်အတွက်လည်း ငွေချေးရသည်။ ကျပန်းအလုပ်သမားများသည် အများအားဖြင့် အစားအသောက်အတွက် ငွေချေးရသည်။ ယေဘုယျအားဖြင့် ဆင်းရဲသောရွာသားများမှာလည်း အခြားသော အိမ်ထောင်စုအသုံးစရိတ်များဖြစ်သည့် ဆေးကုသစရိတ်၊ ပညာရေးနှင့် ကလေးကျောင်းပို့စရိတ်များ အတွက်လည်း ငွေချေးရသည်။

## အတိုးနှုန်းမှာ အများအားဖြင့်တည်ငြိမ်နေခြင်း

အတိုးနှုန်းမှာ အများအားဖြင့်တည်ငြိမ်နေသည်။ တရားဝင်ငွေချေးသည့်အဖွဲ့အစည်းမဟုတ်သော နေရာများမှ ငွေချေးရခြင်းအတွက် သတ်မှတ်ချက်မှာ အများဆုံးချေးငွေယူသော အုပ်စုအတွက် တစ်လလျှင် ၅% မှ ၁၀% နှင့် အမျိုးသမီးများအတွက် ၃၀% ဖြစ်သည် (ဇယား ၁၁)။ အချို့သောကိစ္စများတွင် ရွာသားများ မှတ်တမ်းတင်ထား ချက်အရ လစဉ်အတိုးနှုန်းမှာ ၅၀% မှ ၆၀% အထိ မြင့်မားလာခဲ့သည်။ တရားဝင်အတိုးနှုန်းမှာ နည်းပါးသည် (တစ်လလျှင် ၁.၅%)။ သို့သော် ယင်းသည် ချေးငွေချေးငှားရနိုင်မှု ပမာဏမှာ နည်းပါးပြီး ခန့်မှန်းခြေ ၂၀ % ခန့်သာ ဖြစ်သည်။[၃၆]

---

၃၆။ ရွာကိုးရွာရှိ လယ်သမားများသာ တရားဝင်ချေးနိုင်သောနေရာမှ အတော်အတန်များသော ချေးငွေပမာဏကို ရရှိခဲ့သည်။

**ဇယား ၁၁။ တရားမဝင်နေရာများမှ ချေးငွေယူခြင်းအတွက် လစဉ်အတိုးနှုန်းများ**

| ငွေချေးသူအမျိုးအစားများ | အများဆုံးယူသော အတိုးနှုန်းရာခိုင်နှုန်း |
|---|---|
| လယ်သမားကြီးများ | ၅.၁၀ |
| လယ်သမားလတ်များ | ၅.၁၀ |
| လယ်သမားငယ်များ | ၅.၁၀ |
| ရေလုပ်သားလတ်များ | ၅.၁၀ |
| ရေလုပ်သားငယ်များ | ၆.၁၀ |
| ကျပန်းအလုပ်သမားများ | ၅.၂၀ |

တရားဝင်သဘောမဆောင်သော ငွေချေးပေးသူများ Informal Money Lender များသည် (ချေးဆိုင်ပိုင်ရှင်များ၊ လယ်သမားများ၊ ကုန်သည်များနှင့် ငါးအဝယ်ဒိုင်များ) ပုံမှန်အားဖြင့် အတိုးမယူကြပေ။ သို့သော်လည်း ငါးဖမ်း သမားများနှင့် ကျပန်းအလုပ်သမားများကို ကြိုတင်ငွေထုတ်ပေးရာတွင် အတိုးနှုန်းအတိုင်းအတာတစ်ခုကို ၎င်းတို့က ပုံမှန်မဟုတ်သောနည်းဖြင့် ယူကြသည်။ ထို့ကြောင့် ၎င်းတို့ထံမှချေးယူသော ချေးငွေများတွင် ချေးငွေယူသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီရန်အတွက်မှု ရှုပ်ထွေးသော ဆက်စပ်မှုများပါဝင်သည် (သာဓက ၁၂)။

**သာဓက ၁၂။တရားဝင်မဟုတ်သော ငွေချေးခြင်းအလေ့အထများ**

မြစ်ဝကျွန်းပေါ်တွင် အမျိုးမျိုးသော တရားဝင်မဟုတ်သော ငွေချေးပေးမှုများ ရှိသည်။

၁။ **လုပ်ခကြိုတင်ယူခြင်း။** ရွာများရှိ လယ်သမားများသည် လက်ရှိပေးသောလုပ်ခနှုန်းဖြင့် ၁ လမှ ၃ လစာ၊ အလုပ်နှင့် ထိုက်တန်သော ကြိုတင်ငွေကို အလုပ်သမားများကို ကြိုထုတ်ပေးလေ့သည်။ သို့သော် လုပ်ခနှုန်းထက်လျော့၍ ရကြသည်။ နာဂစ်မတိုင်ခင်က ကျပန်းအလုပ်သမားများအနေဖြင့် မြေတစ်ဧကအလုပ်အတွက် ကြိုတင်ငွေ ကျပ် ၁၀,၀၀၀ ထက်လျော့နည်းခြင်းမရှိဘဲ ရရှိခဲ့ကြသည်။ သဘောတူညီသောနှုန်းမှာ ကျပ် ၁၅,၀၀၀ ဖြစ်သည်။ လုပ်ခကို ကြိုတင်ငွေယူခြင်းအတွက် အလုပ်သမားများအနေဖြင့် သုံးလစာ ချေးငွေကာလ အတွက် အတိုးနှုန်း ၃၀% ပေးရသည်။ ယနေ့တွင် ၎င်းတို့ရရှိသောငွေမှာ ကျပ် ၇,၀၀၀–၈,၀၀၀ ထက်နည်း၍ သုံးလအတွက် အတိုးနှုန်းမှာ ၅၀% ဖြစ်လာသည်။ နာဂစ်အပြီး ဒုတိယနှစ်တွင် ယင်းအခြေအနေမှာ ပိုမိုဆိုးရွားလာသည်ကို ရွာသားများ သတိပြုမိကြသည်။

၂။ **စပါးပေးချေးငွေ။** လယ်သမားတစ်ဦးသည် တင်း ၁၀၀ သို့မဟုတ် (၎င်းနှင့်ညီမျှသောငွေ) ကို မိုးရာသီအစမှ ချေးယူလျှင် သူ့အနေဖြင့် ရိတ်သိမ်းပြီးချိန်တွင် စပါးတင်း ၂၀၀ ပြန်ပေးရသည်။ ပုံမှန်အားဖြင့် ငွေထုတ်ပေးချိန်နှင့် ပြန်ဆပ်သည့်ကာလအကြားတွင် ခြောက်လရှိသည့်အတွက် တွက်ကြည့်လျှင် အတိုးနှုန်းမှာ တစ်လလျှင် ၁၅ % နီးပါး ရှိသည်။

၃။ **နေ့ပြန်တိုး– ၁။** ဈေးအစရှိသောနေရာများတွင် ချေးငွေပေးသူမှ ဈေးသည်များကို ချေးငွေပေးပြီး တစ်နေ့တာအဆုံးတွင် ပြန်လည်စုဆောင်းယူသည်။ သဘောတူညီစွာ ချေးယူသည့်ငွေမှာ ကျပ် ၁,၀၀၀ ဖြစ်လျှင် ချေးယူသည့်သူမှာ ကျပ် ၈၀၀ သာရရှိသည်။ ညနေတွင် ချေးယူသူမှာ ငွေအပြည့် ကျပ် ၁,၀၀၀ ပြန်ပေးရသဖြင့် အတိုးနှုန်းမှာ တစ်နေ့လျှင် ၂၀% ဖြစ်သည်။

၄။ **နေ့ပြန်တိုး–၂။** တစ်စုံတစ်ယောက်မှ ငွေကျပ် ၁,၀၀၀ ချေးလျှင် ၎င်းအနေဖြင့် တစ်နေ့ ၁၀ ကျပ်နှုန်းဖြင့် နေ့တိုင်း စည်းကမ်းသတ်မှတ်ထားသောနေ့အထိ အပြည့်ပြန်ပေးရသည်။ အတိုးနှုန်းမှာ အပြည့်ပြန်ပေးရသည့် ကာလပေါ်တွင် မူတည်နေသည်။

## ချေးငွေယူနိုင်သောအရင်းအမြစ်များ

### တရားဝင်သဘောမဆောင်သော ချေးငွေပေးသူများ ချေးငွေဈေးကွက်ကို လွှမ်းမိုးနေခြင်း

မြစ်ဝကျွန်းပေါ် ချေးငွေဈေးကွက်တွင် အများအားဖြင့် တရားဝင်မဟုတ်တဲ ချေးငွေယူသူများသည် ချေးငွေကို ကျေးရွာအတွင်းမှ အများဆုံးရရှိသည်။ လယ်သမားကြီးများ၊ ငွေချေးစားသူများ၊ ဆွေမျိုးနှင့် သူငယ်ချင်းများထံမှ ဖြစ်သည် (ဇယား ၁၂)။ အဖွဲ့အစည်းများ (NGO များ၊ ဘဏ်များ၊ ဆန်စက်များ) ၏ နယ်ပယ်သည် အကန့်အသတ်ရှိပြီး ၎င်းတို့သည် လွန်ခဲ့သောနှစ်အတွင်း စီးပွားရေးအခန်းကဏ္ဍနှင့်အတူ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။[27] အသေးစား ချေးငွေချေးပေးခြင်းမှာ ကောင်းမွန်သော်လည်း အလုံးစုံကောင်းမွန်နေခြင်းမျိုး မဟုတ်ပေ။ (သာဓက ၁၃)။

**ဇယား ၁၂။ ချေးငွေယူနိုင်သော အရင်းအမြစ်များ**

| အကြွေးယူနိုင်သူများ | အကြိမ်အရေအတွက် |
|---|---|
| ပုဂ္ဂလိကငွေချေးသူများ | ၇၅ |
| ဆွေမျိုးများ/ သူငယ်ချင်းများ | ၄၂ |
| လယ်သမားများ/ ဆားတွင်းလုပ်သူများ | ၃၉ |
| ဈေးဆိုင်ပိုင်ရှင်များနှင့်အလားတူ | ၂၁ |
| ကုန်သည်များ | ၁၉ |
| ငါးအဝယ်ဒိုင်များနှင့် အလားတူကုန်သည်များ | ၁၈ |
| အစိုးရဘဏ်များ | ၁၁ |
| ဆန်စက်ပိုင်ရှင်များ/ အဖွဲ့အစည်းများ | ၁၁ |
| NGO များနှင့် အလားတူ | ၁၀ |
| ရွှေဆိုင်နှင့် အပေါင်ဆိုင်များ | ၈ |
| စီးပွားရေးကဏ္ဍ | ၅ |
| အခြားအရင်းအမြစ်များ | ၃ |

၁/ အချက်အလက်များသည် အကြောင်းအရာတစ်ခုကို အဓိကဆွေးနွေးသည့် စကားဝိုင်းပေါ်တွင် အခြေခံထားသည်။

**သာဓက ၁၃။ အသေးစားချေးငွေ အလုပ်ဖြစ်သောအချိန်နှင့် အလုပ်မဖြစ်သောအချိန်**

ရွာတစ်ရွာတွင် အသေးစားချေးငွေ စီမံကိန်းကို ဂရုတစိုက် စစ်ဆေးအကဲဖြတ်မှုများအပြီးတွင် ကိုယ့်အားကိုယ်ကိုးအဖွဲ့တစ်ဖွဲ့မှ တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့တွင် ပုံမှန်စုဆောင်းခြင်း ပြုလုပ်နိုင်သော အရည်အချင်းရှိသည့်အဖွဲ့ဝင်များပါဝင်ပြီး မှတ်တမ်းမှတ်ရာများကိုစနစ်တကျ ထိန်းသိမ်းထားသည်။ စီမံကိန်းမှ ငွေကျပ်

27။ ထွန်းဖောင်ဒေးရှင်းဘဏ်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL)သည် ၂၀၀၉ ခုနှစ်တွင် စတင်ငွေချေးခဲ့သည်။ လေ့လာခဲ့သောကျေးရွာများမှ တစ်ရွာတွင်သာ ထွန်းဖောင်ဒေးရှင်းဘဏ်ဖြင့် ဆက်သွယ်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ ၎င်းတွင် တစ်လလျှင် အတိုးနှုန်း ၃% ဖြင့် တစ်ဧကအတွက် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့် မြင့်မားသော ချေးငွေပမာဏကို ချေးပေးသည်။ ချေးငွေပြန်ဆပ်ရန် ပျော့ပျောင်းသော သဘောတူညီမှုရှိပြီး အတိုးပြန်ပေးမှုတွင် သုံးပုံတစ်ပုံကို ကျေးရွာကို ပြန်ပေးသည်။ ထို့ကြောင့် ရွာသားများသည် ဗုဒ္ဓဆင်းတုတော် ပြန်လည်မွမ်းမံခြင်းတွင် ၎င်းငွေကို အသုံးပြုခဲ့ကြသည်။ (MEHL)သည် ကျေးရွာခြောက်ရွာတွင် တက်ကြွစွာလုပ်ကိုင်ပြီး တစ်လလျှင်အတိုးနှုန်း ၂ % ဖြင့် တစ်ဧကအတွက် ငွေကျပ် ၅၀,၀၀၀ အထိ ချေးနိုင်သည်။ ၎င်းသည် ပြန်ဆပ်သည့်စည်းမျဉ်းကို ပြောင်းခဲ့သည်။ ယခုအခါ လယ်သမားများသည် ချေးငွေပြန်ဆပ်လျှင် အချွန်ဆန်အိတ်များဖြင့်သာ ပြန်ဆပ်နိုင်သည်။ ထို့ကြောင့် အချွန်ဆန်မစိုက်သော လယ်သမားများသည် စပါးကိုပြန်ဝယ်၍ အကြွေးဆပ်ရသည်။ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်သည် လွန်ခဲ့သောနှစ်အတွင်း လေ့လာနေသော ကျေးရွာများမှ တစ်ရွာတွင်သာလျှင် ချေးငွေပေးခဲ့သည်။

၁၀ သိန်းကို ၎င်းအဖွဲ့အား မတည်ပေးခဲ့ပြီး ၎င်း၏အဖွဲ့ဝင်များအားလုပ်ငန်းများစတင်ရန် သို့မဟုတ် ရှိပြီးသားလုပ်ငန်းများတွင် ရင်းနှီးရန် ချေးငှားစေခဲ့သည် (အနိမ့်ဆုံး ၇၀,၀၀၀ ကျပ် မှ အများဆုံး ၁၀၀,၀၀၀ကျပ်)။ ချေးငွေစည်းမျဉ်း စည်းကမ်းကို အဖွဲ့မှချမှတ်ပေးသည်။ ငွေချေးသူများမှာ အတိုးနှုန်း တစ်လ ၅% ပေးရပြီး ရက်သတ္တပတ် နှစ်ပတ်တိုင်း ငွေပြန်ပေးရသည်။ ချေးငွေလုပ်ငန်းအပြင် အဖွဲ့ဝင်များသည် အပတ်စဉ် အစည်းအဝေးတိုင်းတွင် ငွေ ၂၀၀ ကျပ် စီ စုဆောင်းရသည်။ အဖွဲ့ဝင်များ၏ပြောပြချက်အရ ၎င်းတို့၏လုပ်ငန်းများသည် အသေးစား ချေးငွေ စီမံကိန်းကြောင့် တိုးတက်လာခဲ့သည်။ ထို့အပြင် ၎င်းတို့သည် ယခုအခါ လမ်းပြင်ခြင်း သို့မဟုတ် ဘာသာရေးအခမ်းအနားများတွင် အဖွဲ့လိုက်ပါဝင်လုပ်ကိုင်လာနိုင်ကြပြီး မဝေးသောအနာဂတ်တွင် အဖွဲ့အနေဖြင့် လမ်းမကြီးကို ပြန်လည်ပြုပြင်နိုင်ရန် လုပ်ဆောင်မည်ဖြစ်သည်။

အခြားရွာတစ်ရွာမှ အမျိုးသမီးများသည် အသေးစားချေးငွေစီမံကိန်းတစ်ခုကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိပြီး ၎င်းတို့၏ အသက်မွေးလုပ်ငန်းများကို ပြန်လည်စတင်ရန် ရည်ရွယ်၍ဖွဲ့စည်းခဲ့သည်။ ချေးငွေ စည်းမျဉ်းစည်းကမ်းအရ အမျိုးသမီးများသည် ချေးငွေကော်မတီဖွဲ့စည်းခဲ့ကြပြီး ယင်းကော်မတီမှ အဖွဲ့ဝင်များ အပတ်စဉ်ပေးရသောငွေကို အသေအချာတာဝန်ယူပေးကြရသည်။ သို့သော်လည်း အချို့သော အဖွဲ့ဝင်များသည် ၎င်းတို့ပုံမှန်ပေးရမည့်ငွေများကို ပြန်လည်မပေးနိုင်သောကြောင့် အခြားအဖွဲ့ဝင်များမှ ၎င်းတို့၏တာဝန်ကိုပါ ထမ်းဆောင်ကြရသောအခါ လူမှုရေးတင်းမာမှုများ ဖြစ်ပေါ်လာသည်။ ယင်းသို့ချေးငွေပြန်ပေးရန် အခက်အခဲကြုံရသူများမှာ ရရှိသောချေးငွေကို စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရမည့်အစား (၎င်းချေးငွေအား အရင်းအနှီးလုပ်၍ အလုပ်လုပ်ရမည်ဖြစ်သော်လည်း) အစားအသောက်များကို ဝယ်ယူခြင်း သို့မဟုတ် အစာကျွေးရန် ပိုက်ဆံအပိုမရှိဘဲ ဝက်များဝယ်မွေးခြင်းတို့ကို ပြုလုပ်သောကြောင့်ဖြစ်သည်။ ချေးငွေကော်မတီဝင် ၃ ဦးမှာ ချေးငွေပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သဖြင့် အခြားသူများအား မျက်နှာချင်းမဆိုင်ရဲသောကြောင့် ပုန်းရှောင်နေသည်။ အခြားအဖွဲ့ဝင်များက ကျေးရွာခေါင်းဆောင်ကို တိုင်ကြားရာ ၎င်းက ပြဿနာကို ဖြေရှင်းရန်မတတ်နိုင်သောကြောင့် စီမံကိန်းကို ကျေးရွာခေါင်းဆောင်များ၏ ပူးပေါင်းပါဝင်မှုမရှိတော့ဘဲ ပြန်လည်တည်ထောင်ခဲ့ကြသည်။ ထို့ကြောင့် အသေးစားချေးငွေလုပ်ငန်းမှာ ၎င်း၏ရည်ရွယ်ချက်ကို အောင်မြင်မှုမရရှိဘဲ ကျေးရွာအတွင်း လူမှုရေးတင်းမာမှုများကိုသာ ဖန်တီးပေးခဲ့သည်။

လွန်ခဲ့သောကာလတွင် တရားဝင်ငွေချေးသူများ (မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်နှင့် MEHL) မှာ အတိုးနှုန်းနည်းနည်းဖြင့် ကာလရှည်ရှည်ချေးငွေများ ပေးသဖြင့် ရွာသားများက နှစ်သက်ကြသည်။ သို့သော်လည်း ၎င်းတို့၏ စည်းမျဉ်းများမှာ တင်းကြပ်ပြီး ချေးငွေရရှိရန် ကျေးရွာအုပ်စုခေါင်းဆောင်များ၏ ထောက်ခံမှုအပေါ်တွင် မူတည်နေရခြင်းများရှိသည်။ ထို့ကြောင့် ငွေချေးသူများသည် ၎င်းတို့အား ချေးငွေပြန်ဆပ်မှုပုံစံတွင် ပိုမို ပျော့ပျောင်းလွယ်ကူသော တရားဝင်သဘောမဆောင်သောငွေချေးသူများထံမှသာ ချေးယူကြတော့သည်။

လေ့လာခဲ့သော ကျေးရွာ ၄၀ အနက် ၃ ရွာတွင်သာလျှင် ငွေစုငွေချေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသည်။ ယင်း ၃ ခုအနက် ၂ ခုမှာ အမျိုးသမီးအုပ်စုဖြစ်ပြီး နာဂစ်မတိုင်မီကတည်းက တည်ထောင်ထားခဲ့ခြင်းဖြစ်ပြီး အားလုံးမှာ မုန်တိုင်းဒဏ် အနည်းငယ်သာ ထိခိုက်ခံခဲ့ရသည့်ကရင်ရွာများဖြစ်သည် (သာဓက ၁၄)။ ချေးငွေပမာဏမှာ နည်းပါးပြီး ရည်ရွယ်ချက်များအလိုက်ဖြစ်သည်။ ကျန်းမာရေး အသုံးစရိတ်အတွက် ၃၀,၀၀၀ ကျပ်၊ ပိုမိုများပြားစွာလိုအပ်သော ရွာသားများအတွက်လည်း ၁ သိန်းမှ ၁.၅ သိန်းထက် မပိုဘဲရနိုင်ပြီး စီးပွားရေးအတွက်သာ အဓိကထား၍ အဖွဲ့ဝင်များကို ငွေချေးပေးသည်။ အတိုးနှုန်းမှာ တစ်လလျှင် ၃ % မှ ၅ % ဖြစ်သည်။ ကိစ္စတစ်ခုတွင် အဖွဲ့မှရရှိသော အတိုးများကို ကျောင်းဆရာများ၏ အပိုဆောင်းလစာငွေအဖြစ် ပေးကြသည်။ နာဂစ်မတိုင်မီကမူ ၎င်းအဖွဲ့များတွင် အဖွဲ့ဝင်အချင်းချင်းစီမံခန့်ခွဲကြရာတွင် အဖွဲ့ဝင်များ၏ ပြန်ဆပ်ငွေနှင့် ပတ်သက်သော ပြဿနာ မတွေ့ကြုံဖူးသော အဖွဲ့မရှိချေ။

**သာဓက ၁၄။ အမျိုးသမီးအဖွဲ့များ၏ စုဆောင်းငွေနှင့်ချေးငွေ ရန်ပုံငွေတည်ထောင်ခဲ့ကြပုံ**

ကျေးရွာတစ်ရွာတွင် ခရစ်ယာန်ဘုရားကျောင်းမှ အမျိုးသမီးအဖွဲ့များသည် စုဆောင်းငွေနှင့် ချေးငွေ ရန်ပုံငွေတစ်ခုကို လွန်ခဲ့သောသုံးနှစ်မှစ၍ တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့တွင် ဥက္ကဋ္ဌတစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းကိုင်တစ်ဦး၊ အကြံပေးတစ်ဦးနှင့် အခြားအဖွဲ့ဝင် ၃ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော ကော်မတီမှ ဦးဆောင်ကြသည်။ စုစုပေါင်းအဖွဲ့ဝင်ဦးရေမှာ ၁၅၉ ဦးရှိသည်။ အဖွဲ့ဝင်များသည် လစဉ်အနည်းဆုံး ၁,၀၀၀ ကျပ် စုဆောင်းကြသည်။ လုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့ဝင်များကို တစ်လလျှင် အတိုးနှုန်း ၅% ဖြင့် ငွေချေးပေးပြီး ပြန်ဆပ်ရမည့် ကာလအားသဘောတူညီမှုဖြင့် သတ်မှတ်ထားကြသည်။ သို့သော် အခြားရည်ရွယ် ချက်များဖြစ်သော ကျန်းမာရေးနှင့် ပညာရေး တို့အတွက် ငွေမချေးပေးပါ။ ယင်းအဖွဲ့သည် အတိုးများ၏ ၂% ကို ဘာသာရေးအခမ်းအနားများနှင့် ဆင်းရဲသူများအတွက်လည်း ကျန်းမာရေးနှင့် နာရေး အသုံးစရိတ် များစသော ဘာသာရေးနှင့် လူမှုရေးရန်ပုံငွေအတွက်သုံးစွဲရန် သတ်မှတ်ထား၍ ကျန် ၃ % ကို မူလရန်ပုံငွေ အတွင်းသို့ ထည့်ဝင်သည်။ ၃ နှစ်ကျော်ကာလတွင် ၎င်းအဖွဲ့သည် သိန်း ၁၆၀ ကျော် စုဆောင်းနိုင်ခဲ့သည်။ မကြာခင်က ယင်းငွေများကို အဖွဲ့ဝင်များအကြား ခွဲဝေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ များပြားသောငွေများကို ကျေးရွာအတွင်း သိမ်းဆည်းထားနိုင်စွမ်းမရှိခြင်းနှင့် ဘဏ်စာရင်းဖွင့်ခြင်း အတွေ့အကြုံ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ ၎င်းအဖွဲ့သည် ၂၀၁၀ ခုနှစ် အစောပိုင်းတွင် စုဆောင်းမှုတစ်ခုကို အသစ် ပြန်လည်စတင်နေပြီဖြစ်သည်။

**…သို့သော် ငွေချေးယူသူများသည် ငွေချေးယူမှုအရင်းအမြစ်များစွာမှ ခွဲယူချေးငှားမှုများ များပြား လာခြင်း**

ရွာအားလုံးတွင် လယ်သမားကြီးများသည် ပုဂ္ဂလိက ချေးငွေပေးသူများထံမှ ချေးငွေရရန် အခြားသူများ ထက် ပိုမိုလွယ်ကူကြောင်း တွေ့ရသည်။ အသေးစားချေးငွေယူသူများ (လယ်သမားများ၊ ရေလုပ်သားများနှင့် ကျပန်းအလုပ်သမားများ) အတွက် ချေးငွေရရှိနိုင်မှုမှာ သိသိသာသာ ခက်ခဲလာကြသည်။ အကျိုးဆက်အားဖြင့် ၎င်းတို့သည် ချေးငွေရနိုင်သော အမျိုးမျိုးသောနေရာများမှာ ချေးငွေယူကြသည်။ တစ်နေရာစီမှရသော ချေးငွေ ပမာဏမှာ အကန့်အသတ်ရှိပြီး ချေးငွေယူသူများသည် ပုဂ္ဂလိက ချေးငွေပေးသူ ၃ ဦး တခါတရံ ငါးဦးနှင့်အထက် တို့ထံမှ ချေးငွေကို ခွဲယူချေးငှားရသည်။ တခါတရံတွင် ရွာသားများသည် ချေးငွေရရှိရန် လိမ်လည် ပြောဆိုရသည်များလည်း ရှိသည်ဟု ပြောပြခဲ့သည်။ ဥပမာအားဖြင့် ငွေချေးငှားရာတွင် ငွေရှင်အား ၎င်းသည်သာ တစ်ခုတည်းသော အရင်းအမြစ်ဖြစ်ကြောင်းပြော၍ ချေးယူရခြင်းဖြစ်သည်။ သို့မှသာ ငွေချေးငှားသူအား ၎င်းတစ်ဦးတည်းထံမှသာ ငွေချေးယူသဖြင့် ချေးငွေယူသူအနေဖြင့် ချေးငွေကို အလွယ်တကူ ပြန်ဆပ်နိုင်သည်ဟု အထင်ရောက်စေရန် ဖြစ်သည်။

လယ်သမားငယ်များနှင့် လယ်သမားလတ်များသည် ပုဂ္ဂလိက ချေးငွေပေးသူများနှင့် လယ်သမားကြီးများ အပေါ်တွင် အများအားဖြင့် မှီခိုနေရပြီး ရေလုပ်သားများမှာ ငါးအဝယ်ဒိုင်များပေါ်တွင် မှီခိုနေရကာ ကျပမ်းလုပ်သား များမှာမူ လယ်သမားများ၊ ပုဂ္ဂလိကချေးငွေပေးသူများနှင့် ဈေးဆိုင်ပိုင်ရှင်များအပေါ်တွင် မှီခိုနေရသည်။ ငွေကြေး အနည်းငယ်သာချေးယူသူများမှာ ဆွေမျိုးများနှင့် မိတ်ဆွေများထံမှ ချေးယူကြသည် (ဇယား ၁၃)။

**ဇယား ၁၃။ အမျိုးမျိုးကွဲပြားနေသော ချေးငွေယူသူများ၏ ချေးငွေရနိုင်သောအရင်းအမြစ်များ**

| ပထမဦးဆုံးချေးငွေပေးသူများ ၁/ | လယ်သမားကြီးများ | လယ်သမားငယ်/လတ်များ | ရေလုပ်သားများ | ကျပန်းအလုပ်သမားများ |
|---|---|---|---|---|
| ပုဂ္ဂလိကချေးငွေပေးသူများ | ၅ | ၉ | ၆ | ၈ |
| ဆန်စက်ပိုင်ရှင်များ | ၁ | ၃ | ၂ | – |
| လယ်သမားများ | ၁ | ၁၀ | ၁ | ၁၀ |
| ဆားတွင်းလုပ်သူများ | | | | |
| ကုန်သည်နှင့်ရွှေဆိုင်များ | ၂ | ၅ | ၂ | ၁ |
| ငါးအဝယ်ဒိုင်နှင့်အလားတူ | – | – | ၈ | ၂ |
| ဈေးဆိုင်ပိုင်ရှင်များနှင့်အလားတူ | – | ၃ | ၁ | ၇ |
| ဆွေမျိုးများ/ သူငယ်ချင်းများ | – | ၇ | ၆ | ၄ |
| ဘဏ်များနှင့်စီးပွားရေးကဏ္ဍများ | – | ၆ | – | – |
| အခြား | – | – | – | ၅ |

၁/ ဆွေးနွေးစကားဝိုင်းများတွင် အဓိကဆွေးနွေးခဲ့သော မူလပထမ ငွေချေးပေးသူများ

အိမ်ထောင်စုများအတွက် ချေးငွေအလွယ်တကူရရှိနိုင်သော နည်းလမ်းမှာ အဓိကမိသားစုဝင်များအကြားတွင် မြေယာပိုင်ဆိုင်မှုကို ခွဲဝေကြခြင်းဖြစ်သည်။ ယင်းသို့ပြုလုပ်ခြင်းမှာ MADB (မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်) မှ ချေးငွေရရှိနိုင်ရန် အတွက်ဖြစ်ပြီး အချို့မှာ ငွေကြေးအထောက်အပံ့ပေးသော အသေးစားချေးငွေ စီမံကိန်းများအတွက်ဖြစ်သည်။ MADB မှ တစ်ဧကအတွက် ချေးငွေ ၁၀,၀၀၀ ကျပ်ချေးပေးပြီး (နာဂစ်မတိုင်ခင်က ၅,၀၀၀ ကျပ်သာ ချေးပေးရာမှ ပမာဏတိုးမြှင့်ပေးခြင်း) တစ်အိမ်ထောင်လျှင် အများဆုံး ၁၀ ဧကအထိ ချေးပေးသည်။ အတိုးနှုန်းမှာ အားလုံးအလွယ်တကူပေးနိုင်သောနှုန်းဖြစ်၍ တစ်နှစ်လျှင် ၁၇ % ပေးရသည်။ မိသားစုဝင်များအကြား မြေယာပိုင်ဆိုင်မှုများကို ခွဲဝေရခြင်းမှာ ချေးငွေများများ ချေးယူနိုင်ရန်ဖြစ်သည်။ နာဂစ်မဖြစ်မီကတည်းကပင် ယင်းသို့ပြုလုပ်လေ့ရှိခဲ့ပြီး ယခုအခါ ပိုမိုပြုလုပ်လာကြသည်။

## ...တရားဝင်သဘောမဆောင်သော ချေးငွေပေးသူများမှာလည်း ငွေကြေးအခက်အခဲများနှင့်ရင်ဆိုင်နေရခြင်း

တရားဝင်သဘောမဆောင်သော ငွေချေးပေးသူများထံမှ ကုန်နှင့်ဝန်ဆောင်မှုများအတွက် ကြိုတင်ငွေယူသောဓလေ့မှာ မြစ်ဝကျွန်းပေါ်တွင် ဟိုးယခင်ကာလများကပင် ရှိခဲ့သော်လည်း ယခုအခါတွင် ထိုကဲ့သို့ ပြုလုပ်ပေးမှုများကြောင့် ချေးငွေပေးသူများမှာ ငွေကြေးအကြပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ သို့သော် ကျပန်းအလုပ်သမားများသည် လယ်သမားများထံမှ လုပ်အားခငွေ ကြိုတင်ထုတ်ယူ၍ရသော အခြေအနေမျိုးတွင် ရှိနေသေးသည် (အပေါ်တွင်ကြည့်ပါ။)။ သို့သော်လည်း ရေလုပ်သားများနှင့် လယ်သမားများ အသီးသီးအတွက် အရေးပါသော ငွေချေးနိုင်သည့် အရင်းအမြစ်များဖြစ်သည့် ငါးအဝယ်ဒိုင်များနှင့် ဆန်စက်ပိုင်ရှင် များမှာ ၎င်းတို့ ကိုယ်တိုင် နာဂစ်မုန်တိုင်းကြောင့် ငွေကြေးဆိုင်ရာ အကြပ်အတည်းများနှင့် ရုန်းကန်နေကြရသည်။ ထိုနည်းတူစွာ ကျေးရွာများတွင် လယ်သမားကြီးများသည် လယ်သမားငယ်များအား ချေးငှားရန် ငွေကြေးမှာ ယခုတိုင် လုံလောက်မှုမရှိသေးဘဲ SIM 2 အခြေအနေနှင့် များစွာပြောင်းလဲမှု မရှိသေးပါ[38]။ အဓိကချေးငွေ ရနိုင်သော အရင်းအမြစ်များ၏ ငွေကြေးဆိုင်ရာ အခက်အခဲများသည် ရနိုင်သော ကြိုတင်ငွေကြေးပမာဏကို

၃၈။ လယ်သမားကြီးတစ်ဦးသည် လယ်သမားငယ်များအား စတင်ငွေချေးသည့် ဖြစ်ရပ်တစ်ခုသာရှိသည်ဟု ရွာသားများသည် မှတ်သားထားခဲ့သည်။

လျော့နည်းစေသည်[၃၉]။ ထိုအချက်များကြောင့် SIM 3 ကွင်းဆင်းလေ့လာမှုများ ပြုလုပ်သောအချိန်တွင် ရေလုပ်သားများကို ကြိုတင်ငွေပေးမှုမှာ ကျေးရွာများတွင် မရှိတော့သလောက် နည်းပါးသွားကြောင်းတွေ့ရှိရသည်။

## အကြွေးပြန်လည်ပေးဆပ်နိုင်စွမ်းအား

## အကြွေးပြန်ဆပ်ခြင်းသည် အိမ်ထောင်စုများအား ငွေကြေးဆိုင်ရာ ဝန်ထုတ်ဝန်ပိုးများ ပိုမိုတိုးပွားစေခြင်း

သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် လယ်သမားများသည် အကြွေးကို ငွေကြေးဖြင့်ဖြစ်စေ ပစ္စည်းဖြင့်ဖြစ်စေ ပြန်ဆပ်ကြသော်လည်း ရေလုပ်သားများမှာ ၎င်းတို့ဖမ်းယူရရှိသော ငါးများဖြင့်သာ ပြန်ဆပ်ကြရသည်။ ပေးရန်ရှိသော အကြွေးများနှင့် ချေးယူထားသော ငွေကြေးများကို ပြန်လည်ပေးဆပ်နိုင်စွမ်းအားရှိခြင်းမှာ ၎င်းတို့၏ စီးပွားရေးအခြေအနေအပေါ်တွင် များစွာမူတည်နေပါသည်။ ကျေးရွာများ၏ လေးပုံတစ်ပုံ–ရွာ ၁၁ ရွာတွင် အသက်မွေးလုပ်ငန်းများ တိုးတက်လာပြီး ကောင်းမွန်စွာ ပြန်လည်ထူထောင်လာနိုင်သောကြောင့် ချေးငွေယူသူများမှာလည်း အကြွေးပြန်ဆပ်ရန် အခက်အခဲမရှိပေ။ အခြားသောကျေးရွာများ (ရေလုပ်ငန်းရွာအားလုံးပါဝင်) ရှိ လူမှုစီးပွားအခြေအနေမှာ ထိုက်သင့်သလောက် တိုးတက်ခြင်းမရှိသေးသောကြောင့် ၎င်းတို့၏အကြွေးဝန်များကို လျော့ကျစေရန် အခြေအနေမပေးပေ။ ဆန့်ကျင်ဘက်အားဖြင့် ချေးငွေယူသူများသည် အကြွေးဟောင်းအတွက် အတိုးထပ်ပေါင်းပေးရင်း အကြွေးသစ်ကို ထပ်ယူကြရသဖြင့် အကြွေးပမာဏမှာ မြင့်တက်လာရသည် (အပေါ်တွင်ကြည့်ပါ။)။

အကယ်၍ငွေချေးယူထားသူများသည် အကြွေးပြန်မပေးနိုင်ပါက အတိုးမှန်မှန် ပေးဆပ်ခြင်းဖြင့် အကြွေးသစ်များကိုထပ်မံ ထုတ်ယူနိုင်ကြောင်းကို လေ့လာခဲ့သောကျေးရွာများတွင် အများအပြားတွေ့ရှိရသည်။ သို့သော်လည်း စုစုပေါင်း အကြွေးပမာဏအတွက် အတိုးကိုပေးနေရခြင်းဖြစ်ရာ ၎င်းတို့အတွက် အတိုးဆပ်ရသည့် ပမာဏမှာ မြင့်တက်လာခဲ့သည်။ တစ်ချို့သော ကျေးရွာပြင်ပမှ အကြွေးယူကြသော လယ်သမားများမှာ၊ ငွေချေးပေးသူများမှ ပေးရန်ကျန်ရှိသော အကြွေးအတွက် တိုးရင်းပေါင်းတွက်ချက်သဖြင့် အတိုးမှာ ထပ်ထပ်များလာပြီး ၎င်းလယ်သမားများခံစားနေရသော ဝန်ထုတ်ဝန်ပိုးမှာ ပိုမိုဆိုးရွားလာစေတော့သည်။

## ပိုင်ဆိုင်မှုနှင့် ပြန်လည်ထူထောင်နိုင်ရေး မျှော်မှန်းချက်များ ဆုံးရှုံးသွားသော ချေးငွေပြန်မဆပ်နိုင်သူတစ်ဦး

ငွေချေးယူသူများသည် အကြွေးပြန်ဆပ်ရမည့်အချိန်ရောက်သော်လည်း ချေးငွေအတွက် အတိုးမျှပင် မပေးနိုင်သောအခါ ပုံမှန်အားဖြင့် ၎င်းတို့၏အပေါင်ပစ္စည်းများ ဆုံးရှုံးရလေ့ရှိရာ လယ်သမားများသည် မြေယာပိုင်ဆိုင်မှု အခွင့်အရေးများ ဆုံးရှုံးရပြီး (အပေါ်တွင်ကြည့်ပါ။) ရေလုပ်သားများမှာ လှေများ၊ ပိုက်ကွန်နှင့် အခြားရေလုပ်ငန်းသုံးပစ္စည်းများ ဆုံးရှုံးရသည်။ အသေးစားစီးပွားရေးလုပ်ငန်းများမှာမူ ၎င်းတို့၏ ကုန်ပစ္စည်းများကိုဆုံးရှုံးရသည် (သာဓက ၁၅)။ အပေါင်ပစ္စည်းပေးစရာမရှိသော ကျပန်းအလုပ်သမားများမှာ ၎င်းတို့၏ လုပ်အားကို အပိုဆောင်းပေးကြရသည်။[၄၀] လယ်သမားကြီးမှ ကျပန်းအလုပ်သမားအထိ ချေးငွေပြန်မဆပ်နိုင်သူများမှာ ထပ်မံလိုအပ်သောချေးငွေများကို[၄၁] မရရှိနိုင်တော့ဘဲ နောက်ပိုင်း ရင်းနှီးမြှုပ်နှံမှုများ (အနာဂတ်တွင် ဝင်ငွေရနိုင်သည့် ဖြစ်နိုင်ချေရှိသည်။) နှင့် စားဝတ်နေရေးကိုပါ ထိခိုက်စေတော့သည်။

---

၃၉။ နာဂစ်မတိုင်မီ ဖြစ်စဉ်တစ်ခုမှာ ရွာတစ်ခုမှ ဆန်စက်ပိုင်ရှင်တစ်ဦးသည် စပါးတင်း(၂၀၀) နှင့် ညီမျှသော ကြိုတင်ငွေကို အနည်းဆုံး လယ်သမား (၇) ဦးကို ထောက်ပံ့ပေးခဲ့သည်။ ၎င်းတို့သည် သီးနှံရိတ်သိမ်းပြီးချိန်တွင် စပါးဖြင့် ပြန်ဆပ်ရသည်။ ယခုအခါ ၎င်းဆန်စက်ပိုင်ရှင်သည် မည်သည့်ကြိုတင်ငွေကိုမျှ ထောက်ပံ့ပေးနိုင်ခြင်းမရှိပေ။

၄၀။ ရွာတစ်ရွာတွင် ကုန်စုံဆိုင်များက ရ.ယ.က ခေါင်းဆောင်များထံ ကျပန်းအလုပ်သမားများ၏ အကြွေးများပြန်မဆပ်မှုကို တိုင်ကြားပြီးနောက်တွင် ကျပန်းအလုပ်သမားများသည် အကြွေးပြန်ဆပ်ပါမည်ဟု ဝန်ခံစာတွင် လက်မှတ်ထိုးခဲ့ကြရသည်။

၄၁။ ကျပန်းအလုပ်သမားများသည် ယေဘုယျအားဖြင့် ၎င်းတို့၏ အကြွေးများကို ပြန်မဆပ်နိုင်ပေ။ သို့သော်လည်း အများစုသည် လယ်သမားများနှင့် ဆိုင်ပိုင်ရှင်များထံမှ ကြိုတင်ငွေကို ၎င်းတို့၏ လုပ်အားရောင်းချခြင်းဖြင့် ရနိုင်သေးသည်။

**သာဓက ၁၅။ အကြွေးပြန်ဆပ်ရန်အတွက် ပိုင်ဆိုင်မှုများဆုံးရှုံးရခြင်း**

နာဂစ်မုန်တိုင်းမဖြစ်မီက အသက် ၄၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် သူမ၏ မိသားစုဝင် ရှစ်ယောက်နှင့်အတူ လယ် ၁၂ ဧကကို ထွန်ယက်စိုက်ပျိုးခဲ့ကြသည်။ သူမသည် ပုဇွန်ဖမ်းခြင်းကိုလည်း ဒုတိယအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခဲ့သည်။ နာဂစ်အပြီးတွင် သူမသည် ငွေချေးယူ၍ လယ်ယာမြေထပ်မံငှားရမ်းပြီး စုစုပေါင်း ၂၂ ဧက တွင်စိုက်ပျိုးခဲ့သည်။ သို့သော် မြေဆီလွှာပျက်စီးခြင်း၊ ကြွက်များ အစုလိုက်အပြုံလိုက် ကျရောက်ခြင်းနှင့် သီးနှံရောဂါများကြောင့် အထွက်နှုန်းမှာ သိသိသာသာကျဆင်းခဲ့ရပြီး သူမချေးယူခဲ့သောငွေကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတော့ချေ။ (၎င်းရွာတွင် ငွေချေးယူသူများသည် အတိုးသေအဖြစ် တစ်ရာသီလျှင် ၆၀ ရာခိုင်နှုန်းပေးကြရသည်။ ငွေချေးသူသည် ကျပ် ၁၀၀,၀၀၀ ချေးယူလျှင် တစ်ရာသီအပြီးတွင် ငွေကျပ် ၁၆၀,၀၀၀ ကျပ် ပြန်ဆပ်ကြရသည်။ အကယ်၍ ၎င်းရာသီအတွင်း ပြန်မဆပ်နိုင်လျှင် ပြန်ပေးရန်ရှိသော ပမာဏအားလုံးသည် မူလအရင်းဖြစ်သွားပြီး နောက်ရာသီတွင် အတိုးကို ပိုမိုမြင့်မားစွာ ပေးကြရသည်။) ထို့ကြောင့် သူမ၏ပိုင်ဆိုင်သောလယ်မြေ ၁၀ ဧက၏မြေယာပိုင်ဆိုင်ခွင့်ကို ယာယီအားဖြင့် စွန့်လွှတ်ရန် အခြေအနေမျိုးဖြစ်လာခဲ့သည်။ သူမတွင် ပေးရန်ရှိသော အကြွေးပမာဏ စုစုပေါင်းမှာ ၄၄ သိန်းကျန်ရှိပြီး သူမအကြွေးပြန်ဆပ်နိုင်သည့် အချိန်တိုင်အောင် သူမ၏မြေယာများကို ပြန်တောင်းယူပိုင်ခွင့် မရှိတော့ပေ။

အကြွေးမဆပ်နိုင်သူများအတွက် စိုးရိမ်စရာကောင်းသော အကျိုးဆက်မှာ လယ်သမားများသည် မြီစားအဖြစ်ဆက်လက်ရပ်တည်နိုင်စေရန် ၎င်းတို့၏ ပိုင်ဆိုင်မှုဖြစ်သော ရွှေနှင့် ကျောက်မျက်ရတနာ၊ ခိုင်းကျွဲနွားများနှင့် မော်တော်ဆိုင်ကယ်စသော အရင်းအနှီးများကို ရောင်းချခြင်းဖြင့် အတိုးပုံမှန်ပေးကြရသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ထပ်မံချေးငှားနိုင်သော်လည်း ပမာဏအနည်းငယ်သာဖြစ်သည်။ နာဂစ်အပြီး နှစ်နှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသ၏ ကြွေးမြီတင်ရှိမှု အခြေအနေမှာ ပိုင်ဆိုင်မှုအရင်းအနှီးများ လျော့နည်းလာရသည့် ပုံစံတွင်ရှိပြီး အကြွေးပြန်ဆပ်ရန် ပျက်ကွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရသေးပါ။

## ရေလုပ်သားများ အထူးသဖြင့် ကြွေးမြီပျက်ကပ်၏ ထိခိုက်မှုကို ဆိုးဆိုးရွားရွား ခံစားရခြင်း

ရေလုပ်သားငယ်များနှင့် ရေလုပ်သားလတ်များသည် ချေးငွေလက်လှမ်းမီမှု လျော့နည်းသွားကြောင်း တွေ့ရှိရသည်။ ရေလုပ်ငန်းလုပ်ကိုင်သော ၂၁ ရွာအနက် ၇ ရွာတွင်သာ ငါးဒိုင်များထံမှ ငွေကိုကြိုတင်ရရှိပြီး ဆယ်စုနှစ်များစွာ ရေလုပ်ငန်းတွင် ကျင့်သုံးခဲ့သော ငွေကြိုပေးသည့်ပုံစံမှာ ယခုအခါ ရပ်ဆိုင်းသွားကြောင်း တွေ့ရှိရသည်။ ငါးအဝယ်ဒိုင်များသည် အရေးပေါ်ကိစ္စများတွင်သာ ငွေကျပ်ထောင်ဂဏန်းမျှကို ရေလုပ်သားများသို့ အစားအသောက်စသည်တို့ဝယ်ယူရန်အလို့ငှာ ချေးငှားပေးသော်လည်း ယင်းပမာဏမှာ စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက်မူ မလုံလောက်ချေ။ နာဂစ်အပြီးတွင် ရေလုပ်သားများသည် ငါးဖမ်းလုပ်ငန်း စတင်ရန် ၎င်းတို့၏လှေများနှင့် ပစ္စည်းကိရိယာများကို ပေါင်နှံခဲ့သည်။ ဖမ်းယူရရှိခဲ့သော ငါးအရေအတွက် နည်းပါးခဲ့သည့်အတွက် အကြွေးပြန်မဆပ်နိုင်သောကြောင့် ၎င်းတို့၏ လုပ်ငန်းအရင်းအနှီးများ ဆုံးရှုံးခဲ့ရသည်။ ယခုအခါ လုပ်ငန်းဆက်လက်လုပ်ရန် လှေများနှင့် ငါးဖမ်းပစ္စည်းများ ငှားရမ်းလုပ်ကိုင်ကြသော်လည်း အများစုမှာ မတတ်နိုင်တော့ချေ။ ထို့ကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူ အများစုမှာ အလုပ်အကိုင်ပြောင်းလဲရန် တွန်းအားပေးခံရသကဲ့သို့သာရှိတော့သည်။ (အောက်တွင်ကြည့်ပါ။)

## လယ်သမားများ အကြွေးပြန်မဆပ်နိုင်သောအခါ

## ငွေချေး– စိုက်ပျိုးရိတ်သိမ်း–ပြန်ဆပ် စက်ဝန်း အသက်ဝင်နေဆဲဖြစ်ခြင်း

မြေယာပိုင်ဆိုင်မှုများ အများအပြားဆုံးရှုံးရခြင်းသည် မြစ်ဝကျွန်းပေါ်တွင် အသက်မွေးလုပ်ငန်းများအပေါ် အလုံးစုံပျက်စီးစေသည့် သက်ရောက်မှုများကိုဖြစ်စေခဲ့သည်။ သို့သော်လည်း စပါးအထွက်နှုန်း တိုးတက်

လာသောကြောင့် လယ်သမားအများစုမှာ အတိုးပြန်လည်ပေးနိုင်ပြီး အများစုမှာ အကြွေးများကို စတင်ပြန်ဆပ်နိုင်ပြီ ဖြစ်သည်။ ယင်းအတွက် ၎င်းတို့သည် ချေးငွေသစ်ပြန်လည်ချေးယူနိုင်ခဲ့ကြပြီး မြစ်ဝကျွန်းပေါ် စီးပွားရေးတွင် အဓိကကျသော ငွေချေး–စိုက်ပျိုးရိတ်သိမ်း– ပြန်ဆပ် စက်ဝန်းလည်ပတ်မှုမှာ ပုံမှန်လည်ပတ်လာနိုင်ခဲ့သည်။

## … အကြွေးဒုက္ခခံရသော ကိစ္စအနည်းငယ်သာရှိခြင်း

(နာဂစ်မတိုင်မီ သို့မဟုတ် နာဂစ်အပြီး) ချေးငွေအပေါ် လယ်သမားများ အကြွေးဆပ်ရန် ပျက်ကွက်ခြင်းမှာ ဖြစ်နိုင်ပြီး ရွာတိုင်းတွင် ဖြစ်ပွားခဲ့သည်။ သို့သော် ရွာများ၏ ထက်ဝက်ကျော်တွင် ယင်းဖြစ်ရပ်များမှာ ရှားပါးသည်။ ကျေးရွာများ၏ သုံးပုံတစ်ပုံခန့်တွင် မကြာခဏ ဖြစ်ပွားကြောင်းတွေ့ရှိရသည်။ သို့သော်လည်း ကျေးရွာ ၄ ရွာတွင် ဆိုးရွားသော အကြွေးပြန်ဆပ်ရန်ဒုက္ခနှင့် မြင့်မားသောပျက်ကွက်မှုနှုန်းကို သုတေသနပြုလုပ်သူများတွေ့ရှိခဲ့ရပြီး လယ်သမားများ၏ ၁၂ % မှ ၃၅ % ဖြစ်သည်။ ၎င်းကျေးရွာအားလုံးသည် နာဂစ်မုန်တိုင်းဒဏ် ဆိုးဆိုးရွားရွားခံရသော ကျေးရွာများဖြစ်ပြီး ယင်းတို့အနက်မှ သုံးရွာမှာ သွားလာရေး ခက်ခဲသည်။

## လယ်သမားများ ပျက်ကွက်သောအခါတွင်ပင် ၎င်းတို့၏ မြေယာပိုင်ခွင့်များ အလိုအလျောက်ဆုံးရှုံးခြင်း မရှိပါ…

လယ်သမားများ အကြွေးဆပ်ရန်ပျက်ကွက်သောအခါ ပုံမှန်အားဖြင့် ၎င်းတို့၏ အပေါင်ပစ္စည်းများ ဆုံးရှုံးရသည်။ ဆိုလိုသည်မှာ ၎င်းတို့စိုက်ပျိုးနေသော လယ်မြေ၏ မြေယာပိုင်ဆိုင်ခွင့်ကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို ၎င်းတို့တင်ရှိနေသော အကြွေးပမာဏနှင့် မြေယာတန်ဖိုးအပေါ်တွင် မူတည်၍ဆုံးရှုံးရသည်။[52] ဤနည်းဖြင့် ကြွေးရှင်အများစုမှာ လယ်သမားကြီးများဖြစ်လာကြသည်။ သို့သော်လည်း ကြွေးရှင်များမှာ ချေးငွေယူသူများနှင့် သူငယ်ချင်း သို့မဟုတ် ဆွေမျိုးသားချင်း စသည်ဖြင့် တော်စပ်နေရာ ၎င်းတို့၏ပျက်ကွက်မှုအတွက် လယ်မြေများကို ယူဆောင်ရန်ဆန္ဒမရှိပေ။ ကြွေးရှင်များမှာ လယ်သမားများ၏ ခက်ခဲသော စီးပွားရေးအခြေအနေကို သိနေကြပြီး ယင်းသို့ လယ်မြေများကို သိမ်းယူပြီး စီမံခန့်ခွဲခြင်း သို့မဟုတ် စိုက်ပျိုးခြင်းများ မပြုလုပ်လိုကြပေ။

နာဂစ်မတိုင်ခင်ကတည်းကပင် အကြွေးပြန်ဆပ်ရန် ပျက်ကွက်သူလယ်သမားများ၏ လယ်ယာမြေပိုင်ဆိုင်ခွင့်အပေါ် ပြုမူသည့်အဓိက ပုံစံ ၂ မျိုးရှိသည်။ ပထမမှာ လယ်သမားများသည် ပေးရန်ရှိသော အကြွေးအပေါ်တွင် ပေးရမည့်အတိုးများကို ဆက်လက်ပေးနေခြင်းဖြင့် ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်ကို ထိန်းသိမ်းထားသည်။ ၎င်းပုံစံသည် လေ့လာခဲ့သော ရွာများ၏ ၅% တွင်သာဖြစ်ခဲ့သည်။

## …သို့သော် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ရာတွင် မြေယာဆုံးရှုံးရန် အမျိုးမျိုးသော နည်းလမ်းများရှိခြင်း

ဒုတိယပုံစံတွင် အကြွေးရှင်များက မြေယာပိုင်ဆိုင်မှုကို လက်ခံတာဝန်ယူထားပြီး မြေယာများကို နည်းလမ်း ၄ ခုအနက်မှ တစ်ခုဖြင့် စီမံခန့်ခွဲသည်။ (၁) အကြွေးယူထားသော လယ်သမားသည် ဆက်လက်၍ လယ်စိုက်ပျိုးနိုင်ပြီး အကယ်၍ သူ/သူမအနေဖြင့် အကြွေးပြန်ဆပ်လျှင် လယ်မြေပိုင်ဆိုင်ခွင့်ကို တစ်ဖန်ပြန်လည် ရရှိနိုင်မည် (၂၀ရာခိုင်နှုန်း) (သာဓက ၁၆)။ (၂) ကြွေးရှင်များကိုယ်တိုင် မြေယာကိုစီမံခန့်ခွဲပြီး အလုပ်သမားများငှားရမ်းသည်။ လယ်သမားဘဝမှ အလုပ်သမားဖြစ်လာသော သူများလည်း အလုပ်လုပ်ရာတွင် ပါဝင်ကြသည် (၅ ရာခိုင်နှုန်း)။ (၃) ကြွေးရှင်သည် မြေယာကို တစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပိုသော လယ်သမားငယ်များ သို့မဟုတ် ကျပန်းအလုပ်သမားများကိုပင် ငှားရမ်းသည် (၆၅ ရာခိုင်နှုန်း)။ (၄) ကြွေးရှင်သည် မြေယာပိုင်ဆိုင်ခွင့်ကို အခြားသူတစ်ဦး (သူ၏အကြွေးရှင်အပါအဝင်) အား ရောင်းချလိုက်သည် (၅ ရာခိုင်နှုန်း)။ ကျေးရွာတိုင်းတွင် ၎င်း ပုံစံအမျိုးမျိုးဖြစ်ပွားနိုင်သည်။

---

၅၂။ မြေယာပိုင်ခွင့် ဈေးနှုန်းများသည် ကျေးရွာအလိုက်ပြောင်းလဲနေသည်။ လေ့လာခဲ့သော ကျေးရွာများအတွင်း တစ်ဧကလျှင် ၁.၅ သိန်း မှ ၅ သိန်း အထိ အမျိုးမျိုးရှိသည်။

**သာဓက ၁၆။ လယ်ပြန်ငွေပြန်စနစ်ကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း**

နာဂစ်မတိုင်ခင်က လယ်သမားတစ်ဦးသည် သူ၏ဇနီးနှင့်သမီးနှစ်ဦး အပါအဝင် လယ်မြေ ၁၀ ဧကဖြင့် အေးချမ်းစွာလုပ်ကိုင် စားသောက်လျှက်ရှိသည်။ မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်ပြီး မိုးစပါးနှင့် နွေစပါးကို စိုက်ပျိုးနိုင်ခဲ့သည်။ နာဂစ်အတွင်း လယ်သမားသည် သူ၏နေအိမ်၊ ကျွဲနွား၊ စပါးကျီ၊ ပစ္စည်းကိရိယာများနှင့် သိမ်းထားသောစပါးများ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် သူ၏အိမ်နှင့် စပါးကျီပြင်ဆောက်ရန်၊ ပစ္စည်းကိရိယာများဝယ်ရန် သူ၏ယောက်ဖထံမှ ငွေကျပ် ၁၅ သိန်းကို အတိုးမပါဘဲ ချေးယူခဲ့သည်။ ၂၀၀၈ ခုနှစ်၊ မိုးရာသီတွင် မျိုးစေ့နှင့် ဓါတ်မြေဩဇာကို NGO မှရရှိခဲ့သည်။ သူသည် တစ်နှစ်တွင် စပါးနှစ်ကြိမ် စိုက်ပျိုးခဲ့ပြီး ငွေကျပ် ၈ သိန်းကို ပြန်ပေးနိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်၊ မိုးရာသီတွင် လယ်သမားသည် သူ၏ယောက်ဖထံမှ ငွေ ၇ သိန်းကို အတိုးမပါဘဲ မိုးစပါးနှင့် နွေစပါးအတွက် မြေယာပြင်ဆင်နိုင်ရန် ချေးယူခဲ့သည်။ ကံမကောင်းစွာဖြင့် ပိုးမွှားအန္တရာယ် ကျရောက်ခဲ့သောကြောင့် တစ်ဧက အထွက်နှုန်းကျဆင်းခဲ့ပြီး အကြွေးပြန်မဆပ်နိုင်ခဲ့ပေ။ ထို့ကြောင့် လယ်မြေ ၅ ဧက ၏မြေယာပိုင်ဆိုင်ခွင့်ကို သူ၏ယောက်ဖထံ လွှဲပြောင်းပေးခဲ့ရသည်။ သူအကြွေးပြန်ဆပ်သောအခါ သူ၏ပိုင်ဆိုင်ခွင့်ကို ပြန်ရရှိမည်ဖြစ်သည်။ နောက်နွေသီးနှံများကလည်း အကြွေးပြန်ဆပ်နိုင်လောက်အောင် အထွက်မကောင်းပေ။ သို့အနေဖြင့် သူ၏လယ်မြေ ၅ ဧက အတွက် မြေယာပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးခဲ့ရသည်။ လာမည့် မိုးရာသီအတွက် ကျန်ရှိနေသော လယ်မြေ ၅ ဧက အတွက် ပိုမိုအထွက်ကောင်းစေရန် ရင်းနှီးမြှုပ်နှံမှုလိုအပ်သည်။ သို့သော် သူသည် လယ်မြေများ ထပ်ဆုံးရှုံးရမည်ကို ကြောက်ရွံ့သဖြင့် ငွေထပ်မချေးရဲတော့ချေ။

**အများအားဖြင့် မြေယာပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းများမှာ တရားမဝင်ခြင်း**

ကြွေးရှင်များ၏ မြေယာပိုင်ဆိုင်ခွင့်များ လွှဲပြောင်းယူခြင်းကိစ္စ အများစုသည် တရားဝင် ဆောင်ရွက်နေကြခြင်းမဟုတ်ချေ။ တရားဝင်လွှဲပြောင်းမှုအတွက် ရ.ယ.က ခေါင်းဆောင်များ၏ အတည်ပြုပေးမှုလိုအပ်ပြီး လွှဲပြောင်းစရိတ်ကို ၎င်းတို့မှ ကျခံရသည်။ လွှဲပြောင်းစရိတ်သည် လွှဲပြောင်းမှုတစ်ခုလျှင် ငွေကျပ် (၂၀,၀၀၀မှ ၃၀,၀၀၀) တစ်ဧကလွှဲပြောင်းမှုအတွက် ငွေကျပ် (၇၀၀၀ မှ ၁၀,၀၀၀) အထိရှိသည်။ မည်သည့်မြေယာပိုင်ဆိုင်ခွင့် ပြန်ပေးမှု သို့မဟုတ် လွှဲပြောင်းမှုမဆို အတည်ပြုမှု လိုအပ်ပြီး အပိုကုန်ကျစရိတ်ရှိ၍ အကြွေးရှင်များကိုယ်တိုင်မှ တရားဝင်လွှဲပြောင်းမှုများကို မပြုလုပ်ခြင်းဖြစ်သည်။ ကြီးမားသော ငွေရေးကြေးရေးအခက်အခဲများကို လယ်သမားအများစု ကိုယ်တိုင်တွေ့ကြုံရသော်လည်း တရားဝင်မြေယာပိုင်ဆိုင်ခွင့် ဆုံးရှုံးမှုမှာ ရှားပါးနေပါသေးသည်။[၄၃]

## ၃။ အသုံးစရိတ်များမြင့်မားလာခြင်း

**မြစ်ဝကျွန်းပေါ်လယ်သမားများ အစားအသောက်အတွက် ပိုမိုအသုံးပြုလာခြင်း**

နာဂစ်အပြီး တစ်နှစ်အကြာတွင် အစားအသောက်ထောက်ပံ့ရေးများ သိသိသာသာရပ်ဆိုင်းသွားခဲ့ပြီး ဆင်းရဲသော ရွာသားများမှာ အစားအသောက်များ ဝယ်စားရန် လိုအပ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် နာဂစ်မတိုင်မီအချိန်နှင့် နှိုင်းယှဉ်ကြည့်လျှင် ရွာအားလုံးအပြင် အနည်းဆုံးထိခိုက်ခဲ့သောရွာများရှိ လယ်သမားငယ်နှင့် လယ်သမားလတ်များအပါအဝင် အများစုသည် စပါးများကို တစ်နှစ်စာ စားသုံးနိုင်ရန်အတွက် မသိုလှောင်နိုင်တော့ပေ။ သူတို့ကိုယ်တိုင်အတွက် အစားအသောက်မှာ မလုံမလောက်ဖြစ်လာပြီး ဆန်လိုအပ်မှုသည် မြင့်မားလာခဲ့သည်။ SIM 3 သုတေသနပြုလုပ်သောအချိန်တွင် ဆန်စားသုံးသူများသည် ယခင်နှစ်ထက် ၁၀ % ပို၍ ကုန်ကျလာကြကြောင်းတွေ့ရပြီး ယင်းကြောင့် လေ့လာခဲ့သောကျေးရွာများတွင် လွန်ခဲ့သောနှစ်အတွင်း ဆန်အတွက် အသုံးစရိတ်မှာ မြင့်မားလာခဲ့သည်။

---

၄၃။ လယ်သမားအားလုံးသည် ၎င်းတို့၏ ကြွေးမြီ သို့မဟုတ် မြေယာအခြေအနေကို ပြောပြလိုသည်မဟုတ်ပါ။ ထို့ကြောင့် အမှန်တကယ် မြေယာဆုံးရှုံးမှုများကို သေချာအောင်စိစစ်လေ့လာရန် မဖြစ်နိုင်ပေ။

**...ထို့ပြင် အစားအသောက်မဟုတ်သော အခြားကိစ္စများအတွက်လည်း ပိုမိုသုံးစွဲရခြင်း**

SIM 3 သုတေသနသည် အခြေခံဈေးနှုန်းအဆင့်များ၏ အသေးစိတ်အချက်အလက်များကို ကောက်ယူရန်မရည်ရွယ်ခဲ့ပေ။ သို့သော်လည်း ရွာ ၄၀ ၌ ကောက်ယူရရှိခဲ့သော အချက်အလက်များအရ နေထိုင်မှုစရိတ်အနည်းငယ်မြင့်တက်လာသည်ကို ညွှန်ပြနေပြီး အထူးသဖြင့် ဆန်အပြင် အခြားစားသောက်ကုန်များအတွက်ဖြစ်သည်။ ဟင်းချက်ဆီ၊ သကြား ၊ ငပိရည်နှင့် ကြက်ဉတို့၏ ဈေးနှုန်းများသည် နာဂစ်အပြီး တစ်နှစ်ကတည်းက ၃၀% မှ ၅၀% အထိ မြင့်တက်လာသည်ကို တွေ့ခဲ့ရသည်။ ဝက်သားနှင့် ရေတ်သီးဈေးနှုန်းများမှာ တည်ငြိမ်နေပြီး ကြက်သွန်နှင့် ဆားဈေးနှုန်းမှာ ၃၀ % မှ ၆၀% အထိ ကျဆင်းလာသည်။ အစားအသောက်မဟုတ်သော အိမ်ထောင်သုံးပစ္စည်းများ၏ ဈေးနှုန်းမှာ အများအားဖြင့် တည်ငြိမ်နေသည်။ သို့သော်လည်း သက်ကယ်နှင့် ဝါးအတွက် ဈေးနှုန်းများမှာ ၂၀ % နှင့် ၄၀% အသီးသီးမြင့်တက်လာသည်။ ထို့ကြောင့် ခြုံကြည့်လျှင် ရွာသားအများစု၏ ဝင်ငွေမှာ ကျဆင်းလာသော်လည်း နေထိုင်မှုစရိတ်များ တိုးမြင့်လာသည်ကို ကြုံတွေ့နေရသည်။

**၄။ အခက်အခဲဖြတ်ကျော်ရေးနည်းဗျူဟာများ။ ငွေကြေးဆိုင်ရာ ချိန်ခြောက်မှုများဖြင့် နေထိုင်နေရခြင်း**

လေ့လာနေသော ကျေးရွာများရှိ မိသားစုအများစုအတွက် မိရိုးဖလာလုပ်ငန်းများမှ ရရှိသောဝင်ငွေမှာ စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကြွေးပြန်ဆပ်မှုစသော အသုံးစရိတ်များကို ကာမိရန်မလုံလောက်ပေ။ ထို့ကြောင့် မိသားစုများသည် ယင်းစရိတ်များကို ကာမိစေရန် တွေ့ကြုံလာရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် လုပ်ဆောင်လာကြရသည်။ ယင်းတို့မှာ အခြားသော အလုပ်အသစ်မှ ဝင်ငွေရရှိစေရန်သာမက အသုံးစရိတ်များကို လျှော့ချရန် ဖြစ်သည်။ စင်စစ် မုန်တိုင်းဒဏ်ခံရသောရွာများမှ မိသားစုအားလုံးသည် စီးပွားရေးကျဆင်းနေသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်ရန် အမျိုးမျိုးသော အခက်အခဲဖြတ်ကျော်ရေးနည်းလမ်းများဖြင့် လုပ်ကိုင်နေကြရသည်။

**ဝင်ငွေတိုးတက်စေရန် နည်းဗျူဟာများ**

ကျေးရွာများတွင် မလုံလောက်သော်လည်း ဝင်ငွေတိုးစေရန်အများဆုံးအသုံးပြုသည့် နည်းဗျူဟာများမှာ ကျပန်းအလုပ်များလုပ်ကိုင်ခြင်း၊ ၎င်းနောက်တွင် ရာသီအလိုက်ရွှေ့ပြောင်းအလုပ်များ ပိုမိုလုပ်ကိုင်လာခြင်း၊ အသက်မွေးမှုလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်လာခြင်းနှင့် နောက်ဆုံးတွင် ပိုင်ဆိုင်မှုများ ရောင်းချခြင်းတို့ဖြစ်သည်။

**ကျပန်းအလုပ်များကို လုပ်ကိုင်ခြင်း**

မြစ်ဝကျွန်းပေါ်ရှိ ကျပန်းလုပ်သားများသည် စိုက်ပျိုးရေးရပ်နားသည့် ရာသီတွင် ၎င်းတို့အပိုဝင်ငွေရရန် အခြားကျပန်းအလုပ်များကို လုပ်ကိုင်ခဲ့ကြသည်။ နာဂစ်အချိန်မှစ၍ ယင်းကျပန်းအလုပ်များသည် အိမ်ထောင်စုများရပ်တည်ရေးအတွက် ပိုမိုအရေးပါလာသည်။ လေ့လာခဲ့သော ကျေးရွာအားလုံးရှိ လယ်သမားများနှင့် ရေလုပ်သားများသည် လိုအပ်ချက်များကိုကာမိစေရန် ၎င်းတောက်တိုမယ်ရ ကျပန်းအလုပ်များကို လုပ်ကိုင်လာကြသည်။

တောက်တိုမယ်ရကျပန်းအလုပ်များသည် ခြက်ရိတ်ခြင်း၊ မြေတူးခြင်းနှင့် ဒေသတွင်း သောက်ရေကန်များသန့်ရှင်းခြင်း၊ ငါးရှဉ့်နှင့် ဂဏန်းထောင်ခြင်း၊[၄၄] ငါးရှဉ့်ဖမ်းသော သေတ္တာပြုလုပ်ခြင်း၊ ရောင်းရန် မြေကြွက်နှင့် လယ်ကြွက်များဖမ်းခြင်း၊ အိမ်အလုပ်များလုပ်ခြင်း (ရေခပ်ခြင်းနှင့် ထင်းခွဲခြင်းကဲ့သို့)၊ ငါးဖမ်းပိုက်ကွန်ပြင်ဆင်ပေးခြင်း၊ သီးနှံနှင့် မုန့်ပဲသွားရေစာများရောင်းခြင်း၊ သက်ကယ်မိုးခြင်းကဲ့သို့ အမျိုးမျိုးသော အလုပ်များပါဝင်သည့် အလုပ်မျိုးစုံဖြစ်သည်။ ၎င်းအလုပ်အများစုမှာ စိတ်ဝင်စားစရာကောင်းသော အလုပ်များ မဟုတ်သော်လည်း ခိုကိုးရာမဲ့ ကျန်ရစ်သူအများစုအတွက်မူ လုပ်ကိုင်နေရသည်။ နာဂစ်ကြောင့် အများစုမှာ ရွေးချယ်ရန်လမ်းမရှိဘဲ ၎င်းအလုပ်များကို လုပ်ကိုင်နေကြရသည်။

မြစ်ဝကျွန်းပေါ်၏ ယနေ့စီးပွားရေး အခြေအနေတွင် ယင်းအလုပ်များအတွက် အလုပ်လုပ်လိုသူများသည် ရှိသောအလုပ်ထက် ပိုမိုများပြားနေပြီး အထူးသဖြင့် စိုက်ပျိုးရေးနားသော ရာသီတွင် နေ့စားလုပ်ခ ကျဆင်း

၄၄။ လယ်သမားများသည် ၎င်းတို့၏ လယ်ကွင်းများတွင် ငါးရှဉ့်နှင့် ဂဏန်းများ ထောင်ဖမ်းခြင်းများကို စတင်ပြုလုပ်လာခဲ့ကြသည်။ မြေယာမရှိသော ကျပန်းအလုပ်သမားများအတွက် လုပ်ခွင့်နည်းလာသည်။

စေသည့်ဖိအားများဖြစ်ပေါ်စေသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ပျမ်းမျှလယ်ယာလုပ်ခသည် တစ်နေ့လျှင် ၂၁,၀၀[၄၅] ကျပ်ရှိပြီး နှိုင်းယှဉ်ကြည့်လျှင် တောက်တိုမယ်ရအလုပ်များမှာ ၁,၀၀၀ ကျပ် ထက်ပိုမရပေ။

## ရာသီအလိုက်ရွှေ့ပြောင်းလုပ်ခြင်း

## မြစ်ဝကျွန်းပေါ်ရွာသားများသည် ၎င်းတို့မွေးရပ်မြေတွင်နေရသည်ကို ပိုမိုနှစ်သက်ခြင်း

မိရိုးဖလာအရ ရာသီအလိုက် ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် မြစ်ဝကျွန်းပေါ် စီးပွားရေး၏ အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ နဂစ်ကြောင့် ယင်းမှာပိုမိုအရေးပါလာရပြီး လေ့လာခဲ့သော ကျေးရွာများအားလုံးတွင်တွေ့ရှိခဲ့ရသည်။ စီးပွားရေးကဏ္ဍတွင် ကြီးမားပြင်းထန်သော ရိုက်ခတ်မှုများရှိခဲ့သော်လည်း ရွှေ့ပြောင်းမှုများ၏ပုံစံမှာခြုံကြည့်လျှင် များစွာမပြောင်းလဲခဲ့ပေ။ မြစ်ဝကျွန်းပေါ်ဒေသတွင် နဂစ်အပြီးဘဝများတွင် ကြီးမားထင်ရှားသော ပြင်းထန်စက်ခဲသည့် ဒုက္ခများရှိသော်ငြားလည်း ရွာသားများက ၎င်းတို့မွေးရပ်မြေတွင် နေထိုင်ရခြင်းကို ပိုမိုနှစ်သက်ကြောင်း ပြသခဲ့ကြသည်။ သင်းသည် စီးပွားရေးအခြေအနေတစ်ခုလုံးမှာ မည်သည့်နေရာတွင်မဆို နှိုင်းယှဉ်ကြည့်လျှင် အသက်မွေးဝမ်းကျောင်းအသစ်တည်ထောင်ရန် ခက်ခဲနေသည်ဟု လက်ခံထားသော ၎င်းတို့၏အမြင်ကို တုန့်ပြန်ပြသနေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

## ရာသီအလိုက် ရွှေ့ပြောင်းမှုအများစုမှာ လယ်ယာလုပ်ငန်းအတွက်ဖြစ်ပြီး တိုးမြင့်လာနေသည်။

ရွှေ့ပြောင်းမှုများသည် အဓိကအားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင်ဖြစ်ပြီး လေ့လာခဲ့သော ကျေးရွာများတွင် ရာသီအလိုက်ပြောင်းရွှေ့မှု၏ ၇၀% ဖြစ်ကြောင်း တွေ့ရှိရသည် (ဇယား ၁၄)။ ကျေးရွာလူဦးရေ၏၇% မှ ၃၅% သည် ရာသီအလိုက်ရွှေ့ပြောင်းကြပြီး ပျမ်းမျှ ၁၅ % ခန့်ရှိသည်ကိုတွေ့ရသည်။ ကျေးရွာများ၏ လေးပုံတစ်ပုံတွင် ပျမ်းမျှအိမ်ထောင်စုအားလုံး၏ တစ်ဝက်မှာ အနည်းဆုံးတစ်ခါ ပြောင်းရွှေ့ကြသည်။ အကယ်၍ ယင်းရွာများတွင် လယ်ယာကဏ္ဍမှာ သေးငယ်ပြီး အလုပ်သမားများမှာ လယ်သမားများထက် ပိုမိုများပြားနေသော အခါဖြစ်သည်။

**ဇယား (၁၄)။ ရွှေ့ပြောင်းမှုပုံစံ**

| ကဏ္ဍများ | ရာခိုင်နှုန်း |
|---|---|
| လယ်ယာလုပ်ငန်း | ၇၀ |
| ရေလုပ်ငန်း | ၂၀ |
| အခြား | ၁၀ |
| စုစုပေါင်း | ၁၀၀ |

အလုပ်သမားလိုအပ်မှု အများဆုံးအချိန်သည် လယ်ယာရိတ်သိမ်းချိန်ဖြစ်ပြီး စိုက်ပျိုးသည့်စက်ဝန်းတစ်ခုစီအတွက် ၆ ပတ်ကြာသည်။ အကြမ်းအားဖြင့် မိုးစပါးအတွက် အောက်တိုဘာလမှ နိုဝင်ဘာလလယ်အထိဖြစ်ပြီး နွေစပါးအတွက် မတ်လမှ ဧပြီလလယ် အထိဖြစ်သည်။ ယင်းကာလများ၌ ရွာများတွင် အလုပ်သမားလိုအပ်မှုမှာ များပြီး စိုက်ပျိုးရေးရာသီ (ဇူလိုင်နှင့် ဒီဇင်ဘာတွင် မိုးစပါးနှင့် နွေစပါးအသီးသီးတို့အတွက်) တွင်လည်း ရိတ်သိမ်းချိန်ထက် အလုပ်သမားလိုအပ်မှု အနည်းငယ်နည်းသော်လည်း အလုပ်သမားရရှိနိုင်မှုထက် လိုအပ်မှုက ပိုများနေသည်။

ရာသီအလိုက်စိုက်ပျိုးရေးအတွက် ပြောင်းရွှေ့လုပ်ကိုင်သူများ၏ ခန့်မှန်းခြေ ၇၀% သည် အမျိုးသမီးများဖြစ်ကြသည်။ နဂစ်ကြောင့် အဓိကပြောင်းလဲမှုမှာ မိမိလယ်ယာတွင် စိုက်ပျိုးရိတ်သိမ်းပြီးသောအခါ အပိုဝင်ငွေရရှိရန် ကျေးရွာအများစုတွင် လယ်သမားငယ်အများစုသည် ကျပန်းအလုပ်သမားများအဖြစ် ရွှေ့ပြောင်းလုပ်ကိုင်လာကြခြင်းဖြစ်သည်။

---

၄၅။ လယ်သမားများသည် ရာသီတစ်ခုလုံး ၎င်းတို့လယ်ကွင်းတွင် အလုပ်လုပ်သူ ကျပန်းအလုပ်သမားများကို နေလည်စာကျွေးလေ့ရှိခဲ့ကြသည်။ သို့သော် ယနေ့တွင် ယင်းသို့ကျွေးခြင်းကို အနည်းစုသာ တတ်နိုင်တော့သည်။

## ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် အများအားဖြင့် အနီးအနားဒေသများသို့သာဖြစ်သည်။

ကျေးရွာအများစုသည် ရွှေ့ပြောင်းသွားရောက်ခြင်းနှင့် ရွှေ့ပြောင်းလာရောက်လုပ်ကိုင်ခြင်းများကို တွေ့ကြုံရသည်။ အများအားဖြင့် အနီးအနားရွာများသို့ သွားလာလုပ်ကိုင်ခြင်းဖြစ်သည်။ ကျေးရွာ ၄ ရွာ၌သာလျှင် ရွှေ့ပြောင်းအလုပ်များကို အခြားမြို့နယ်များသို့ သွားရောက်လုပ်ကိုင်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသ၌ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီအလိုက်ရွှေ့ပြောင်း အလုပ်လုပ်သော ရွာသားများ၏ ၉၀ ရာခိုင်နှုန်းသည် ဒေသအတွင်းသာ နေထိုင်လုပ်ကိုင်ကြပြီး ၁၀ ရာခိုင်နှုန်းခန့်သာလျှင် မြစ်ဝကျွန်းပေါ်ဒေသအပြင်သို့ သွားရောက်ခဲ့ကြသည်။

## ရေလုပ်ငန်းအတွက် ရွှေ့ပြောင်းအလုပ်လုပ်ခြင်းများလျော့နည်းလာသည်။

ရေလုပ်ငန်းတွင်လည်း ရွှေ့ပြောင်းအလုပ်လုပ်ခြင်းများရှိပြီး (နာဂစ်အပြီး တစ်နှစ်အကြာမှစ၍ ရာသီအလိုက်ရွှေ့ပြောင်းမှုကျဆင်းလာကာ ခြုံငုံကြည့်လျှင် ၂၀% သာရှိတော့သည်။) ပုံစံနှစ်မျိုးဖြင့် လုပ်ကိုင်ကြသည်။ ပထမပုံစံမှာ ရေလုပ်ငန်းလုပ်ကိုင်သော ရွာ ၂၁ ရွာအနက် ၆ ရွာတွင် ရေလုပ်သားများသည် လှေကြီးများဖြင့် ပင်လယ်ပြင်ငါးဖမ်းခြင်းကို လုပ်ကိုင်ရန်အတွက်ငှားရမ်းခံကြရပြီး ပုံမှန်အားဖြင့် တစ်နှစ်လျှင် ၃–၄ လ လုပ်ကိုင်ကြရသည်။ ၎င်းတို့သည် ကျွမ်းကျင်မှုပေါ်မူတည်၍ တစ်လလျှင် (၃၀,၀၀၀ မှ ၆၀,၀၀၀) ကျပ်ခန့်အထိ ဝင်ငွေရသည်။ ဒုတိယပုံစံမှာ ရေလုပ်ငန်းလုပ်ကိုင်သော ရွာအချို့တွင် လိုင်စင်ရှိသော ရေလုပ်သားကြီးများက ရေလုပ်သားလေးများကို အဖွဲ့ဖွဲ့စည်းပေးပြီး ငါးဖမ်းရာသီအတွင်း ကမ်းရိုးတမ်းဒေသတွင် ငါးဖမ်းရန်ဖြစ်သည်။ သို့သော် ကာလရှည်ကြာစွာရှိခဲ့သော ထိုအလေ့အထများမှာ ငါးဖမ်းဆီးရရှိမှုနှုန်း လျော့နည်းလာခြင်းနှင့် ငါးဖမ်းလှေနှင့် ကိရိယာများ မရှိတော့ခြင်းကြောင့် နာဂစ်ပြီးနောက်ပိုင်းတွင် အတော်ပင် နည်းပါးသွားခဲ့သည်။

## နေအိမ်မှ ဝေးရာသို့ ရွှေ့ပြောင်းသွားခြင်းများမှာ ရှားပါးပြီး ကာလတိုသာဖြစ်သည်။

လေ့လာခဲ့သော ကျေးရွာများအတွင်း ရာသီအလိုက်ရွှေ့ပြောင်းခြင်းများ၏ ဆယ်ပုံတစ်ပုံခန့်သည် အခြားအလုပ်အကိုင်များ[၄၆]အတွက်ဖြစ်ပြီး အမျိုးသားနှင့် အမျိုးသမီး ရွှေ့ပြောင်းမှုအရေအတွက်မှာ ညီမျှပြီး အခြားမြို့နယ်/တိုင်းများသို့ ရွှေ့ပြောင်းခြင်းများပါဝင်သည်။ အများစုတွင် အမျိုးသမီးများမှာ အိမ်အကူအဖြစ် ငှားရမ်းခြင်းသို့မဟုတ် ဈေးဆိုင်နှင့် စက်ရုံများတွင် အလုပ်လုပ်ကြပြီး အမျိုးသားများက (လမ်း၊ အိမ်ယာစသော) ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ယင်းရွှေ့ပြောင်းခြင်းများသည် မြစ်ဝကျွန်းပေါ်ဒေသအတွင်းတွင်သာဖြစ်ပြီး လေ့လာခဲ့သောရွာများတွင် ရွာသားများ၏ ၁% မှ ၅% သာလျှင် ယာယီ သို့မဟုတ် နှစ်ပေါင်းများစွာ ရန်ကုန် သို့မဟုတ် အခြားအိမ်နီးချင်းနိုင်ငံများ (အများစုမှာ ယခင်ကတည်းက ယင်းနေရာများနှင့် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်သည်) သို့ရွှေ့ပြောင်းအလုပ်လုပ်ကြသည်။

လေ့လာခဲ့သော ကျေးရွာများတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေများသည် မိသားစုဝင်ငွေ၏ အဓိက အရင်းအမြစ်အဖြစ် မပါဝင်ပေ။ ရန်ကုန်နှင့် အခြားပြင်ပနိုင်ငံများသို့ ကာလရှည်ရွှေ့ပြောင်း လုပ်ကိုင်သူများပင် မြစ်ဝကျွန်းပေါ်ရှိ ၎င်းတို့မိသားစုများထံသို့ ပို့နိုင်သောပြန်ပို့ငွေများမှာ ပမာဏအလွန်နည်းပါးပါသည်။[၄၇]

မြစ်ဝကျွန်းပေါ်ဒေသတွင်း သို့မဟုတ် နိုင်ငံ၏အခြားနေရာများသို့ သွားလာခြင်းအပေါ် တားမြစ်မှုများရှိသည်ဟု ရွာသားများက မတင်ပြချေ။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ခရီးသွားလာခြင်းအတွက် မည်သည့် ခရီးသွား ခွင့်ပြုချက်မှ ရယူရန်မလိုအပ်ချေ။ ထို့ကြောင့် ဒေသတွင်းရွှေ့ပြောင်းမှုများသည် ပမာဏအများဆုံးဖြစ်သည်။ ရန်ကုန်နှင့် အခြားတိုင်း/ပြည်နယ်များသို့ သွားရန်အတွက်မှာမူ ရ.ယ.က ခေါင်းဆောင်များထံမှ ခွင့်ပြုချက်ရယူရန်လိုအပ်သော်လည်း ယင်းကိုရရှိရန် လွယ်ကူသည်ဟု ရွာသားများက ပြောပြကြသည်။

---

၄၆။ ရွာတစ်ရွာတွင် ၎င်းရွာ၏ တစ်ဝက်နီးပါးရှိသော အလုပ်သမားအင်အားသည် အနီးအနားရှိ အဝေးပြေးလမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်းနှင့် စက္ကူစက်ရုံအတွက် ဝါးခုတ်လုပ်ငန်းများတွင် အလုပ်လုပ်ရန် ရွှေ့ပြောင်းသွားခဲ့ကြသည်။

၄၇။ ရှားပါးသော ဖြစ်ရပ်တစ်ခုမှာ SIM 2 အပြီးတွင်ဖြစ်ပွါးခဲ့သည်။ ရွာသားတစ်ဦးသည် ၎င်း၏မလေးရှားတွင် အလုပ်လုပ်နေသော သားနှစ်ဦး ပြန်ပို့ပေးသောငွေဖြင့် ၇ သိန်းတန် အိမ်တစ်လုံးကို ဆောက်လုပ်ခဲ့သည်။

## အလုပ်အကိုင်နှင့် အသက်မွေးမှုလုပ်ငန်းများပြောင်းလဲခြင်း

### အလုပ်အကိုင်ပြောင်းလဲမှုများသည် ဘက်ပေါင်းစုံတွင်ဖြစ်သည်။

အလုပ်အကိုင်ပြောင်းလဲမှုများမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် ယခုအချိန်မှာမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး နာဂစ်မတိုင်ခင်က ပုံမှန်အားဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်များမှာ အပြောင်းအလဲမရှိပေ။ နာဂစ်ကြောင့် ၎င်းတို့၏ ဝင်ငွေများကျဆင်းလာသည့်အတွက် ရွာသားများမှာ အလုပ်အကိုင်အသစ်များတွင် ပါဝင်လာကြသည်။ အားလုံးခြုံကြည့်လျှင် မြစ်ဝကျွန်းပေါ်တွင် အလုပ်အကိုင်ပြောင်းလဲမှုများသည် ဘက်ပေါင်းစုံမှဖြစ်ပြီး ရေလုပ်သားများသာလျှင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း တစ်ခုလုံးနီးပါး ပြောင်းလဲရသည်။ အခြားပြောင်းလဲမှုမှာ ရွာသားများသည် ၎င်းတို့၏ မိရိုးဖလာအသက်မွေးလုပ်ငန်းများအပြင် အလုပ်သစ်များကို အပိုဆောင်းလုပ်ကိုင်လာကြခြင်းဖြစ်သည်။ ယင်းအလုပ်အကိုင်ရွှေ့ပြောင်းမှုတွင် အောက်ပါအလုပ်များပါဝင်သည်။ လယ်သမားများသည် ဂဏန်းကောက်ခြင်းကို ပိုမိုလုပ်ကိုင်လာခြင်း၊ လယ်သမားများသည် ၎င်းတို့လယ်ယာများတွင် စိုက်ပျိုးရိတ်သိမ်းပြီးနောက် ကျပန်းအလုပ်သမားများအဖြစ် ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်း၊ လယ်သမားနှင့် ရေလုပ်သားများသည် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လာခြင်း၊ ကျပန်းအလုပ်သမားများသည် အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေး အလုပ်များကို လုပ်ကိုင်လာခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင်များသည် ၎င်းတို့တင်ရှိနေသော အကြွေးများကို ပြန်ဆပ်ရန် ကျပန်းအလုပ်သမားများဖြစ်လာခြင်းတို့ဖြစ်သည်။ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းမြင့်တက်လာရခြင်းမှာ မွေးမြူရေးအထောက်အပံ့များရရှိခြင်းနှင့် ဆပ်စပ်နေသည်။

ရွာသားများသည် အမျိုးမျိုးသော အလုပ်များကို အသက်မွေးမှုအတွက် ဆက်လက်လုပ်ကိုင်နေကြသည် (သာဓက ၁၇)။ သို့သော် လုပ်ကိုင်နေသော အလုပ်များမှာ လုပ်ခနည်းသော တောက်တိုမယ်ရကျပန်း အလုပ်များသာဖြစ်ပြီး ယင်းအလုပ်များအပေါ်တွင်မှီခို၍ ဝင်ငွေရရှိနိုင်မှုကို ကိစ္စအနည်းငယ်တွင်သာ တွေ့ရှိရသည်။[၄၈]

**သာဓက ၁၇။ အမျိုးမျိုးသော အလုပ်များ**

ရွာတစ်ရွာတွင် အမျိုးသမီးကြီးတစ်ဦးသည် လယ်သမားတစ်ဦးထံမှ ငွေကျပ် ၃၀,၀၀၀ ကြိုတင်ငွေထုတ်ယူခဲ့ပြီး ရိတ်သိမ်းသည့်အချိန်တွင် လုပ်အားပြန်လည်ပေးမည်ဟု ကတိပေးခဲ့သည်။ သူမသည် ၎င်းငွေဖြင့် ကုန်စုံဆိုင်အသေးစားတစ်ခုဖွင့်ခဲ့သည်။ အကြွေးပြန်ဆပ်ရမည့် အချိန်ရောက်သောအခါ သူမအစား အလုပ်လုပ်ရန် အခြားတစ်ဦးကို ငှားရမ်းခဲ့သည်။ သို့သော်သူမ၏ဆိုင်မှာ ဝင်ငွေမရရှိနိုင်သေးပေ။ အကြောင်းမှာ သူမဆိုင်မှ အကြွေးယူထားသော ကျပန်းလုပ်သားများသည် ၎င်းတို့၏လုပ်ခများမရရှိသေးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူမဆိုင် ပြန်လည်လည်ပတ်နိုင်အောင် ကြိုးစားနေရစဉ် သူမသည် ဂဏန်းဒိုင်အလုပ်ကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးနေရသည်။ ထို့နောက် သူမသည် မကျန်းမမာဖြစ်ပြီး တစ်လခန့် လုပ်ငန်းများ မလည်ပတ်နိုင်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် သူမ၏ဈေးဆိုင်လုပ်ငန်းကို စွန့်လွှတ်ရမည့်ကဲ့သို့ ဖြစ်ခဲ့ရသည်။ သို့သော် သူမသည် အသက်အရွယ်ကြီးရင့်လာသောကြောင့် လယ်ကွင်းထဲတွင် အလုပ်မလုပ်နိုင်တော့သဖြင့် သူမအနေဖြင့် ဆိုင်ပြန်ဖွင့်နိုင်ရန်ကိုသာ ကြိုးစားနေရသည်။

ထို့အပြင် ရွာသားများအနေဖြင့် အမြဲလုပ်လေ့မရှိသော အလုပ်အကိုင်အသစ်ဖြစ်လျှင် အလုပ်ပြောင်းရွှေ့လုပ်ကိုင်ခြင်းအတွက် အခြေခံဗဟုသုတ လိုအပ်သည် (သာဓက ၁၈)။

---

၄၈။ လေ့လာနေသောရွာတစ်ရွာတွင် အစိုးရ၏ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် အလုပ်အကိုင် ရွှေ့ပြောင်းမှုများရှိလာသည်။ လယ်သမားများသည် လယ်မြေများဆုံးရှုံးမှုကြောင့် နစ်နာကြေးရရှိခဲ့သည်။ ရွှေ့ပြောင်းရသော ရေလုပ်သားနှင့် ကျပန်းအလုပ်သမားများသည် နစ်နာကြေးအဖြစ် အမိုး ၁၀ ချပ်စီရရှိခဲ့ကြသည်။ ရွှေ့ပြောင်းသူအများစုမှာ အသက်မွေးမှုလုပ်ငန်းအသစ်ကို အပြည့်အဝတည်ထောင်ခဲ့ကြသည်။ ရွာနှစ်ရွာတွင် အစိုးရ ပိုက်လိုင်းသွယ်တန်းခြင်း စီမံကိန်းသည် မြေယာအသုံးပြုမှု ယာယီဆုံးရှုံးခြင်းကို ဖြစ်စေခဲ့သည်။

**သာဓက ၁၈။ ကျပန်းအလုပ်သမားများအတွက် ရွေးချယ်စရာလမ်း နည်းပါးခြင်း**

ရွာတစ်ရွာတွင် ကျပန်းအလုပ်သမားနှစ်ဦးသည် နာဂစ်အပြီး အိမ်ယာဆောက်လုပ်ရေးစီမံကိန်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဆောက်လုပ်ရေးကုမ္ပဏီအတွက် အိမ်များဆောက်လုပ်ပေးရန် သဘောတူညီခဲ့သည်။ သူတို့သည် အိမ်တစ်လုံးအပြီးအစီးဆောင်ရန်အတွက် ငွေကျပ် ၄၅,၀၀၀ ကျပ်ရရှိကြသည်။ သူတို့သည် ပထမအိမ်အတွက် အခြားသော လက်သမား ၅ ဦးကို ငှားရမ်းခဲ့သည်။ အိမ်ပြီးသောအခါ ကျပန်းအလုပ်သမားများသည် ၎င်းတို့ရသောငွေထက် ၇,၅၀၀ ကျပ် ပိုမိုသုံးခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။ ထို့ကြောင့် သူတို့သည် လက်သမား ၂ ယောက်သာ ငှားရမ်းရန် ဆုံးဖြတ်ပြီး နောက်ထပ် အိမ် ၇ လုံး ဆောက်လုပ်ပေးခဲ့သည်။ သူတို့သည် အချိန်မှန်ငွေမရရှိခြင်းနှင့် တခါတရံ ဆောက်လုပ်ရေးပစ္စည်းများ ရောက်ရန်စောင့်စားရခြင်းတို့ကြောင့် ၎င်းတို့မျှော်မှန်းထားသည့် အလုပ်နေ့ရက်များထက် ပိုမိုကြန့်ကြာပြီးမှ ပြီးခဲ့သည်။ ထို့ကြောင့် ယင်းလုပ်ငန်းမှ ပြန်ရချက်အနေဖြင့်ကြည့်လျှင် အိမ်များဆောက်လုပ်စဉ်က အသုံးစရိတ်များသည် ၎င်းတို့ရသောဝင်ငွေထက် ငွေကျပ် ၃၇,၅၀၀ ပိုမိုမြင့်မားနေကြောင်းတွေ့ရသည်။ နာဂစ်အတွင်းက ၎င်းတို့၏အိမ်နှင့် အရင်းအနှီးပစ္စည်းများ ဆုံးရှုံးပြီးနောက် အလုပ်သမားတစ်ဦးသည် အကြွေးဆပ်ရန် ယခုအခါ မိသားစုကုန်စုံဆိုင် ဆုံးရှုံးရပြီး အခြားတစ်ဦးမှာ မိသားစု စပါးကျီဆုံးရှုံးရပါသည်။

**ရေလုပ်သားများအများစုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးရသည်။**

သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုမှာ လှေနှင့် ပစ္စည်းကိရိယာများ ဆုံးရှုံးခဲ့ရသော ရေလုပ်သားများသည် ကျပန်းအလုပ်သမား သို့မဟုတ် လှေသမားများဖြစ်သွားရခြင်းဖြစ်သည်။ လေ့လာခဲ့သော ရေလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာ ၂၁ ရွာတွင် ရေလုပ်သားများ၏ ၉၀ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်ပိုသော ရာခိုင်နှုန်းမှာ ကျပန်းအလုပ်သမားများဖြစ်လာသည်။ ၎င်းအဖြစ်များသည် နာဂစ်မုန်တိုင်းအပြီး ဒုတိယနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး SIM 2 တွင် ယင်းကဲ့သို့ ကိစ္စအနည်းငယ်သာ မှတ်တမ်းတင်ထားခဲ့သည်။ သို့သော်လည်း ရေလုပ်သားများသည် ၎င်းတို့၏ မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိန်းသိမ်းထားလိုပြီး ရေလုပ်ငန်းဖြင့် ဆက်လက် ရှင်သန်ရပ်တည်အသက်မွေးရန် ကြိုးစားကြသည်။

အားလုံးခြုံကြည့်လျှင် အလုပ်အကိုင်ပြောင်းလဲခြင်းများတွင် အဆိုးရွားဆုံးမှာ ရေလုပ်သားမှ ကျပန်းလုပ်သားအဖြစ် ပြောင်းသွားခြင်းဖြစ်သည်ဟု ရွာသားများက ထင်ကြသည်။ သို့သော်လည်း ၎င်းတို့၏ အခြေအနေမှာ ကျပန်းလုပ်သားများထက် ပို၍မဆိုးရွားနိုင်ပေ။ သို့သော်လည်း ၎င်းတို့၏ အနေအထားမှာ သိသိသာသာ ပြောင်းလဲသွားသောကြောင့် အလုပ်အကိုင်အသစ်နှင့် ရင်းနှီးကျွမ်းဝင်မှုမှာ ပိုမိုအကန့်အသတ်ရှိပါသည်။ ထို့ကြောင့် သူတို့၏စားဝတ်နေရေးကိုဖြေရှင်းရန် အလုပ်အကိုင်နှင့်ပတ်သက်သော ရွေးချယ်စရာများ နည်းပါးသွားသည်ဟု ယူဆရပါသည်။

**ပိုင်ဆိုင်မှုများအားရောင်းချခြင်း**

အထက်တွင်ဖော်ပြထားသည့်အတိုင်း အကြွေးပြန်ဆပ်ရန်အတွက် မြေယာပိုင်ဆိုင်မှုများ ရောင်းချခြင်းများမှာအလွန်ရှားပါးကြောင်း တွေ့ရသည်။ ထို့ပြင် ကျေးရွာများ၏ သုံးပုံတစ်ပုံခန့်တွင် လယ်သမားများလုပ်ပိုင်ခွင့်ရှိသော လယ်များသည် ဒီရေနှင့် ရာသီဥတုဒဏ်ကို ထိခိုက်လွယ်သော နေရာများတွင်ရှိသောကြောင့် ဝယ်ယူမည့်သူကို ရှာဖွေရန် ခက်ခဲပြီး အပိုရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူများပင် ရင်းနှီးရန် ဆန္ဒမရှိပေ။ သို့သော် ကျေးရွာများတွင် လယ်သမားလတ်များနှင့် လယ်သမားငယ်များ၏ ပျမ်းမျှ ၁၅% မှာ အများအားဖြင့် ကျပန်းအလုပ်သမားများကို ၂ ဧက၊ ၃ ဧက ငှားရမ်းကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် အလုပ်လုပ်နိုင်သော အရင်းအနှီး မလုံလောက်သောကြောင့်ဖြစ်ပြီး ငှားရမ်းသုံးစွဲသူမှ ငှားရမ်းခအဖြစ် တစ်ဧကလျှင် စပါး ၁၀ တင်းမှ ၁၅ တင်းအား ရိတ်သိမ်းပြီးနောက်တွင် ပြန်လည်ပေးရသည်။ ဤနည်းဖြင့် လယ်သမားများသည် မိသားစု စားဝတ်နေရေးအခြေအနေကို ထိန်းသိမ်းကြသည်။

Enlightened Myanmar Research (EMR)
EMR

ပြောင်းပြန်အားဖြင့် ငါးဖမ်းလှေများနှင့် ပစ္စည်းများကိုရောင်းချခြင်း သို့မဟုတ် (စွန့်လွှတ်ခြင်း) များကို ပြုလုပ်နေကြရသောကြောင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး မျှော်မှန်းချက်များကို လျော့ပါးစေသည်။ ရွာအားလုံးတွင် အခြားအိမ်ထောင်သုံးပစ္စည်းများ (အပေါ်တွင်ကြည့်ပါ။) ကိုလည်း အကြွေးပြန်ဆပ်ရန်နှင့် သို့မဟုတ် ကျန်းမာရေးကုသစရိတ်နှင့် ပညာရေးတို့အတွက် ရောင်းချကြသည်။

## အသုံးစရိတ်များလျော့ချရေး နည်းဗျူဟာများ

လေ့လာခဲ့သော ရွာများရှိ အိမ်ထောင်စုများသည် နေ့စဉ်အသုံးစရိတ်များကို လျော့ချရန် နည်းလမ်းများစွာကို အသုံးပြုခဲ့ကြသည်။ အစားကို လျှော့စားခြင်း၊ ဆေးဝါးနှင့် အခြားအိမ်ထောင်သုံးပစ္စည်းများအတွက် အနည်းငယ်သာ အသုံးပြုကြခြင်း၊ မိသားစုလုပ်အားကို ပိုသုံးလာကြခြင်း၊ ကလေးများကို ကျောင်းထုတ်ခြင်း သို့မဟုတ် ဘုန်းကြီးကျောင်းသို့သာပို့ခြင်း စသည့်ကုန်ကျစရိတ်ချွေတာနိုင်မည့် မည်သည့်နည်းလမ်းမဆို ပြုလုပ်ကြသည်။ စင်စစ်မှာ လေ့လာခဲ့သော ရွာများရှိ အိမ်ထောင်စုတိုင်းသည် အစားအသောက် အသုံးစရိတ်များကို လျော့ချခြင်း၊ ကလေးမုန့်ဖိုးများကိုလျော့ချခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို လျော့ချခြင်း စသည့်နည်းလမ်းသုံးခုကို မဖြစ်မနေ ပြုလုပ်ခဲ့ကြသည်။

## အစားအသောက်နှင့် အခြားအသုံးစရိတ်များလျော့ချခြင်း

### ရွာသားအများစုသည် စားသောက်ရန် လုံလောက်ခြင်း

SIM 3 ကွင်းဆင်းလေ့လာမှုများ ပြုလုပ်သောအချိန်တွင် လေ့လာခဲ့သော ရွာအားလုံး၌ ငတ်မွတ်ခေါင်းပါးခြင်းအရိပ်လက္ခဏာများ မတွေ့ရှိခဲ့ပါ။ ကျေးရွာ ၄၀ အနက် ၃၆ ရွာမှ လူအများစုမှာ တစ်နေ့သုံးကြိမ်စားသုံးကြသည်။ ယေဘုယျအားဖြင့် လယ်သမားများသည် အခက်အခဲများရှိသော်လည်း ရွာများ၏ လေးပုံတစ်ပုံနီးပါးသည် ဆန်ကွဲများစားသုံးရန်ရှိပြီး ရွာများ၏ ဆယ်ပုံတစ်ပုံရှိ လူအများသည် အရည်အသွေးနိမ့်ဆန်များကို သာတတ်နိုင်ကြသည်။ ပြောင်းပြန်အားဖြင့် လေ့လာခဲ့သော ကျေးရွာအားလုံးရှိ ကျပန်းအလုပ်သမားများနှင့် ရေလုပ်သားများမှ ကျပန်းအလုပ်သမားများသို့ ပြောင်းလဲလာသူများမှာ အစားအသောက်စားသုံးမှုကို လျော့ချရသည့် အခြေအနေမျိုးတွင်ရှိပြီး ၎င်းတို့သည် နေ့လယ်စာမစားဘဲ သုံးနပ်စားမည့်အစား နှစ်နပ်သာ စားကြသည်။ ထို့ပြင် တစ်ကြိမ်စားတိုင်း အစားအသောက်ပမာဏကို လျော့ချကြရသည် (မိသားစုဝင် ၅ ယောက်အတွက် ယခင်က တစ်နပ်လျှင် နို့စည်ဗူး ၆ လုံးအစား အများအားဖြင့် နို့ဆီဗူး ၄ လုံး[၄၉])။ ဆန်ကွဲစားကြရသည်။ ဆန်ပြုတ်သောက်ကြရသည်။ ဟင်းမှာလည်း ငါးပိရည်/ငါးပိတို့သာဖြစ်သည်။

မြစ်ဝကျွန်းပေါ်ရှိ လယ်သမားကြီးများမှ လွဲ၍ အိမ်ထောင်စုအားလုံးနီးပါးသည် အစားအသောက်အတွက် အသုံးစရိတ်ကိုသာအဓိကထားသုံးစွဲပြီး အခြားသော ပစ္စည်းများအပေါ်တွင် သုံးစွဲမှုကုန်ကျစရိတ်များကို အနေအထားအမျိုးမျိုးဖြင့် လျော့ချသုံးစွဲခဲ့သည်။ အထူးသဖြင့် နာဂစ်အပြီး တစ်နှစ်အကြာ အစားအသောက် အထောက်အပံ့များ ရပ်သွားချိန်မှစ၍ဖြစ်သည်။ အိမ်ထောင်စုများသည် (ဗီဒီယိုကြည့်ခြင်း၊ အပေါ်တွင်ကြည့်ပါ။) စသည့် အပန်းဖြေမှုများအပေါ်တွင် အသုံးစရိတ်များ၊ ကလေးမုန့်ဖိုးများ၊ ကျန်းမာရေးနှင့် ပညာရေး၊ အဝတ်အထည်၊ အလှူအတန်းများနှင့် အခြားရွာရှိ ဆွေမျိုးများထံသို့သွားသော ခရီးစရိတ်များကို လျော့ချခဲ့ရသည်။ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းနှင့် ကွမ်းစားခြင်းတို့အတွက် အသုံးစရိတ်ကိုမူ များစွာလျော့ချခြင်း မရှိသည်ကို တွေ့ရသည် (အောက်တွင် ကြည့်ပါ။)။

## ဆင်းရဲသူများသည် ကြီးမားသော အခက်အခဲများကို ရင်ဆိုင်နေရသော်လည်း

ကျေးရွာသားများ၏ ပြောပြချက်အရ နေ့စဉ်စားသောက်မှုအတွက် တစ်နေ့စာတစ်နေ့ မနည်းရှာဖွေနေရသော အိမ်ထောင်စုများသည် အစားအစာ အထောက်အပံ့ရပ်ဆိုင်းသွားကတည်းက အချိန်နောက်ကျမှ

---

၄၉။ ဆန်နို့ဆီဗူး ၈ လုံးသည် တစ်ပြည် ဖြစ်သည်။ ဆန်တစ်ပြည်သည် ၂ ကီလိုဂရမ်ခန့် အလေးချိန်ရှိသည်။

ထမင်းစားကြရသည်။ ၎င်းတို့ ပုံမှန်စားနေကျ ၆ နာရီ အစား ၈ နာရီနောက်ပိုင်းမှ ညစာစားကြရခြင်းဖြစ်သည်။ ၎င်းမိသားစုများသည် ယခင်ထက်ပိုမိုရှည်ကြာစွာ အလုပ်လုပ်ကြရပြီး အလုပ်မှ အပြန်တွင် ဆန်ဝယ်ခြင်း သို့မဟုတ် ချေးယူခြင်းများပြုလုပ်ရသည်။ ၎င်းတို့သည် အိမ်တွင် ဆန်သိုလှောင်မထားနိုင် သို့မဟုတ် ဆန်ဝယ်ရန် ငွေအလွယ်တကူမရှိပေ။

**... ဆင်းရဲသောမိဘများသည် ၎င်းတို့၏သားသမီးများအတွက် ပညာရေးကို မတတ်နိုင်ကြပေ။**

ရွာအားလုံးတွင် နာဂစ်ပြီးမှစ၍ အချို့မိဘများသည် ကလေးများကို ကျောင်းထားရန်စရိတ်များ မတတ်နိုင်သောကြောင့် ကျောင်းထုတ်လိုက်ရသည်များရှိသည်။ အထူးသဖြင့် ကျေးရွာ ၄၀ အနက် မူလတန်းကျောင်းများ မရှိသောကြောင့် အနီးအနားရွာသို့ ကျောင်းတက်ရန် ကလေးများကို စေလွှတ်ရသော ရွာ ၆ ရွာ တွင် ဖြစ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရွာများ၏ ငါးပုံတစ်ပုံတွင် ဆင်းရဲသော မိဘများ (ခန့်မှန်းခြေ ပျမ်းမျှအားဖြင့် တစ်ရွာတွင် ၁၅ ဦး) သည် သားယောကျ်ားလေးတစ်ယောက် သို့မဟုတ် နှစ်ယောက် (မိန်းကလေး မပါဝင်)ကို ဘုန်းတော်ကြီးကျောင်းသို့ပို့၍ ဘုန်းတော်ကြီးကျောင်းပညာရေးကိုသာ ရရှိစေတော့သည်။ အဓိက ရည်ရွယ်ချက်မှာ အိမ်ထောင်စု၏ စားသောက်မှုစရိတ်ကို လျော့ချရန် ဖြစ်သော်လည်း ကလေးများမှာလည်း ယင်းနေရာတွင် ပညာရေးကို ရရှိနိုင်ရန်ဖြစ်သည်။ အချို့သော ယောကျ်ားကလေးများမှာလည်း ကိုရင်ဘဝဖြင့်သာနေတော့သည်။

**မိသားစုလုပ်အားကို အသုံးပြုခြင်း**

ကျေးရွာတိုင်းနီးပါးတွင် လယ်သမားလေးများနှင့် လယ်သမားလတ်များသည် ယခင်ကကဲ့သို့ ကျပန်း အလုပ်သမားများငှားရမ်းရန် မတတ်နိုင်ကြတော့ပဲ သူတို့သည် အလုပ်သမားလိုအပ်မှုကို ခန့်မှန်းခြေ သုံးပုံတစ်ပုံခန့် အထိ လျော့ချကြသည်။ အကျိုးဆက်အားဖြင့် အခြားသော မိသားစုဝင်များသည် လယ်ကွင်းထဲတွင် အလုပ်လုပ်ကြရသည်။ မိဘများသည် ရာသီအလိုက် အလုပ်များရှာဖွေရန် ရွှေ့ပြောင်းအလုပ်လုပ်ရသောကြောင့် ၎င်းတို့၏ သားသမီးများကို ကျောင်းမှထုတ်ကြရသည့် သာဓကအချို့ကိုလည်း ကျေးရွာများတွင် တွေ့ရှိခဲ့ရသည်။

# အခန်း (၄)
## လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ

SIM 2 သုတေသနတွင် လူမှုအင်အားစုများသည် အားလုံးခြုံကြည့်လျှင် အားကောင်းနေသည်ကို တွေ့ခဲ့ရသည်။ အမျိုးသား၊ အမျိုးသမီး ဆက်ဆံရေးမှာ ကောင်းမွန်နေပြီး အမျိုးသမီးများသည် ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များကို ယခင်ကထက် ပိုမိုသိရှိနားလည်လာသည်။ သို့သော်လည်း မုဆိုးမနှင့် မုဆိုးဖိုများသည် ဝန်ထုပ်ဝန်ပိုးများကို နစ်ဆထမ်းဆောင်နေရဆဲဖြစ်သည်။ မိဘမဲ့ကလေးများမှာ ဆွေမျိုးများမှ ကျောင်းထားပေးရန် မတတ်နိုင်သောကြောင့် ကျောင်းမှထွက်ပြီး အလုပ်လုပ်နေကြရသည်။ လူငယ်များသည် အထောက်အပံ့ရရှိရေးကြိုးပမ်းအားထုတ်မှုများတွင် တက်ကြွစွာဆက်လက် ပါဝင်နေဆဲဖြစ်ပြီး လူငယ်များနှင့် လူကြီးများအကြားဆက်ဆံရေးမှာ ဆက်လက်အားကောင်းနေဆဲဖြစ်သည်။ ထောက်ပံ့ရေးကိစ္စများတွင် ဘာသာရေးခေါင်းဆောင်များပါဝင်မှုမှာ အနည်းငယ်ပြောင်းလဲလာပြီး အချို့မှာ ရှေးယခင်ကတည်းက လုပ်ဆောင်နေကျဖြစ်သော ပညာရေးပိုင်းတွင်သာ အထောက်အပံ့ပေးသူများအဖြစ်ပါဝင်လာကြသည်။ ရွာသားများနှင့် ခေါင်းဆောင်များအကြား ဆက်ဆံရေး ပြောင်းလဲမှုမှာ အထောက်အပံ့ပေါ်တွင် များစွာမူတည်နေသေးသည်။ ဆက်ဆံရေးမှာ အများအားဖြင့် ကောင်းမွန်သော်လည်း ရရှိသော အထောက်အပံ့များကို အလွဲသုံးစားပြုလုပ်သည်ဟု ထင်မြင်သော အချို့ဖြစ်ရပ်များတွင် ဆက်ဆံရေးမှာ ဆိုးဝါးလာခဲ့သည်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာအကြား ဆက်ဆံရေးမှာ ပြောင်းလဲမှုအချို့ကို တွေ့ရသည်။ စီးပွားရေးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးအပိုင်းအကြား အပြန်အလှန်ဆက်သွယ်မှုမှာ အနည်းငယ်ကျဆင်းလာသည်။ သို့သော် လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ ဆက်နွယ်ဆောင်ရွက်မှုများနှင့် တစ်ရွာနှင့်တစ်ရွာအကြား အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ပါဝင်မှုများ တိုးတက်လာခဲ့သည်။

နောက်ဆုံးအကြိမ် SIM ပြုလုပ်စဉ်တွင် တွေ့ရှိရသည်မှာ မြစ်ဝကျွန်းပေါ်ရှိ လူမှုအဖွဲ့အစည်းသည် စိန်ခေါ်မှုများ မပြတ်ရင်ဆိုင်နေရသော်လည်း မုန်တိုင်းဒဏ်ကို အလိုက်သင့် ကြံ့ကြံ့ခိုင်ခိုင်တွန်းလှန် လွန်မြောက်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ကျေးရွာဘဝ ရှုထောင့်ဘက်မှကြည့်လျှင် လွန်ခဲ့သောနှစ်အတွင်း အပြောင်းအလဲ အနည်းငယ်သာရှိခဲ့ပြီး လူမှုဆက်ဆံရေးမှာ ကောင်းမွန်သည်။ သတိပြုလောက်သော ပြောင်းလဲမှုမှာ နာဂစ်အပြီး ဒုတိယနှစ်အတွင်း မုဆိုးဖိုနှင့် မုဆိုးမအများစုမှာ ပြန်လည်အိမ်ထောင်ပြုလာကြခြင်းဖြစ်သည်။ ယင်းသည် သူတို့ထမ်းနေရသော ဝန်ထုတ်ဝန်ပိုးများကို လျော့ချပေးသည်။ ထို့အပြင် အမျိုးသမီးများသည် ပိုမိုလုပ်ပိုင်ခွင့်ရလာကြ၍ ထောက်ပံ့ရေးကြိုးပမ်းမှုများ၏ ကောင်းမွန်သော ရလဒ်တစ်ခုဖြစ်သည်။ တစ်ချိန်တည်းမှာပင် စီးပွားရေးအခြေအနေ မကောင်းသောကြောင့် ရွာသားများ၏ စိတ်ဖိစီးမှုမှာလည်း မြင့်မားလာသည်။ ထောက်ပံ့ရေးရရှိရန် ကြိုးပမ်းအားထုတ်မှုတွင် ဘာသာရေးခေါင်းဆောင်များနှင့် လူငယ်များ၏ အခန်းကဏ္ဍသည် လျော့နည်းလာသည်။ သို့သော် လူကြီးနှင့် လူငယ်အကြား၊ ရွာသားများနှင့် ဘာသာရေးခေါင်းဆောင်များအကြားနှင့် ရွာသားအချင်းချင်းအကြား ဆက်ဆံရေးမှာ ပုံမှန်အားဖြင့် ကောင်းမွန်သည်။ SIM 2 ပြုလုပ်စဉ်ကတည်းက ဘာသာရေးအုပ်စု၊ လူမျိုးရေးအုပ်စု တစ်ခုခုကိုသာ ချိန်ရွယ်ပြီးအထောက်အပံ့ပေးသောကိစ္စများ မတွေ့ရှိရတော့ဘဲ လူမျိုးကွဲများအကြားနှင့် ဘာသာကွဲများအကြား ဆက်ဆံရေးမှာ ခိုင်မာလာကြသည်။ ရွာအနည်းစုတွင် ရွာသားများနှင့် ခေါင်းဆောင်များအကြား တင်းမာမှုအချို့ ရှိနေသေးသည်ကိုတွေ့ရပြီး ၎င်းတို့သည် ထောက်ပံ့ရေးနှင့်ပတ်သက်သော ကိစ္စရပ်များသာ ဖြစ်သည်။ အချုပ်အားဖြင့်ပြောရလျှင် ခေါင်းဆောင်များသည် အထောက်အပံ့ပေးရေး ကိစ္စရပ်များမှ ယူဆောင်လာသော ဖိအားများအား အများအားဖြင့်တုံ့ပြန်နိုင်ကြပြီး ရွာသားများနှင့်ခေါင်းဆောင်များအကြား ဆက်ဆံရေးမှာ ကောင်းမွန်သော အခြေအနေတွင်ရှိသည်။

### ၁။ လူမှုရေးစည်းလုံးမှုနှင့် စုပေါင်းဆောင်ရွက်မှု

ရွာအားလုံးတွင် မိသားစုများသည် တစ်စုနှင့်တစ်စု အချင်းချင်းဆက်နွယ်ပတ်သက်မှု ရှိကြသည်။ ထို့အပြင် မြို့ပြစရိုက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်မှာ ရွာသားများမှာ အချင်းချင်း နေ့စဉ်ထိတွေ့မှုရှိကြသည်။ ယင်းက

ခိုင်မာသော လူမှုရေး အသိုက်အမြုံကို ဖန်တီးပေးရာရောက်သည့်အပြင် နာဂစ်ကြောင့် လူမှုအဆောက်အအုံကြီး တစ်ခုလုံး ထိခိုက်သွားသည့်အခါ များစွာအထောက်အကူပြုခဲ့သည်။ နာဂစ်အပြီး ၂ နှစ်အကြာ လူ့အဖွဲ့အစည်းများ အကြား ဆက်ဆံရေးမှာ ခိုင်မာဆဲဖြစ်သည်။[၅၀]

## အစောပိုင်းတင်းမာမှုများကား အများကြီး ကွယ်ပျောက်ခဲ့ပါပြီ။

နာဂစ်အပြီး တစ်နှစ်အကြာတွင် ထောက်ပံ့ရေးနှင့် ပတ်သက်သောပြဿနာများကြောင့် ရွာအများစုတွင် တင်းမာမှုများရှိခဲ့သည်။ အထူးသဖြင့် ရွာသားများမှာ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ခြင်းကို တစ်ခါတစ်ရံ မကျေနပ် ကြပေ။ တစ်ဦးချင်းစီအတွက် အထောက်အပံ့များ (အိမ်ထောင်သုံးပစ္စည်းများ၊ အစားအသောက်အထောက်အပံ့နှင့် အမိုးအကာစသည်) ထောက်ပံ့ပေးမှုအတွက် ကျပန်းအလုပ်သမားများကို အထောက်အပံ့ပေးသူများက အများ အားဖြင့် အကျိုးခံစားခွင့်ရှိသူများအဖြစ် အခြေခံစံနှုန်းတွင် သတ်မှတ်ထားလေ့ရှိသည်။ ရွာသားများက အားလုံးညီတူ ညီမျှ လိုအပ်သည်ဟု ခံစားကြသော်လည်း ကျေးရွာခေါင်းဆောင်များအား မကျေနပ်ကြောင်း တရားဝင်ပြောကြား ခြင်းမျိုးကား မပြုလုပ်ကြပေ။ ယင်းအကျိုးဆက်မှာ ရွာသားများနှင့် ၎င်းတို့၏ခေါင်းဆောင်တို့အကြား မယုံကြည်မှုကို အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်စေပြီး ပူးပေါင်းဆောင်ရွက်မှုမှာလည်း ပျောက်ကွယ်သွားရသည်။ နာဂစ်အပြီး ဒုတိယနှစ်တွင် အဆိုပါအထောက်အပံ့ပေးခြင်းမျိုးများ လျော့နည်းသွားသည်နှင့်တစ်ပြိုင်နက် ၎င်းနှင့်ပတ်သက်သော တင်းမာမှုများမှာလည်း လျော့ကျလာခဲ့သည်။

## ...လေ့လာခဲ့သော ကျေးရွာများအသီးသီး၌ ယနေ့အချိန်တွင်လူမှုဆက်ဆံရေးမှာ ကောင်းမွန်နေခြင်း

နှစ်နှစ်အကြာတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား ဆက်ဆံရေးမှာ ကျေးရွာအားလုံးတွင် ကောင်းမွန် သည်ဟု ထင်ရသည် (ဇယား ၁၅ တွင်ကြည့်ပါ)။ လေ့လာခဲ့သောရွာများ၏ လေးပုံသုံးပုံတွင် လူကြီးနှင့် လူငယ်ကြား ဆက်ဆံရေးမှာ ကောင်းမွန်ပြီး ကျန်နေရာများတွင် သင့်တင့်သည်။ ရွာလေးရွာတွင် ဘာသာရေး ခေါင်းဆောင် များနှင့် ရွာသားများအကြား ဆက်ဆံရေးမှာ သိသိသာသာကို ညံ့ဖျင်းသည် (အောက်တွင်ကြည့်ပါ)။ ၎င်းတို့ထဲမှ နှစ်ခုမှာ SIM 2 ပြုလုပ်စဉ်ကတည်းက အခြေအနေဆိုးရွားနေခဲ့ခြင်းဖြစ်သည်။

ဇယား ၁၅။ လူမှုဆက်ဆံရေးအပေါ် ခြုံငုံသုံးသပ်ချက်

| ဆက်ဆံရေး | ကောင်း | သင့် | ညံ့ | ပိုမိုကောင်း | တူညီ ၁/ | ပိုမိုဆိုး |
|---|---|---|---|---|---|---|
| ကျားမဆက်ဆံရေး | ၄၀ | – | – | – | ၄၀ | – |
| အသက်အုပ်စု | ၃၀ | ၀ | – | – | ၄၀ | – |
| ဘာသာရေးခေါင်းဆောင် | ၃၀ | ၆ | ၄ | – | ၃၈ | ၂ |
| Identity ၂/ | ၉ | – | – | ၃ | ၆ | – |
| ရွာခေါင်းဆောင်များ | ၁၉ | ၁၅ | ၆ | ၂ | ၃၅ | ၃ |

၁/ SIM 2 နှင့် နှိုင်းယှဉ်သည်။ ဆိုလိုသည်မှာ နာဂစ်အပြီး တစ်နှစ်အကြာအချိန်နှင့် နှိုင်းယှဉ်ခြင်းဖြစ်သည်။

၂/ ဘာသာရေးနှင့် လူမျိုးအုပ်စုများအကြား ဆက်ဆံရေး

စုပေါင်းဆောင်ရွက်ခြင်း လုပ်ဆောင်ချက်များမှာ အနည်းငယ်ပြောင်းလဲလာသည်။ (အခန်း ၂ တွင် ကြည့်ပါ)။ ရွာများအားလုံးရှိရွာသားများသည် ဒေသအတွင်း အခြေခံအဆောက်အအုံများပြုပြင်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း စသော ကျယ်ပြန့်သောဖွံ့ဖြိုးရေးလုပ်ငန်းများ (ကျေးရွာလမ်း၊ စာသင်ကျောင်းများ၊ သောက်ရေ

၅၀။ လူမှုဆက်ဆံရေးအတွက် အဆင့်သတ်မှတ်ခြင်းသည် လေ့လာခဲ့သော ရွာများအသီးသီး၌ ရွာသားများအမြင်နှင့် သုတေသနအဖွဲ့၏ အကဲဖြတ်မှုများအပေါ်တွင် စုပေါင်းဆုံးဖြတ်ထားသည်။

ကန်တူးခြင်း စသည် ) တွင် အတူတကွ ဆက်လက်လုပ်ကိုင်နေကြသည်။ ဘုန်းကြီးကျောင်းများသို့ ဆန်လှူသော အခမ်းအနားများ (ယင်းကို နှစ်တစ်နှစ်၏အစတွင် ရွာခေါင်းဆောင်များမှ ဦးစီးဆောင်ရွက်ခြင်း ဖြစ်သည်)။ တေးဂီတ အဖွဲ့အစည်းများ (အနီးအနားရွာများတွင်လည်း ဖျော်ဖြေသည်)၊ ကံစမ်းမဲလက်မှတ်များဖြင့် ဆရာ၊ ဆရာမများ၏လစာကို အပိုဆောင်းပေးရန် ငွေလိုက်လံကောက်ခံခြင်း စသော စုပေါင်းဆောင်ရွက်မှုများတွင်လည်း အတူတကွ ပါဝင်ကြသည်။ ယင်းဆောင်ရွက်ချက်များကို ရွာသားများသည် အများအားဖြင့် စေတနာအလျောက် လုပ်အားပေးဆောင်ရွက်ကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေါင်းဆောင်များမှ ဦးဆောင်လေ့ရှိသည်။ ရွာအတွင်းမှ သက်ကြီးရွယ်အိုများနှင့် လေးစားခံရသောလူများလည်း ပူးပေါင်းပါဝင်ကြသည်။

သုတေသနအဖွဲ့မှာ လေ့လာခဲ့သောရွာများ၏ထက်ဝက်ခန့်တွင် ရွာသားများနှင့် ၎င်းတို့၏ အုပ်ချုပ်ရေးပိုင်းမှခေါင်းဆောင်များနှင့် ကျေးရွာခေါင်းဆောင်များအကြား ဆက်ဆံရေးမှာ အထူးသဖြင့်ခိုင်မာနေကြသည်ကို တွေ့ရှိခဲ့ရပြီး ပေါင်းစည်းဆောင်ရွက်မှုနှင့် ယုံကြည်မှုရှိကြခြင်းတို့တွင်လည်း မြင့်မားခိုင်မာနေကြောင်း တွေ့ရှိခဲ့ရပါသည်။ ကျေးရွာ ၆ ရွာတွင်သာ ဝေခြမ်းရေးမညီမျှမှုဟု မယုံသင်္ကာ ထင်မြင်မှုများကြောင့် လူမှုပေါင်းစည်းညီညွတ်မှုမှာ အားနည်းသည်ဟု ယူဆရသည်။

## အမျိုးသားနှင့်အမျိုးသမီးများအကြား ဆက်ဆံရေး

အမျိုးသားနှင့် အမျိုးသမီးများအကြား ဆက်ဆံရေးမှာ ပုံမှန်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ ရွာအားလုံးတွင် နာဂစ် မတိုင်မီနှင့် အတူတူပင်ဖြစ်သည်။ မိသားစုစကားများငြင်းခုံခြင်းနှင့် လင်မယားအကြား ရန်ပွဲများမှာ ပုံမှန်အတိုင်း ဖြစ်ပွားနေသည်။ သို့သော်လည်း ရွာသားများသည် ယင်းဖြစ်ပွားမှုများတွင် အကြိမ်ရေစိတ်လာခြင်းမျိုး၊ ပိုမိုပြင်းထန်လာခြင်းမျိုးများ မရှိပေ။

## အမျိုးသားနှင့် အမျိုးသမီးတို့ ဘဝသစ် ပြန်လည်ထူထောင်လာကြခြင်း

အထူးသဖြင့် မုန်တိုင်းဒဏ် ပြင်းပြင်းထန်ထန် ခံစားရသော ရွာများတွင် SIM 2 ပြုလုပ်စဉ်ကတည်းက လက်ထပ်ခြင်းများ သိသိသာသာများပြားလာခဲ့ပြီးဖြစ်သည်။ နာဂစ်အပြီး နှစ်နှစ်အကြာတွင် မုန်တိုင်းအတွင်း ဇနီး သို့မဟုတ် ခင်ပွန်း ဆုံးပါးသွားကြသော မုဆိုးဖိုနှင့် မုဆိုးမအများစုတို့၏ အိမ်ထောင်သစ်ထပ်မံထူကြခြင်းမှာ ပိုမိုများပြားလာသည်။ ဆန့်ကျင်ဘက်တစ်ခုမှာ SIM 2 နောက်ပိုင်းတွင် အမှန်တကယ် လင်မယားကွဲခြင်းမျိုးကို မတွေ့ရှိခဲ့ရခြင်းဖြစ်သည် (နာဂစ်အပြီး ပထမနှစ်အတွင်းတွင် ယင်းကဲ့သို့ အမှုတစ်ခုသာတွေ့ရှိရဖူးသည်)။[၅၁]

## ...ခြုံငုံကြည့်လျှင် နှစ်ဆထမ်းရသော ဝန်ထုပ်ဝန်ပိုးများ သက်သာသွားခြင်း

ယခင်ပြုလုပ်ခဲ့သော လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုများအားလုံးတွင် မုဆိုးမနှင့် မုဆိုးဖိုများသည် သေဆုံးသွားသောဇနီး၊ ခင်ပွန်းများ၏ တာဝန်များအပြင် ၎င်းတို့ ကိုယ်ပိုင်တာဝန်များကိုပါ နှစ်ယောက်စာ ထမ်းဆောင်နေရသည်ကို သတိပြုနိုင်သည်။ ထိုကဲ့သို့ နှစ်ဆ ထမ်းဆောင်နေရသော ဝန်ထုပ်ဝန်ပိုးများသည်

၅၁။ နာဂစ်မတိုင်မီက လင်မယားရန်ဖြစ်သည့်ဖြစ်စဉ်အများအပြားရှိခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရ.ယ.က) ခေါင်းဆောင်များကို ချဉ်းကပ်၍ ကွာရှင်းရန် ကြိုးပမ်းခဲ့ကြသည်။ ပုံမှန်အားဖြင့် ရ.ယ.က ဥက္ကဋ္ဌသည် ၎င်းလင်မယားကို တစ်ပတ် သို့မဟုတ် နှစ်ပတ်နေမှ ကွာရှင်းပေးခြင်းများ ဆောင်ရွက်ရန် ပြန်လာခိုင်းသည်။ ၎င်းအချိန်အတွင်းပင် ဒေါသစိတ်ပြေသွားတတ်ပြီး ရ.ယ.က ဥက္ကဋ္ဌထံသို့ ပြန်မလာကြတော့ပေ။ နာဂစ်အပြီးတွင် ရွာ ၅ ရွာမှ ရ.ယ.က ခေါင်းဆောင်များသည် ကျေးရွာလူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကြောင့် တာဝန်ယူရမှုများ သိသိသာသာ များပြားလာပြီး စိတ်မရှည်ဖြစ်လာကြခြင်းကြောင့် လင်မယားကွဲလိုသူများကို ငွေကြေးပေးရမည်ဟု ကြေငြာခဲ့သည် (အချို့ကိစ္စများတွင် ပြန်လည်လက်ထပ်ခြင်းများအတွက်ပါ ကောက်ခံခဲ့သည်)။ (ယင်းကဲ့သို့ ဖြစ်ရပ်တစ်ခုတွင် ကွဲကွာရန်အတွက် ငွေကျပ် ၅၀,၀၀၀ သတ်မှတ်ပြီး၊ ပြန်လည်လက်ထပ်ခြင်းကို ငွေ ၁ သိန်းသတ်မှတ်ခဲ့သည်)။ အကျိုးဆက်အားဖြင့် ယင်းရွာများတွင်ရှိသော လင်မယားများသည် ရန်ဖြစ်သောအခါ ကွာရှင်းရန်ဆိုပြီး ရ.ယ.က ခေါင်းဆောင်များထံသို့ မသွားကြတော့ပေ။

အိမ်ထောင်သစ် ပြန်လည်ထူကြသောလူများအတွက် သက်သာသွားခဲ့သည်။ သို့သော်လည်း ကျန်ရှိနေသေးသော ရွာအတွင်း အဆင်းရဲဆုံးအုပ်စုများတွင်ပါဝင်သော မုဆိုးမများမှာ ဆွေမျိုးများနှင့် ဘာသာရေးအဖွဲ့များထံမှ အကူအညီယူနေရတုန်းပင်ဖြစ်သည်။

## အမျိုးသမီးများမှာ စွမ်းရည်ပိုမိုမြင့်မားလာခြင်း

ယခင်ကာလများတွင် အမျိုးသမီးများ လွှမ်းမိုးနိုင်သောနေရာမှာ အိမ်ထောင်ထိန်းသိမ်းသော နေရာတွင်သာဖြစ်ခဲ့ပြီး အိမ်ပြင်ပကိစ္စများတွင် အမျိုးသားများသာ အခွင့်အာဏာ ရှိခဲ့ကြသည်။ နာဂစ်အပြီး အထောက်အပံ့များနှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲများကြောင့် ရပ်ရွာ၏ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ လွန်ခဲ့သောနှစ်အတွင်း ထင်ရှားသတိပြုမိသော အပြောင်းအလဲမှာ ကျေးရွာကိစ္စများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာမှုပင်ဖြစ်သည်။ အထူးသဖြင့် သီးသန့်မဟုတ်သော်လည်း အထောက်အပံ့ပေးရေးဆိုင်ရာ ကော်မတီများအတွက် ဖြစ်သည်။ ရွာများ၏တစ်ဝက် ၁၉ ရွာနီးပါးတွင် ထောက်ပံ့ရေးပေးသူများက အမျိုးသမီးပါဝင်မှုကို လိုလားကြသည်။[၅၂] ယင်းရွာများအနက် ၅ ရွာတွင် အမျိုးသမီးများသည် အထောက်အပံ့ပေးရေးဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ပါဝင်လာကြသည်။ အမျိုးသားများကလည်း ဒေသဆိုင်ရာကော်မတီများတွင် အမျိုးသမီးအဖွဲ့ဝင်များပါဝင်လာခြင်းကို ကျေကျေနပ်နပ် လက်ခံကြသည်။ အမျိုးသမီးများကလည်း သူတို့၏အခန်းကဏ္ဍများ တစ်စတစ်စ ပြောင်းလဲလာခြင်းကို ကျေနပ်ကြသည်။ ထို့အပြင် ထောက်ပံ့ရေးစီမံကိန်းများကြောင့် အမျိုးသမီးများသည် ရွာအများစုတွင် စီးပွားရေးအရ မှီခိုမှု ပိုမိုကင်းလာကြရပြီး သူတို့၏ယုံကြည်မှုများကို မြင့်မားလာစေသည် (သာဓက ၁၉ တွင်ကြည့်ပါ)။ ယခုအချိန်တွင် သူတို့သည် မိသားစုအားအဓိက ရှာကျွေးသူများ ဖြစ်လာကြသည်။

**သာဓက ၁၉။ စွမ်းရည်မြင့်မားစေရန် စုဆောင်းမှု**

နာဂစ်မတိုင်မီက ရွာတွင် လူငယ်အမျိုးသမီးတစ်ဦးသည် သူမ၏ ယောက္ခမအတွက် လယ် ၁၀ ဧကကို စိုက်ပျိုးပေးခဲ့ပြီး ရွာတွင် ကျင့်သုံးနေကျ ထုံးစံများအတိုင်း သူမအမျိုးသားပြောသည်များကို လိုက်နာခဲ့သည်။ ၂၀၀၉ ခုနှစ် တွင် သူမသည် ငါးဦးအဖွဲ့ ငွေစုအသင်း၏ ခေါင်းဆောင်ဖြစ်လာခဲ့ပြီး ချေးငွေ ၇၀,၀၀၀ ကျပ် ရရှိခဲ့သည်။ ယင်းငွေဖြင့် သူမသည် ကုန်စုံဆိုင်ငယ်တစ်ခုကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သူမသည် နောက်ထပ် ချေးငွေကျပ် ၁၀၀,၀၀၀ ကျပ်ကို ချေးငွေအဖွဲ့ကို တည်ထောင်သည့် အထောက်အပံ့ပေးသူများထံမှ ရရှိခဲ့သည်။ နောက်ထပ် ငွေကျပ် ၁၅၀,၀၀၀ ကျပ်ကို လယ်သမားတစ်ဦးထံမှ ရရှိခဲ့သည်။ ၎င်းငွေများကို ဘဲအကောင် ၅၀ မွေးမြူရန် အသုံးချခဲ့သည်။ သူမသည် ယင်းစီးပွားရေးလုပ်ငန်းကို သူမ၏ယောကျ်ားနှင့် ယောက္ခမတို့၏ လွှမ်းမိုးမှုမပါဘဲ စီမံခန့်ခွဲခဲ့သည်။ ထို့ပြင် သူမသည် ငွေစုအသင်း၏ အစည်းအဝေးများကို မကြာခဏတက်ရောက်ခဲ့သည်။ အကျိုးဆက်မှာ သူမသည် ယခုအခါ ပိုမိုယုံကြည်မှု ရှိလာပြီး ကျေးရွာအတွင်းရှိ အစည်းအဝေးများတက်ရောက်ရန် သူမယောကျ်ားထံမှခွင့်တောင်းရန် မလိုတော့ပေ။

## ...သို့သော် မိရိုးဖလာကျားမ ခွဲခြားဆက်ဆံခြင်းများမှာ တည်ရှိနေဆဲဖြစ်ခြင်း

အမျိုးသမီးများသည် ကာလရှည်ကြာတည်ရှိခဲ့သော ခွဲခြားဆက်ဆံခြင်းများကို ခံစားနေရဆဲဖြစ်သည်။ ပညာသင်ကြားရေးတွင် မိဘများက သားယောကျ်ားလေးများအား သမီးမိန်းကလေးများထက် ပိုမိုဦးစားပေးခြင်းသည် ထင်ရှားသော သာဓကဖြစ်သည်။ ထို့အပြင် လေ့လာခဲ့သောရွာများတွင် အမျိုးသမီးများ၏ ပျမ်းမျှ

[၅၂]။ လေ့လာခဲ့သော ရွာများ၏ လေးပုံတစ်ပုံနီးပါး (၉ ရွာခန့် တွင်) လူငယ်အမျိုးသမီးများသည် ကျေးရွာကော်မတီများ (အထူးသဖြင့် ထောက်ပံ့ရေး ကော်မတီများ) တွင် ပါဝင်ခဲ့ကြသည်။

လစာသည် တစ်နေ့လျှင် ၁,၆၀၀ ကျပ်နှင့် အမျိုးသားများ၏ လစာမှာ ၂,၁၀၀ ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ လုပ်ခသည် အမျိုးသားများလုပ်ခ၏ လေးပုံတစ်ပုံနီးပါး နည်းတတ်ကြပြီး အချို့ကိစ္စများတွင် ထက်ဝက်ခန့် အထိ နည်းတတ်ကြသည်။

## လိင်အကြမ်းဖက်မှုဖြစ်ပွားနှုန်းအား သေချာသိရှိရန်ခဲယဉ်းနေဆဲဖြစ်ခြင်း

ပြီးခဲ့သော SIM ပြုလုပ်ခဲ့သော ကာလများတွင် သုတေသနအဖွဲ့သည် လိင်အကြမ်းဖက်မှု အနည်းငယ် ကိုသာ ကြားသိခဲ့ရသည်။ သို့သော်လည်း ယင်းအကြမ်းဖက်မှုများသည် အိမ်တွင်း၌သာ ဖြစ်ပွားလေ့ရှိပြီး ထုတ်ဖော် ပြောကြားခြင်း မရှိကြခြင်းကြောင့် အပြည့်အဝဆုံးဖြတ်ရန် ခဲယဉ်းသည်။

ရွာများတွင် မိသားစုစကားများရန်ဖြစ်မှုများသည် ပုံမှန်အားဖြင့် ဖြစ်ပွားနေကြဖြစ်ပြီး ခြုံငုံကြည့်လျှင် နာဂစ်မတိုင်မီအခြေအနေနှင့် ကွာခြားမှု မရှိလှပေ။[52] အများစုသည် အရက်သောက်ခြင်း၊ လောင်းကစားခြင်းတို့နှင့် ဆက်စပ်နေသည်။ ရွာလေးရွာရှိ ရွာခေါင်းဆောင်များမှ ယောကျ်ားများအရက်သောက်ခြင်းနှင့် ၎င်းတို့အမျိုးသမီး များကို ရိုက်နှက်ခြင်းများသည် ယခင်အချိန်များထက် လွန်ခဲ့သောနှစ်အတွင်း ပိုများလာသည်ဟု စောဒကတက် ကြသည်။ ယင်းအပြုအမူများကို ပြုလုပ်ကြခြင်းသည် စီးပွားရေး ပိုမိုကြပ်တည်းလာခြင်းနှင့် စိတ်ဖိစီးမှုများ များလာ ခြင်းကြောင့်ဖြစ်သည်။ အခြားရွာများတွင် အရက်သောက်သုံးမှု မြင့်မားလာခြင်းမရှိပေ။

SIM 2 ပြုလုပ်ပြီးကတည်းက အဆိုးရွားဆုံးသောကိစ္စမှာ လူတစ်ဦးသည် (အနီးအနားရွာမှ) အသက် ၁၂ အရွယ် မိန်းကလေးတစ်ဦးအား မတရားပြုကျင့်မှုအတွက် မြို့နယ်တရားရုံးမှ တရားစွဲဆိုထောင်ချခံရခြင်း ဖြစ်သည်။ အခြားတိုင်ကြားခဲ့သောအမှုများမှာ ရွာခေါင်းဆောင်တစ်ဦးသည် သူ၏မိန်းမကို လူရှေ့မှာပင် မကြာ ခဏ ရိုက်နှက်လေ့ရှိ၍ သူ့မိန်းမသည် ပြင်းထန်စွာရိုက်နှက်ခံရပြီးနောက်တွင် ကွာရှင်းရန် စာတင်ခဲ့ခြင်း (သို့သော်လည်း ယင်းလင်မယားမှာ နောက်ပိုင်းတွင် ပြန်ပေါင်းနေသည်)၊ အရက်သောက်ထားသောယောကျ်ားက မိန်းမကို လည်ပင်းညှစ်သဖြင့် မိန်းမက သူ့ယောကျ်ားကို ဓါးဖြင့်ထိုးခဲ့ခြင်းတို့ဖြစ်သည်။

## လူမှုစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး

ရွာသားများက လူမှုစိတ်ပိုင်းဆိုင်ရာ ခံစားရသော ကိစ္စရပ်များကို တင်ပြခြင်းမပြုခဲ့ကြပေ။ သို့သော်လည်း အထူးသဖြင့် နာဂစ်မုန်တိုင်းဒဏ် ပြင်းပြင်းထန်ထန်ခံစားရသောကျေးရွာများတွင် လူအများသည် နာဂစ်မုန်တိုင်း အကြောင်း မကြာခဏပြောနေကြဆဲဖြစ်ပြီး မုတ်သုန်မိုးနှင့် မုန်တိုင်းကိုပင် ကြောက်ရွံ့နေကြသည်။ မုန်တိုင်းဒဏ်ခံ အဆောက်အအုံမရှိသော ရွာများတွင် အထူးသဖြင့် ရေဒီယိုမှ မုန်တိုင်းသတိပေးချက်ကြားလျှင် စိုးရိမ်ပူပန်လာကြ သည်။ အချို့က အခြားမုန်တိုင်းတစ်ခုလာလျှင် သူတို့အားလုံးသေကြလိမ့်မည်ဟု ပြောကြသည်။ လူမှုစိတ်ပိုင်း ဆိုင်ရာဖိစီးမှုအား ထပ်ဟပ်စေသော သာဓကများအနေဖြင့် ရွာတစ်ရွာတွင် အိမ်အပြင်၌ ကစားနေကြသော ကလေးများသည် မိုးရွာလျှင်ရွာခြင်း အိမ်အတွင်းသို့ ဝင်လာကြသည်။ အချို့သည် မုန်တိုင်းဒဏ်ခံ အဆောက် အအုံထံသို့ တန်းတန်းမတ်မတ် ပြေးကြသည်။ နာဂစ်ကြောင့် ရုတ်တရက် အသက်အိုစာသွားရသော မုဆိုးမ တစ်ဦးအား သူမ၏ဆယ်ကျော်သက်အရွယ်သားက စောင့်ရှောက်နေရသည်။ မုန်တိုင်းအတွင်းမိသားစုများ ဆုံးရှုံးခဲ့ရသည့် လယ်သမားကြီးတစ်ဦးဖြစ်ခဲ့သည့် ရွာသားတစ်ဦးသည် ၎င်းပိုင်ဆိုင်သော မြေယာအများစုကို ရောင်းချခဲ့ပြီး ဝင်ငွေနည်းနည်းဖြင့်သာ ရောင့်ရဲနေထိုင်လျက်ရှိသည်။ ခြားနားချက်မှာ မုန်တိုင်းဒဏ် အနည်းငယ်သာ ခံစားခဲ့ရသော ရွာများတွင် ရွာသားများသည် နာဂစ်အကြောင်း သိပ်မပြောကြပေ။

---

၅၂။ ရွာနှစ်ရွာတွင် ရ.ယ.က ခေါင်းဆောင်များသည် စကားများရန်ဖြစ်ကြသောစုံတွဲများကို ဒဏ်ငွေ ၅,၀၀၀ ကျပ် ဒဏ်တပ်ခြင်းဖြင့် ရန်ဖြစ်သည့်မိသားစု အရေအတွက်မှာ လျော့နည်းလာခဲ့သည်။ ခေါင်းဆောင်များက ၎င်းဒဏ်ငွေများကို ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေး အသုံးစရိတ်အဖြစ် အသုံးပြုခဲ့ကြသည်။

**ယခုအချိန်တွင် စိတ်ဖိစီးမှုများ၏ အစပြုရာသည် စီးပွားရေးယုတ်လျော့ကျဆင်းမှုများသာ ဖြစ်နေခြင်း**

နာဂစ်အပြီး နှစ်နှစ်အကြာတွင် လူအများသည် စိတ်ဖိစီးမှုများကို ပိုမိုတွေ့ကြုံလာရသည်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရုန်းကန်နေရခြင်းနှင့် နာဂစ်၏အခက်အခဲများအား ရင်ဆိုင်ကျော်လွှားရန် ကြိုးပမ်းနေရခြင်းတို့ကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ရွာပေါင်းများစွာရှိလယ်သမားများသည် သုတေသနပြုလုပ်သူများသွားရောက်သည့်အချိန်မှာ စိုက်ပျိုးရာသီကုန်ဆုံးရန် နှစ်လလိုနေသေးသော်လည်း မိုးနောက်ကျနေခြင်းအား အလွန်အမင်း စိုးရိမ်ပူပန်လျက်ရှိနေသည်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

**မိဘမဲ့ကလေးများ**

လေ့လာခဲ့သောကျေးရွာများတွင်ရှိသော မိဘမဲ့ကလေးများ၏အခြေအနေမှာ အနည်းငယ်ပြောင်းလဲလာသည်။ ဗုဒ္ဓဘာသာဝင် မိဘမဲ့ကလေးများကို ဆွေမျိုးများဖြစ်သော အဘိုးအဘွားများ၊ ဦးလေးအဒေါ်များနှင့် အရွယ်ကြီးသော အစ်ကိုအစ်မများက စောင့်ရှောက်ကြည့်ရှုခဲ့ကြသည်။ ကျေးရွာအချို့တွင် ဘုန်းကြီးများက ဆွေမျိုးမရှိသော သို့မဟုတ် ဆွေမျိုးများမှ ထောက်ပံ့မပေးနိုင်သော မိဘမဲ့ကလေးအများစုကို စောင့်ရှောက်ထားသည်။ ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများသည် ၎င်းတို့ ဘာသာဝင်ကလေးများကို စောင့်ရှောက်ပေးသည်။ ၎င်းတို့က ကလေးများ၏ပညာရေးထောက်ပံ့ပေးနိုင်ရန် အချို့ကို ရန်ကုန်တွင်ထားသည်။ မွေးစားသော မိသားစုအများစုသည် မိဘမဲ့ကလေး၏ကျောင်းစရိတ်ပေးရန် နည်းလမ်းများမရှိဘဲ သက်ဆိုင်ရာထောက်ပံ့မှုများမှာလည်း ရံဖန်ရံခါသာ ရရှိကြသည်။ အကျိုးဆက်အားဖြင့် မိဘမဲ့ကလေးအများစုသည် ကျောင်းထွက်လိုက်ကြရသည်။ အချို့ကိစ္စများတွင် မိဘမဲ့ကလေးများသည် မိသားစု၏ နည်းပါးသောဝင်ငွေကို ဖြည့်ဆည်းပေးရာတွင် ကူညီပေးကြရသည်။

**အသက်အရွယ်အုပ်စုများအကြား ဆက်ဆံရေး**

လေ့လာခဲ့သော ကျေးရွာ ၄၀ တွင် လူငယ်များနှင့် လူကြီးများအကြား ဆက်ဆံရေးမှာ တည်ငြိမ်လျက်ရှိပြီး အများစုမှာကောင်းမွန်သည်။ ရွာတစ်ရွာမှလွဲ၍ လူကြီးနှင့်လူငယ်များသည် ရွာအားလုံးတွင် ပူးပေါင်းလုပ်ဆောင်ကြသည်။ ရွာ ၁၂ ရွာတွင် လူငယ်များမှာ လုပ်ငန်းဆောင်တာများကို ဦးဆောင်လုပ်ကိုင်ခဲ့ကြသည်။ သို့မဟုတ် လူကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ကျန်ရွာများတွင် လူငယ်များက လူကြီးများကို အစပြုရန်နိုးဆော်ခဲ့ကြသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ကျောင်းပြဇာတ်များ၊ တေးဂီတသင်တန်းများ၊ လက်မှုပညာသင်တန်း၊ အမိုးအကာများဆောက်လုပ်ခြင်း နှင့် ရွာတံတားများ ပြင်ဆင်ခြင်းတို့ ပါဝင်သည်။ လူကြီးနှင့်လူငယ်များသည် ဒေသတွင်းအဖွဲ့အစည်းများတွင် ဘာသာရေးပွဲလမ်းများမှစ၍ မိးငြိမ်းသတ်ရေးလုပ်ငန်းများအထိပါဝင်သောဆောင်ရွက်ချက်များ၌ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ယင်းတို့အနက်မှ အအောင်မြင်ဆုံးအဖွဲ့အစည်းများမှာ (ထောက်ပံ့ရေးပေးသူများထက်) ရွာသားများ ဦးဆောင်ပြီးအစပြုခဲ့သည့် အဖွဲ့အစည်းများဖြစ်ပြီး လူကြီးလူငယ် အသက်ရွယ်အုပ်စုများ ညီတူမျှတူပါဝင်ခွင့်နှင့် အတွေးအခေါ်ဖလှယ်ခွင့်များပေးထားသော အဖွဲ့အစည်းများဖြစ်နေသည်ကို တွေ့ရှိရသည်။

လူငယ်များသည် လူမှုရေးဖွံ့ဖြိုးမှုနှင့် ထောက်ပံ့ရေးဆိုင်ရာ ကျေးရွာကိစ္စများတွင် အဓိကနေရာမှဆက်လက်ပါဝင်နေကြသည်။ သို့သော်လည်း နာဂစ်ဖြစ်ပြီးပြီးချင်းအချိန်နှင့်နှိုင်းယှဉ်လျှင် ၎င်းတို့၏ပါဝင်မှုသည် ယခုနေ့အချိန်တွင် နည်းပါးလာခဲ့သည်။ ဆုံးဖြတ်ချက်များချမှတ်ပေးမှုကို အများအားဖြင့် လူကြီးများနှင့် ပြုလုပ်နေရဆဲဖြစ်သည်။ ရွာများ၏ လေးပုံတစ်ပုံတွင် လူကြီးများက လူငယ်များသည် ဥပမာအားဖြင့် ဆောက်လုပ်ရေးအတွက် အထောက်အပံ့ပစ္စည်းများ အသယ်အချပြုလုပ်စေခြင်း၊ ရွာလမ်းပြုပြင်ရေးနှင့် စာသင်ကျောင်းအဆောက်အအုံအတွက် မြေယာပြင်ဆင်စေခြင်း စသောကိစ္စရပ်များတွင် ပျင်းပြီး အကူအညီရရန် အတော်ခိုင်းရသည်ဟု ပြောကြသည်။ လူကြီးများက လူငယ်များသည် ၎င်းတို့၏ကိုယ်ပိုင်သဘောဆန္ဒဖြင့်သာ အကူအညီပေးသင့်သည်ဟု ယူဆကြသည်။

**ဘာသာကွဲ၊ လူမျိုးကွဲ အုပ်စုများအကြား ဆက်ဆံရေး**

**ထောက်ပံ့ရေး လျာထားခြင်းတွင် ဘာသာတူ လူမျိုးတူများကိုသာ သီးခြားပေးသော ကိစ္စရပ်မျိုးများ နောက်ထပ်မရှိတော့ခြင်း**

နာဂစ်အပြီးတွင် ဘာသာတစ်ခု သို့မဟုတ် လူမျိုးတစ်မျိုး၏ အဖွဲ့ဝင်များကိုသာ ထောက်ပံ့ရေးလျာထား သတ်မှတ်ခြင်းကြောင့် ကျေးရွာအတွင်း တင်းမာမှုများကို ဖြစ်စေသည်။ သုတေသနအဖွဲ့သည် SIM 2 ပြုလုပ်ခဲ့စဉ် ကတည်းက အလားတူကိစ္စများ နောက်ထပ်ဖြစ်ပွားမှု အထောက်အထားများ မတွေ့ရတော့ပေ။ ရွာများသည် ဘာသာရေးအဖွဲ့များမှ အကူအညီ အထောက်အပံ့များကို ဆက်လက်ရရှိနေသော်လည်း အခြားဘာသာဝင် များမှာလည်း အကျိုးခံစားခွင့်ရကြသည်။ အကျိုးဆက်အားဖြင့် ဘာသာကွဲ၊ လူမျိုးကွဲများ နေထိုင်ကြသော ကျေးရွာ သုံးရွာတွင် ယခင်ကရှိခဲ့သော ထောက်ပံ့ရေးရရှိမှုဆိုင်ရာတင်းမာမှုများသည် တစတစ ပျောက်ကွယ်သွားပြီး ရွာအတွင်း အုပ်စုများအကြား ဆက်ဆံရေးမှာ တိုးတက်လာသည်။

**ဘာသာရေးအုပ်စုများအကြား လူမှုဆက်ဆံရေးမှာ ကောင်းမွန်ခြင်း**

ဘာသာကွဲ၊ လူမျိုးကွဲများရှိသော ရွာတွင်နေထိုင်သည့်လူများသည် ဘာသာရေးနှင့် လူမျိုးရေးအုပ်စုများ အကြား ဆက်ဆံရေးမှာ ကောင်းမွန်သည်ဟု တင်ပြကြသည်။ ဥပမာအားဖြင့် ဘာသာကွဲများရှိသော ကျေးရွာအများ စုတွင် ဘာသာကွဲများသည် အခြားဘာသာမှပြုလုပ်သော ပွဲလမ်းများတွင် ပါဝင်ကြသည်။ ဗုဒ္ဓဘာသာဝင် များသည် ခရစ်ယာန်ဘာသာဝင်များ၏ ခရစ်တော်မွေးနေ့နှင့် နှစ်သစ်ကူးပွဲတော်များသို့ တက်ရောက်ကြသည်။ အခြားသော ဥပမာအားဖြင့် ခရစ်ယာန်ဘာသာဝင်နှင့် မွတ်စလင်ဘာသာဝင်များသည် ဗုဒ္ဓဘာသာ ပွဲလမ်းများနှင့် ဘုန်းကြီးကျောင်းများ သန့်ရှင်းရေးပြုလုပ်ရာတွင် ငွေအားနှင့် လူအင်အား ကူညီကြသည်။ ထို့အပြင် (ဘာသာကွဲနှင့် လူမျိုးကွဲ) များ လက်ထပ်ခြင်းများကို နာဂစ်မတိုင်မီအချိန်များကပင် ပြုလုပ်ခဲ့ကြပြီး ၎င်းမှာ ယင်းရွာများတွင် ယခုအချိန်အထိ ဆက်လက်ရှိနေဆဲဖြစ်သည်။

**ဘာသာရေးခေါင်းဆောင်များနှင့် ဆက်ဆံရေး**

**ထောက်ပံ့ရေး ကြိုးပမ်းအားထုတ်မှုများတွင် ခေါင်းဆောင်များ၏ အခန်းကဏ္ဍ လျော့နည်းလာခြင်း**

နာဂစ်နောက်ပိုင်းအရေးပေါ်အခြေအနေများအပြီးတွင် ဘာသာရေးခေါင်းဆောင်များသည် ထောက်ပံ့ရေး ကြိုးပမ်းမှုများနှင့် အခြားလောကီရေးရာကိစ္စများတွင် ပါဝင်ခြင်းမှ (အများစုမှာ) ရပ်နားလိုက်ကြပြီး ကျေးရွာများ တွင် ၎င်းတို့၏ထုံးစံအတိုင်း ပြုလုပ်နေကြဖြစ်သော ဘာသာရေးဆိုင်ရာကိစ္စများတွင်သာ ပဓာနပြုလာကြသည်။ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များသာလျှင် ဝတ်ပြုဆုတောင်းသူများကို စုစည်းခြင်းနှင့်ထောက်ပံ့ခြင်း စသော ၎င်းတို့၏ ပြုလုပ်နေကြတာဝန်များကို ဆက်လက်လုပ်ဆောင်နေသည်။ ထူးခြားသော ဖြစ်ရပ်တစ်ခု အနေဖြင့် ရွာသားများ၏ အသက်ရှင်နေထိုင်ရေးနှင့် ပတ်သက်၍ စိုးရိမ်သော ရွာဘုန်းကြီးတစ်ပါးသည် နာဂစ် အပြီးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုအား ဖွဲ့စည်းခဲ့ပြီး ၎င်းအား ယနေ့တိုင် ဆက်လက်လုပ်ဆောင် နေဆဲဖြစ်သည်။ အဆိုပါကော်မတီမှတဆင့် ရွာသားများသည် မီးစက်တစ်လုံး၊ ဆေးပေးခန်းတစ်ခု၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ၊ ဆိပ်ခံတံတားတစ်ခုနှင့် ချေးငွေများကို အထောက်အပံ့ပေးသူများထံမှ ရရှိခဲ့သည်။ ယင်းကိစ္စတွင် ကျေးရွာဘုန်းကြီးနှင့် ရွာသားများအကြားဆက်ဆံရေးသည် ထူးခြားစွာ ကောင်းမွန်ခဲ့သည်။ ကျေးရွာသားများသည် ဘုန်းကြီးများအား လောကုတ္တရာရေးရာများကိုသာ ဦးဆောင်စေချင်သော်လည်း ရွာသားများနှင့်ကျေးရွာဘုန်းကြီး များအကြားဆက်ဆံရေးမှာ အများအားဖြင့် ခိုင်မာပါသည်။[၅၄]

၅၄။ ရွာသားများနှင့် ဘုန်းကြီးများအကြား ဆက်ဆံရေးသည် ကျေးရွာ ၄ ရွာတွင် တင်းမာခဲ့သည်။ ရွာ ၂ ရွာသည် SIM 2 ပြုလုပ်ခဲ့စဉ်ကတည်းက ဆက်ဆံရေးမှာ ဆိုးရွားခဲ့သည်။ ယင်းဖြစ်ရပ်တွင် ရွာသားများသည် ဘုန်းကြီးများ၏ လောကီရေးရာ အပြုအမူများကို တွေ့ရှိခဲ့ရပြီး ယင်းမှာ မသင့်တော်ဟု ရွာသားများက ထင်ကြသည်။

### နယ်မြေအသစ်တွင် အခြေလာချသူများနှင့် ဆက်ဆံရေး

နာဂစ်အပြီး ၂ နှစ်အကြာတွင် ကျေးရွာလူဦးရေ အများအပြားမှာ အဓိကအားဖြင့် အတည်တကျ အခြေချနေထိုင်လာခဲ့သည်။ လေ့လာခဲ့သော ကျေးရွာများအနက် ၅ ရွာသည် အခြားနေရာမှ ပြောင်းရွှေ့လာသူများကို လက်ခံနေဆဲဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့၏ ကျေးရွာများသည် မုန်တိုင်းအတွင်း ပျက်စီးသွားသောကြောင့်ဖြစ်သည်။ ပြောင်းရွှေ့လာသော အရေအတွက်သည် ရွာနှစ်ရွာတွင် ၃ ယောက်မှ ၈ ယောက်အထိရှိပြီး အခြားရွာ ၂ ရွာတွင် အယောက် ၁၀၀ မှ ၁၁၅ ယောက် (၎င်းသည် မူလကျေးရွာလူဦးရေ၏ ၁၀ % ခန့်ရှိသည်) နှင့် အခြားရွာတစ်ရွာတွင် အယောက် ၂၅၀ ခန့်အထိ ပြောင်းရွှေ့လာခဲ့ကြသည်။ အဆိုပါရွာသည် အထောက်အပံ့များစွာ ရရှိသောရွာတစ်ရွာ ဖြစ်သည့်အတွက် ပြောင်းရွှေ့အခြေချလာသူများမှာ အထောက်အပံ့ရရန် မျှော်လင့်ချက်ဖြင့် ပြောင်းရွှေ့လာကြခြင်းဖြစ်ပြီး တစ်ရွာလုံးတွင် ပြောင်းရွှေ့လာသူများ၏ လူဦးရေသည် ငါးပုံတစ်ပုံခန့်ရှိသည်။ အိမ်ရာအထောက်အပံ့များအား မည်သည့်အချိန်တွင် မည်သူကရရှိမည်ကို သဲသဲကွဲကွဲ မရှိခြင်းကြောင့် အသစ်ပြောင်းလာကြသူများနှင့် မူလနေထိုင်သူများအကြား တင်းမာမှုများရှိနေပါသည်။

အလယ်အလတ်အနေအထားရှိသော ရွာတစ်ရွာတွင် အသစ်အခြေလာချသူများသည် ထောက်ပံ့ပေးသူအများအပြားထံမှ အထောက်အပံ့များရရှိခဲ့သည်။ သူတို့သည် သူတို့၏ အသက်မွေးဝမ်းကျောင်းများကို ရေလုပ်သားမှ ကျပန်းအလုပ်သမားများအဖြစ် ပြောင်းလဲခဲ့သော်လည်း အပြည့်အဝ ပြန်လည်မထူထောင်နိုင်သေးပေ။ အကျိုးဆက်အားဖြင့် သူတို့သည် သူတို့၏ မူလရွာများသို့ နှစ်ပတ်တစ်ခါ ပြန်ကြပြီး ယင်းနေရာတွင် တောက်တိုမယ်ရ အလုပ်များကို လုပ်ကြရသည်။ လက်ခံပေးသောကျေးရွာနှင့် ဆက်ဆံရေးမှာ ကောင်းမွန်သည်ဟု ထင်ရပါသည်။ အခြားကျေးရွာများတွင်လည်း ရေလုပ်ငန်းအား ဝမ်းဝရုံတမယ်လုပ်ကိုင်ကြပြီး ကျပန်းလုပ်သားများအဖြစ် အသက်မွေးနေကြသောသူများသည် တခြားသောနေရာများမှ ပြောင်းရွှေ့လာကြပြီး အုပ်စုလိုက်နေထိုင်နေကြသည်ကို တွေ့ရသည်။ ပြောင်းရွှေ့လာသူများနှင့် လက်ခံရွာမှလူများအကြား လူမှုဆက်ဆံရေးမှာ မဆိုးလှပေ။ သို့သော်လည်း လက်ခံရွာမှ လူများသည် ပြောင်းရွှေ့လာသူများ၏ အသက်မွေးမှုအပေါ် စိတ်ဝင်စားမှုမရှိလှဟု ပြောဆိုခြင်းခံရသည်ကို တွေ့ရသည်။

## ၂။ ရွာများအကြား ဆက်ဆံရေး

### ရွာများအကြားဆက်ဆံရေးမှာ ကောင်းမွန်နေခြင်း

မြစ်ဝကျွန်းပေါ်ရှိရွာများသည် ပုံမှန်အားဖြင့် တစ်ရွာနှင့် တစ်ရွာ အမျိုးမျိုးသော လုပ်ငန်းဆောင်တာများတွင် အပြန်အလှန် ဆက်သွယ်မှုများဖြင့် မှီခိုနေကြသည်။ နာဂစ်သည် ယင်းဆက်ဆံရေးအပေါ်တွင် ကာလတိုအတွင်း သက်ရောက်မှုများရှိခဲ့သည်။ ယင်းသည် မုန်တိုင်းအပြီးတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကူအညီပေးခြင်းဖြင့် ရွာသားများအား ပိုမိုရင်းနှီးထိတွေ့မှုကို ဖြစ်စေခဲ့ပြီး အချို့ရွာများတွင် ထောက်ပံ့ရေးတွင် ချန်ထားခံရသည်ဟု ခံစားရမှုများအား ဆိုးရွားစေခဲ့သည်လည်းရှိသည်။ နာဂစ်အပြီး နှစ်နှစ်အကြာတွင် ရွာများအကြားဆက်ဆံရေးမှာ ကောင်းမွန်လာပြီး ကိစ္စအများစုတွင် တုံ့ပြန်ဆောင်ရွက်မှုများသည် ပိုမိုအားကောင်းလာသည် (ဇယား ၁၆)။ ကျေးရွာအားလုံးတွင်ရှိသော တုံ့ပြန်ဆောင်ရွက်ခြင်းသည် စီးပွားရေး ရည်ရွယ်ချက်ဖြင့် ဖြစ်ပြီး အထူးသဖြင့် စိုက်ပျိုးရိတ်သိမ်းခြင်းနှင့် ကုန်သွယ်ခြင်း (ဆန်၊ ငါးနှင့် အခြားကုန်ပစ္စည်းများ ကုန်သွယ်ခြင်း) ပြုလုပ်သည့်အခါတို့တွင် ဖြစ်သည်။

**ဇယား ၁၆။ လွန်ခဲ့သောနှစ်အတွင်း ရွာများအကြားတုံ့ပြန်ဆောင်ရွက်မှုနှုန်း**

| အပြန်အလှန် တုံ့ပြန် ဆောင်ရွက်နှုန်း | # တိုးတက်လာသည့် ကျေးရွာ | # တူညီစွာရှိနေသည့် ကျေးရွာ | # လျော့နည်းလာသည့် ကျေးရွာ |
|---|---|---|---|
| စီးပွားရေး | ၄ | ၃၃ | ၃ |
| အုပ်ချုပ်ရေးကိစ္စများ | ၁၁ | ၂၆ | ၃ |
| လူမှုရေးကိစ္စများ | ၄ | ၃၆ | – |
| ဘာသာရေးကိစ္စများ | ၁၄ | ၂၅ | ၁ |
| အရင်းအမြစ်ဝေမျှခြင်း ၁ / | ၆ | ၄ | – |
| ရွာများအကြားစီမံကိန်းများ | ၆ | ၄ | – |

၁/ တရားဝင်အသိအမှတ်ပြု မဟုတ်သော ပညာရေးကျောင်းများ (Non- formal Education)

**...အထူးသဖြင့် ဘာသာရေးကိစ္စများအတွက် တုံ့ပြန်ဆောင်ရွက်မှု ပိုမိုမြင့်မားလာခြင်း**

ဘာသာရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုများသည် အတိုင်းအတာတစ်ခုအထိ သူတစ်ပြန် ကိုယ်တစ်ပြန် ကူညီသည့် အနေအထားတွင်ရှိသည်။ SIM 3 သုတေသနသည် ဒေသတွင်းလူအများ အများအားဖြင့် စုပေါင်းပြုလုပ်ကြသော ဘာသာရေးပွဲများ ရှိသည့်အချိန်တွင် ပြုလုပ်ခဲ့သည်။[၅၅] ထို့အပြင် နာဂစ်အပြီး ဒုတိယနှစ်အတွင်း ဘာသာရေးအရ အပြန်အလှန်အကူအညီပေးမှုများ တိုးတက်လာသည်။ မုန်တိုင်းအပြီး တစ်နှစ်တွင် ရွာသားများအနေဖြင့် ယင်းသို့ပြုလုပ်ရန် စွမ်းအားမရှိဘဲ သူတို့၏ဘဝနှင့် အသက်မွေးလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးအပေါ်တွင်သာ ပဓာနပြုနေကြရသည်။ ကျေးရွာအားလုံးနီးပါးတွင် ဘာသာရေးကိစ္စများ အတွက် ပူးပေါင်းမှုများရှိသည်။ ရွာ ၆ ရွာ၌ ယင်းပူးပေါင်းမှုတွင် အနီးအနားရွာ ၃ ရွာမှ ၄ ရွာအထိပါဝင်လာ ကြသည်။ ရွာဘုရားစေတီများ ထိန်းသိမ်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ ဘာသာရေးပွဲတော်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျေးရွာဘုရားကျောင်းအတွက် ရန်ပုံငွေရှာရန် အဖွဲ့များဖွဲ့စည်းခြင်း စသည့်လုပ်ငန်း များအား ပေါင်းစည်းလုပ်ကိုင်ကြသည်။

ဖြစ်ရပ်တော်တော်များများတွင် ရွာများအတွင်း အခြားဆောင်ရွက်ချက်များ၌ အင်အားကောင်းသော ပူးပေါင်းဆောင်ရွက်မှုများလည်း တွေ့ရသည်။ ယင်းတို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ (ရွာ ၇ ရွာတွင် အားကောင်း ခဲ့သည်)၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုရေးကိစ္စများပါဝင်သည်။ ၎င်းပူးပေါင်းဆောင်ရွက်မှုများအား ရွာများ၏စိတ်ဝင်စားမှု သို့မဟုတ် အထောက်အပံ့ပေးမှုတို့ဖြင့် အစပြုပေးခဲ့ခြင်းဖြစ်သည်။ ရွာသားများသည် တံတားနှင့် လမ်းများပြင်ဆင်ခြင်း၊ ဒေသတွင်းအဆောက်အအုံများ (စာသင်ခန်း စသည်) ဆောက်လုပ်ခြင်းတို့တွင် ငွေကြေးနှင့် လုပ်အားများကူညီကြသည် (သာဓက ၂၀)။ သူတို့သည် အစားအစာနှင့်ရေကန်များအား ဝေမျှသုံးစွဲခြင်း (ဥပမာ – ဖြစ်ရပ်တစ်ခုတွင် ထောက်ပံ့ရေးပေးသူများမှ ရေသန့်စက်ကို ရွာတစ်ရွာသို့ လှူပေးပြီးနောက်ပိုင်း သန့်စင်ပြီးသော ရေများအား ဝေမျှသုံးစွဲကြသည်)၊ ငွေစုငွေချေး အဖွဲ့များတွင် ပါဝင်ခြင်း (ထိုအဖွဲ့သည် ဆင်းရဲ သားများ ကျန်းမာရေးအသုံးစရိတ် ကာမိစေရန် ငွေချေးခြင်းဖြစ်သည်)၊ ကျောင်းပြဇာတ်များပြုလုပ်ခြင်း၊ တေးဂီတ အဖွဲ့များအား မျှဝေဖျော်ဖြေစေခြင်း၊ နာရေးကိစ္စများတွင် ကူညီကြခြင်း စသည်တို့အား လုပ်ဆောင်ကြသည်ကို တွေ့ရသည်။ ရွာလေးရွာတွင် အနီးအနားရွာများမှ ရွာသားများအပါအဝင် ကျပန်းအလုပ်သမားများအား စုစည်းပြီး အလုပ်အကိုင်ရရှိရန် ကူညီရှာဖွေပေးသည်များလည်းရှိသည် (အထက်ပါအခန်းများတွင် ကြည့်ပါ)။

၅၅။ နှိုင်းယှဉ်ကြည့်လျှင် SIM 2 သုတေသနသည် စိုက်ပျိုးရေးပြုလုပ်သောရာသီတွင် ပြုလုပ်ခဲ့ပြီး ဘာသာရေးပွဲတော်များ ရှားပါးသော အချိန်ဖြစ်သည်။

**သာဓက ၂၀။ အလုပ်အတူတကွလုပ်ခြင်းဖြင့် ပိုမိုရင်းနှီးလာစေခြင်း**

ရွာနှစ်ရွာမှ သက်ကြီးပုဂ္ဂိုလ်များ၊ လေးစားခံရသူများနှင့် ဘုရားဂေါပကအဖွဲ့များသည် ယင်းကျေးရွာနှစ်ရွာကို ဖြတ်သန်းစီးဆင်းနေသော ချောင်း၌ တစ်ခါမှ မရှိခဲ့ဘူးသော တံတားဆောက်လုပ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ရွာနှစ်ရွာလုံးတွင် အုပ်ချုပ်ရေးပိုင်းမှမဟုတ်သော ကျေးရွာခေါင်းဆောင်များသည် ဆောက်လုပ်မည့် တံတားပုံစံဖြင့် အလှူခံခဲ့ကြသည်။ သူတို့သည် တံတားအခြေတည်ဆောက်ရန် လုံလောက်သောပမာဏရှိသည့် ငွေကျပ် ၁၅ သိန်းကို ရရှိခဲ့ကြသည်။ ပုဂ္ဂလိကအလှူရှင်တစ်ဦးမှာ တံတားပြီးစီးရန် နောက်ထပ် ငွေကျပ် ၁၅၀ သိန်းကို လှူဒါန်းခဲ့သည်။ တံတားသည် အနီးအနားမှ ရွာသုံးရွာအတွက် အသုံးဝင်သည်။ လှေဖြင့်သာရောက်ရှိနိုင်သော အနီးအနားရွာများမှာ ဆိပ်ခံတံတားအသုံးပြုခအဖြစ် လူတစ်ဦးလျှင် ငွေကျပ် ၅၀ ပေးရသည်။ ယခုအခါ ပတ်ဝန်းကျင်မှ ရွာသားများသည် တံတားကို အလွယ်တကူ ဖြတ်သန်းခွင့်ရကြသည်။

ရွာသုံးရွာတွင်သာလျှင် စီးပွားရေးနှင့် အုပ်ချုပ်ရေးအပိုင်းတွင် အပြန်အလှန်ဆောင်ရွက်မှု အနည်းငယ်သာ တွေ့ရှိခဲ့ရသည်။ တစ်ချိန်တည်းတွင် ထောက်ပံ့ရေးရရှိမှု မညီမျှခြင်းဟုယူဆသည့် ကိစ္စရပ်သုံးခုသာ တွေ့ရှိခဲ့သည်။[၅၆] ယင်းဖြစ်ရပ်များသည် ကျေးရွာအတွင်း တင်းမာမှုများကို မဖန်တီးနိုင်ခဲ့ပေ။ သို့သော်လည်း အဆိုပါဖြစ်ရပ်များသည် စီးပွားရေးလိုအပ်ချက်အရ တုံ့ပြန်ဆောင်ရွက်မှုများနှင့် မိသားစုဝင်အချင်းချင်း ဆက်ဆံမှုများမှအပ ကျေးရွာများအကြား ပေါင်းစည်းဆောင်ရွက်မှု အတိုင်းအတာကို အကန့်အသတ်ဖြစ်စေခဲ့သည်။

## ၃။ ဒေသအတွင်း ပဋိပက္ခများနှင့် ရာဇဝတ်မှုများ

### ဒေသတွင်းပဋိပက္ခ အနည်းငယ်သာရှိခြင်း

လေ့လာခဲ့သော ကျေးရွာများအတွင်း ပဋိပက္ခများမှာ အလွန်နည်းသည်။ ၎င်းမှာ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသအတွင်း လူမှုပေါင်းစည်းညီညွတ်မှုအင်အား မြင့်မားကြောင်း ထင်ဟပ်ပြသနေခြင်းဖြစ်သည်။ ဖြစ်ပွားခဲ့သော အငြင်းပွားမှုများမှာ တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်ခြင်း၊ အမှုသမားများခိုက်ရန်ဖြစ်ပွားခြင်း၊ အလုပ်အတွင်း မတော်တဆမှုများနှင့် ကြွေးမြီဆိုင်ရာ အငြင်းပွားမှုများစသည်တို့ဖြစ်သည်။ နာဂစ်နောက်ပိုင်း လူမှုစီးပွားရေး အုပ်စုများအတွင်းတွင် ပဋိပက္ခဖြစ်သော သာဓကမှာ ရှားပါးပါသည်။ တင်ပြလာသော ကိစ္စတစ်ရပ်မှာ ရေလုပ်သားငယ်များသည် ရေလုပ်သားကြီးများ၏ ငါးများအား လျှပ်စစ်ရှော့တိုက်ခြင်း၊ အဆိပ်ခတ်ခြင်းတို့ဖြင့် ဖမ်းဆီးသော လုပ်ရပ်အား စိတ်ပျက်လျက်ရှိသည် (အထက်တွင်ကြည့်ပါ)။ သို့သော် သုတေသနပြုလုပ်သော ရွာများတွင် အပြင်းအထန်ပဋိပက္ခဖြစ်ပွားမှုများမှာ အနည်းငယ်သာရှိသည်။

### ...ဒေသတွင်း ခေါင်းဆောင်များသည် ပဋိပက္ခများကို ရွာသားများကျေနပ်သည်ထိ ဖြေရှင်းနိုင်ခြင်း

အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များ (ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ) သည် အုပ်ချုပ်ရေးပိုင်းနှင့် လူမှုရေး အငြင်းပွားမှုများကို ဖျန်ဖြေပေးခြင်းအပါအဝင် အထောက်အပံ့ပေးသူများနှင့်

---

၅၆။ ၎င်းအထောက်အပံ့များတွင် ဒေသတွင်းအခြေခံအဆောက်အအုံများ (မုန်တိုင်းဒဏ်ခံအဆောက်အအုံတစ်ခု၊ အရည်အသွေးကောင်းသောအိမ်များနှင့် ဆိပ်ခံသောတံတားတစ်ခု) နှင့် အသက်မွေးလုပ်ငန်းဆိုင်ရာ အထောက်အပံ့ (ဓာတ်မြေဩဇာ) တို့ပါဝင်သည်။
၅၇။ ဒေသတွင်း အငြင်းပွားမှုများ ဖြေရှင်းရာတွင် (အထူးသဖြင့် ထူးခြားသောကိစ္စများတွင်) ရွာခေါင်းဆောင်များသည် ၎င်းတို့၏ လုပ်ရည်ကိုင်ရည်ကို အားထားကြသည်။

ညှိနှိုင်းခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ကြသည်။[37] ရွာများ၏ သုံးပုံတစ်ပုံတွင် ပဋိပက္ခဖြစ်စေသူများအား ကျေးရွာလူသွားလမ်းများ ပြင်ဆင်စေခြင်း၊ သောက်ရေကန်များ တူးဖော်စေခြင်း သို့မဟုတ် သန့်ရှင်းရေးလုပ်စေခြင်း၊ ဒေသတွင်းအခြေခံအဆောက်အအုံများ အစားထိုးပြုပြင်ခြင်းအတွက် ပစ္စည်းများထောက်ပံ့စေခြင်း စသည်တို့အား ခိုင်းစေခဲ့ကြောင်း တွေ့ရှိရသည်။ ရွာနှစ်ရွာတွင် ရွာခေါင်းဆောင်များသည် ခိုက်ရန်ဖြစ်ပွားသူများကို တစ်ဖက်လျှင် ဒဏ်ငွေ ၅၀၀၀ ကျပ်စီဒဏ်ရိုက်သည်။ ၎င်းဒဏ်ငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရန်ပုံငွေအဖြစ် မတည်ထားသည်။ ခိုင်းကျွဲနွားများ ကျူးကျော်ဝင်ရောက်သည့်အမှုတွင် (၎င်းအား ကျေးရွာ ၈ ရွာတွင် တိုင်ကြားမှုရှိကြောင်း တွေ့ရသည်။) ပိုင်ရှင်များအား လယ်သမားများကျေနပ်စေရန် ကျူးကျော်ဝင်ရောက်သည့်တိရိစ္ဆာန် တစ်ကောင်လျှင် ကျပ် ၅၀၀ မှ ၁,၀၀၀ နှုန်းအထိ ပျက်စီးမှုကို ချင့်တွက်ခြင်းမပြုဘဲ ပေးလျော်စေခဲ့သည်။

**စီးပွားရေးအခက်အခဲများရှိသော်လည်း ခိုးဆိုးလုယက်မှုနည်းပါးခြင်း**

ရာဇဝတ်မှုငယ်များ ဖြစ်ပွားသော်လည်း ယင်းဖြစ်ပွားမှုနှုန်းမှာ ကျေးရွာအတွင်း သို့မဟုတ် ကျေးရွာများအားလုံးတွင်လည်းကောင်း၊ နာဂစ်အပြီး သို့မဟုတ် လွန်ခဲ့သောနှစ်အတွင်းတွင်လည်းကောင်း သိသိသာသာများပြားလာခြင်း မရှိပေ။ အများဆုံးဖြစ်ပွားသောကိစ္စရပ်များတွင် မွေးမြူရေး (ခိုင်းကျွဲ၊ နွား၊ ဝက်၊ ဘဲ ခိုးယူခြင်းအမှုများအား ရွာသုံးရွာတွင် တွေ့ရှိခဲ့သည်) နှင့် ရေလုပ်ငန်းသုံးကိရိယာများ (လှေ၊ ပိုက်ခိုးယူမှုများ ရွာ ၆ ရွာတွင်တွေ့ရသည်။) ခိုးယူမှုများပါဝင်သည်။ ခိုင်းကျွဲနွားများ[38]မှာ ပြန်လည်ရရှိပြီး လှေနှင့်ပိုက်ကွန်များ[39]မှာ ပြန်လည်မရရှိပေ။ ဖမ်းမိခဲ့သောအမှုနှစ်ခုတွင် ခိုးသူများမှာ အခြားရွာမှဖြစ်ပြီး သက်ဆိုင်ရာအာဏာပိုင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးခဲ့ရသည်။ အခြားတိုင်ကြားသော အမှုတစ်ခုမှာ ကျပန်းအလုပ်သမားတစ်ယောက်သည် စပါးသယ်ပို့စဉ်တွင် စပါးများခိုးယူခဲ့ခြင်းဖြစ်ပြီး ခိုးယူသောပမာဏကို ပြန်လည်ပေးလျော်စေခဲ့သည်။

## ၄။ အဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် ရွာသားများ

မုန်တိုင်းပြီးပြီးချင်းအချိန်များတွင် ပြန်လည်ထူထောင်ရေးအတွက် စိန်ခေါ်မှုများသည် လူများအားရည်ရွယ်ချက်တူသူများအဖြစ် စုစည်းစေခဲ့သည်။ အုပ်ချုပ်ရေးပိုင်းမှခေါင်းဆောင်များ၊ ရွာမှခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင်များသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ထောက်ပံ့ရေးအားထုတ်မှုများမြင့်မားလာသောကြောင့် ရွာခေါင်းဆောင်များသည် ကော်မတီများတွင်ပါဝင်ခြင်း၊ အငြင်းပွားမှုများနှင့် ထောက်ပံ့ရေးတို့တွင် ကူညီဖြေရှင်းပေးခြင်း၊ စီမံကိန်းကော်မတီများနှင့် လက်တွဲလုပ်ဆောင်ခြင်း စသည်တို့တွင် ပိုမိုပါဝင်လာကြသည်။ တာဝန်ယူမှုမြင့်မားလာခြင်းသည် ဒေသတွင်းဆက်ဆံရေးအား အားကောင်းစေနိုင်သည်သာမက ယုတ်လျော့စေသည့် အလားအလာများအား ပေးစွမ်းနိုင်သည်။ SIM 2 တွင် တွေ့ရှိရသည်မှာ ဘာသာရေးခေါင်းဆောင်များ (အထူးသဖြင့် ဘုန်းကြီးများ) သည် ရွာကိစ္စတွင် ပါဝင်မှုနည်းလာပြီး ထောက်ပံ့ရေးနှင့် ပတ်သက်သော ပြဿနာများသည်သာ အဓိကပဋိပက္ခများ၏ အရင်းအမြစ်အဖြစ် တွေ့ရှိခဲ့ကြသည်။ သို့သော်လည်း ခြုံငုံကြည့်လျှင် ရွာသားများနှင့် ၎င်းတို့ခေါင်းဆောင်များအကြား ဆက်ဆံရေးမှာ တည်ငြိမ်နေပြီး အချို့ကိစ္စရပ်များတွင် ပိုမိုတိုးတက်လာသည်။ ,

အထောက်အပံ့များစီးဆင်းမှုသည် စည်းရုံးမှုအားကောင်းသောရွာများတွင် အရေးကြီးသော ပြောင်းလဲမှုများဖြစ်စေခဲ့သည်ဟု ထင်မြင်ယူဆရသည်။ အထောက်အပံ့ပေးသူများသည် ရှိရင်းစွဲ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်

၃၈။ လယ်သမားများသည် ၎င်းတို့ခိုင်းကျွဲနွားများကို မှတ်သားထားခြင်း မရှိသော်လည်း မှတ်မိကြသည်။ ထောက်ပံ့ရေးပေးသူများပေးသော ခိုင်းကျွဲနွားများတွင် တံဆိပ်ခတ်ထားသော နံပါတ်များပါရှိသည်။

၃၉။ လှေများနှင့် ပိုက်ကွန်များခိုးခံရသော ဖြစ်ရပ်နှစ်ခုတွင် ရေလုပ်သားများသည် ခိုးမှုကို အာဏာပိုင်များဆီသို့ တိုင်ကြားခြင်းမပြုခဲ့ရခြင်းမှာ တိုင်ကြားမှုအတွက် ကုန်ကျစရိတ်များအား မတတ်နိုင်သောကြောင့်ဖြစ်သည်။

များနှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ ကော်မတီအသစ်များ ဖွဲ့စည်းပေးခြင်းဖြင့်လည်းကောင်း ကျေးရွာသူ၊ ရွာသားများအား ထောက်ပံ့ရေးကြိုးပမ်းမှုများတွင် ပါဝင်လာစေသည်။ ထို့မှမက SIM 3 တွင် တွေ့ရှိရသည်မှာ အထောက်အပံ့များစီးဆင်းမှု (လျော့ကျမှု) သည် ခေါင်းဆောင်များကို ဖိအားပေးလျက်ရှိပြီး ပဋိပက္ခ ဖြစ်လာနိုင်ဖွယ်ရှိသည်များကို ရှင်းရှင်းလင်းလင်း တွေ့မြင်လာရသည်။ မကျေနပ်မှုများ သို့မဟုတ် ထောက်ပံ့ရေးရရှိမှုတွင် မညီမျှဟု ထင်မြင်မှုများ မြင့်မားလာသောအခါ ရွာသားများနှင့် ၎င်းတို့၏ခေါင်းဆောင်များအကြား ဆက်ဆံရေးသည် ပိုမိုဆိုးဝါးလာခဲ့ပြီး ခေါင်းဆောင်များအကြား ဆက်ဆံရေးမှာလည်း တင်းမာမှုများ ဖြစ်ပေါ်လာခဲ့သည်။

**အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များနှင့် ကျေးရွာမှခေါင်းဆောင်များသည် ကျေးရွာဘဝကို ပုံဖော်လျက်ရှိနေခြင်း**

မြစ်ဝကျွန်းပေါ်ဒေသ နေ့စဉ်ဘဝများတွင် ကျေးရွာခေါင်းဆောင်များသည် အဓိကအခန်းကဏ္ဍများမှ ပါဝင်ခဲ့ကြသည်။ ဒေသများတွင် နိုင်ငံတော်မှ ခန့်အပ်ထားသော ခေါင်းဆောင်များနှင့် ကျေးရွာအသိအမှတ်ပြု ခေါင်းဆောင်များဟူ၍ နှစ်မျိုးရှိကြသည်။ တရားဝင်ကျေးရွာ အုပ်ချုပ်ရေးခေါင်းဆောင်များတွင် ရ.ယ.က[၆၀] များမှာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများဖြစ်ပြီး၊ ရာအိမ်မှူး (အိမ်ထောင်စု ၁၀၀ အား ကြီးကြပ်ရသူခေါင်းဆောင်) နှင့် ဆယ်အိမ်မှူး[၆၁] (အိမ်ထောင်စု ၁၀ စုအား ကြီးကြပ်ရသူ ခေါင်းဆောင်) တို့ ပါဝင်သည်။ ကျေးရွာအသိမှတ်ပြုခေါင်းဆောင်များမှာ ရပ်မိရပ်ဖများ[၆၂] ဖြစ်ကြပြီး ကျေးရွာဓလေ့အရ အသိအမှတ်ပြု ခန့်အပ်ထားခြင်းဖြစ်၍ ၎င်းတို့သည် ရွာအများစုတွင် ဘာသာရေးနှင့် လူမှုရေး ကိစ္စရပ်များတွင်သာမက ထောက်ပံ့ရေးလုပ်ငန်းများတွင် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။

**အုပ်ချုပ်ရေးပိုင်းမှခေါင်းဆောင်များနှင့် ကျေးရွာခန့်ခေါင်းဆောင်များအကြား ရပ်တည်ချက်များမှာ သဲကွဲမှုမရှိခြင်း**

အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များနှင့် ကျေးရွာခေါင်းဆောင်များအကြား ဆက်ဆံရေးသည် ကျေးရွာများတွင် အဓိကသက်ရောက်မှုများရှိသည်။ ရွာရှိလူကြီးသူမများနှင့် ဘာသာရေးခေါင်းဆောင်များသည် အုပ်ချုပ်ရေးခေါင်းဆောင်များအား ရဲရဲဝံ့ဝံ့ ပြောဆိုဆက်ဆံနိုင်သည့် အခွင့်အာဏာမျိုးရရှိထားပြီး အုပ်ချုပ်ရေးခေါင်းဆောင်များ သြဇာညောင်းစေရန် အထိန်းအကျောင်းအဖြစ် ဆောင်ရွက်ပေးကြရသည်။ သုတေသနအဖွဲ့များ တွေ့ရှိသည်မှာ ရွာ ၉ ရွာတွင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ရပ်မိရပ်ဖများ[၆၃]သည် ကျေးရွာ၏ အဓိကဆုံးဖြတ်ချက်ချမှတ်သူများ ဖြစ်နေတတ်ကြသည်။ အခြားရွာများတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ရွာအတွင်း အဓိကအာဏာရှိသူဖြစ်သည်။ အရေးကြီးသောအချက်မှာ ရွာအများစုတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ရွာလူထုတစ်ရပ်လုံးက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။

ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသည် မြို့နယ်အတွက် စီမံအုပ်ချုပ်ရေးတာဝန်များ၊ ထောက်ပံ့ရေးပေးသူများနှင့် ညှိနှိုင်းစေ့စပ်ခြင်းတို့အပါအဝင် အမျိုးမျိုးသော လုပ်ငန်းတာဝန်

၆၀။ ရ.ယ.ကများသည် ကျေးရွာအုပ်ချုပ်ရေးပိုင်း ဆောင်ရွက်ချက်များအားပြုလုပ်ကြပြီး ၎င်းအဖွဲ့ဝင်များအားလုံး ထိုကဲ့သို့ပင် ခေါ်ဆိုသည်။
၆၁။ ကျေးရွာအုပ်စုဥက္ကဋ္ဌသည် မြို့နယ်အာဏာပိုင်များမှ တရားဝင်ခန့်အပ်ထားခြင်းဖြစ်ပြီး ၎င်းမှ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကို ရွေးချယ်ခန့်အပ်ထားသော်လည်း ၎င်းတို့သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ တရားဝင်အဖွဲ့ဝင်များ မဟုတ်ချေ။
၆၂။ ရပ်မိရပ်ဖ ဆိုသည်မှာ အသက်အရွယ်ကြီးပြီး ၎င်းတို့၏ ဗဟုသုတ၊ စိတ်ဓာတ် သို့မဟုတ် အတိတ်က ကျေးရွာလုပ်ငန်းများတွင် ပါဝင်မှုတို့ကြောင့် ရွာသားများ၏ လေးစားသဘောကျမှုခံရသောသူများ သို့မဟုတ် အသက်အရွယ်ကြီးရင့်ပြီး ချမ်းသာ၍ စီးပွါးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် မှုတသည်ဟု ဂုဏ်သတင်း ကျော်စောသောသူများ ဖြစ်သည်။ ယင်းတို့သည် လယ်သမားကြီးများနှင့် ရွာအတွင်းရှိ ချောင်လည်သော မိသားစုဝင်များတွင် ပါဝင်သည့် အမျိုးသားအုပ်စုများ ဖြစ်တတ်ကြသည်။
၆၃။ ဖြစ်ရပ်တစ်ခုတွင် ရွာဦးကျောင်း ဘုန်းကြီးအား အဓိက အဆုံးအဖြတ်ပေးသူအဖြစ် တွေ့ရှိခဲ့သည်။

များအား ထမ်းဆောင်ကြရသည် (သာဓက ၂၁)။ ယင်းတို့တွင် လူမှုရေးအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း၊ စီးပွားရေးနှင့် ဥပဒေရေးရာဆိုင်ရာ အထောက်အပံ့များအား ရွာသားတိုင်း လက်လှမ်းမီလာစေရန် ပံ့ပိုးပေးခြင်းနှင့် ကျေးရွာလူထုဆောင်ရွက်မှုများအား ဦးဆောင်စည်းရုံးဆောင်ရွက်ပေးခြင်းများအထိ ပါဝင်သည်။ အုပ်ချုပ်ရေးခေါင်းဆောင်များက လူမှုရေးလုပ်ငန်းများအား အတိုင်းအတာတစ်ခုအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုများ ကွဲပြားနေရာတွင် ကိစ္စအများစု၌ အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များနှင့် ကျေးရွာခေါင်းဆောင်များအကြားရှိ ရပ်တည်ချက်များသည် သဲသဲကွဲကွဲ ရှိမနေပေ။ ရွာ ၆ ရွာမှလွဲ၍ အားလုံးသောရွာများတွင် အုပ်ချုပ်ရေးခေါင်းဆောင်၊ ကျေးရွာခေါင်းဆောင်နှင့် ဘာသာရေးခေါင်းဆောင်အပါအဝင် ကျေးရွာခေါင်းဆောင်များမှာ ထိထိရောက်ရောက် အတူလက်တွဲလုပ်ဆောင်နိုင်ကြသည်ဟု ကြားသိရသည်။

**သာဓက ၂၁။ ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များ၏ ကျယ်ပြန့်သောအခန်းကဏ္ဍများ၏ သာဓကများ**

ကျေးရွာသူရွာသားများ၊ မြို့နယ်နှင့် ထောက်ပံ့ရေးပေးသူများအကြား ဆက်သွယ်ပေးသူအဖြစ် ဆောင်ရွက်ပေးရာတွင် အုပ်ချုပ်ရေးခေါင်းဆောင်များသည် ကျေးရွာကိုကူညီထောက်ပံ့ရန် များပြားသော အပိုတာဝန်များကိုပါ ယူကြရသည်။ ၎င်းတို့အားတွေ့ဆုံမေးမြန်းရာတွင် ကျေးရွာခေါင်းဆောင်များသည် အောက်တွင်ဖော်ပြထားသော ဥပမာလုပ်ဆောင်ချက်များကို တစ်နှစ်အတွင်း ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများအဖြစ် ကိုးကားဖော်ပြကြသည်။

- အငြင်းပွားမှုများကို ဖြေရှင်းခြင်း – အိမ်တွင်းရေး ဆူပူမှုနှင့် အိမ်ထောင်စုများအကြား အငြင်းပွားမှုများအား ပြန်လည်သင့်မြတ်အောင် ပြုလုပ်ပေးခြင်းအပြင် အသက်မွေးဝမ်းကျောင်းအုပ်စုများ (လယ်သမားနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ) များအကြား ညှိနှိုင်းဆောင်ရွက်ပေးခြင်း။
- အသက်မွေးလုပ်ငန်းများအား ထောက်ပံ့ပေးခြင်း – လယ်သမားများအား မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ လက်လှမ်းမီလာစေရန် ပံ့ပိုးမှုများပေးခြင်း။
- ရွာအတွင်း လူမျိုးကွဲများအကြား ပဋိပက္ခများ လျော့နည်းစေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် အုပ်စုအမျိုးမျိုးမှ ခေါင်းဆောင်များကို ပါဝင်လာစေခြင်း။
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အခြားသောခေါင်းဆောင်များ ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ပေးခြင်းဖြင့် ကူညီခြင်း၊ ကိစ္စတစ်ခုတွင် အိမ်ရာနေရာအတွက် ကိုယ်ပိုင်မြေကွက်အားလှူဒါန်းလိုက်ခြင်း။
- NGO များမှပေးသော သင်တန်းများအား တက်ရောက်ခြင်း၊ အမျိုးမျိုးသော ကော်မတီအခွဲလေးများ၏ သဘာပတိအဖြစ် ဆောင်ရွက်ပေးခြင်း၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အခြားအုပ်စုများ (လူငယ်၊ ဘာသာရေးနှင့် အမျိုးသမီးအုပ်စုများ) ကို ထောက်ပံ့ပေးခြင်း။
- ဒေသတွင် တရားဥပဒေ စိုးမိုးလာစေရန် ဆောင်ရွက်ခြင်း – စပါးကိုယ်တာ မပေးရသေးသော လယ်သမားများကို ဖမ်းဆီးခြင်းအားရပ်ဆိုင်းစေခြင်း သို့မဟုတ် ၎င်းတို့အားလွှတ်ပေးခြင်း စသည့်ကိစ္စရပ်များတွင် ဝင်ရောက်ဆောင်ရွက်ခြင်း၊ ရာဇဝတ်မှုများတွင် မြို့နယ်အာဏာပိုင်များကို အကူအညီများပေးခြင်း။
- ဒေသတွင်း ရန်ပုံငွေရှာခြင်းကိစ္စရပ်များကို စည်းရုံးပေးခြင်း – ကျေးရွာဆောင်ရွက်ချက်များအတွက် တေးဂီတဝိုင်းများတည်ထောင်ပေးပြီး ရန်ပုံငွေရှာစေခြင်း။

## ရွာသားများနှင့် ၎င်းတို့ခေါင်းဆောင်များအကြား တင်းမာမှုအချို့ရှိနေဆဲ

လွန်ခဲ့သောနှစ်အတွင်း ကျေးရွာထက်ဝက်ခန့်တွင် ရွာသားများနှင့် ၎င်းတို့ခေါင်းဆောင်များအကြား တင်းမာမှု အရိပ်လက္ခဏာအချို့ရှိခဲ့ကြောင်းကို ကျေးရွာပေါင်း ၂၁ ရွာ (စုစုပေါင်း၏ ထက်ဝက်ခန့်) မှ တင်ပြကြသည်။ ယင်းရွာအများစု ၁၅ ရွာတွင် တင်းမာမှုများသည် အတော်အသင့်ရှိပြီး ရွာအတွင်းရှိ အချို့အုပ်စုခေါင်းဆောင်များအကြား မယုံမကြည်ထင်မြင်မှု၊ ကျေးရွာခေါင်းဆောင်များသည် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များတွင် တတ်ကြွစွာပါဝင်ဆောင်ရွက်မှုမရှိဟု ထင်မြင်မှုများသည် တင်းမာမှုများအား အကန့်အသတ်

ဖြစ်စေခဲ့သည်။ ခေါင်းဆောင်များအား တရားဝင်တိုင်ကြားမှုများ တွေ့ရခဲ့သော်လည်း ကိစ္စရပ် ၆ ခုတွင် ဆက်ဆံရေးမှာ အညံ့ဆုံးအဆင့်တွင်ရှိပြီး ရွာအတွင်းခေါင်းဆောင်များ သို့မဟုတ် အုပ်စုများအကြား ထင်ထင်ရှားရှား အုပ်စုကွဲခြင်းမျိုးများကို တွေ့ရသည်။ လွန်ခဲ့သောနှစ်အတွင်းတွင် လူမှုဆက်ဆံရေး ပြိုကွဲပျက်ယွင်းခြင်းအား ကိစ္စရပ်တစ်ခုတွင်သာ တွေ့ရှိခဲ့သည်။ ၎င်းကိစ္စတွင် အထောက်အပံ့ဆိုင်ရာ အငြင်းပွားမှုနှစ်ခုသည် ရွာကို နှစ်ပိုင်းကွဲသွားစေခဲ့သည်။

## ပါဝင်ဆောင်ရွက်မှုအတွက် ကဏ္ဍသစ်များသည် ကျေးရွာခေါင်းဆောင်မှုအား ပြောင်းလဲစေနိုင်မှုမရှိခြင်း

မုန်တိုင်းပြီးကတည်းက ထောက်ပံ့ရေး ကြိုးပမ်းအားထုတ်မှုများအား ကြီးကြပ်ရန် ကော်မတီအသစ်များ ပေါ်ပေါက်လာခဲ့ကြပြီး ထောက်ပံ့ရေးကော်မတီ သို့မဟုတ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြသည်။ ယင်းအဖွဲ့များတွင် အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များနှင့် ကျေးရွာခေါင်းဆောင်များသည် အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည့်အပြင် အခြားသော တက်ကြွသည့်ရွာသားများလည်း ပါဝင်ကြသည်။ မုန်တိုင်းအပြီး ၂ နှစ်အကြာတွင် လေ့လာခဲ့သော ရွာများအနက် ၁၂ ရွာတွင် ယင်းကော်မတီများအား တွေ့ရှိရသေးသည်။ ထောက်ပံ့ရေးကော်မတီမရှိတော့သော ကိစ္စရပ်များတွင် ကော်မတီမှ ရပ်မိရပ်ဖများသည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဝေခြမ်းရေးလုပ်ဆောင်ချက်များတွင် အလားတူကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းကို အများအားဖြင့် တွေ့ရှိရသည်။

သုတေသနအဖွဲ့မှတွေ့ရှိခဲ့သည်မှာ လေ့လာခဲ့သောကျေးရွာများတွင် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသော ကော်မတီများရှိသည်။ ၎င်းတို့တွင်အဓိက အမျိုးအစားနှစ်မျိုး တွေ့ရှိခဲ့ရသည်[၆၄]။ ပထမအမျိုးအစားမှာ စာသင်ကျောင်းများ စီမံခန့်ခွဲခြင်း သို့မဟုတ် ကျေးရွာလူမှုဖူလုံရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး စသည်တို့တွင် ကြီးကြပ်ဆောင်ရွက်ပေးခြင်းစသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းအဖြာဖြာကို ကြီးကြပ်ရန် ထူထောင်ထားခြင်းဖြစ်သည်။ ၎င်းကော်မတီ (၁၇ ခု) အများစုကို အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထူထောင်ပေးထားခြင်းဖြစ်သည်။ ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှ ဒုတိယအမျိုးအစားမှာ လူမှုစီးပွားဆိုင်ရာဆောင်ရွက်ချက်များနှင့် ဆက်စပ်ပြီး လူငယ်အုပ်စု ၁၆ စု၊ အမျိုးသမီးအုပ်စု ၁၁ စု တွေ့ရှိခဲ့ရသည်။ ထင်ရှားသည်မှာ အသက်မွေးဝမ်းကျောင်း အခြေပြုအုပ်စုများမှာ အနည်းငယ်သာရှိပြီး အုပ်စု ၇ စုသာတွေ့ရှိရသည်။ ဘာသာရေးအခြေပြုအဖွဲ့များနှင့် အခြားလူမှုရေးအဖွဲ့အစည်းများကိုသာ အများအပြား တွေ့ရှိခဲ့ရပြီး စုစုပေါင်း အုပ်စု ၃၂ စု ရှိသည်။

ပျမ်းမျှအားဖြင့် ကျေးရွာတစ်ရွာလျှင် ဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီ ၅ ခုရှိသည်။ အနည်းဆုံးကော်မတီ အရေအတွက်မှာ သုံးခုဖြစ်ပြီး အများဆုံးမှာ ၁၁ ခုဖြစ်သည်။ ၎င်းတို့၏ လေးပုံတစ်ပုံမှာ နာဂစ်မုန်တိုင်းကြောင့် ဖွဲ့စည်းပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း သုတေသနအဖွဲ့မှ တွေ့ရှိခဲ့သည်မှာ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာ ၁၃ ရွာတွင် ကော်မတီသစ်အချို့ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းများရှိသည်။ လူမှုအင်အား ကျယ်ပြန့်လာမှုအပေါ်တွင် အထောက်အပံ့များ၏ သက်ရောက်မှုသည် အကန့်အသတ်ဖြင့်သာရှိနေခဲ့သည်ကို တွေ့ရသည်။ ပိုမိုအရေးကြီးသောအချက်မှာ အထက်တွင်ဖော်ပြထားသည့် အဓိကခေါင်းဆောင်အုပ်စု၏ပြင်ပရှိ လူတစ်ဦးတစ်ယောက်သည် ကျေးရွာအပေါ် သိသိသာသာ လွှမ်းမိုးနိုင်မှု အလွန်ရှားပါးခြင်းပင်ဖြစ်သည်။ ၎င်းအဓိကခေါင်းဆောင်အုပ်စုမှာလည်း အမျိုးသားများသာ များပြားပြီး ကျေးရွာအတွင်း အသက်ကြီးသူများနှင့် ချမ်းသာသူများသာ လွှမ်းမိုးလျက်ရှိသည်။

---

၆၄။ ယခုအပိုင်းတွင် ဆွေးနွေးထားသည့် ကော်မတီများ၏ ၉၀ % သည် SIM 3 သုတေသနပြုလုပ်သော အချိန်တွင် တက်တက်ကြွကြွ တည်ရှိနေဆဲဖြစ်သည်။

**ဇယား ၁၇။ ဖွံ့ဖြိုးရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ ကော်မတီများ**

| ကော်မတီအမျိုးအစားများ ၁/ | အကြိမ်အရေအတွက် ၂/ |
|---|---|
| **ယေဘုယျအားဖြင့် ကျေးရွာဖွံ့ဖြိုးမှုကို ကြီးကြပ်ကွပ်ကဲသည့် ကော်မတီ/အုပ်စုများ** | |
| ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | ၄၀ |
| ရပ်မိရပ်ဖများ | ၃၃ |
| ထောက်ပံ့ရေးကော်မတီများ | ၁၂ |
| **ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍများအလိုက် ကြီးကြပ်ကွပ်ကဲသည့် ကော်မတီ/အုပ်စုများ** | |
| မိဘဆရာအသင်း | ၂၄ |
| အခြား NGO ကော်မတီများ | ၁၇ |
| လူမှုဖူလုံရေး/တစ်ကိုယ်ရေသန့်ရှင်းရေး | ၇ |
| ကြက်ခြေနီ | ၅ |
| စာကြည့်တိုက် | ၂ |
| သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေး | ၂ |
| **လူမှုစီးပွားအုပ်စုများ** | |
| လူငယ်အုပ်စုများ | ၁၆ |
| အမျိုးသမီးအုပ်စုများ (တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော) | ၁၁ |
| စိတ်တူကိုယ်တူ အဖွဲ့များ၊ အသေးစားချေးငွေ (NGO) အုပ်စုများ | ၈ |
| အသက်မွေးဝမ်းကျောင်းအုပ်စုများ | ၇ |
| ဘာသာရေးနှင့် အခြားလူမှုရေးအုပ်စုများ | ၃၂ |

၁/ အခြားကော်မတီများကိုလည်း ကျေးရွာအားလုံးတွင် တွေ့ခဲ့ရသည်။ သို့သော် ယင်းတို့သည် အထောက်အပံ့နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ပတ်သက်သည့်အဖွဲ့များအဖြစ် ထင်ထင်ပေါ်ပေါ်မရှိပေ။

၂/ SIM 3 သုတေသနပြုလုပ်သောအချိန်တွင် လေ့လာခဲ့သောရွာများတွင်ရှိခဲ့သော ကော်မတီအရေအတွက်။

ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသော ကော်မတီများမှ ခေါင်းဆောင်များသည် ကျေးရွာဆုံးဖြတ်ချက်ချမှတ်ရာတွင် အနည်းငယ်လွှမ်းမိုးလာနိုင်မှုရှိလာသည်ကို ချင့်တွက်ခြင်းဖြင့် ကျေးရွာအဆင့်တွင် ထိရောက်မှုရှိသော ခေါင်းဆောင်အရေအတွက် များပြားလာသည်ကို ညွှန်ပြလျက်ရှိသည်။ သို့ရာတွင်လည်း အထူးအားဖြင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခေါင်းဆောင်မှုအပိုင်းတွင် အနည်းငယ်ပြောင်းလဲမှုများရှိသည်။ ရွာအားလုံးတွင် အုပ်ချုပ်ရေးအပိုင်းနှင့် ကျေးရွာအပိုင်းမှခေါင်းဆောင်များမှာ အရေးပါသော ဆုံးဖြတ်ချက်ချသူများအဖြစ် ဆက်လက်နေရာယူထားသည်။ အကျိုးဆက်အားဖြင့် ခေါင်းဆောင်တစ်ဦးချင်းစီ၏စွမ်းရည်နှင့် ၎င်းတို့အကြားဆက်ဆံရေး တောင့်တင်းခိုင်မာမှုသည် ထောက်ပံ့ရေးထိရောက်မှုများအား ဆုံးဖြတ်ရာတွင် လက်ရှိအချိန်နှင့် နောင်အတွက်ပါ အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။

# အခန်း (၅)

# နိဂုံးချုပ်ကောက်ချက်ချမှုများ

နာဂစ်မုန်တိုင်းအပြီး နှစ်နှစ်အတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကြီးမားသော ပြောင်းလဲမှုအများအပြားဖြစ်ပေါ်ခဲ့သည်။ ပြင်ပအထောက်အပံ့များနှင့် ဒေသတွင်းမှ ကြံ့ကြံ့ခိုင်ခံနိုင်တွန်းလှန်နိုင်သော စွမ်းအားတို့၏ ပေါင်းစည်းမှုဖြင့် မုန်တိုင်းကြောင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုများအား အတော်အသင့် သက်သာရာရစေခဲ့သည်။ သို့သော်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးတွင် စိန်ခေါ်မှုများမှာ အများအပြားရှိသေးပြီး ပိုမိုရှုပ်ထွေးမှုများလည်းရှိလာခဲ့သည်။ မုန်တိုင်း၏ ရေရှည်အကျိုးသက်ရောက်မှုများမှာ ပိုမိုထင်ရှားလာပြီး မြစ်ဝကျွန်းပေါ်ဒေသ၏ ဖွံ့ဖြိုးရေးလမ်းကြောင်းသည် အခြေခံအားဖြင့် ပြောင်းလဲလာခဲ့သည်။ ရွာသားများသည် ၎င်းတို့၏အသုံးစရိတ်များကို ယခင်ကထက်လျှော့ချ၍ ဟန်ချက်ညီနေထိုင်ရန်ကြိုးစားနေကြပြီး ၎င်းတို့၏ စီးပွားရေးနှင့် လူမှုရေး အလားအလာကို ထိန်းချုပ် အသုံးချရန်အတွက်လည်း ရေရှည်နည်းဗျူဟာများ ပေါ်ထွက်မလာသေးပေ။ ယခုအပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော စိန်ခေါ်မှုအချို့ကို ဖော်ပြထားပြီး အနာဂတ် အထောက်အပံ့များအတွက် ပဓာနထားရမည့်အချက်များကိုပါ အကြံပြုထားသည်။

လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုသည် မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးအတွက် ပြောင်းလဲလျက်ရှိသော စိန်ခေါ်မှုများ၏ သဘောသဘာဝကို သိရှိနားလည်စေနိုင်သော တစ်ခုတည်းသော အခွင့်အလမ်းဖြစ်သည်။ စင်စစ်အားဖြင့် ဘေးအန္တရာယ်တစ်ခု၏ အကျိုးသက်ရောက်မှုအား မြန်မာနိုင်ငံတွင် ယခုလေ့လာသကဲ့သို့ လေ့လာထားသည့်သာဓကများ အနည်းငယ်သာရှိပါသည်။ နည်းစနစ်တကျ ရွေးချယ်ထားသော ပဓာနပြုအကြောင်းအရာ ၃ ချက်အပေါ်တွင် ကျေးရွာ ၄၀ အား ထပ်ခါထပ်ခါ အချိန်မှန်သွားရောက်၍ လေ့လာခဲ့ခြင်းသည် အရေးပေါ်အခြေအနေမှ ပြန်လည်ထူထောင်ရေးအခြေအနေသို့ အသွင်ကူးပြောင်းလာမှုနှင့် ထောက်ပံ့ရေး ထိရောက်မှု အခြေအနေတို့အား အသေးစိတ် ပုံဖော်မိစေသည်။ Qualitative သုတေသနနည်းလမ်းကို အသုံးပြုခြင်းဖြင့် သုတေသနအဖွဲ့သည် လူမှုရေးနှင့် စီးပွားရေးဘဝအပေါ် သက်ရောက်မှု ရှုထောင့်မျိုးစုံနှင့် လူမှုအုပ်စုများနှင့် ဒေသခံများအကြား အမျိုးမျိုးသော အတွေ့အကြုံမျိုးစုံတို့အား သိရှိစေနိုင်ခဲ့သည်။ လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် သုတေသနအဖွဲ့သည် ကျေးရွာများအတွင်း နေထိုင်ကြသူများနှင့် ခိုင်မာသောဆက်ဆံရေးကို တည်ထောင်နိုင်ခဲ့ခြင်းဖြင့် လွန်ခဲ့သောနှစ်အတွင်း ဖြစ်ရပ်များနှင့် ဘဝအတွေ့အကြုံများအား ခြေရာခံမိစေခဲ့သည်။

## အဓိကစိန်ခေါ်မှုများ

မုန်တိုင်းဖြတ်သန်းတိုက်ခတ်သွားပြီးပြီးချင်းတွင် ရွာသားများသည်အသက်အိုးအိမ်စည်းစိမ်များစွာဆုံးရှုံးရမှု၊ မလုံခြုံမှု၊ မသေချာမရေရာမှုများ ကြုံတွေ့ခံစားရခြင်းကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ မုန်တိုင်းပြီးနောက်ပိုင်းကာလများတွင် လူထုသည် အသက်မွေးမှုနှင့် ကျေးရွာပြန်လည်ထူထောင်ရေးအား ၎င်းတို့ကိုယ်တိုင်အားသမျှ ပြန်လည်တည်ဆောက်နိုင်ရန် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ အများစုမှာ ၎င်းတို့ဘဝအတွက် အခြေခံလိုအပ်ချက်များအား ပြန်လည်ရရှိရန် ရုန်းကန်နေရဆဲဖြစ်ပြီး ထိုသို့ရုန်းကန်နေဆဲမှာပင် စိန်ခေါ်မှုအသစ်များက ထပ်မံ၍ပေါ်ထွက်လာခဲ့ပါသည်။ မုန်တိုင်းအပြီး နှစ်နှစ်အကြာတွင် ရေရှည်ပြန်လည်ထူထောင်ရေးအတွက် စိန်ခေါ်မှုအသစ်များနည်းတူ ဂယက်ရိုက်ခတ်မှုများပါ သဲကွဲစွာပေါ်ထွက်လာခဲ့သည်။

မတူညီသော လူမှုစီးပွားအုပ်စုတစ်ခုစီတွင် မတူညီသော အနာဂတ်ဖွံ့ဖြိုးမှုလမ်းကြောင်းများ တည်ရှိနေကြပြီး မတူညီသော စိန်ခေါ်မှုများအား ရင်ဆိုင်နေရသည်။ ၎င်းမှာ မုန်တိုင်းပြီးပထမနှစ်နောက်ပိုင်းတွင် အရေးကြီးသော ပြောင်းလဲမှုတစ်ရပ်ဖြစ်ပြီး ကျေးရွာတစ်ရွာစီ၏ ပြန်လည်ထူထောင်နိုင်မှုနှုန်းသည် ပျက်စီးမှုအနေအထားပေါ်တွင် များစွာမူတည်နေပါသည်။ ယခုအခါတွင် ပြန်လည်ထူထောင်နိုင်မှုနှုန်းသည် ရွာအတွင်း အသက်မွေးအုပ်စုများအကြားတွင် ပိုမိုထင်ရှားစွာ တွေ့ရှိရကြောင်း ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ လယ်ယာလုပ်ငန်းသည် အနည်းငယ် ပြန်လည်နလန်ထူလာချိန်တွင် ရေလုပ်ငန်းမှာ လွန်ခဲ့သောနှစ်က ပြန်လည်ထူထောင်

နိုင်ဖွယ် အရိပ်အခြေများ ပြပြီးနောက် ကျဆင်းသွားခဲ့သည်။ လယ်ယာလုပ်ငန်းသည် မြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေး၏ အဓိကအဖြစ် တည်ရှိနေသေးသည်။ လယ်ယာလုပ်ငန်း ရေရှည်ပြန်လည် ကောင်းမွန်လာခြင်းဖြင့် ကျပန်းအလုပ်သမားများနှင့် အလုပ်အကိုင် ရွှေ့ပြောင်းရန်လိုအပ်မှုကြောင့် ကျပန်းအလုပ်သမား ဖြစ်သွားရသူများအား အလုပ်အကိုင်အပြည့်အဝ ပေးထားနိုင်မည်ဖြစ်သည်။ သို့သော်လည်း ပြန်လည်ထူထောင်နိုင်မှုဆိုသည်မှာ တပ်အပ် ပြောရခက်ပါသည်။

နာဂစ်ပြီးနောက်တွင် မြစ်ဝကျွန်းပေါ် စီးပွားရေးသည် ၂၀၀၉ ခုနှစ်စိုက်ပျိုးရာသီတွင် အဖျက်ပိုးမွှားများ ဝင်ရောက်ခြင်းနှင့် သီးနှံရောဂါများကျရောက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ရိုက်ခတ်မှုများအား ခံနေရသည်။ ၎င်းဘေးအန္တရာယ်များမှာ ယခုမှကြုံတွေ့ဖူးသောအရာများ မဟုတ်သော်လည်း စီပွားရေး အလွန်အမင်း ယုတ်လျော့ကျဆင်းနေသောအချိန်တွင် ၎င်းတို့အား တွန်းလှန်ရန် များစွာအခက်ကြုံတွေ့စေသည်။ နာဂစ်မုန်တိုင်းကြောင့် အရင်းအနှီးပိုင်ဆိုင်မှုများ ကနဦးကတည်းကဆုံးရှုံးရခြင်းသည် လယ်သမားများနှင့် ရေလုပ်သားများအတွက် အရင်းအနှီးပြန်လည်တည်ဆောက်နိုင်ရန် လိုအပ်သည့် လုံလောက်သော အရင်းအနှီးများ မရရှိခြင်းနှင့် ချေးငွေမရရှိခြင်းတို့ကြောင့်နောက်ပိုင်းတွင် ပိုမိုဆိုးဝါးလာခဲ့သည်။ အရင်းအနှီးလျော့ပါးလာခြင်း၏ အကျိုးဆက်သည် စီးပွားရေး ပြန်လည်ဦးမော့လာမည့် အလားအလာများအား လျော့နည်းလာစေပြီး ကြွေးမြီဝန်ထုပ်ဝန်ပိုးများ တစ်စထက်တစ်စ တိုးပွားလာစေသည်။ နောက်ဆက်တွဲဖြစ်သော အရင်းအနှီးများမရှိခြင်းသည် စီးပွားရေးပြန်လည်ထူထောင်နိုင်မည့် မျှော်လင့်ချက်များကို လျော့နည်းစေပြီး အကြွေးဝန်ထုပ်ဝန်ပိုးများကို ဆက်လက်တိုးလာစေသည်။ ငွေချေးယူသူများမှာ ကြွေးဆပ်ရန်ပျက်ကွက်ခြင်းအား အစွမ်းကုန်ရှောင်ရှားရန် အားထုတ်ခြင်းကြောင့် အရင်းအနှီးများမှာ ဆက်လက်လျော့ပါးလျက်ရှိသည်။

နာဂစ်၏ ရိုက်ခတ်မှုသည် လူမှုဖူလုံမှုအရ မြစ်ဝကျွန်းပေါ်စီးပွားရေးအား ပို၍နိမ့်ပါးသောအဆင့်ရှိ မျှခြေသစ်တစ်ခုဆီသို့ ရွှေ့ပြောင်းလိုက်သကဲ့သို့ပင် ဖြစ်နေပါသည်။ ပြင်ပထောက်ပံ့မှုနှင့် ကောင်းမွန်သော ပတ်ဝန်းကျင်အနေအထား သိသိသာသာ ရရှိခြင်းမရှိပါက မြစ်ဝကျွန်းပေါ်စီးပွားရေးသည် နစ်ဂစ်မတိုင်မီက အနေအထားသို့ ပြန်လည်ရောက်ရှိရန်မှာ အချိန်များစွာ ကြာလိမ့်ဦးမည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် အိမ်ထောင်စုများသည် ဝင်ငွေတိုးရန်နှင့် အသုံးစရိတ်များ လျော့ချရန် အမျိုးမျိုးသော အခက်အခဲဖြတ်ကျော်ရေး နည်းလမ်းများကို ကျင့်သုံးနေကြရသည်။ မိသားစုများ၏ ကြီးမားသော စီးပွားရေးအခက်အခဲများနှင့် ရှေ့လာမည့် သီးနှံဆုံးရှုံးရမည့် အရေးများသည် မြစ်ဝကျွန်းပေါ်ပြည်သူများ၏ စိတ်တွင်စွဲကျန်ရစ်စေမည့် နာဂစ်၏ စိတ်ပိုင်းဆိုင်ရာဖိစီးမှု အတွေ့အကြုံများဖြစ်သည်။

များစွာသော စိန်ခေါ်မှုများရှိနေသေးသော်လည်း မြစ်ဝကျွန်းပေါ်လူထုသည် အခက်အခဲများအား ကြံ့ကြံ့ခံ တွန်းလှန်နိုင်သည်ကို ထင်ရှားစွာ ပြသနိုင်ခဲ့သည်။ မုန်တိုင်းပြီးပြီးချင်းတွင် လူမှုရေးအုပ်စုများအကြားနှင့် ရွာများ အကြားဆက်ဆံရေးမှာ နေရာအတော်များများတွင် အားကောင်းလာခဲ့ပြီး အချို့တွင် ယုတ်လျော့ခဲ့သည်။ သို့သော် မုန်တိုင်းအပြီး နှစ်နှစ်အကြာတွင် ရွာများ၏လူမှုဘဝသည် နာဂစ်မတိုင်မီ မျှခြေဆီသို့ ပြန်လည်ရောက်ရှိခဲ့ပြီဟု ယူဆရသည်။ လူမျိုးကွဲများနှင့်ဘာသာကွဲများအကြား ပဋိပက္ခဖြစ်ပွားနှုန်း အပါအဝင် ရာဇဝတ်မှု ဖြစ်ပွားနှုန်းများသည် နာဂစ်မတိုင်မီအခြေအနေနှင့် သိသိသာသာ ကွဲပြားခြားနားခြင်းမရှိပေ။ တင်းမာမှုများရှိသည်ဟူသော ရှားရှားပါးပါးကိစ္စရပ်များမှာလည်း နာဂစ်အပြီး ထောက်ပံ့ရေးအားထုတ်မှုများနှင့် ဆက်စပ်သည့် ကိစ္စရပ်များသာ ဖြစ်သည်။

မုန်တိုင်းအပြီး အစောပိုင်းအချိန်များတွင် လူမှုရေးအုပ်စုများအကြား အခန်းကဏ္ဍပြောင်းလဲမှု အနည်းငယ် ရှိခဲ့သည်။ လူငယ်များနှင့် ဘာသာရေးခေါင်းဆောင်များသည် ဒေသတွင်းကိစ္စရပ်များတွင် ယခင်ကထက် ပိုမို ပါဝင်လာကြသည်။ နှစ်နှစ်အကြာတွင် ၎င်းတို့၏ အခန်းကဏ္ဍမှာ လျော့နည်းလာခဲ့သည်။ တစ်ချိန်တည်းမှာပင် အမျိုးသမီးများ၏ စွမ်းရည်မြင့်မားလာမှုသည် မည်မျှထိ တာရှည်ခံသည်ကို စောင့်ကြည့်ရန် ကျန်ရှိနေသေးသော်လည်း အမျိုးသမီးများသည် ထောက်ပံ့ရေးကြိုးပမ်းအားထုတ်မှုများတွင် တစ်နည်းတစ်ဖုံဖြင့် ပါဝင်လာကြကြောင်း ပိုမိုထင်ရှားလာခဲ့သည်။ ဒေသတစ်ခု ပြန်လည်ထူထောင်လာနိုင်မှုအတွက် အခရာကျသော အညွှန်းကိန်း

များအနက် အရေးကြီးဆုံးတစ်ခုသည် ဒေသတွင်းစည်းလုံးရေးနှင့် ထောက်ပံ့ရေးကိစ္စရပ်များတွင် ပြင်ပအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်မှုများအား ပြုလုပ်ကြသော တရားဝင် အသိအမှတ်ပြုထားသော ကျေးရွာခေါင်းဆောင်များ၊ တရားဝင်မဟုတ်သော်လည်း ကျေးရွာမှလက်ခံထားသော ရပ်မိရပ်ဖများနှင့် အခြားလေးစားထိုက်သော ပုဂ္ဂိုလ်များစသည့် ခေါင်းဆောင်များ၏ အဓိကအခန်းကဏ္ဍများတွင် ပါဝင်မှုများဖြစ်သည်။

## ရှေ့သို့ဦးတည်ရမည့် လမ်းကြောင်းများ

မြစ်ဝကျွန်းပေါ်ဒေသသည် ကြီးမားသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရစဉ်တွင် ဖွံ့ဖြိုးရေးနည်းဗျူဟာများအတွက် အဓိကသော့ချက်များအား သတ်မှတ်ဖော်ထုတ်ပေးခြင်းသည် ထောက်ပံ့ရေးထိရောက်မှုနှင့် ၎င်းထိရောက်မှုများ၏ ရေရှည်တည်တံ့မှုတို့အတွက် အဓိကကျပေသည်။ လူမှုဘဝသက်ရောက်မှု လေ့လာဆန်းစစ်ချက်မှတွေ့ရှိချက်များအရ ကောက်ချက်ချရာတွင် အဓိက ပံ့ပိုးရမည့်နေရာ ၄ ခုရှိကြောင်း အကြံပြုလိုပါသည်။

## ၁။ အရာရောက်သော ရင်းနှီးမြှုပ်နှံမှုအတွက် ငွေသားနှင့် ချေးငွေ

အကျိုးခံစားခွင့် ရရှိသူများမှာ အထောက်အပံ့များအသုံးချမှုတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပိုမိုရရှိနိုင်ခဲ့ပါက ၎င်းတို့အတွက် ပိုမိုအကျိုးဖြစ်မည်ဟု ခံစားလာရသောကြောင့် ငွေသားနှင့် ချေးငွေအခြေပြု အထောက်အပံ့များလိုအပ်မှုမှာ ပိုမိုမြင့်မားလာခဲ့သည်။ ၎င်းလိုအပ်ချက်မှာ ဆက်လက်ရှိနေဆဲဖြစ်ပြီး ၎င်းတို့တတ်နိုင်သောချေးငွေအလုံအလောက် ထောက်ပံ့ပေးခြင်းကသာ အသက်မွေးမှုပြန်လည်ကောင်းမွန်လာစေမှုအပေါ် အမှန်တကယ်သက်ရောက်မှုများ ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ပိုမိုရှင်းလင်းစွာ သိမြင်လာခဲ့သည်။ စွမ်းရည်တည်ဆောက်မှုနှင့်ကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေမရှိပါက ချေးငွေထောက်ပံ့မှုတွင်ထိရောက်ဖို့ရာ ခဲယဉ်းကြောင်း အတွေ့အကြုံများက ပြသနေပါသည်။ ယင်းသို့ကြိုးပမ်းရာတွင် ချေးငွေအား ပမာဏလုံလောက်စွာ ထောက်ပံ့ပေးနိုင်ရုံသာမက ထိထိရောက်ရောက် အသုံးချနိုင်စေရန်အတွက်ပါ ဖန်တီးပေးထားရန်လိုအပ်ပေသည်။ ချေးငွေရရှိရေးအတွက် ဖန်တီးပေးသည့်ပုံစံသည် အကြွေးဝန်ထုပ်ဝန်ပိုးများ တိုးမြင့်သွားမှုကို မဖြစ်ပေါ်စေရန်နှင့် စီးပွားရေးအုပ်စုများအကြား ကြီးမားသော တင်းမာမှုများ မဖြစ်ပေါ်စေရန် လိုအပ်ပါသည်။ ယင်းအတွက် ချေးငွေစီးဆင်းမှုရေရှည်တည်တံ့စေရေးနှင့် အရာရောက်သောရင်းနှီးမြှုပ်နှံမှုတို့တွင် ချေးငွေစီးဆင်းမှုမှာ ချိတ်ဆက်မှုရှိလာစေရေးတို့ကို သေချာစေရန်နှင့် ချေးငွေယူသူနှင့် ချေးငွေပေးသော အဖွဲ့အစည်းများ၏ စွမ်းရည်များဖွံ့ဖြိုးလာစေရန် ရေရှည်ချဉ်းကပ်ပုံ နည်းလမ်းတစ်ခု လိုအပ်ပါသည်။

## ၂။ အသက်မွေးလုပ်ငန်းများဆီသို့ ကဏ္ဍအလိုက် ချဉ်းကပ်ပုံများ

စီးပွားရေးပြန်လည်ထူထောင်နိုင်မှုကို ကဏ္ဍအဆင့် သို့မဟုတ် 'စနစ်များ' အဆင့်မှ ချဉ်းကပ်ခြင်းသည် ရေတိုအသက်မွေးဝမ်းကျောင်း ထောက်ပံ့မှုများ၏ ကန့်သတ်ချက်များအား ကျော်လွှားနိုင်ရန် အဓိကကျလှပေသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အရင်းအနှီးများနည်းပါးလာခြင်းသည် ထုတ်လုပ်နိုင်မှုကို ကျဆင်းစေနိုင်သည့် အန္တရာယ်ရှိသည်။ ယင်းသည် လယ်သမားများသာမက ရွာအတွင်းကျပန်းအလုပ်သမားအဖြစ် အသက်မွေးနေကြသော ဆင်းရဲသည့်အုပ်စုများကိုပါ ထိခိုက်စေနိုင်မည်။ ရေလုပ်သားများမှာလည်း ငါးဖမ်းဆီးရရှိမှုနှုန်းလျော့နည်းခြင်းစသော ကြီးမားသည့် အကျိုးဆက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ၎င်းအား ကြံ့ကြံ့ခံနိုင်ရန်မှာ မြစ်ဝကျွန်းပေါ်ဂေဟစနစ်အား အထောက်အပံ့ပေးသည့် ပေါင်းစည်းချဉ်းကပ်မှုပုံစံတစ်ရပ်နှင့် တန်ဖိုးမြင့်ထုတ်ကုန်ထွက်ရှိရေးအတွက် ကုန်ထုတ်လုပ်မှုကွင်းဆက် အစမှအဆုံးတိုင် လေ့လာဆန်းစစ်ခြင်းတို့ လိုအပ်နေပေသည်။ ယင်းပြဿနာရပ်များအား ပိုမိုသိရှိနားလည်စေရန် လိုအပ်လျက်ရှိပြီး ဒေသအဆင့်နှင့် ကဏ္ဍအဆင့် နှစ်ရပ်စလုံးတွင် ပိုမိုထိရောက်သော အထောက်အပံ့များအား အသိပေးနိုင်ရေးအတွက် သုတေသနပြုမှုများ လိုအပ်နေပါသေးသည်။

## ၃။ အဆင်းရဲဆုံးနှင့် ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့ပေးခြင်း

အဆင်းရဲဆုံး အုပ်စုများသည် လယ်ယာလုပ်ငန်းအပေါ် အလုပ်အကိုင်အရသော်လည်းကောင်း၊ အခြား လူမှုရေး ထောက်ပံ့မှုများအရသော်လည်းကောင်း မှီခိုနေရသောကြောင့် စိုက်ပျိုးရေး ပြန်လည်ထူထောင်နိုင်ရေး အတွက် ရင်းနှီးမြှုပ်နှံခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသတွင် အဓိက သက်ရောက်မှုများရှိနေပါသည်။ သို့သော်လည်း 'လက်ခုပ်ပြည့်မှ လက်ကြားယို' ဟူသော မြန်မာစကားပုံကဲ့သို့ပင် လယ်ယာလုပ်ငန်း ယခင်ကကဲ့သို့ တိုးတက် ကောင်းမွန်လာပြီး ၎င်းမှအကျိုးကျေးဇူးများ ခံစားလာနိုင်သည့်အချိန်ထိ အဆင်းရဲဆုံး အုပ်စုဝင်များမှာ စောင့်စားနိုင်ကြတော့မည် မဟုတ်ပါ။ အဆိုပါ အဆင်းရဲဆုံးနှင့် ထိခိုက်လွယ်အုပ်စုအများစုကို ဆင်းရဲတွင်းမှ လွတ်မြောက်စေရန် အသက်မွေးမှုအထောက်အပံ့များမှတဆင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ငွေသား/ချေးငွေနှင့် စီးပွားရေးဆိုင်ရာ လုံခြုံမှုအစီအမံများပေးခြင်း စသော တိုက်ရိုက်အကူအညီများပေးရန် လိုအပ်နေပါသေးသည်။ လူတစ်ဦးချင်းစီနှင့် အိမ်ထောင်စုများ၏ သီးခြားလိုအပ်ချက်များအား ခွဲခြားသတ်မှတ်ရန် လူထုကိုယ်တိုင် ပူးပေါင်းပါဝင်သည့် ခွဲခြားသတ်မှတ်မှုလုပ်ငန်းစဉ်အား အသုံးပြုလျက် ထိရောက်ကောင်းမွန်သော နည်းလမ်းများကို အသုံးပြုနိုင်ပါသည်။ ခွဲခြားသတ်မှတ်ခြင်းနည်းလမ်းများနှင့် ထောက်ပံ့ရေး နည်းဗျူဟာများသည် မြစ်ဝကျွန်းပေါ်ဒေသအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်စေရန် လိုအပ်ပေသည်။

## ၄။ ကျေးရွာလူထုကိုယ်တိုင် ဖွံ့ဖြိုးရေးကို လုပ်ဆောင်စေနိုင်ခြင်း

လူထုအတွက် ရေရှည်တည်တံ့ပြီး ထိရောက်သော အထောက်အပံ့များအား ပံ့ပိုးပေးနိုင်ဖို့ရာ အထောက် အပံ့ပေးသူများသည် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ကျေးရွာလူထုအား ပိုမိုပါဝင် စေခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရေရှည်မျှော်မှန်းချက်များ တည်ဆောက်ခြင်းကို ယခုအချိန်ထက် ပိုမိုပြုလုပ်ရန် လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်သည်နှင့် မပြီးသေးဘဲ ဒေသတွင်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးတွင် တက်ကြွစွာလက်တွဲလုပ်ဆောင်သူများအနေဖြင့် စွမ်းရည်မြှင့်တင်ပေးဖို့ရာ သိသာထင်ရှားသော နယ်ပယ်များ ဖန်တီးပေးရန် လိုအပ်နေပါသေးသည်။ ရှိရင်းစွဲခေါင်းဆောင်များနှင့် အခြားအလားအလာရှိသော ဒေသတွင်းမှ တက်ကြွသောအဖွဲ့ဝင်များ၏ စွမ်းရည်များကိုမြှင့်တင်ပေးခြင်းသည် ဒေသခံလူထုအား ပေါ်ပေါက်လာသော အခွင့် အလမ်းများနှင့် ကျရောက်လာသော ဖိအားများအား တုံ့ပြန်နိုင်စေရန်အတွက် အခြားအရေးပါသော အချက် တစ်ချက်ဖြစ်ပါသည်။အထောက်အပံ့ပေးရေးတွင် ကျေးရွာလူထုကိုယ်တိုင်ပါဝင်သော စီမံကိန်းရေးဆွဲခြင်းနှင့် ဒေသအဆင့် ပူပေါင်းပါဝင်ဆောင်ရွက်ခြင်းများသည် ကျေးရွာအဆင့် ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံနိုင်မှုတို့အား တိုးမြှင့်ပေးနိုင်သည့် အလုပ်ဖြစ်သည့် နည်းလမ်းများဖြစ်သည်။

# နောက်ဆက်တွဲ(က)

## လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု၏ သုတေသနပြုမှုနည်းနာများ

SIM ခေါ် လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်ခြင်းသည် TCG သုံးပွင့်ဆိုင်ဗဟိုအဖွဲ့မှ နာဂစ်မုန်တိုင်း၏ သက်ရောက်မှုများနှင့် ပြန်လည်ထူထောင်ရေး၏ တိုးတက်မှုများကို လေ့လာဆန်းစစ်ခြင်း ပြုလုပ်ထားသော အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ SIM တွင် နာဂစ်ဒဏ်ခံရသော ရွာ ၄၀ ၏ ပြန်လည် ထူထောင်ရေးများနှင့် အထောက်အပံ့ရရှိရေး အားထုတ်မှုများအား ကျေးရွာအဆင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ထားသည့်အပြင် ယင်းရွာများအတွင်း လူမှုရေးနှင့်စီးပွားရေးပုံသဏ္ဌာန် အပြောင်းအလဲများကို လေ့လာ ထားသည်။ SIM ကို သဘာဝကပ်ဘေးလွန် ပျက်ဆီးရမှုများနှင့် ဆုံးရှုံးရမှုများ အကဲဖြတ်ချက်နှင့် သမာရိုးကျ လေ့လာစောင့်ကြည့် မှုစနစ်တစ်ခု၏ အဓိကအစိတ်အပိုင်းအဖြစ် ပထမဆုံးအကြိမ် ထည့်သွင်းထားခြင်းဖြစ်သည်။

SIM 1 နှင့် SIM 2 သည် မုန်တိုင်းအပြီး ပထမ ၆ လနှင့် ပထမတစ်နှစ်အသီးသီးအတွင်း သက်ရောက်မှု များကို ခြေရာကောက်ခဲ့သည်။ SIM 3 သည် နာဂစ်အပြီး နှစ်နှစ်အကြာ ၂၀၀၉ ခုနှစ် သင်္ကြန်အပြီးတွင် ၁၂ လတာ ကာလအတွက် ပြုလုပ်ခဲ့သည်။[၆၅] ၎င်းလေ့လာမှုကို ပြီးခဲ့သော SIM 1 နှင့် SIM 2 များပြုလုပ်ခဲ့သော မြစ်ဝကျွန်းပေါ်ရှိ ကျေးရွာ (၄၀) တွင်ပင် ပြုလုပ်ခဲ့သည်။ ကွင်းဆင်းလေ့လာမှုများကို ၂၀၁၀ ခုနှစ် မတ်လမှ ဧပြီလအတွင်း ပြုလုပ်ခဲ့သည်။

အသုံးပြုခဲ့သော သုတေသနနည်းလမ်းများသည် ၂၀၀၉ ခုနှစ် မေနှင့် ဇွန်လအတွင်းပြုလုပ်ခဲ့သည့် SIM 2 တွင် အသုံးပြုခဲ့သောနည်းလမ်းများအတိုင်းဖြစ်သည်။ SIM 3 တွင် SIM 1 နှင့် SIM 2 တွင် ဖော်ပြထားသော ကိစ္စရပ်များအပေါ်တွင် ပိုမိုအသေးစိတ် ပဓာနပြုထားသည်။ အခြားအရေးကြီးသော ရှုထောင့်တစ်ခုမှာ ဒေသတွင်း အဖွဲ့အစည်းများအပေါ် ပဓာနပြုထားခြင်းဖြစ်ပြီး လွန်ခဲ့သောနှစ်နှစ်အတွင်း ယင်းအဖွဲ့အစည်းများ၏ ပြောင်းလဲမှု များနှင့် ပြန်လည်ထူထောင်ရေးကို ပုံဖော်ခဲ့သည့် ၎င်းတို့၏အခန်းကဏ္ဍများလည်း ပါဝင်သည်။ အခြားတစ်ခုမှာ လည်းကြွေးမြီနှင့် ချေးငွေကိုလက်လှမ်းမှီမှုနှင့် မတူညီသော အသက်မွေးလုပ်ငန်းများနှင့် အလုပ်အကိုင်အုပ်စုများ အကြားရှိ ကွဲပြားလျက်ရှိသော ပြန်လည်ထူထောင်လာနိုင်မှုနှုန်းများစသည့် ဖွံ့ဖြိုးရေးနှင့် ပတ်သက်သော အရေးကိစ္စများအား ဆက်လက်ခြေရာခံထားသည်။

SIM 1 နှင့် SIM 2 မှာကဲ့သို့ပင် SIM 3 အတွက်လည်း ကွင်းဆင်းသုတေသနနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအား Myanmar Egress မှ ကမ္ဘာ့ဘဏ်၏နည်းပညာအကူအညီဖြင့် ပြုလုပ်ခဲ့သည်။ သုတေသနတွင် ပါဝင်သူများမှာ မြန်မာလူမှုအဖွဲ့အစည်းမှဖြစ်ပြီး လူမှုဘဝဆိုင်ရာဆန်းစစ်ချက်များ ကောက်ခံခြင်းနှင့် ဝေးလံ သီခေါင်သော ကျေးရွာများတွင် အလုပ်လုပ်ကိုင်ခဲ့ကြခြင်းစသည့် အတွေ့အကြုံကောင်းများကို ပိုင်ဆိုင်ထားကြ သူများဖြစ်ကြသည်။ ၎င်းအဖွဲ့တွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်သည်။ အဖွဲ့ဝင်များ၏ထက်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ သုတေသနကို မြစ်ဝကျွန်းပေါ်ဒေသအတွင်း သုံးနေသော ဒေသခံဘာသာစကားဖြင့် ပြုလုပ်ကြသည်။ TCG သုံးပွင့်ဆိုင်ဗဟိုအဖွဲ့မှ အဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သည့် အကြံပေးအဖွဲ့သည် အဆင့်အသီးသီးတွင် ပြန်လှန်သုံးသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

SIM မှ တွေ့ရှိချက်များမှာ လက်တွေ့ကွင်းဆင်းသုတေသနပြုလုပ်ခဲ့သည့် ရွာများကိုသာ ကိုယ်စားပြု ထားသောကြောင့် နာဂစ်ဒဏ်ခံရသော ဒေသတစ်ဝန်းလုံးမှ အခြားတွေ့ရှိချက်များကိုပါ ပေါင်းစပ်ချင့်ချိန်၍ လေ့လာဆန်းစစ်မှုပြုလုပ်ပါက ပိုမိုထိရောက်နိုင်ပါသည်။

---

[၆၅]။ ပြန်လည်စဉ်းစားတွေးတောခြင်းသည် လေ့လာရာတွင် သတ်မှတ်ထားသောအချိန်ကာလအား ခြင့်မိစေရန် အရေးပါသော အချက်တစ်ချက်ဖြစ်သည်။ သင်္ကြန်ပွဲတော်သည် ရွာသားများမှတ်မှတ်ထင်ထင်ရှိနေသော ပွဲတော်ဖြစ်သောကြောင့် ဆွေးနွေးမှုများတွင် အရေးပါသော ရည်ညွှန်းမှတ်အဖြစ် သုံးစွဲခဲ့သည်။

## ၁။ SIM 3 အတွက် လက်တွေ့ကွင်းဆင်းသုတေသနပြုမှု

အနီးကပ်သုံးရက် ပို့ချမှုသင်တန်းအပြီး၂၀၁၀ ဖေဖော်ဝါရီလတွင် ကျေးရွာ (၂) ရွာ၌ အကြိုစမ်းသပ်ကွင်းဆင်းလေ့လာမှု ပြုလုပ်ခဲ့သည်။ အကြိုစမ်းသပ်ကွင်းဆင်းမှုများတွင် သုတေသနအထောက်အကူပြုပစ္စည်းများနှင့် ချဉ်းကပ်ရန်နည်းလမ်းများကို စမ်းသပ်နိုင်ခဲ့သည်။ အကြိုစမ်းသပ်ကွင်းဆင်းလေ့လာမှုတွင် သုတေသနတစ်ဖွဲ့လုံးမှ အဖွဲ့သား ၁၆ ယောက်စလုံးပါဝင်ကြပြီး သင့်လျော်သောအချက်အလက် ဆန်းစစ်ချက်များပြုလုပ်ခြင်းနှင့် သုတေသနပြုလုပ်ရာတွင် အသုံးပြုသော အထောက်အကူပစ္စည်းများအား ပြန်လည်မွမ်းမံခြင်း စသည်တို့အား အကြိုစမ်းသပ်ကွင်းဆင်းလေ့လာပြီးနောက်တွင် သုံးရက်ကြာအောင် ပြုလုပ်ခဲ့သည်။

ထို့နောက် ၂၀၁၀ ခုနှစ်၊ မတ်လနှင့်ဧပြီလအတွင်း ကွင်းဆင်းသုတေသနပြုမှုအား နှစ်ကြိမ်ခွဲပြုလုပ်ခဲ့ပြီး သကြန်မတိုင်မီတွင် ပြီးစီးခဲ့သည်။ တစ်ဖွဲ့တွင် သုတေသနပြုလုပ်သူ ၃ ဦးစီပါဝင်သော အဖွဲ့လေးဖွဲ့နှင့် အဖွဲ့ခေါင်းဆောင် ၁ ဦးတို့သည် ကျေးရွာ ၃၈ ရွာကို အဆိုပါနှစ်ကြိမ်အတွင်းတွင် ပြီးစီးအောင်သွားရောက်ခဲ့ကြသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်အကြားတွင် အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်း၊ လိုအပ်သောမှတ်တမ်းမှတ်ရာများအား ဖြည့်စွက်ခြင်းများအတွက် တစ်ပတ်ခန့်အချိန်ယူခဲ့သည်။ သုတေသနအဖွဲ့တစ်ဖွဲ့လျှင် ခရီးသွားချိန်များမပါဘဲ ရွာတစ်ရွာစီကို သုံးရက်နီးပါးအချိန်ယူခဲ့သည်။

သုတေသနပြုလုပ်သော နည်းလမ်းများသည် SIM 1 နှင့် SIM 2 တွင် အသုံးပြုခဲ့သော နည်းလမ်းများနှင့် အတူတူပင်ဖြစ်သည်။ ၎င်းတို့သည် အသေးစိတ်မေးမြန်းမှုများ၊ အကြောင်းအရာတစ်ခုကို အဓိကထားဆွေးနွေးသော အုပ်စုလိုက်စကားဝိုင်းများနှင့် အလွတ်သဘောမေးမြန်းမှုများအပေါ်တွင် အခြေခံထားသည်။

## ၂။ ကိုယ်စားပြုကျေးရွာ သတ်မှတ်ရွေးချယ်ခြင်း

SIM 3 အား SIM 1 နှင့် SIM 2 တွင် သွားရောက်လေ့လာခဲ့သော ကျေးရွာ ၄၀ ကိုသာ သွားရောက်လေ့လာခဲ့ခြင်းဖြစ်သည်။ ကိုယ်စားပြုကျေးရွာများ ရွေးချယ်ခြင်း အစီအစဉ်များကို SIM 1 အစီရင်ခံစာတွင် အပြည့်အစုံဖော်ပြထားပါသည်။ ကျေးရွာများရွေးချယ်ရာတွင် (၁) ကျယ်ပြန့်သောပထဝီအနေအထား၊ (၂) မုန်တိုင်းဒဏ်အများဆုံးခံရသော မြို့နယ် ၈ မြို့နယ်အား ပါဝင်စေမှု၊ (၃) အဓိကကျသော ကျေးရွာအသက်မွေးဝမ်းကျောင်း အမျိုးအစားများ၏ ခြားနားချက်၊ (၄) နာဂစ်၏ စဦးသက်ရောက်မှုအဆင့်များ၏ ခြားနားချက် စသည့်အချက်များ ပါဝင်အောင် သေချာစွာ ရွေးချယ်ခဲ့သည်။ နာဂစ်ဒဏ်ခံရသော ဒေသများနှင့် ထိခိုက်မှုသက်သာသော ဒေသများအား နှိုင်းယှဉ်ရန်ရည်ရွယ်၍ Control Villages ၄ ရွာအား ထည့်သွင်းထားသော်လည်း အဆိုပါ Control Villages များထဲမှ သုံးရွာမှာ နာဂစ်ဒဏ်ခံထားရသော ရွာများဖြစ်သည်။ မြေပုံ (က) သည် SIM ရွာများ၏ တည်နေရာကိုပြသည်။

## ၃။ သုတေသန အကြောင်းအရာများနှင့် မေးခွန်းများအား ခြုံငုံသုံးသပ်ချက်

SIM 3 သည် SIM 1[၆၆] နှင့် SIM 2 တို့ကဲ့သို့ပင် တူညီသော အကြောင်းအရာများပေါ်တွင် ပမာဏပြုထားခဲ့သည်။ တူညီသော အကြောင်းအရာများကိုသာ ကောက်ယူခဲ့ခြင်းသည် ပြောင်းလဲလျက်ရှိသော အခြေ

---

၆၆။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအပိုင်း (၁) ၏ပမာဏပြုအကြောင်းအရာများနှင့် မေးခွန်းများမှာ PONJA ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြုလုပ်ခဲ့သော လူမှုဘဝသက်ရောက်မှုများ၏ အဓိကအကြောင်းအရာများပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည် (သုံးပွင့်ဆိုင်ဖဟို အဖွဲ့၊ ၂၀၀၈ ခုနှစ်၊ စာမျက်နှာ ၂၇-၂ နှင့် နောက်ဆက်တွဲ ၁၅ တွင်ရှု)။ အဆိုပါအစီရင်စာတွင် လူမှုဘဝသက်ရောက်မှုပုံစံများ အဖြစ် အဆိုကြမ်းများစွာကို ထုတ်နုတ်ခဲ့သည်။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုများသည် အဆိုပါအကြောင်းအရာများအား အချိန်နှင့်အမျှ ခြေရာခံမိစေရန် ရည်ရွယ်သည်။ ၎င်းအပြင် SIM တွင် ထောက်ပံ့ရေးထိရောက်မှု အကြောင်းအရာများအပေါ် ပိုမိုအလေးပေးထားသည်။ PONJA အစီရင်ခံစာတွင် ဝေခြမ်းရေးနှင့်ပတ်သက်သော လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းလေးချက်ကို ဖော်ပြထားသည်။အထောက်အပံ့များ၏ထိရောက်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံနိုင်မှု၊ အမှီအခိုကင်းမှု၊ မိမိဖာသာလုံလောက်မှုရှိခြင်းနှင့် စွမ်းရည်တည်ဆောက်ခြင်း (အထူးသဖြင့် ထိခိုက်လွယ်မှု အများဆုံးသောအုပ်စုများအပေါ်တွင် အဓိကထားသည်။) ဒေသခံလူထုအား ပိုမိုတောင့်တင်းခိုင်မာစေခြင်းစသည်တို့ဖြစ်သည်။ ဤအချက်များသည် အထောက်အပံ့များနှင့်ပတ်သက်သည့်မေးခွန်းများအတွက် အခြေခံပင်ဖြစ်သည်။

အနေများ၊ ရွာသားများနှင့် အထောက်အပံ့ပေးသူများ၏ အချိန်နှင့်အမျှ တုံ့ပြန်မှုများအား ရရှိစေသည်။ SIM 3 တွင် မုန်တိုင်းအပြီး ဒုတိယနှစ်အတွင်း ပြောင်းလဲမှုများအား ပဓာနပြုထားပြီး နောင်လာမည့်နှစ်များအတွင်း ကြုံတွေ့လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ဖော်ထုတ်ရန်အတွက် ပိုမိုရေရှည်မျှော်ကိုးနိုင်သော ဗျူဟာတစ်ရပ်အား ထုတ်ဖော်ပြသရန် ရည်ရွယ်သည်။

လေ့လာခဲ့သည့် အကြောင်းအရာသုံးခုအတွက် အဓိကမေးခွန်းထုတ်ခဲ့သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အထောက်အပံ့နှင့် ဖြန့်ဝေမှု**

- လွန်ခဲ့သောသကြင်္ချန်မှ ယခုအချိန်အထိ ကျေးရွာသို့ မည်သည့်ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များရောက်ရှိခဲ့သနည်း။ မည်သို့ရောက်ရှိခဲ့သနည်း။
- ကျေးရွာအတွင်း မည်သည်တို့သည် အဓိကလိုအပ်ချက်များ ဖြစ်သနည်း။
- အထောက်အပံ့နှင့် အကျိုးခံစားခွင့်များနှင့် ပတ်သက်သောသတင်းအချက်အလက်များ မျှဝေမှုရှိပါသလား။ ဆုံးဖြတ်ချက်များအား ပွင့်လင်းစွာ ချမှတ်ပါသလား။
- ကျေးရွာအတွင်း မည်သူသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအထောက်အပံ့များကို ဖြန့်ဝေခြင်းတို့တွင် အဓိကနေရာမှ ပါဝင်သနည်း။

**လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများ**

- ကျေးရွာအတွင်း အသက်မွေးမှုလုပ်ငန်းများတွင် ပြောင်းလဲမှုများရှိပါသလား။
- ကျေးရွာအတွင်း အမျိုးမျိုးသော အသက်မွေးလုပ်ငန်းများသည် ပြန်လည်ကောင်းမွန်လာပါသလား။
- ကြွေးမြီများက လူအများ၏အသက်မွေးလုပ်ငန်းများကို မည်သို့သက်ရောက်မှုရှိပါသနည်း။
- လူအများ၏ အသက်မွေးလုပ်ငန်းဆိုင်ရာ အခက်အခဲဖြတ်ကျော်ရေး နည်းဗျူဟာများမှာ အဘယ်နည်း။
- အမျိုးမျိုးသော စီးပွားအုပ်စုများကို အဓိကအထောက်အပံ့ပေးနေသည့် အဖွဲ့အစည်းများမှာ အဘယ်နည်း။

**လူမှုရေးသက်ရောက်မှုများနှင့် အဖွဲ့အစည်းများ**

- လူမှုဘဝနှင့် ဖွံ့ဖြိုးရေး ရှုထောင့်အားလုံးတွင် ကျေးရွာသည် ဖွံ့ဖြိုးမှုရှိပါရဲ့လား။
- လွန်ခဲ့သော သကြင်္ချန်နောက်ပိုင်း ကျေးရွာအတွင်း ပဋိပက္ခများရှိပါသလား။ ၎င်းတို့ကို မည်သို့ဖြေရှင်းခဲ့သနည်း။
- အရေးပါသော ကျေးရွာအဆင့် ဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့အစည်းများမှာ မည်သည့် အဖွဲ့အစည်းများဖြစ်သနည်း။ ၎င်းတို့၏ အခန်းကဏ္ဍများ မည်သို့ပြောင်းလဲလာသနည်း။
- ရွာများရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများမှာ အဘယ်နည်း။

## ၄။ ပါဝင်ဖြေကြား သတင်းအချက်အလက်ပေးသူများ

ရွာအတွင်း ပါဝင်ဖြေကြားသူများကို ရွေးချယ်ရာတွင် SIM 1 ၊ SIM 2 တို့နှင့်အတူတူပင် ဖြစ်သည်။ သုတေသနအဖွဲ့များသည် ရပ်ရွာရှိ လူစုံအလွှာစုံကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်အောင် တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းသူများတွင် ရွာသူကြီးနှင့် တရားဝင်ခန့်အပ်ထားသော အုပ်ချုပ်ရေးပိုင်းမှ အခြားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ ထောက်ပံ့ရေးဝေခြမ်းမှုတွင် ပါဝင်ဆောင်ရွက် ဆုံးဖြတ်ချက်ပေးသူများ၊ လယ်သမား၊ ငါးဖမ်းသမား၊ ကျပန်းအလုပ်သမားနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများ၊ ထိခိုက်လွယ်အုပ်စုဝင်များ (ယင်းအုပ်စုတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မသန်မစွမ်းသူများ၊

ဒဏ်ရာအနာတရဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများ ပါဝင်သည်။) လူငယ်ယောကျ်ားလေးများ၊ မိန်းကလေးများ ပါဝင်သည်။ ယခင် SIM များတွင် ပါဝင်ဖြေကြားပေးခဲ့သူများအား ထပ်မံသွားရောက်မေးမြန်းခြင်းမှာ အချိန်နှင့် အမျှပြောင်းလဲမှုများအား ပိုမိုမှန်ကန်စွာ အကဲဖြတ်နိုင်ရန်ဖြစ်သည်။

သုတေသနပြုသူများသည် သတင်းအချက်အလက်များအား မတူညီသော အုပ်စုတစ်ခုစီမှ တူညီသော အကြောင်းအရာတစ်ခုအပေါ် အမြင်များအား ဖြစ်နိုင်သမျှ များများရယူခဲ့သည်မှာ တိုက်ဆိုင်စစ်ဆေးမှု ပြုလုပ်နိုင်ရန် ဖြစ်သည်။ အဖြေတွင် ကွဲပြားမှုရှိနေပါက ယင်းသည် လူမှုသက်ရောက်မှုနှင့် ဒေသအတွင်း ပြောင်းလဲမှုများအတွက် အရေးပါသော ဆန်းစစ်ချက်တစ်ရပ် ပြုလုပ်ပေးနိုင်သည်။

## ၅။ သုတေသနပြုရာတွင် အသုံးပြုသော အထောက်အကူပစ္စည်းများ

သုတေသနပြုလုပ်ရာတွင် အထောက်အကူပစ္စည်းသုံးမျိုး သုံးစွဲခဲ့သည်။

(၁) စေ့စေ့စပ်စပ်နက်နက်ရှိုင်းရှိုင်းမေးမြန်းသည့် မေးမြန်းမှုများကို ဩဇာရှိသောရွာသားများ၊ ဩဇာမရှိသော ရွာသားများနှင့် ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့သည်။ မေးမြန်းမှုများသည် တစ်ဝက်တပျက် (သို့) လုံးဝ ကြိုတင်တည် ဆောက်မထားသည့် မေးမြန်းမှုများဖြစ်ပြီး ဖြေဆိုသူသိရှိသည့် အကြောင်းအရာများကို အဓိကထား မေးမြန်း နိုင်ရန်နှင့် စိတ်ဝင်စားစရာအချက်များပေါ်လာလျှင် ထိုအချက်များကို မေးခွန်းထပ်မံထုတ်နိုင်ရန် လွပ်လပ်ခွင့် ပေးထားခြင်းဖြစ်သည်။ သုတေသနသမားများမေးမြန်းမှုများတွင် အာရုံစိုက်နိုင်ရန် လမ်းညွှန်မေးခွန်းများကို ပေးအပ်ထားသော်လည်း ၎င်းတို့လိုအပ်လျှင်လိုအပ်သလို ဒေသဆိုင်ရာအခြေအနေနှင့် အံဝင်စေရန် ပြင်ဆင်ဖြည့် စွက်နိုင်ပါသည်။

(၂) ဝိုင်းဖွဲ့ပြီးအကြောင်းအရာတစ်ခုကို ဆွေးနွေးသည့်စကားဝိုင်းများကို ကျေးရွာတွင်းရှိ အုပ်စုအသီးသီးနှင့် ပြုလုပ်ခဲ့သည်။ စကားဝိုင်းတစ်ခုစီတွင် ပါဝင်ဆွေးနွေးသူ ၄ ယောက်မှ ၈ ယောက်အထိ ပြုလုပ်ခဲ့သည်။ စရိုက် လက္ခဏာတူညီသူများဖြင့် (ဥပမာ–ကျေးရွာခေါင်းဆောင်များ၊ အမျိုးသမီးငယ်များ စသည်ဖြင့်) စကားဝိုင်းများကို ဖွဲ့စည်းထားသည်။ ထိုနည်းဖြင့် စကားဝိုင်းများတွင် ပွင့်လင်းမှုကို ဖြစ်ပေါ်စေသည်။ စုစုပေါင်း အုပ်စုလိုက် ဆွေးနွေးသော စကားဝိုင်းပေါင်း ၁၄၉ ခုတွင် ပါဝင်ဖြေကြားသူပေါင်း ၇၇၃ ယောက်တို့အား မေးမြန်းခဲ့သည်။

(၃) သုတေသနသမားများသည် အလွတ်သဘောဆွေးနွေးမှုများနှင့် လေ့လာစောင့်ကြည့်အကဲခတ်မှုများကို လည်း ပြုလုပ်ခဲ့သည်။ သုတေသနအဖွဲ့များ တည်းခိုနေထိုင်သည့်အိမ်များမှအိမ်ရှင်များနှင့် ညဥ့်နက်ပိုင်းအထိ ကြာရှည်သွားခဲ့သည့် စကားဝိုင်းများ၊ လူတစ်ဦးချင်းစီနှင့် အဖွဲ့လိုက်စားသောက်ရင်းပြောဆိုသည့် စကားဝိုင်း များလည်းပါရှိသည်။ လူမှုရေးပြောင်းလဲမှုများနှင့် သက်ရောက်မှုများအား တိုက်ရိုက်လေ့လာခြင်းသည် ရွာများ အလုပ်လုပ်နေပုံ၊ နာဂစ်၏ သက်ရောက်မှုများနှင့် အထောက်အပံ့များ မည်သို့စီမံခန့်ခွဲ လုပ်ကိုင်လည်ပတ်နေသည် စသည်တို့နှင့် ပတ်သက်သော သတင်းအချက်အလက်များအား အသိပေးလျက်ရှိသည်။ SIM 3 တွင် Key Informants Interviews ပေါင်း ၁၉၅ ခု ပြုလုပ်ခဲ့သည်။

## ၆။ အချက်အလက်များ အသုံးပြုမှု

SIM 3 အစီရင်ခံစာတွင် အချက်အလက် Data အမျိုးအစားသုံးမျိုးကို အသုံးပြုခဲ့သည်။

ပထမအနေဖြင့် သုတေသနအဖွဲ့များသည် စံသတ်မှတ်ထားသော အချက်အလက်များအား ကျေးရွာဘဝ ရှုထောင့်မျိုးစုံနှင့် တစ်ရွာစီ၏ ထောက်ပံ့ရေး ကြိုးပမ်းမှုများအပေါ် ကောက်ယူခဲ့ကြသည်။ ၎င်းအချက်အလက် များကို ကွဲပြားခြားနားမှုများ ပေါ်ထွက်လာရာ အရင်းအမြစ်များကို ထည့်သွင်းစဉ်းစားနိုင်သည့်၊ ကျယ်ပြန့်သော ပုံစံများကိုပုံဖော်နိုင်သည့်ဇယားများ တည်ဆောက်ရာတွင် အသုံးပြုသည်။ ကောက်ယူခဲ့သော အညွှန်းကိန်းအများ စုမှာ SIM 2 တွင် အသုံးပြုခဲ့သော အညွှန်းကိန်းများပေါ်တွင် အခြေခံထားသည်။

SIM 3 အတွက် အချက်အလက်ကောက်ယူခြင်းနှင့် စိတ်ဖြာလေ့လာခြင်းတို့တွင် ချဉ်းကပ်ပုံနည်းလမ်း သစ်များအား မုန်တိုင်းပြီး ၂ နှစ်အကြာ ဒေသတွင်းပြောင်းလဲမှု အခြေအနေများကို ထင်ဟပ်စေရန် ရည်ရွယ်၍ အသုံးပြုထားသည်။ အဓိကပြောင်းအလဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကွဲပြားသော လူမှုရေးနှင့် အလုပ်အကိုင်အုပ်စုများအကြား ခြားနားလျက်ရှိသော အထူးဂရုပြုရမည့် လိုအပ်ချက်များ ခွဲခြမ်းစိတ်ဖြာလေ့လာမှု။
- စီမံကိန်းအရေအတွက်စုစုပေါင်းနှင့် အထောက်အပံ့ရရှိရာ အရင်းအမြစ်များအပါအဝင် အထောက်အပံ့ပေးဝေရေးနှင့်ပတ်သက်သော အသေးစိတ် သတင်းအချက်အလက်များအား ကောက်ယူခွဲခြမ်းစိတ်ဖြာ လေ့လာထားသည်။ ၎င်းတွင် စီမံကိန်းအရေအတွက် စုစုပေါင်းနှင့် အထောက်အပံ့များ၏ အရင်းအမြစ်တို့ပါဝင်သည်။ ယင်းဆောင်ရွက်ချက်များမှာ ဖြေဆိုသူများအကြားတွင် သိရှိမှုအဆင့်မြင့်မားလာခဲ့သောကြောင့် ပြုလုပ်နိုင်ခဲ့ပါသည်။
- ပစာနပြုအုပ်စုအားလုံး၏အဖွဲ့ဝင်များထံမှ ကြွေးမြီဆိုင်ရာ အချက်အလက်များကို ကောက်ယူခဲ့သည်။ ထို့နောက် လေ့လာဆန်းစစ်မှုအား SIM 2 တွင်ပြုလုပ်ခဲ့သော အမြင့်ဆုံးနှင့် အနိမ့်ဆုံး အကြွေးပမာဏများအား အသုံးပြုပြီး ပြုလုပ်ခြင်းထက် အုပ်စုလိုက်စကားဝိုင်းတွင် ပါဝင်သော အဖွဲ့ဝင် ၆၀၀ ၏အမှန်တကယ်တင်ရှိနေသော အကြွေးပမာဏများ အပေါ်တွင် ပြုလုပ်ခဲ့သည်။

ဒုတိယအနေဖြင့် Qualitative အချက်အလက်များဆိုင်ရာ ကျေးရွာအကျဉ်းချုပ်ဇယားကို ရွာတိုင်းအတွက် ရေးဆွဲခဲ့သည်။ ယင်းနောက်တွင် အပြောင်းအလဲများ၏ ဦးတည်ပုံအား လျင်မြန်စွာခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ရန် Qualitative အချက်အလက်များအား အဆိုပါဇယားများအတွင်း ရေးသွင်းဆန်းစစ်ခဲ့သည်။

နောက်ဆုံးတစ်ခုမှာ မြို့နယ်အဆင့်နှင့် နာဂစ်ဒဏ်ခံရသော ကျေးရွာများရှိ အချို့သောမိသားစုများနှင့် အုပ်စုများ၏ အတွေ့အကြုံများကိုလည်း သာဓကအဖြစ် ရေးသားထားသည်။ ဤသို့ရေးသားထားခြင်းဖြင့် နာဂစ်မုန်တိုင်းနှင့် ကူညီထောက်ပံ့ရေးကြိုးပမ်းမှုများသည် လူတန်းစားအမျိုးမျိုးတို့၏ ဘဝများကို မည်သို့သက်ရောက်မှုရှိကြောင်း အသေးစိတ်စုံစမ်းလေ့လာနိုင်သည်။ သာဓကများသည် လူများစုကို ကိုယ်စားပြုသော မိသားစုများနှင့် လူများ၏အတွေ့အကြုံဆိုးများကို အထူးပြုဖော်ပြထားသည်။

ဤသာဓကများတွင် ထူးခြားသော အတွေ့အကြုံကောင်းများနှင့် အတွေ့အကြုံဆိုးများကို အထူးပြုဖော်ပြထားသည်။ ဤသာဓကများတွင် အိမ်ထောင်စု (သို့မဟုတ်) လူတစ်ယောက်သည် အဘယ်ကြောင့် ပိုကောင်းအောင် (သို့မဟုတ်) ပိုဆိုးအောင် လုပ်ဆောင်နိုင်သည်ကို ဖော်ထုတ်ရန် ကြိုးစားထားသည်။ ထို့အပြင် ရွာတစ်ရွာနှင့်တစ်ရွာအကြား (သို့မဟုတ်) ရွာတစ်ရွာအတွင်း ရလဒ်များနှင့် အတွေ့အကြုံများကွဲပြားရသည့် အဓိကအကြောင်းရင်းများကို ဆုံးဖြတ်ရာတွင်လည်း အကူအညီပေးသည်။ ရွေးချယ်ထားသော သာဓကအစုစုကို အစီရင်ခံစာတစ်ခုလုံးတွင် တင်ပြထားပါသည်။

လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်ရာတွင် လေ့လာခဲ့သော ကျေးရွာများ၏ တည်နေရာပြမြေပုံ

